မေတ္တာရှင် (ရွှေပြည်သာ)

# ယုံမှတ်လို့ပုံအပ်မိသူ

# များအကြောင်း (၂)



SHWE SOE HAN 01

**ပုံနှိပ်မှတ်တမ်း**

**ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ်**

၃၂၀၅၀၇၀၅၀၇

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၃၂၀၅၁၇၀၅၀၈

**ထုတ်ဝေသူ**

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)

**ပုံနှိပ်သူ**

ကာလာဖိုးပုံနှိပ်တိုက်

၁၈၄၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေခြင်း**

အုပ်ရေ– ၂၀၀၀၊ ဒုတိယအကြိမ်၊

၂၀၀၆–ခုနှစ်၊ မေလ

**စာအုပ်ချုပ်**

ဓမ္မခေါင်းလောင်းစာပေ

**ဖြန့်ချိရေး**

မန္တလေးကျောင်း၊ ချင်းတွင်းလမ်း၊ ရွှေပြည်သာ

**တန်ဖိုး**

၇၀၀ ကျပ်

# မာတိကာ

❑ ငါလည်းလေမင်းလိုပဲ ၁
အရှက်နှင့်ရင်းရသောစာမူ ၂
လက်တည့်စမ်းခံရခြင်း ၃
ကျော်အောင်ညာလို့ကြော်ငြာ ၅
နိယာမကိုလွန်ဆန်နိုင်သောအရာ ၇
❑ ဒေါ်နေအေးတစ်ယောက်ပေါ်ပေါက်ခြင်း ၁၃
ကိုယ်တုံးလုံးကျော်ရင် ၁၄
ကိုယ့်မယားလည်းလိမ်တာပဲ ၁၆
အလိမ်ခံရခြင်းအစ ထိုရောဂါက ၁၈
ရန်သူမျိုးငါးပါးမှလွတ်လိုလျှင် ၂၃
ရောဂါဖြစ်ခြင်းအကြောင်း ၈မျိုး ၂၄
❑ လူလိမ်ဖမ်းတဲ့ပွဲ ၃၂
ပညာရှိပညာမဲ့ခွဲခြားနည်း ၃၅
မန္တာန်ဘိုးတော်(သို့)ဂါထာဘိုးတော် ၃၆
❑ ကြက်သားဘိုးတော် ၃၉
ကြည်ညိုမှုလေးမျိုး၏ရာခိုင်နှုန်း ၄၀
လူတိုင်းသိသင့်သောသဒ္ဒါလေးမျိုး ၄၃
ရှောင်ရခက်သည့်အတွင်းရန်သူ ၄၇
လူသိနည်းသောထိုမစ္ဆရိယ ၄၈
ဣဿာမစ္ဆရိယကြောင့်သေရသောနတ်များ ၅၁

ပညာပါသောသဒ္ဒါ ၅၃
အလျှဒါနပျက်စီးကြောင်းသုံးမျိုး ၅၄
ရုပ်ပွားတော်ပြုံးရခြင်းအကြောင်းရင်း ၅၉
❑ သရဲဘိုးတော် ၆၁
သရဲကိုခေါ်ယူခြင်း ၆၃
ရွာထိပ်ကသရဲကြီး ၆၆
အပါယ်ကျခံ၍သမီးကိုချစ်သူ ၆၉
အမေ ၇၀
အဖေရင်းကပထွေးဖြစ်ရခြင်း ၇၂
ရေကနေဓါတ်ဆီဖြစ် ၇၃
❑ လေလံတင်သောဓါတ်လုံးများ ၇၆
ပုဂ္ဂိုလ်လေးမျိုး ၇၇
သောတာပန်ဖြစ်ရုံနှင့်ရဟန်းဝတ်ခွင့်ရသူများ ၇၉
ရဟန္တာဖြစ်သော်လည်းရဟန်းဝတ်ခွင့်မရ ၈၀
❑ လူယုံပါအသတ်ခံရခြင်း ၈၂
အလိမ်ခံရခြင်း၊ အကြောင်းရင်းများ ၈၆
❑ သရဲရှင်းရသောလိမ်ညာမှု ၈၆
ပုတုဇဉ်တွေကြိုမသိနိုင်တဲ့ အရာများ ၈၈
ရွာအမှုဘုန်းကြီးပတ်သောနေ့ ၈၉
မရောင့်ရဲနိုင်သောအရာသုံးမျိုး ၉၁
လောဘ၏ဆိုးကျိုးသုံးခု ၉၅
လောဘသားတို့မှတ်သားဘို့ ၉၅
❑ သေသူအပေါ်မှာလိမ်ရက်တာ ၉၆
❑ ကရုဏာကိုခန်းခြောက်စေသောသူများ ၁၀၀
❑ မသူတော်၏ကိုယ်ချင်းစာတရား ၁၀၉
❑ မိန်းမယောကျ်ားမြင်ဖန်များသော် ၁၁၄
ရှုစရာမသူတော် ၁၂၃
❑ လူလိမ်ကပင်အမှုဆင် ၁၂၃
အမျိုးသမီးတို့၏သာလွန်ခြင်းလေးမျိုး ၁၂၈
အားနွဲ့သူတို့၏ဒဿန ၁၃၁
အဟောင်းစားသောသူဌေးကြီး ၁၃၅
❑ ချီးကျူးမိပါသည်ဒေါ်ခင်မြသီ ၁၃၈
❑ ဖမ်း၍မရသောလိမ်လည်နည်း ၁၄၁
❑ ကျားကြောက်လို့ရှင်ကြီးကိုး ၁၄၄
❑ အပ်ဝင်ပုဆိန်ထွက် ၁၄၇
ဗုဒ္ဓဘာသာဝင်နှစ်မျိုး ၁၄၈
ကောင်းကျိုး၊ အနန္တသင်လည်းရနိုင်၏ ၁၄၉
စိတ်ကိုထိန်းချုပ်နည်းများ ၁၅၃
သုံးလုံးရောဂါ ၁၅၄
ဘဝပျက်ခြင်း၏တရားခံ ၁၆၀
မီးကွင်းချင်သလား၊ သုံးနှစ်ခွဲကစား ၁၆၁
၅၅၁ ဘုန်းကြီး ၁၆၃

သင်းပိုင်ကျွတ်တာပင် ဂဏာန်းပေးသည်ထင် ၁၆၄
သတ္တဝါတွေကိုကယ်ခြင်းလော၊ တွယ်ခြင်းလော ၁၆၆
❑ ဝေဖန်ပိုင်းခြားနိုင်မှုဗုဒ္ဓဝါဒ ၁၇၂
ဝါဒလွဲကြောင့်ကိုယ်ကျိုးနည်းခဲ့ကြသူများ ၁၇၃
လူပေါင်းကိုးရာကျော်သတ်မည့်သူ ၁၇၄
❑ လူနာကိုလည်းလိမ်တာပဲ ၁၇၇
သူတို့ကြောင့်အလိမ်ခံရတာ ၁၈၀
နိုင်ငံခြားမှာဆွေမျိုးသားချင်းရှိပြီဆိုရင် ၁၈၁
ကာမလူလိမ်သာဝိန္ဒနှင့်တွေ့ဆုံခြင်း ၁၈၈


# လိုရင်းတိုရှင်းအမှာ

စာပေသည် ကွမ်းယာနှင့်တူသောစာပေ၊ ကြံနှင့်တူသော စာပေ၊ နွားနို့နှင့်တူသောစာပေဟူ၍ သုံးမျိုးရှိသည်။ ကွမ်းယာသည် ဝါးပြီးလျှင် အရည်ရော၊ အဖတ်ပါထွေးပစ်ရသည်၊ တစ်ခုမှမျိုချ၍ မရ၊ ထို့အတူ ပစ္စက္ခဘဝအတွက်ရော၊ သံသရာအတွက်ပါ ဘာတစ်ခုမျှ ကောင်းကျိုး မပေးသည့် အပစ်၊ အခတ်၊ အညစ်၊ အသတ်စသော အပျော်သက်သက် စာများ။

ကြံသည် ဝါးပြီးလျှင် အရည်ကိုသာမျိုချရသည်။ အဖတ်ကိုတော့ ထွေးပစ်ရသည်။ ထို့အတူ ပစ္စက္ခဘဝအတွက် သင်ခန်းစာ (သို့မဟုတ်) ကြီးပွားရေး၊ တစ်ခုခုကိုပေးသည့် ဘဝပေးဝတ္ထုများနှင့် တက်ကျမ်းများ၊ သို့သော် သံသရာအတွက်တော့ အထောက်အကူမရပါ။

နွားနို့သည် ပါးစပ်ထဲရောက်သည်နှင့် အရည်ရော၊ မလိုင်ဖတ်ရော နှစ်မျိုးလုံးမျိုချရသလို၊ ထို့အတူ ပစ္စက္ခဘဝအတွက် သင်္ခန်းစာရော၊ ကြီးပွားတိုးတက်ရေးကိုပါ ပေးသည်သာမက သံသရာအတွက်ပါ လမ်းမှန်ကို ပြပေးသည့် လောကီလောကုတ္တရာ နှစ်ဖက်ရစာပေမျိုး။

ထိုသုံးမျိုးတွင် ကွမ်းယာနှင့်တူသောစာပေကိုကား မဖတ်လေကောင်းလေဖြစ်ပါ၏။ ကြံနှင့်တူသောစာပေကိုကား အချိန်အသင့်အတင့်ပေး၍ ဖတ်ရှုသင့်ပါသည်။ နွားနို့နှင့်တူသော စာပေကိုကား အချိန်မရရအောင်ယူ၍ ဖတ်သင့်ပါသည်။ ဤစာအုပ်သည် နွားနို့နှင့်တူသောစာထဲတွင်ပါပါသည်။

မဖတ်မိခဲ့လျှင် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ လိမ်ညာမှုများကိုခံရ၍ မိမိဘဝ အောက်တန်းကျသွားစေနိုင်ပါသည်။ ထိုလိမ်ညာမှုသုံးမျိုးတွင်

ဘာသာရေးအရ အလိမ်အညာခံရလျှင် ပစ္စက္ခသံသရာ နှစ်ဘဝစလုံးနစ်နာလှပါသည်။ ဤစာအုပ်တွင် ဘာသာရေး လိမ်ညာမှုများကို အဓိကထား၍ အများဆုံးဖော်ထုတ် ရေးသားထားပါသည်။ ဤစာအုပ်ဖတ်ရသည့် အတွက် ကုန်ရသောအချိန်၊ ငွေ၏တန်ဖိုးနှင့်ညီမျှသော အသိပညာ သမ်္ဘန်းစာများ ထိုက်ထိုက်တန်တန်ပြန်ရဘို့ စာရေးသူက ရဲရဲကြီး တာဝန်ယူပါသည်။

မေတ္တာရှင်(ရွှေပြည်သာ)
မန္တလေးကျောင်းတိုက်
(၆)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်။

# ငါလည်းလေမင်းလို့ပဲ

ကြေးမုံသတင်းစာ၊ စာအုပ်ကြေးမုံကဏ္ဍတွင် ထူးခြားသော စာအုပ်တစ်အုပ်ကို ဖတ်လိုက်မိသည်နှင့် အတော်စိတ်ဝင် စားသွားမိသည်။ စာအုပ်အမည်က ခရီးဝက်ဘာ-ရေးသူအမည်က စိန်စိန်။ စာရေးသူ၏ ကြေကွဲဖွယ် ဘဝသမ်္ဘန်းစာကိုဖွင့်ထုတ် ရေးသားခြင်းဟု ညွှန်းထားသဖြင့် စမ္ပူစာရေးဆရာ ဦးမာနိတ (ကံ့ကဒတ်)နှင့် လူကြုံမှာလိုက်ရာ ရရှိလာခဲ့သည်။

ပါရမီစာပေက ဒုတိယအကြိမ် ထုတ်ဝေခြင်းဖြစ်ပြီး တန်ဖိုး (၆၀၀)ကျပ်ကျသည်။ စာမျက်နှာငါးရာကျော်ရှိပြီး သေသပ်စွာ ချုပ်ထားသဖြင့် မဖတ်မီကပင် စာအုပ်လေးကို အရမ်းနှစ်သက်မိသည်။ ၁၉၇၀-ခုနှစ်က စာပဒေသာအမျိုးသား စာပေဆုရရှိခဲ့သည် ဆိုသဖြင့် တိုနေ့က ဝယ်လိုက်သော စိတ်ဝင်စားစရာ စာအုပ်သုံးအုပ်အနက် ဤစာအုပ်ကိုသာ အရင်ဖတ်လိုက်မိသည်။

၎င်းနေ့က ဝယ်ခဲ့သော စာအုပ်သုံးအုပ်မှာ ပခုက္ကူဦးအုန်းဖေ၏ တွေ့ရကြုံရသောကျွန်တော့ဘဝ၊ မဝင်းမြင့်၏ ရေပြာအိုင်မှ ဇာတ်လမ်းများ၊ စိန်စိန်၏ ခရီးဝက်ဘာတို့ဖြစ်ပေသည်။ စာအုပ်သုံးအုပ်တန်ဖိုးပေါင်းလိုက်လျှင် ထောင့်ခုနှစ်ရာတိတိရှိသည်။

၁-၄-၂၀၀၀ မတိုင်မီက အစိုးရဝန်ထမ်းတစ်ဦး၏ လစာထက်ပင် များနေပါသေးသည်။ လေးလပိုင်းမှစ၍ အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာသည် သုံးထောင်အထက်မှာ ရှိသွားပါပြီ။ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်တွင် အများဆုံးလစာဟုပင် ဆိုရပါမည်။ စာရေးဆရာမ စိန်စိန်သည် လူသိမခံရဲသော ရောဂါတစ်ခုစွဲကပ်ခဲ့သည်။ ထိုရောဂါ ပျောက်ချင်လှသော ဆန္ဒဇောကြောင့် ဆေးဆရာ အယောင်ဆောင် ဝိသမလောဘသားနှစ်ဦး၏ အလိမ်အညာကို ခံခဲ့ရရှာသည်။ တစ်ကြိမ်က အသက်သေလုနီးပါး၊ တစ်ကြိမ်က အိမ်ခြံပါပေါင်ရပြီး ဘဝပျက်လုနီးပါး နှစ်ကြိမ်လုံးမသက်သာလှပေ။

ထို့အတူစာရေးသူလည်း လူသိမခံရဲသော ရောဂါတစ်ခု ဖြစ်ခဲ့သည်။ ထိုရောဂါပျောက်လိုသော ဆန္ဒဇောကြောင့်ပင် ဆေးဆရာ အတုအယောင်လူလိမ်မတစ်ဦး၏ အလိမ်အညာကို ခံခဲ့ရပါသည်။ ငါလည်းလေမင်းလိုပဲ ဘဝတူချင်းပဲကွာ ဟူသော ဟသ်ာတထွန်းရင်၏ သီချင်းကဲ့သို့ ရောဂါခြင်းမတူသော်လည်း အလိမ်ခံရတာခြင်းကတော့ တူနေပါသည်။

## အရှက်နှင့်ရင်းရသောစာမူ

စိန်စိန်ရော စာရေးသူရောအရှက်နှင့်လူလုပ်နေသော ဗုဒ္ဓဘာသာဝင်များဖြစ်ပါသည်။ စိန်စိန်က မိန်းကလေး၊ စာရေးသူက ငယ်ဖြူရဟန်းတစ်ပါး၊ နှစ်ဦးစလုံး ဣန္ဒြေနှင့် သိက္ခာနှင့်နေရသော လူတန်းစားထဲမှာ ပါဝင်နေကြသည်။ ကျောင်းအစ်မကြီးဝိသာခါ၏ ဝတ္ထုဇာတ်ကြောင်းတွင် ပြေး၍မတင့်တယ်သောပုဂ္ဂိုလ်လေးဦး အကြောင်းကို မှတ်သားမိပါသည်။

ထိုလေးဦးမှာ၊ အမျိုးသမီး၊ ရဟန်း၊ ဘုရင်၊ ဆင်ဖြူတော်တို့ပင်ဖြစ်ပါသည်။ ထိုမျှသိက္ခာထိန်းရသော ပုဂ္ဂိုလ်တို့တွင် ပါဝင်နေပါသော်လည်း စိန်စိန်ရော၊ စာရေးသူပါ မိမိတို့၏ ရှက်စရာ ရောဂါအကြောင်းကို စာရှုသူတို့အား အဘယ်ကြောင့် ရေးပြနေမိပါသနည်း။

စာဖတ်သူများ၊ မိမိလိုအလိမ်အညာမခံကြရပါစေနဲ့ ဟူသော စေတနာကြောင့်သာဖြစ်ကြောင်း ရဲရဲကြီးပြောဝံ့ပါသည်။ ထို့ကြောင့် ဤစာမူသည် တော်တော်တန်တန် စေတနာဖြင့် မည်သူမျှ မရင်းရဲသည့် အရှက်နှင့်ရင်းရသော စာမူဖြစ်ကြောင်း ဦးစွာ သိစေလိုပါသည်။

နှစ်ဦးလုံးထဲမှ သခ်န်းစာနှစ်ခုလုံးရစေနိုင်သောကြောင့် စာရေးဆရာမ စိန်စိန်၏ အလိမ်အညာခံရမှုကို ဦးစွာတင်ပြပါမည်။



## လက်တည့်စမ်းခံရခြင်း

စိန်စိန်သည် မိမိမှာခံစားနေရသော ရောဂါမှာအနာကြီး ရောဂါဖြစ်နေကြောင်းကို (၁၉)နှစ်အရွယ်ကျမှ သိခဲ့ရရှာသည်။ ထိုစဉ်က ယခုခေတ်ကဲ့သို့ အနာကြီးရောဂါအတွက် ခေတ်မှီဆေးဝါးများ မပေါ်သေးသဖြင့် ကြားဖူးသမျှ ဆေးမြီးတို မှန်သမျှနှင့် မှန်းသန်းပြီး ကုနေချိန်ပင်ဖြစ်သည်။

တစ်နေ့တွင် စိန်စိန်တို့သာယာဝတီမြို့နှင့် အတန်လှမ်းသော ဝ်းကုန်းဖက်တွင်အနာကြီးရောဂါပျောက်အောင်ကုနိုင်သော ဆရာတစ်ယောက် ရှိသည်ဟု ကြားသဖြင့် မတွေ့တွေ့အောင် ရှာပြီး ပင့်လာခဲ့ပါတော့သည်။ သေမင်းကို မိမိတို့ ကိုယ်တိုင်ခေါ်ဆောင်လာခဲ့မိခြင်း ဖြစ်ကြောင်း စိန်စိန်ရော သူ့မိဘတွေပါမသိခဲ့ရှာကြ။

ထိုဆရာက စိန်စိန်၏ရောဂါအခြေအနေကို သေချာကြည့်ပြီး -

"ဘာမှမစိုးရိမ်နဲ့ နုနုလေးရှိသေးတယ်၊ ဧကန်မုချပျောက်စေ့ရမယ်၊ ဦးကြီးက ဆေးဆရာသက်သက်တော့ မဟုတ်ပါဘူး၊ တူလေးနှစ်ယောက်ဝ်ရောဂါမျိုးဖြစ်တော့၊ သနားလွန်းတာနဲ့ အဓိဋ္ဌာန်ဝင်ပြီး၊ အထက်ပုဂ္ဂိုလ်တွေကို ဆေးနည်းတောင်းလိုက်ရာက ဒီနည်းကိုရခဲ့တာပဲ၊ တူလေးနှစ်ယောက်လည်း ဝ်ဆေးနည်းနဲ့ပဲ ရှင်းရှင်းပျောက်သွားတယ်" ဟုပြောလိုက်ရာ ရောဂါပျောက်ချင်နေရှာသော စိန်စိန်တို့မိသားစု ဝမ်းသာလိုက်သည်မှာ ပြောစရာမရှိတော့၊ ထိုဆရာက တစ်လလျှင်နှစ်ခေါက်လာမည်၊ တစ်ခေါက်လာလျှင်ငွေ (၃၀) ကျပ်သာကန်တော့ပါဟုဆိုသည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀) ကျော်ကငွေဖြစ်သောကြောင့်မည်မျှတန်ဖိုးရှိမည်ကို မှန်းကြည့်နိုင်သည်။ ထိုခေတ်အခါက ထောင့်နှစ်ရာဆိုသောငွေသည် အိမ်ကောင်းကောင်းနှင့် ခြံပိုင်းတစ်ခုဝယ်နိုင်သည်မဟုတ်ပါလား။

ထိုဆရာပေးခဲ့သော ဆေးကိုတစ်ရက်တစ်ခွက်နှုန်းဖြင့် သုံးခွက်သောက်ပြီးသည်နှင့် ဆေးစွမ်းကပြပါလေပြီ။ လျှာတစ်ခုလုံး ဘာမှအရသာခံစားမရတော့၊ လည်ချောင်းကလည်းထမင်းပင် မျိုချလို့မရတော့ပါ။

ခေါင်းတစ်ခုလုံး မှုနောက်ပြီးသတိလစ်သလိုပင် ဖြစ်သွားခဲ့ရသည်။

ခန္ဓာကိုယ်တစ်ခုလုံး ထုရိုက်ခံထားရသလို နာကျင်လှပြီး ဘယ်နေရာမှ အထိမခံနိုင်တော့သဖြင့် အိမ်သားများက အသားကို လာထိသည်နှင့်ကုန်းပြီးအော်နေရတော့သည်။ ထို့နောက်တစ်ကိုယ်လုံး အသားများပျော့စိစိဖြစ်လာသဖြင့် အပ်ချိတ်နှင့်ဖောက်ကြည့်သောအခါ ပြည်နှင့်သွေးပုပ်များထွက်လာသည်ကို တွေ့ရသည်။

ဆေး၏ပြင်းထန်မှုကြောင့် ခေါင်းကဆံပင်များပင်အကုန် ကျွတ်ကျကုန်သည်။ ဆရာဆိုသူကား ထိုနေ့မှစ၍ တစ်ခေါက်မှပြန်မလာ တော့ပေ။ နောက်စုံစမ်းကြည့်မှသိရသည်မှာ ဆေးဆရာ၏တူလေး နှစ်ယောက်မှာလည်း ဆေးဆရာပြောသလို ပျောက်သွားသည်ကား ဟုတ်၏။

သို့သော ရောဂါတော့မဟုတ်၊ အသက်ပျောက်သွားခြင်းသာ ဖြစ်ပါ၏။ စိန်စိန်သာကံကြီးလွန်း၍ အသက်မသေခြင်းဖြစ်ပါသည်။ တစ်လောကလည်း စာရေးသူ၏ပထမဆုံးစာအုပ်ဖြစ်သော **မျက်ရည်မကျခင် သိစေချင်** အမည်ရှိ ဓမ္မဒေသနစာအုပ်ကို ဖတ်ရသော အင်ဂျင်နီယာ ကတော်တစ်ယောက် ဗုဒ္ဓဘာသာနှင့်ပတ်သက်သော အယူအဆများရှင်းလင်း ပြတ်သားသွားရသည်ကို ကျေးဇူးတင်လှသဖြင့် မုန့်ပုံးတစ်ပုံးဖြင့် ကျောင်းကို မရအရ ရှာပြီးလာကန်တော့သည်။

ထိုသို့ကန်တော့ရင်းဖြင့် သူ့မိခင်၏ ကြေကွဲဖွယ် ဖြစ်ရပ် တစ်ခုကိုလည်း လျှောက်ထားသွားခဲ့ရာ ထိုဖြစ်ရပ်မှာ ဆရာဝန်မှန်သမျှ သတိထားစရာ သင်ခန်းစာပါသဖြင့် ဖော်ပြအပ်ပါသည်။ သူ၏မိခင်ကြီး ရင်ဘက်မှာ အကွက်တစ်ကွက်ပေါ်လာသဖြင့် ဆရာဝန်အားပြကြည့်ရာ ဘယ်လိုစမ်းသပ်သည်မသိ၊ အနာကြီးရောဂါဟုပြောပြီး အနာကြီးရောဂါ ပျောက်ဆေးများကို တိုက်ပါတော့သည်။

ရောဂါမပျောက်သည့်အပြင် လူလည်းပိန်ခြုံး၊ အရိုးပေါ် အရေတင်ဖြစ်ကာ ဆံပင်တွေပါကျွတ်ကျကုန်သည်။ အနာကြီးရောဂါ ဆေးစားပြီး ခြောက်လခန့်ကြာသောအခါတွင်မှ နိုင်ငံခြားပြန် ဆရာဝန်



ယ်ဦးက အနာကြီးရောဂါ ဟုတ်မဟုတ် မသေချာသဖြင့် ထပ်မံ စ်မဆေးသောအခါ အလွယ်တကူပျောက်ကင်းနိုင်သော အရေပြားရောဂါ တစ်မျိုးသာဖြစ်ကြောင်း သိကြရပါတော့သည်။

ထိုသို့ရောဂါမှန်ကိုသိ၍ ဆေးပြောင်းကုရန်စီစဉ်နေစဉ်မှာပင် လူနာမှာ ရောဂါနှင့် တစ်ခြားစီဖြစ်နေသော အနာကြီးရောဂါဆေးဒဏ်ကြောင့် သေပွဲဝင်သွားရလေပြီ၊ ထိုအင်ဂျင်နီယာကတော်၏မိခင်ကို စတင်စမ်းသပ် စဉ်က ဖင်းဆရာဝန်မှာ နိုင်ငံခြားမှ ပြန်မရောက်သေးပါ။ သူရောက်၍ ပြန်လည် စမ်းသပ်သောအခါတွင်ကား မှားထားသောဆေးများက လွန်နေပြီ ဖြစ်သည်။

ဆေးမှားကျွေးသောဆရာဝန်ကို ထိုနိုင်ငံခြားပြန်ဆရာဝန် ပြောလိုက်သောစကားက -

"မင်းတို့မြန်မာနိုင်ငံမှာမို့ တော်သေးတာပေါ့ကွာ၊ တခြား နိုင်ငံမှာသာဆိုရင် ရှိသမျှစည်းစိမ်ကုန်တဲ့အထိလျော်လည်းလျော်ရမယ်၊ ထောင်လဲကျဦးမယ်" ဟူ၏။ ဆရာဝန်မှန်သမျှသည်လည်း မမှားသောရှေ့နေ၊ မသေသောဆေးသမားဟူသောစကားကို "ကာဘာ"ယူပြီး အတင့်မရဲမိစေရန် တကယ့်ဖြစ်ရပ်တစ်ခုကို ထုတ်ဖော်တင်ပြရခြင်းဖြစ်ပါသည်။

ယခု စိန်စိန်သည်လည်း လက်တည့်စမ်းသော သမားလိမ်၏ ဆေးဒဏ်ကြောင့် ငါးလကျော်ကြာသည်အထိ အစားအစာမစားရဘဲ၊ နွားနို့လေးတစ်ဇွန်း၊ နှစ်ဇွန်းဖြင့်သာ အသက်ဆက်ခဲ့ရပါသည်။

## ကျော်အောင်ညာလို့ကြော်ငြာ

သူ့သူ့ကိုယ်ကိုယ် ရောဂါတစ်ခုခုဖြစ်သည်ဆိုသည်နှင့် စိတ်ဆင်းရဲ၏။ စိတ်ကျဉ်းကြပ်၏၊ တခြားရောဂါကြီးများကို အသာထား လူများဖြစ်နေကြသော လက်ချောင်းတွေမှာ ပေါက်တတ်သည့် ဝဲရောဂါလေး တစ်ခုဖြစ်သည်ကိုပင်လျှင် မပျောက်မချင်းမည်မျှစိတ်ဆင်းရဲလိုက်ပါသနည်း။

ဆေးခန်းမှာဆေးထိုးဆေးသောက်ရုံနှင့်အားမရ၊ လာပြောသမျှ ဆေးမှန်သမျှဖော်စပ်ပြီး လိမ်းကြည့်သည်သာဖြစ်၏၊ ယခု စိန်စိန်မှာ ခံစားနေရသော ရောဂါမှာ လူ့လောကတစ်ခုလုံးက စက်ဆုပ်ရွံရှာသော အနာကြီးရောဂါဖြစ်နေသောသူ့အနေဖြင့် မည်မျှစိတ်ဆင်းရဲပြီး မည်မျှပျောက်ချင်နေမည်ဆိုသည်ကို ကိုယ်ချင်းစာကြည့်နိုင်ပေသည်။

ယုံမှတ်လို့ပုံအပ်မိသူများအကြောင်း ပထမတွဲရေးစဉ်က သနားတတ်သူများ၊ အားနာတတ်သူများ၊ လောဘကြီးသူများသည် အလိမ်ခံရတတ်သည်ဟုရေးခဲ့ရာ ယခုဖော်ပြမည့် အတွေ့အကြုံများအရ ရောဂါပျောက်ချင်လွန်းအားကြီးနေသူများလည်း အလိမ်ခံရတတ်သည်ဟူ၍ ထပ်ဖြည့်ပေးရပါမည်။

ထိုကဲ့သို့ ရောဂါပျောက်ချင်လွန်းအားကြီးသဖြင့် တခြားနည်းများကို အသာထား လူအချင်းကိုပင် ပြုတ်ပြီးသုပ်စားခဲ့ရရှာသေးသည်။ တကယ်လည်း ပျောက်သည်မဟုတ်ပါ။ ယခုလည်း သတင်းစာကြော်ငြာတစ်ခုကြောင့် ရန်ကုန်ကိုဆေးသွားကုချင်စိတ်တွေက ထိန်းသိမ်းမရအောင် ယိုဖိတ်လို့နေသည်။

ကြော်ငြာမှာလည်း ဆေးမစားမီပုံ၊ ဆေးစားပြီးပုံများပါ ထည့်ရိုက်ထားသဖြင့် သွားချင်စိတ်တို့က ဘယ်လိုမှမျိုသိပ်လို့မရ၊ တိုင်းရင်းဆေးနည်းဖြင့် အနာကြီးရောဂါပျောက်အောင်ကုမည်တဲ့၊ မပျောက်လျှင် ငွေတစ်ပြားမှမယူ၊ ပျောက်မှငွေပေးပါတဲ့။ မည်မျှ သွားရေကျစရာ ကောင်းနေပါသနည်း။

ငါးနှစ်နီးပါးခန့်ကုသပေးနေရသောကြောင့် မိဘများထံတွင် ငွေရေးကြေးရေး ဘယ်လိုမှမရှိတော့မှန်းသိသော်လည်း ငါဒီရောဂါ ပျောက်သွားရင် ကုန်သွားတဲ့ငွေ ပြန်ရအောင်ရှာပေးမယ်ဟူသော စိတ်ဓာတ်ဖြင့် သွားကုချင်ကြောင်းပူဆာလိုက်ရာ မိဘများကကုသခွင့် ပေးခဲ့သည်သာ။

သုံးလစာ အစားအသောက်နှင့် ဆေးအတွက် ကုန်ကျမည်က



ရာခန့်၊ ပျောက်လျှင်ဆရာအားကန်တော့ရမည်က(၄၀၀)ခန့် ပေါင်းငွေခြောက်ရာကုန်ကျမည်။ ထိုငွေခြောက်ရာကို မိဘများက နှင့်ခြံကိုပေါင်ပြီး ပေးလိုက်သည်သာ။ မိဘမေတ္တာကား ကြီးမားပေစွ။

## နိယာမကိုလွှန်ဆန်နိုင်သောအရာ

လောကနိယာမအရ သွေး၏အရောင်သည် အနီရောင်သာ ပါ၏။ ထိုအနီရောင်သွေးကို ဖြူသွားစေနိုင်သောအရာကား ၏မေတ္တာသာဖြစ်ပါ၏။ ထို့ကြောင့် ကဗျာဆရာအရှင်သုမနက

“သားလှချစ်စွာ မိမာတာ၏
နိတျာတွေးတွေး၊ နှလုံးသွေးသည်
သည်းခြာသူ့သား၊ နို့စို့ငြားသော်
သားမြတ်အဖျား၊ ရောက်လာငြား၍
ဘော်သာခွာသွေး၊ ဖြူဖြူဖွေးသည်
ချစ်သွေးလူလှ ချစ်သောကြောင့်” ဟုစပ်ဆိုခဲ့သည်။ ဟုတ်ပါသည်။

လောကနိယာမအရ အနီရောင်သာဖြစ်သော သွေးသည် သားသမီးအပေါ် ားသော မိခင်၏ မေတ္တာဓာတ်ကြောင့် သားမြတ်ဖျားသို့ရောက်သည်နှင့် ဖြူရောင်အဖြစ်ပြောင်းလဲသွားရသည်မဟုတ်ပါလား။

‘ ဘဝပျက်ခံပြီးပေးလိုက်ရသော ငွေကိုယူ၍ စိန်စိန်တစ်ယောက် မတစ်ယောက်၏အကူအညီဖြင့် ပြင်ပအနာကြီးရောဂါကု ဆေးခန်း ရောက်ခဲ့ရပေပြီ။ သူကဲ့သို့ရောဂါသည် ရှစ်ဦးခန့်ကိုလည်း တွေ့ရသည်။ ရာတော်တစ်ပါးပင် ပါနေပါသေးသည်။

ထမင်းစရိတ်ကို လခပြည့်ယူသော်လည်း ချက်ကျွေးသောအခါ ါလူစားတဲ့ထမင်းဟင်းပါဟု ကျိန်ပြောရလောက်အောင် ဖြစ်ကတတ်ဆန်း ချက်ပြုတ်ထားသည်။ ဒါမှ ထမင်းလခထဲမှလည်း သူတို့ဆေးဆရာ ားစုအတွက် အမြတ်အစွန်းများများကျန်မည် မဟုတ်ပါလား။

ကျွေးလာသော ထမင်းဟင်းကို တွေ့လိုက်ကတည်းက အခြေအနေ သိပ်မကောင်းမှန်း စိန်စိန်တစ်ယောက်သတိထားမိသွားသည်။ သို့သော် ရောဂါပျောက်ချင်ဇောအားကြီးသော အမှောင်စိတ်က ငါအလိမ်များ ခံနေရပြီလားဟု တွေးမိသောအလင်းရောင်အမှန်စိတ်ကို ခဏဖြင့် လွှမ်းမိုးသွားသည်သာ -

ဆေးဆရာကြီး၏အဆိုအရ ပထမဆုံးအနေဖြင့် ထိုးဆေး ထိုးပေးမည်။ ထိုးဆေးအစွမ်းကြောင့် အသားထဲမှာနေလို့မရသော အနာကြီး ရောဂါပိုးများက အရေပြားပေါ်တက်လာကြမည်တဲ့။ ထိုအခါမှ အရေပြားကို ဆေးလိမ်းချလိုက်သည်နှင့် အနာကြီးရောဂါပိုးများ အကုန်သေကုန်ပြီး ရောဂါမှာ ယူပစ်သလိုပျောက်သောဟူ၏။

တကယ်ပျောက်တာမပျောက်တာအပထား၊ ထိုစကားကို ကြားရသည်နှင့် စိန်စိန်တို့ရောဂါသည်များမှာတော့ စိတ်ကူးနှင့် ရူးရတော့သည်သာ။ ရက်အနည်းငယ်ဆေးထိုးပြီးသည်နှင့် စိန်စိန်တို့ ရောဂါသည်များ လိမ်းဆေးကိုစတင်လိမ်းကြရသည်။ ပြင်းလိုက်သည့်ဆေး၊ လိမ်းလိုက်သည့်နေရာရေနွေးပူနှင့်လောင်းလိုက်သလို ပူလောင်သွားပြီး ညိုမဲရောင်ကားလာခဲ့သည်။

ဆေးစလိမ်းပြီးစနေ့က ကိုယ်မျက်နှာကိုယ်မှန်ထဲကြည့်ပြီး စိန်စိန်တို့တစ်တွေမှာ လန့်မအော်မိစေရန် မနည်းထိန်းလိုက်ရသည်။ မျက်နှာတစ်ပြင်လုံး ဖူးယောင်ကိုင်းနေပြီး မျက်စေ့ပေါက်ပင် ပိတ်မတတ် ဖြစ်နေသောကြောင့် လူမြင်မှာရှက်ရှာလွန်းသဖြင့် သုံးလေးရက်တော့ နေ့ရောညရော ခြင်ထောင်ထဲမှပင်မထွက်ရဲကြချေ။

လေးငါးရက်ရှိမှ အရေပြားများတွန့်လိမ်ပြီး ကွာကျကုန်သည်။ ထိုအခါကျမှ အပူဒဏ်ကြောင့် ညိုမည်းသောအကွက်တွေက ကျန်နေခဲ့သဖြင့် ထိုအကွက်များပျောက်အောင် သနပ်ခါးကို ရက်တော်တော်ကြာ လိမ်းယူရသည်။ ထိုမျှအထိလည်း ဆေးမြီးတိုဖြင့်လိမ်စားနေမှန်း စိန်စိန်တို့လူနာတွေမှာ သတိမထားမိနိုင်သေး။



ထိုသို့နေလာလိုက်ရာ ဆေးဆရာကြီးအာမခံသော သုံးလကား ပြည့်သွားလေပြီ၊ ရောဂါကားဘာမှအကြောင်းမထူး၊ သို့သော် ဆရာကတော်နှင့် ဆေးဆရာကြီး၏သမီးသုံးယောက်ကတော့ ငွေယူကောင်းရန်အတွက် ရောက်လာစနှင့်မတူကြောင်း၊ အများကြီးသက်သာသွားကြောင်း၊ ဆေးစွမ်း ကြောင်းများကို လူနာရော၊ လူနာရှင်များပါ မဟုတ်ကိုအဟုတ်ထင်အောင် ဝိုင်းချီးမွမ်းကြသည်။

တကယ်လည်း စားရတာမဟုတ်ဘဲနှင့် ခွေးကျေနပ်အောင် လေလည်ပြသလို ဖြစ်နေသည်ဟုပင် တင်စားရမလိုပါပေ၊ တစ်နေ့တွင်တော့ ဤဆေးခန်းမှ အပြီးအပိုင်ထွက်သွားဖြစ်စေမည့် ဖြစ်ရပ်သုံးခုကို တွေ့မြင် ကြားသိခဲ့ရသည်။ ပထမတစ်ခုက စိန်စိန်တို့လူနာများကို တစ်ပါတ် တစ်ကြိမ်ခန့် လိမ်းပေးနေသော လိမ်းဆေးများအကြောင်း။

ဆေးလိမ်းရမည့်နေ့ဆိုလျှင် စိန်စိန်တို့လူနာများ နှလုံးတုန်မျှ ထိတ်လန့်ကြောက်ရွံ့မိကြသည်။ အရေခွံလန်သည်အထိ ပူလောင်လှသော ဆေးသည် ဧကန်မုချ ဓာတုဗေဒနည်းတစ်ခုခုတော့ ပါရမည်ဟု (၁၀)တန်းထိ စာသင်ထားဘူးသော စိန်စိန်က စဉ်းစားမိသေးသည်။

ထိုတစ်ရက်တွင်တော့ ဆေးခန်းမှလည်းဆေးကု၊ အပြင်လည်းထွက်ပြီး အလုပ်လုပ်သော အမျိုးသား လူနာတစ်ယောက်၏ စုံစမ်းမှုဖြင့် လိမ်းပေး နေသောဆေးများမှာ ရှားရှားပါးပါး ဘာအမယ်မျှ ပါသည်မဟုတ်ဘဲ ဘက်ထရီအိုးများမှာသုံးသော ပြင်းထန်သည့် အက်ဆစ်ရေများသာဖြစ်ကြောင်း သိရပါတော့သည်။

မည်မျှရက်စက်လိုက်ကြပါသနည်း၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဟူသော လူစားမျိုးသည် ဤလူမျိုးမှမဟုတ်လျှင် အဘယ်ကဲ့သို့သော လူမျိုးဖြစ်ပါလေမည်နည်း။ ဒုတိယဖြစ်ရပ်ကား ဟိုးနယ်ဘက်အဝေးမှ လာတတ်သော အမျိုးသမီးလူနာတစ်ဦးမှာ ရောဂါလည်းသိပ်မရင့်သေးသဖြင့် မျက်နှာမှာ ကြည့်ပျော်ရှုပျော်အဆင့်တွင် ရှိနေသေးသည်။

သူသည်လည်း လေးလကျော်ကြာသည်အထိ တတ်ရောက်

ကုသနေသော်လည်း မျက်နှာနှင့် ကျောက်ကုန်းမှ အကွက်များက ဘာမှမထူးခြား၊ တစ်နေ့တွင် ထိုအမျိုးသမီးကို အလှပြင်ဆရာခေါ်ပြီး မင်းသမီး ရှုံးလောက်အောင် ပြင်ပေးကာ အပြင်ခေါ်ထုတ်သွားသဖြင့် စိန်စိန်တို့ လူနာများမှာ အထူးအဆန်းဖြစ်နေကြရသည်။

အနာကြီးရောဂါသည် တစ်ယောက်ကို ဘာကြောင့် ဒီလောက်ထိအောင် အလှပြင်ပေးထားကြပါလိမ့်ဟု၍ တွေးမရလောက်အောင် ဖြစ်ကြရသည်။ ထိုလူနာအမျိုးသမီး႑ြ သာမှ မေးကြည့်သောအခါ သတင်းစာတွင်ရောဂါပျောက်ကြောင်း ကြော်ငြာထည့်ရန်အတွက် ဓါတ်ပုံရိုက်ကူးခြင်းဖြစ်ကြောင်း၊ ရောဂါမပျောက်သေးမှန်းသိလျှက် အများပြည်သူကို မလိမ်ညာချင်သော်လည်း စားသောက်စရိတ်၊ ဆေးဖိုးစရိတ် နယ်ကပို့မပေးသည်မှာ နှစ်လကျော်ရှိသွားပြီဖြစ်သည့်အတွက် ဆေးဆရာကြီး မိသားစုကိုသာ အသနားခံပြီး စားသောက်နေရကြောင်း။

ထို့ကြောင့် သူ့ဆန်စားရဲမှုဟူသော စကားအတိုင်းသူတို့အလိုကျ လိမ်လည်ဓါတ်ပုံအရိုက်ခံပေးရခြင်းဖြစ်ကြောင်း၊ မျက်ရည်စက်လက်ဖြင့် ပြောပြရှာသည်။ ထိုညက စိန်စိန်တစ်ယောက် ထိုအမျိုးသမီးအတွက်ရော မိမိအတွက်ပါတွေးပြီး အိပ်မပျော်နိုင်ခဲ့ ကြုံရသောဖြစ်ရပ်ကား ထို့ထက်ပင် ဆိုးပါသေးသည်။

(၁၂)နှစ်အရွယ်ခန့် ကောင်လေးတစ်ယောက်ကိုလည်း နယ်မှအဒေါ်ဖြစ်သူက နေစရိတ်၊ စားစရိတ်အပြည့်အစုံပေး၍ ဤဆေးခန်းမှာ ကုခိုင်းထားသည် သတ်မှတ်ထားသောလစေ့သွားသည်။ ကလေး၏ ရောဂါကားဘာမှမထူးခြား၊ အက်ဆစ်စား၍ အရေလန်သည်မှတပါး အခြားမရှိ။

သို့သော် ဝိသမလောဘသမားဆေးဆရာကြီးနှင့် မိသားစုသည် ငွေများများကို မြန်မြန်လိုချင်သောကြောင့် ကလေး၏အဒေါ်ဖြစ်သူထံ ရောဂါပျောက်ပြီ လာခေါ်ပါတော့ဟု သံကြိုးရိုက်လိုက်သဖြင့် ကလေး၏ အဒေါ်ဖြစ်သူ ဝဝထောင်ထောင်မောင်းမောင်းကြီး ရောက်လာပါတော့သည်။



လူနာရှင် အဒေါ်ကြီးကိုတွေ့သည်နှင့် ဆေးဆရာကြီးနှင့် သူ့တပည့်သမီးများက

"တွေ့လား အဒေါ့်တူ ရောဂါတွေပျောက်ပြီး တစ်သွေးတစ်မွေးကြီး ဖြစ်နေပြီ"

"ဟုတ်ပါ့၊ တော်တော်ကြာရောဂါပျောက်နေရက်သားနဲ့ ကြာဆက်နေရင်၊ တခြားလူနာတွေဆီက ရောဂါတွေပြန်ကူးမှာစိုးလို့ မြန်မြန်ပြန်ခေါ်အောင် သံကြိုးရိုက်လိုက်တာ"

ထိုအဒေါ်ကြီးကား လူဖြောင့်စိတ်တို။ မဟုတ်မခံ ရှင်းရှင်းဘွင်းဘွင်း သမားကြီးဖြစ်ဟန်တူပါသည်။ ကလေး၏မျက်နှာမှ အကွက်များ၊ အင်္ကျီချွတ် ကြည့်၍တွေ့ရသော ကျောက်ကုန်းမှ အကွက်များကို အရင်အတိုင်း တွေ့လိုက်သည်နှင့် -

"ရှင်တို့ဘာဖြစ်လို့ ·ဖြောင်လိမ်နေကြရတာလဲ၊ ကျွန်မတူလေး ရောဂါပျောက်ဖို့နေနေသာသာ သက်သာတာတောင် မတွေ့ရဘူး၊ မသကာ လုံးမပျောက်တောင်မှ တစ်ဝက်လောက်သက်သာရင် စာချုပ်ထားတဲ့ငွေကို ပေးဖို့ ကျွန်မဆုံးဖြတ်ပြီးသား"

"ဒီလိုနည်းနည်းမှမသက်သာပဲနဲ့တော့၊ ဆေးကုခငွေကို တစ်ပြားမှမပေးနိုင်ဘူး၊ တိုင်ချင်တဲ့နေရာတိုင်၊ ကျွန်မလိုက်ရှင်းမယ်"

ထိုသို့ ဆိုပြန်တော့လည်း မမှန်မကန်သူတို့၏ ထုံးစံအတိုင်း ဆရာကြီးတို့မိသားစုမှာ ရင်မဆိုင်ဝံ့ကြပြန်၊ ထို့ကြောင့်ပင် အပျော့ဆွဲ, ဆွဲ၍

"သက်သာပါတယ် မိန်းကလေးရဲ့ သေချာကြည့်ပါဦး၊ ဆရာကြီး ကိုယ်တိုင် အပင်ပန်းခံပြီးတော့ ကုပေးထားတာပါ။ ဒီလေးလအတွင်း ကလေးရဲ့ စားရေးသောက်ရေး၊ နေရေးထိုင်ရေးတွေကို ဆရာကြီးတို့မိသားစုက လိုလေသေးမရှိအောင် တာဝန်ယူခဲ့ကြတာပဲ၊ ဒီကျေးဇူးတွေကိုလည်း ထောက်သင့်ပါတယ်"

"ဒါလဲ ကျွန်မအလကားလာထားပေးတာမဟုတ်ပါဘူး၊

ကျသင့်တဲ့ငွေကို တစ်ခါတည်းပေးခဲ့တာပဲ၊ ခုဟာက ရောဂါပျောက်မှ ပိုက်ဆံပေးရမယ်လို့ ဆရာကြီးတို့ကိုယ်တိုင် သတင်းစာမှာ ကြော်ငြာထားတာပဲ၊ ခုမပျောက်တော့ ကျွန်မဘာယ်ပေးနိုင်မလဲ”

ထိုမှတစ်ဆင့် အကြီးအကျယ်စကားများကြရာမှ ကြမ်းကြမ်းတမ်းတမ်း၊ မကြားဝံ့မနာသာ ဆဲဆိုသောအဆင့်ထိရောက်ပြီးမှ ထိုအမျိုးသမီးကြီးသည် သူ့တူကိုလက်ဆွဲခေါ်ကာထွက်သွားပါတော့သည်။ စိန်စိန်ကား ကျောချမှ ဓါးပြမှန်းသိရလေပြီ၊ မိမိကို ၃ ရောဂါဝေဒနာဖြင့် ဒုက္ခရောက်နေသူများအပေါ်မှာပင် လိမ်စားရက်သည့် သူတို့မိသားစု၏ စိတ်ဓာတ်ကိုလည်း အံ့သြထိတ်လန့်ရွံရှာမိပါ၏။

နောက်ဆုံးတော့ လိမ်နေမှန်းသိပါလျှက်နှင့် သိမ်မွေ့သော မိန်းကလေးတစ်ယောက်အနေဖြင့် ခွန်းကြီးခွန်းငယ် ဆဲဆိုစကားများရမှာရှက်လှသဖြင့် ဆေးကုခလေးရာကျပ်ကို မပေးချင်ဘဲပေးပြီး သာယာဝတီသို့ ပြန်ခဲ့ရပါတော့သည်။ ရောဂါဖြစ်နေရသည့်အထဲ မိမိအတွက်နှင့် အိမ်ခြံကိုပင် ပေါင်ခဲ့ရသည်ကို တွေးမိတိုင်း စိတ်ဆင်းရဲလှသဖြင့် သက်သေဖို့ရန်ပင် အကြိမ်ကြိမ်ကြံစည်ခဲ့မိရှာသည်။

သို့သော် ငယ်ရွယ်စဉ်ကတည်းက ဖတ်ရှုလေ့လာခဲ့သော စာပေ၏ ကျေးဇူးကြောင့် သတ်မသေဖြစ်ခဲ့ဘဲ 'ရှုမဝ'မဂ္ဂဇင်း ဝတ္ထုပြိုင်ပွဲမှတစ်ဆင့် နာမည်ရလာကာ တစ်ချိန်တွင် မိသားစုကို စာရေးခြင်းဖြင့် လုပ်ကျွေးနိုင်သည့် အဆင့်ကိုပင် ရောက်ခဲ့ရပါသည်။ ရောဂါဖြစ်ပြီး ငါးနှစ်ခန့်ရှိသော အချိန်မှာပင် အနာကြီးရောဂါ တိုက်ဖျက်ရေးအစီအစဉ်များ၏ ကျေးဇူးကြောင့် ရောဂါပျောက်ကင်း ခဲ့ရပါသည်။



## ဒေါ်နေအေးတစ်ယောက်ပေါ်ပေါက်ခြင်း

ဆရာကြီးဦးသုခ၏ဇာတိ၊ ကျိုက်လတ်မြို့မှ နိုင်ငံကျော် ညီအစ်ကို နှစ်ယောက် ပေါ်ပေါက်ခဲ့သည်။ တစ်ယောက်က ဘုန်းကြီးများကပင် သာမုခေါ်ရသော တေဘုမ္ဘာသီချင်းကြီးကိုရေးသည့်၊ ဂီတစာဆို ဦးပြုံးချို တကောင်းဖြင့် နာမည်ကျော်ကြားခြင်းသာဖြစ်ပါ၏။ ဦးပြုံးချို၏ညီ နေအေးကား အလိမ်အညာဝိဇ္ဇာ၊ အဆိုးဖြင့်နိုင်ငံကျော်သူတစ်ယောက်ပါပေ။

ရွှေကိုယူသည်၊ ငွေကိုယူသည်၊ နောက်လူကိုပါယူသည်ဟုပင် တရေးရသော ငွေတိုးပေး ချစ်တီးကုလားတစ်ယောက်အပေါ် ကတုံးပေါ် ထိပ်ကွက်သွားပုံကား ရယ်လည်းရယ်ရ၊ သူ၏ဖြတ်ထိုးဉာဏ်ကိုလည်း တုံ့သြချီးမွမ်းစရာကောင်းလှသဖြင့် ဦးသုခရေးသော ဝတ္ထုတိုစာအုပ်မှ မှတ်မိသမျှ ပြန်လည်ဖော်ပြပါဦးမည်။

လူဆိုသည်မှာ မည်သူမဆိုသူများ၏ ခိုင်းဖက်မဖြစ်ချင်သလို သူများ၏ ရယ်ဖက်လည်းမဖြစ်ချင်ကြပါ။ မိမိကိုမြင်တိုင်း ရယ်စရာဖြစ်နေမည်ကို ဘယ်သူမှမလိုလားပါ။ (လူရွှင်တော်များမှအပ) မိမိအတွက် မှတ်မှတ်သားသားဖြစ်လောက်အောင် ရယ်စရာတစ်ခုခု ဖြစ်သွားသည်နှင့် နောင်ဘယ်အခါမှာတွေ့တွေ့၊ မိမိကိုယ်မြင်တိုင်း လက်တို့ပြောကြ ရယ်ကြသည်ကို မရှက်မကြောက် သဘောကျသူဟူ၍ တော်တော် ရှားပါလိမ့်မည်။

စာရေးသူ၏အသိထဲမှ အညာသားဦးကျော်ရင်အဖြစ်ကား သူ့ကိုတွေ့တိုင်းတွေ့တိုင်း၊ သတိရတိုင်းရယ်ကြရသည်ကနှစ်ပေါင်းမနည်းလှ၊ သူ့အဖြစ်ကလည်းကြည့်ပါဦး။

## ကိုယ်တုံးလုံးကျော်ရင်

တစ်ည၊ ထိုညသည်ကား နွေလ၏ အအိုက်ဆုံးညတစ်ညမို့ ဦးကျော်ရင်တစ်ယောက် အင်္ကျီပင်မဝတ်နိုင်ဘဲ ပုဆိုးပါးလေးတစ်ထည်ဝတ်၍ ယပ်တောင်ကိုမပြတ်ခတ်ပေးနေရသည်။ ညသန်းခေါင်(၁၂)နာရီ ကျော်သွားပြီမို့ အခန်းထဲမှ ဇနီးနှင့်သမီးတို့၏ စည်းချက်ကျကျ ဟောက်သံတစ်ချို့ကိုပင် ကြားနေရသည်။

ဦးကျော်ရင်တစ်ယောက် အိပ်မပျော်၍ ယပ်တောင် ခတ်နေခြင်း မဟုတ်၊ (၈)နာရီလောက်က စောစော အိပ်ယာဝင်ထားသဖြင့် တရေးနိုးလာခြင်းသာဖြစ်ပေသည်။ ဦးကျော်ရင်ကအညာသား ဖြစ်သော်လည်း၊ ပင်ကိုယ်ကလည်းဖြူ ရန်ကုန်မှာလည်း အနေကြာပြီ ဖြစ်သည့်အတွက် တရုတ်တစ်ယောက်နီးပါးမျှ အသားကဖွေးဆွတ်နေသည်။

ထိုအချိန်မှာပင် အောက်ထပ်ကြမ်းပြင်ပေါ် ခြေဖွဖွနင်းလာသံကို ကြားလိုက်ရသည်နှင့် ယပ်တောင်ခတ်သည်ကိုရပ်လိုက်ပြီး ခြေသံကို သေသေချာချာ နားစွင့်ထားလိုက်သည်။ သေချာပါပြီ၊ သူခိုးကား ခြေသံလုံလုံဖြင့် အိမ်အပေါ်ထပ်သို့တက်လာနေလေပြီ၊ လှေခါးထစ်မှ တစ်ထစ်ချင်း တက်လာသံကိုလည်း ဖြေးဖြေးချင်းကြားနေရသည်။

လှေခါးဆုံးသည်နှင့် ဘုရားခန်းရှေ့ရောက်သည်၊ ထိုဘုရားခန်းရှေ့မှာ ဦးကျော်ရင်က ခြင်ထောင်ထောင်အိပ်နေခြင်း ဖြစ်ပါသည်။ ညလုံးပေါက်ထွန်းထားသော ဘုရားခန်းမှ အပြာရောင် မီးသီးလေး၏ အရောင်က မှိန်မှိန်သာဖြစ်သော်လည်း သေချာကြည့်လျှင် လူလုံးကွဲရုံတော့ မြင်ရပါသည်။ ထိုမီးရောင်အားဖြင့် လှေခါးထိပ်သို့ ဦးကျော်ရင် တစ်ယောက်စိုက်ကြည့်နေရင်း အော်လိုက်ရမလား၊ တစ်ခုခုလုပ်လိုက်ရမလား ဆိုသည်ကို မဆုံးဖြတ်နိုင်အောင်ဖြစ်နေသည်။

သားရွှေအိုးထမ်းလာတာမြင်ချင်လှပါသည်ဆိုသော သုဝဏ္ဏသာမ ဇာတ်မှ ဒုကူလနှင့်ပါရိကာတို့၏ဆုတောင်းအတိုင်း ဦးကျော်ရင်က



သူခိုးကိုလှေခါးထိပ်မှ အောက်ကိုလည်း ကန်ချမည်။ ကန်ချပြီးသည်နှင့် တပြိုင်နက် အော်လည်းအော်မည်ဟု ဆုံးဖြတ်လိုက်ခါ လှေခါးထိပ်ကိုသာ မျက်လုံးကိုစိုက်ထားလိုက်သည်။

သူခိုးကိုကန်သည့်အခါ အားရပါးရကန်နိုင်ရန်အတွက် အောက်ခံဘောင်းဘီမပါဘဲ ဝတ်ထားသောပုဆိုးပါးလေးကိုလည်း အသံမမြည်အောင် ချွတ်ပစ်လိုက်သည်။ ထင်သည့်အတိုင်း သူခိုး လှေခါးထိပ်တွင် တဖြေးဖြေးချင်း ပေါ်လာပါပြီ၊ ခေါင်း၊ နောက်တထစ် တက်လိုက်ပြန်တော့ပုခုံး၊ ခါးတော့ သူခိုးသည် ဆက်အတက်သေးဘဲ အိမ်အပေါ်ကို မျက်စေ့ကစားနေသေးသည်။

တလောကမှ ဝယ်ထားသော နှစ်သောင်းတန်ကတ်ဆက်ကို အဓိကထားရှာခြင်းဖြစ်လိမ့်မည်။ ထိုကတ်ဆက်သည် ဘုရားခန်းနှင့် ကပ်လျက်ဧည့်ခန်းတွင် ရှိနေသည်မဟုတ်ပါလား၊ သူခိုးသည် အတွင်းသိထဲက ဖြစ်လိမ့်မည်ထင်ပါသည်။ ကန်ချင်နေသော ဦးကျော်ရင် ခြေထောက်က ယားနေပြီ၊ နောက်တစ်ဆင့်တက်လိုက်သောအခါ သူခိုး၏ခါးပါ ပေါ်လာသည်။

နောက်တစ်ဆင့်တက်လိုက်လျှင် အိမ်ပေါ်သို့ တစ်ကိုယ်လုံး ရောက်တော့မည်။ ထိုအချိန်ကျမှကန်လျှင် လှေခါးမှ ချက်ချင်းကျမသွားနိုင်ဘဲ မိမိကိုပြန်ရန်မူနိုင်မည်ကို သိထားသောဦးကျော်ရင် ခြင်ထောင်ထဲမှ ဝှားကနဲတစ်ချက်ထွက်ရင်း ယားကနဲအော်ပြီး ကန်ချလိုက်ရာ သူခိုး၏ ရင်ဘတ်ကို တည့်တည့်မတ်မတ်ကန်မိပြီး ဝရုန်းသုန်းကား လှေခါးမှ ပြုတ်ကျသွားသောအသံကို ကြားလိုက်ရသည်နှင့် ဦးကျော်ရင်က ဘာမှစဉ်းစားမနေတော့ဘဲ သူခိုးကျသွားသောလှေခါးအတိုင်း ဆင်းလိုက်ခါ ပါးစပ်မှလည်း သူခိုးဗျို့ - သူခိုး-သူခိုး-သူခိုး ဟု အားရပါးရအော်ပစ်လိုက်ရာ အိမ်နီးချင်းများနှင့် မီးကင်းစောင့်များပါ နိုးလာပြီး ဝိုင်းလိုက်ကြပါတော့သည်။

လိုက်ဟေ့- လိုက်ဟဟူသော အသံများနှင့်အတူ သူခိုးနောက်လိုက်ကြသော အသံများက တစ်ရပ်ကွက်လုံးဆူညံသွားသည်။

လိုက်ကြသူများထဲတွင် မိမွေးတိုင်း၊ ဖမွေးတိုင်းအဝတ်အစားဖြင့် ရှေ့ဆုံးမှပြေးနေရသူကား စာရေးသူတို့ဇာတ်လိုက်ကြီး ဦးကျော်ရင်ပင် ဖြစ်ပါတော့သည်။

သုံးလေးလမ်းကျော်လိုက်ပြီး သူခိုးကိုမမိဘဲ ပြန်လာသောအခါ လမ်းမီးတိုင်အောက်ရောက်မှ ကင်းသမားများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများမှာ ဦးကျော်ရင်အဖြစ်ကိုမြင်ပြီး ပျက်လုံးမထုတ်ရဘဲ တစ်ပြုံင်နက်လက်ညှိုးထိုးထိုးပြီး ဝါးလုံးကွဲရယ်ကြပါတော့သည်။ ထိုအခါကျမှ ဦးကျော်ရင်မှာ မိမိအဝတ်အစားပါမလာသည်ကို သတိထားမိသွားပြီး အိမ်အရောက်ပြန်ပြေးရပြန်ပါတော့သည်။

ထိုအခါကျမှ သူ့အမည်ရှေ့တွင် ဝိသေသတစ်ခုတိုးလာသည်ကား ကိုယ်တုံးလုံးကျော်ရင် ဟူပါ၏။ ယခုလည်း သူတစ်ပါး၏ရယ်ဖတ်ဖြစ်မည်ကို စိုးရိမ်သောချစ်တီးကုလားကြီးမှာ နေအေး၏ အကွက်ကျကျစီမံမှုကြောင့် သူမတရားသိမ်းထားသော လယ်ပေါင်စာချုပ်များကို အလကား ပြန်ပေးခဲ့ရသည် မဟုတ်ပါလား။

## ကိုယ့်မယားလည်းလိမ်တာပဲ

နေအေးကား လိမ်စရာမရှိလျှင် ကိုယ့်မယားကိုပင် ပြန်လိမ်ရမှ ထမင်းစားဝင်သောဟူ၏။ တစ်နေ့သောအခါတွင် အချိုကြီးကြီး လိမ်ခွင့် မရသေးသဖြင့် နေအေးတစ်ယောက်မန်းနီးနိမ်းနေသည်။ ငွေမအပ်တာ ကြာတော့ မယားဖြစ်သူကလည်း သိပ်မကြည်ဖြူတော့ ထမင်းချက် ကျွေးရာတွင် အသား၊ ငါးစသော ဟင်းကောင်းကျွေးကောင်း မချက်တော့ဘဲ ဖြစ်သလိုပင် ချက်ကျွေးနေရာ အသားဆီပြန်စားနေကျ နေအေးတစ်ယောက် ဘယ်လိုမှ ထမင်းစားမကောင်းတော့။

ဟင်းကောင်းချက်ရန်ပြောလိုက်တိုင်း ပိုက်ဆံမှမရှိတာဟူသော တစ်ခွန်းတည်းသောစကားဖြင့် ထောက်လိုက်တိုင်း နေအေးတစ်ယောက်



လူ၊သာ မလွန့်သာဖြစ်နေရသည်။ တစ်ရက်တွင် နေအေးတစ်ယောက် ကြီးသုတ်ပြာ အိမ်ထဲဝင်လာသည်။ လမ်းဘက်ကိုလည်း ကျိုးကန်း ာင်းမျှောက် ကြည့်လိုက်သေးသည်။

လက်ထဲမှာလည်း ပလတ်စတစ်တစ်ထပ် စက္ကူတစ်ထပ်ဖြင့် တ်ထားသော အထုတ်သေးသေးတစ်ခုကို ကိုင်ထားသေးသည်။ အေးကိုလှမ်းအကဲခတ်ရင်း တစ်ခုခုတော့ အလုပ်ဖြစ်လာကြောင်း ား ကအကဲခတ်မိသည်။ ခဏကြာမှ နေအေးက မယားဘက်ကို က်နှာမူလိုက်ပြီး -

"ကဲရော့မိန်းမ ဒီအထုပ်ကို ဆန်အိုးထဲ မြန်မြန်သွားမြှုပ်ထားလိုက်၊ တော့တော်တော်ပင်ပန်းသွားပြီ၊ အဲဒီအထုပ်ထဲက ငွေကိုချက်ချင်း သုံးနဲ့နော်၊ နောက်ကြောင်းမအေးသေးဘူး၊ သုံးရက်လောက်ရှိမှ ကြိုက်သလိုသုံး၊ ပါလာတာကတော့ အတန်ကြီးတွေချည်းပဲ" ပြောလိုက်ရာ ဇနီးဖြစ်သူမှာ မှိုရသောမျက်နှာဖြင့် ငွေထုပ်ကို မြန်မြန်ယူပြီး နောက်ဖေးဆန်အိုးထဲ အမြန်သွားမြှုပ်ထားလိုက်လေသည်။ ပြန်ထွက်လာ ည်နှင့်

"ရှင်ထမင်းစားတော့မလား၊ ပြင်လိုက်မယ်လေ"

"ဆာတော့ဆာပါရဲ့၊ ဒါပေမယ့် သိပ်တောင်မစားချင်ဘူး၊ ကငါကြိုက်တဲ့ အသားဟင်းမှ ချက်မထားပဲ"

"ဩော်-ဒါကတော့ ငွေအခြေအနေကြည့်ချက်ရတာပေါ့၊ ဆင်ပြေလာပြီပဲ၊ ရှင်စားချင်တဲ့အသားဟင်းကို ဆိုင်ကပဲ ချက်ပြီးသား ယ်ကျွေးမယ်" ဟုဆိုကာ ချိုင့်တစ်လုံးဆွဲထွက်ပြီး အသားဟင်း က်ပြီးသားဝယ်ကာ ဖွယ်ဖွယ်ရာရာပြင်ကျွေးပါတော့သည်။ သို့နှင့် န်အိုးထဲမြှုပ်ထားသော အတန်ကြီးများအရှိန်ကြောင့် လူလိမ်ဝိဇ္ဇာ အေးမှာ သုံးရက်ခန့် အသားဟင်းကောင်းကောင်းကို သုံးဆောင်နေ သည်။

သုံးရက်ပြည့်၍ ဆန်အိုးထဲကငွေထုတ်ကို ဝမ်းသာအားရ

ဖြေကြည့်သောအခါတွင်ကား နေအေး၏ဇနီးမျက်နှာ ရေနွေးပူပူ အလောင်းခံလိုက်ရသော ပေါင်မုန့်ကဲ့သို့ တွန့်ရှုံ့သွားပါတော့သည်။ အကြောင်းကား သူမတင်သလို ငွေမဟုတ်ဘဲ စက္ကူများချည်းသာ ဖြစ်နေသောကြောင့်ပါတည်း။ မယားကိုပင် ပြန်လိမ်စားသော နေအေးကို ရန်တွေ့ရန် တစ်နေကုန်ထိုင်စောင့်ပါသော်လည်း အကြောင်းသိနေအေးကား တစ်မြို့တစ်ရွာအလိမ်အညာ ထွက်ခွာသွားပြန်ပြီ မဟုတ်ပါလား၊ ယခုလည်း ကျိုက်လတ်မှ ဒေါ်နေအေးတစ်ယောက် စာရေးသူထံရောက်ပြန်ဦးမည် မဟုတ်ပါလား။

## အလိမ်ခံခြင်းအစထို့ရောဂါက

၁၃၆၁-ခုနှစ်၊ တပို့တွဲလဆန်း(၈)ရက်နေ့၊ ၁၂-၂-၂၀၀၀ နေ့က ပခုက္ကူဝိပဿနာသင်တန်း - တရားခွေများကို စာရေးသူတို့ကျောင်းအား ပထမဆုံးကျေးဇူးပြုသည့် ထားဝယ်သား ဒကာကြီးသိန်းထူး ကျောင်းကို ရောက်လာပြီး တရားခွေအကြောင်းဆွေးနွေးရင်းမှ -

"ဆရာတော် အဘိဓမ္မာတောင်သာ တိုင်းရင်းဆေးဆရာကြီး ဦးလှထွန်းကို သိတယ်မဟုတ်လား"

"သိပါတယ်၊ ကျောင်းကိုညတိုင်း တရားနာလာနေကျပဲ"

"အဲဒီဆရာက တပည့်တော်ကိုပြောနေတယ်၊ ဆရာတော်မှာ ဖြစ်နေတဲ့ အူကျတဲ့ရောဂါကို မခွဲမစိတ်ရပဲ၊ တိုင်းရင်းဆေးနဲ့ ကုသပေးချင်တယ်တဲ့၊ ဒါပေမယ့် ဆရာတော်ကလည်းစကားမစတော့ သူကစလျှောက်ရမှာ မဝံ့မရဲဘူး ဖြစ်နေသတဲ့ ဘုရား"

"ဒီရောဂါမျိုးက တိုင်းရင်းဆေးနဲ့ပျောက်တာ မကြားဘူးလို့ ဦးပဉ္ဇင်းကဆေးခန်းမှာ ခွဲစိပ်ကုဖို့တောင် ပြင်ဆင်နေပြီ။ ဒီရောဂါမျိုးက ခွဲစိပ်ကုမှပဲ ပျောက်တယ်လို့ လက်တွေ့ကုထားတဲ့ သူတွေရော၊ ဗဟုသုတ ရှိတဲ့သူတွေကပါ အပြောများတော့ တိုင်းရင်းဆေးနဲ့ကုဘို့ သတိတောင် မရမိဘူး၊ ပျောက်မယ်လည်းမထင်ပါဘူး။

"ဦးလှထွန်းကတော့ ပျောက်တယ်ပဲပြောနေတယ်ဘုရား"

"မခွဲစိပ်ရဘဲ ပျောက်တယ်ဆိုရင် စမ်းကြည့်ရုံပေါ့၊ ဒကာကြီးရာ"

နောက်နှစ်ရက်မှာပင် ဆေးဆရာကြီးဦးလှထွန်း ကျောင်းသို့ရောက်လာသည်နှင့် -

"ဒကာကြီး ဦးလှထွန်း အူကျတဲ့ရောဂါကို တိုင်းရင်းဆေးနဲ့ မခွဲစိပ်ရဘဲ ပျောက်အောင်ကုနိုင်တယ်ဆိုတာ ဟုတ်သလား"

"မှန်ပါ့ - ဟုတ်ပါတယ်ဘုရား ဆရာတော်မှာတောင် အဲဒီရောဂါ ဖြစ်နေတယ်ကြားရလို့ တပည့်တော် စိတ်မကောင်းဖြစ်နေတယ် ဘုရား၊ ဆရာတော်ကုချင်တယ်ဆိုရင် တပည့်တော်ကုပါရစေ"

"ဦးပဉ္ဇင်းကတော့ ဆေးခန်းမှာ ခွဲစိပ်ဖို့ ပြင်ဆင်ပြီးသားပါ။ ဒါပေမဲ့ တကယ်ပျောက်မယ်လို့ယုံကြည်ရင် ဒကာကြီး ကုကြည့်နိုင်တယ်။ တခုတော့ ရှိတယ်၊ ကုသနေစဉ်အတွင်းမှာတော့ ဦးပဉ္ဇင်းက ဆေးဖိုးပိုက်ဆံ မပေးနိုင်ဘူး၊ ပျောက်သွားပြီဆိုရင်တော့ ပျောက်တဲ့နေ့မှာပဲ ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ်၊ မပျောက်ဘူးဆိုရင်တော့ တစ်ပြားမှ မပေးနိုင်ဘူး။

"ဟာ-ရပါတယ်ဘုရား၊ ကိုယ့်ဆရာဒကာတွေပဲ၊ ဆရာတော် ရောဂါပျောက်မှသာ ငွေပေးပါဘုရား၊ မပျောက်ရင် ဘာမှမပေးပါနဲ့ တပည့်တော် မနက်ဖြန်ကျောင်းကို လာခဲ့မယ်ဘုရား"

နောက်နေ့တွင် ဦးလှထွန်းတစ်ယောက်တည်းမဟုတ်ဘဲ ပိန်ပိန်ပါးပါး၊ မျက်နှာချွန်ချွန်၊ မျက်လုံးစူးစူးနှင့် အမျိုးသမီးတစ်ယောက်ပါ ပါလာသည်။ ဦးလှထွန်း၏ တူမတစ်ယောက်ဖြစ်မည်ဟု ခန့်မှန်းရသည်။ အသက်က ၃၅ မှ ၄၀ တွင်းလောက်ဟု ခန့်မှန်းမိပါသည်။ နောင်တွင် ထိုအမျိုးသမီးအသက် (၃၇)နှစ်ဟုဆိုသောကြောင့် မိမိခန့်မှန်းချက် အနီးစပ်ဆုံး မှန်ကန်သည်ဟုပင် ဆိုရပါမည်။ ထိုအမျိုးသမီးနှင့် ဦးလှထွန်းကပင် မိတ်ဆက်ပေးပါသည်။

"ဆရာတော်. . ဒါကတပည့်တော်တို့ အဘိဓမ္မာတောင်သာ တိုင်းရင်းဆေးဆရာမ ဒေါ်စန်းစန်းဌေးပါဘုရား၊ အသက်ငယ်ပေမယ့် ဆေးကုသက်ဝါကတော့ တပည့်တော်ထက် ရင့်ပါတယ်ဘုရား၊ သူ့အဖေကလည်း အဘိဓမ္မာတောင်သာ သမားတော်ကြီးတစ်ဦးပါပဲဘုရား၊ ကျိုက်လတ်မှာ ဆေးခန်းဖွင့်ထားကြပါတယ်၊ အခုရွှေပြည်သာမှာပဲ တပည့်တော်နဲ့ ဒေါ်စန်းစန်းဌေးနဲ့ တွဲပြီးဆေးကုခန်းကြီးကြီးဖွင့်ဘို့ စီစဉ်နေပါတယ်ဘုရား"

ဦးလှထွန်း ပြောပြီးသည်နှင့် ဒေါ်စန်းစန်းဌေးက

"ဆရာတော် ဘာမှမပူပါနဲ့ဘုရား၊ ဆရာတော့်ရောဂါကို တပည့်တော်ပဲ အဓိကထားကုပေးမှာပါ၊ ဒီလိုရောဂါဖြစ်တဲ့ ဆရာတော် သုံးပါးလောက်အထိ တပည့်တော်ကုပေးဘူးပါတယ်ဘုရား၊ မခွဲမစိပ်ရဘဲ ရောဂါပျောက်သွားတော့ ဆရာတော်တွေကလည်း ကျေးဇူးတင်လိုက်ကြတာဘုရား၊ တပည့်တော်ကလဲ သံဃာတွေဆိုရင် ငွေရေးကြေးရေး အဓိကမထားတော့ နောက်တော့ ဆရာရင်း ဒကာရင်းတွေဖြစ်ကုန်ကြတာပါပဲဘုရား"

"တစ်ခုတော့ကြိုမေးထားပါရစေ"

"မေးပါဘုရား"

"ရောဂါပျောက်သွားရင်ငွေဘယ်လောက်ကုန်တော့ရမယ်ဆိုတာ ကြိုသိချင်ပါတယ်၊ တခြားကြောင့်မဟုတ်ပါဘူး၊ ငွေကုန်တော့တဲ့အခါ နည်းသွားမှာစိုးလို့ပါ"

ဤသည်ကား စာရေးသူ၏ စိတ်ရင်းအမှန်ပင်ဖြစ်ပါ၏၊ ထိုအခါဒေါ်စန်းစန်းဌေးက

"ဆရာတော်ပေးချင်သလောက်သာပေးပါဘုရား၊ တပည့်တော်တို့ ဘယ်၍ဘယ်မျှလို့ မသတ်မှတ်ပါဘူးဘုရား၊ တပည့်တော်ကိုလည်း ဒကာရင်းအဖြစ် သတ်မှတ်တော်မူပါဘုရား"

"ဆေးကုတာဘယ်အချိန်စရမလဲ၊ ပြီးတော့ ဆေးခန်းမှာကုမှာလား၊ ကျောင်းကိုလာကုမှာလား"



"ဒီနေ့ (၁၂)နာရီကနေ (၂)နာရီအတွင်း ဆရာတော်ဆေးခန်းကို ပါ...များ၊ နေ့စဉ်ဒီအချိန်အတွင်းပဲ ကြွပါဘုရား"

ထိုသို့လျှောက်ထားပြီး ဆေးဆရာများပြန်သွားကြသည်နှင့် ရေးသူ၏ ရောဂါအကြောင်းကို ပြန်တွေးနေမိသည်။ အူကျရောဂါသည် ရေးသူတို့ ယောကျ်ားများအဖြစ်များသော ရောဂါတစ်ခုပင်၊ ဘောကျရောဂါ လည်း သုံးနှုန်းသည်၊ ဘောကျရောဂါသည် အူဘော၊ သွေးဘောနှစ်မျိုး ည်။

အူဘောဆိုလျှင် ထိုင်နေရပ်နေ၊ သွားနေသည့်အခါတွင် တွင်းကအူက ကပ်ပယ်အိတ်ထဲတွင် အတောင့်လိုက်ကျနေသည်။ ကြည့်လို့လည်းရသည်။ ပက်လက်လှန်အိပ်လိုက်လျှင်ကား အလိုလို တွင်းသို့ ပြန်ဝင်သွားတတ်သည်။ ဤလက္ခဏာနှင့် ပြည့်စုံလျှင် တာဟု ဆိုသည်။

ထိုရောဂါမျိုးခွဲစိပ်လျှင် ဆီးစပ်ဘေးခါးအနီးတွင် လက်မ ည်းငယ်ခွဲပြီး ဆွဲတင်ကာ ပြန်ချုပ်ပေးရသည်။ ဘာမှစိုးရိမ်စရာမရှိပေ၊ ရာဝန်များအတွက် ထမင်းစားရေသောက် ခွဲစိပ်မှုတစ်ခုသာဖြစ်သည်။ အူကျရောဂါသည် တစ်ယောက်နှင့်တစ်ယောက်မတူပေ။

တစ်ချို့ အူစကျသည်နှင့် မနေနိုင်လောက်အောင် အောင့်တတ် ဖြင့် ချက်ချင်း ခွဲပေးရသည်။ တစ်ချို့ကား ကပ်ပယ်အိတ်ထဲ ရောက်အောင် ကျသည်အထိဘယ်လိုမှ မနေပေ။ ထို့ကြောင့် တစ်ချို့ မျိုးသားများ ခွဲမနေတော့ပဲ သေသည်အထိ ဒီအတိုင်း နေသွားကြသူတွေ လည်းရှိသည်။

ထိုသို့မနေသင့်ပါ၊ နှစ်ကြာလာလျှင် အသက်အန္တရာယ်ရှိတတ်သည်၊ မျိုးသားကြီးတစ်ယောက်သား အူကျရောဂါဖြစ်နေသော်လည်း ဆေးကုသမှု တွေ့အကြုံကမရှိသဖြင့် ခွဲမှာကြောက်သောကြောင့် ခုတင်ပေါ်မှာ အိပ်ရင်း ချော်ကျပြီး ကပ်ပယ်အိတ်ကို ဖိထိုင်မိသဖြင့် အသက်ဆုံးရှုံးခဲ့ရဘူးသည်။

စာရေးသူကျောင်းမှ ဦးပဥ္စင်းတစ်ပါးသည်လည်း ကလေးဘဝက

ဖြစ်လာသော အူကျရောဂါကို အနှစ်(၃၀)ကျော် ကြာမှ ကုသဖြစ်သည်။ ထိုရောဂါကို သူမကုခင်က အူကျပြီးတစ်ခါတစ်ရံ အပေါ်ပြန်မတက်နိုင်ဘဲ လေဝင်ပြီး အူကကျပ်နေသည့်အခါ ရုပ်ပျက်ဆင်းပျက်ကုန်းအော် နေရသည်ကို နှစ်ကြိမ်တိုင်တိုင်စိတ်ဆင်းရဲဖွယ်ရာတွေ့ဘူးသည်။

သွေးဘောကား ကပ်ပယ်အိတ်အတွင်း သွေးများ တစ်စတစ်စ ကျလာရာမှ ကပ်ပယ်အိတ်တဖြေးဖြေးကြီးလာသထက် ကြီးလာသည်။ သွေးဘောက လုံ့အိပ်လည်း ကပ်ပယ်အိတ်က ကြီးမြဲကြီးနေလျှက်ပင်၊ ဝမ်းတွင်းသို့ ပြန်ဝင်မသွားပေ၊ ထိုရောဂါမျိုးဆိုလျှင် ကပ်ပယ်အိတ်ကိုပင် ခွဲပြီး သွေးပုပ်များကို ထုတ်ပစ်ရသည်။

ထိုသို့ ဆေးအတွေ့အကြုံ ဗဟုသုတလေးရှိထားသဖြင့် စာရေးသူက မိမိရောဂါအတွက် ဘာမှမစိုးရိမ်ပေ၊ နေလို့ရသေးလျှင်နေဦးမည်၊ နေလို့မရလျှင်ခွဲမည်၊ သည်ကြားထဲ ဆေးမြီးတိုကောင်းကောင်း တွေ့လျှင်လည်း သုံးကြည့်မည်ဟု တွေးထားပြီး ကြားဘူးသမျှ ဆေးမြီးတို အချို့ကိုသုံးကြည့်သည်။

ရွှေပြည်သာမြို့ (၆)ရပ်ကွက်မှ ဒကာကြီးတစ်ဦးကား ဆေးမြီးတိုဖြင့် ပျောက်သွားသည်ဆိုသဖြင့် အိမ်တိုင်ယာရောက် သွားစုံစမ်းကြည့်ရာ အားတက်ဖွယ်ရာတွေ့ရသည်။ သူအူကျပြီဆိုလျှင် လေးဘက်ထောက်ပြီးအော်နေရကြောင်း၊ အများကဆေးရုံတက်ခွဲရန် အကြံပေးသဖြင့် ဆေးရုံတက်ရန်ပြင်ဆင်နေစဉ် အသိတစ်ဦးက ကြက်ဥအကာနှင့် ဇာတိဖိုလ်သီးသွေးလိမ်းရန် အကြံပေးသည်။

အကြံပေးသည့်အတိုင်းလိမ်းကြည့်ရာ တစ်ပတ်နှင့် ရှင်းရှင်း ပျောက်သွားသည်ဟူ၏၊ တစ်ခုတော့ရှိသည်။ ပက်လက်လှန်၍ ဆေးလိမ်း သောအခါ တက်သွားသောအူ ပြန်ကျမလာအောင် ဆီးစပ်အထက် ခါးအောက်နားမှ ခါးပတ်ကို ကြပ်ကြပ်ပတ်ထားသည်ဟူ၏။

စာရေးသူမှာ ဝမ်းသာလိုက်သည်ဖြစ်ခြင်း၊ သူပြောသည့်အတိုင်း လိမ်းကြည့်ရာ တစ်ပတ်မက နှစ်ပတ်ပင်ကြာသွားသည်။ ဘာမှမထူးခြားခဲ့ပါ။



မှာမဆေးမြီးတိုနှင့်ပတ်သက်၍ မှတ်သားစရာ အတွေးအခေါ် တစ်ခုကိုတော့ ...ပါ။ ထိုအတွေးအခေါ်ကား-

မြန်မာ့ဆေးမြီးတိုများကိုသုံးစွဲသောအခါ တစ်မျိုးနှင့်မပျောက်လျှင် ...ပျက်မသွားရန်နှင့် နောက်တစ်မျိုးကိုပါ ဆက်လက်သုံးစွဲကြည့်ရမည် ...သာ အတွေးအခေါ်ပါတည်း၊ အဘယ့်ကြောင့်နည်း။ ဆေးနည်းတစ်ခုကို ... မိမိမှာ ရောဂါမပျောက်သော်လည်း အခြားတစ်ဦး၏ ရောဂါကား ...က်သွားသောကြောင့်ပါတည်း။

ယခုဖြစ်ရပ်ကိုကြည့်ပါ၊ ကြက်ဥအပေါ်ယံအရေကြည်နှင့် ...တိဖိုလ်သီးသွေးလိမ်းရာတွင် စာရေးသူမှာ မပျောက်သော်လည်း ...ပေးသည့် ဒကာကြီးမှာ လက်တွေ့ပျောက်သွားသောကြောင့်ပါတည်း။

## ရန်သူမျိုးငါးပါးလွတ်လို့လျှင်

ဤနေရာ၌ စာလေးသွားမည်စိုးသဖြင့် မိမိစည်းစိမ်ဥစ္စာကို ...သူမျိုးငါးပါးဖျက်ဆီးလို့မရသော နောက်ဆုံးအင်္ဂါတစ်ချက်ကိုသာ ...ပြပါမည်။ ဒါနပြုကြသည့်အခါ သူတစ်ပါးကို မထိခိုက်အောင်ပြုရမည်။ ...လှူမျိုး ငါသာလျှင် လှူနိုင်တယ်၊ သူတစ်ပါးမလှူနိုင်ဟုတွေးတော၍ ...ကြီးခြင်း။

ချက်ပြုတ်ကျွေးရန် သားငါးများကို သားသတ်သမားထံ ...က်ကြိုတင်၍ မှာထားခြင်းများသည် မိမိဒါနအတွက် သူတစ်ပါးကို ...ခိုက်ခြင်းများပင်ဖြစ်ပါသည်။ မိမိကြိုမှာထားသည့်အတွက် ...ားသတ်သမားက တိရစ္ဆာန်များကို ပိုသတ်ရခြင်းသည် မိမိဒါနအတွက် ...တစ်ပါးကို ထိခိုက်ခြင်းပင်မဟုတ်ပါလား။

ထိုကဲ့သို့ သူတစ်ပါးကိုထိခိုက်၍ ဒါနပြုခဲ့လျှင် နောက်ဘဝတွင် ...ည်းစိမ်ဥစ္စာကား ပေါများချမ်းသာပါ၏။ သို့သော် ထိုစည်းစိမ်များသည် ...န်သူမျိုးငါးပါး တစ်ပါးပါး၏ အဖျက်အဆီးကို ခံရသည်သာ။

ယခုဖော်ပြနေသော ဦးဉာဏ်ထွန်းဒါနပြုစဉ်က မိမိစိတ်မှာ မာနဝင်မလာအောင်လည်း ဂရုစိုက်ခဲ့သည်။

အလှူ၌ကျွေးမည့်ကြက်သား၊ ဝက်သား၊ ငါးများကိုလည်း မည်သူ့ကိုမှ ကြိုတင်မမှာခဲ့။ ကား(၃)စီးငှားပြီး တစ်ကားလျှင် လူယုံတစ်ယောက်နှင့် ငွေတစ်သောင်းစီထည့်ပေးလိုက်၏။ ရန်ကုန်တိုင်းတွင်းရှိ ဈေးမှန်သမျှ အသင့်တင်ရောင်းနေသော ပွဲသကူသားများကိုသာ ရအောင် ရှာဝယ်စေခဲ့ပါသည်။

ထိုကဲ့သို့ သူတစ်ပါးကို မထိခိုက်အောင် ဒါနပြုခဲ့လျှင် နောက်ဘဝတွင် စည်းစိမ်ဥစ္စာပေါများချမ်းသာရုံတင်မက ထိုစည်းစိမ်များကို ရန်သူမျိုးငါးပါးမဖျက်ဆီးနိုင်ခြင်းဟူသော အကျိုးတစ်မျိုးကို ပိုမိုရရှိနိုင်ပေလိမ့်မည်။ ဦးဉာဏ်ထွန်းက ၎င်းဒါနပြုနည်းကို ရန်ကုန်သူ ရန်ကုန်သားများအား လက်တွေ့လုပ်ဆောင်ပြခဲ့လေသည်။

ဦးဉာဏ်ထွန်းအသက်(၆၀)ခန့်အရွယ်တွင် ဆီးချိုရောဂါဖြစ်ရာ နိုင်ငံခြားဆေး၊ မြန်မာဆေး၊ ဘာဆေးနှင့်မှမပျောက်၊ နောက်ဆုံး မြန်မာဆေးမြီးတိုတစ်ခုဖြစ်သော ကောက်ရိုးပြုတ်ရည်သောက်သောအခါမှပင် ဆီးချိုရောဂါပျောက်ကင်းခဲ့ရပါသည်။

## ရောဂါဖြစ်ခြင်းအကြောင်း ၈-မျိုး

၁။ ဝါတသမုဋ္ဌာန = လေဓာတ်ပျက်ခြင်းကြောင့်ရောဂါဖြစ်ခြင်း
၂။ ပိတ္တသမုဋ္ဌာန = သည်းခြေပျက်ခြင်းကြောင့်
၃။ သေမှသမုဋ္ဌာန = သလိပ်ပျက်ခြင်းကြောင့်
၄။ သန္နိပါတ = လေ၊ သည်းခြေ၊ သလိပ်၊ သုံးပါးလုံးပျက်ခြင်းကြောင့်
၅။ ဥတုပရိနာမဇ = ဥတုဖောက်ပြန်မှုကြောင့်
၆။ ဝိသမပရိဟာရဇ = မသင့်သောအစာအာဟာရကြောင့်
၇။ ဩပက္ကမိက = သူတစ်ပါးတို့၏လုပ်ကြံမှု လုံ့လကြောင့်



ကမ္မဝိပါကဇ = မိမိပြုလုပ်ခဲ့သော မကောင်းမှုကံကြောင့် ရောဂါဖြစ်ခြင်း တို့ဖြစ်ပါသည်။

ထို့ကြောင့်လည်းစာရေးသူမှာ ရေခဲကပ်ခြင်း၊ အပင်တစ်မျိုးမှ
ကိုသွေးလိမ်းခြင်းတို့ကိုပြုသော်လည်း ဘယ်လိုမှမသက်သာခဲ့ပါ။ ထို့ကြောင့်
ဆရာများကိုယ်တိုင်က မခွဲမစိပ်ဘဲပျောက်စေရပါမည်ဟု တာဝန်ခံသော
ါ ယုံကြည်စိတ်ချသွားပြီး ဆေးခန်းသို့ အရောက် လှမ်းခဲ့ရပါတော့သည်။
ခန်းရောက်သောအခါ ဒေါ်စန်းစန်းငွေ၏ ဖခင်ဟုဆိုအပ်သော
မားအိုကြီးတစ်ယောက်ကိုပါတွေ့ရသည်။

ထိုသမားအိုကြီးကလည်း မောင်နှမလိုသဘောထားပြီး မရှက
ကြောက်ရန် အားပေးရှာပါသေးသည်။ တကယ်ကုသောအခါတွင်လည်း
အမျိုးသမီးကပင် ဦးဆောင်ပြီး နယ်ခံဆရာဖြစ်သော ဦးလှထွန်းက ဘေးက
ကူပုံစံမျိုးဖြင့် ကူညီပေးနေသည်ကိုတွေ့ရသည်။

တင်ပါးနှင့် ကပ်ပယ်အိတ်နေရာတို့တွင် ဆေးထိုးပေးသည်။
ားဆေးသုံးမျိုးခန့်ကိုလည်း ပေးလိုက်သေးသည်။ နောက်ရက်တွင်ကား
နက်စောစောပင် ဦးလှထွန်း၊ ဒေါ်စန်းစန်းငွေနှင့် သူ၏ဖခင်ကြီးပါ
ကျောင်းကိုရောက်လာကြသည်။ အကြောင်းကိစ္စမေးကြည့်သောအခါ
းလှထွန်းက -

"ဆရာတော်ဆီကို အကူအညီတောင်းမလို့ပါဘုရား၊ တပည့်တော်တို့
စ်ယောက်စပ်ပြီး ဆေးခန်းကြီးဖွင့်တော့မှာဆိုတော့ ရောဂါမျိုးစုံအတွက်
ဆေးမျိုးစုံလိုနေပါတယ်ဘုရား၊ အဲဒါ ဒေါ်စန်းစန်းငွေရဲ့မိတ်ဆွေ မန္တလေးက
မြန်မာသမားတော်ကြီး ဦးအောင်ဒင်ဆီက မြန်မာထိုးဆေး၊ စားဆေး
သွားဝယ်ရမယ်ဘုရား"

"အဲဒီမှာ ဆေးထည့်ဖို့ ပုလင်းခွံက အဘိဓမ္မာတောင်သာ
အဖွဲ့ချုပ်မှာ သွားဝယ်ရမယ်ဘုရား၊ အဲဒီအတွက် ငွေနှစ်သောင်းလောက်
ဏလိုနေလို့ ကူညီဖို့အကြောင်း ဒေါ်စန်းစန်းငွေက တပည့်တော်ကို
တစ်ဆင့် အကူအညီတောင်းခိုင်းလို့ ဆရာတော်ကို လျှောက်ထား

ရတာပါဘုရား၊ ဒီငွေအတွက် တပည့်တော်ကလည်း ကြားက တာဝန်ယူပါတယ်ဘုရား"

ဆေးကုသတာက နှစ်ရက်ပင်မပြည့်သေး၊ ငွေနှစ်သောင်းကို လာချေးနေပြီဖြစ်သည့်အတွက် စာရေးသူမျက်နှာက တစ်ချက်တော့ ကွက်ခနဲပျက်သွားသည်။ ကိုယ့်ရောဂါကို ကုသပေးနေသောဆရာများကို အထင်တကြီး၊ တလေးတစား ဖြစ်ချင်နေပါသော်လည်း အထင်သေးစရာတွေ့လိုက်ရသောကြောင့် စိတ်မကောင်းဖြစ်မိခြင်းပါတည်း။

ချက်ဆို နားခွက်ကမီးတောက်သော ဒေါ်စန်းစန်းငွေက

"ဆရာတော်ဆီကငွေကို ဆေးကုခအနေနဲ့ ကြိုယူထားတဲ့သဘောမျိုးမဟုတ်ပါဘူးဘုရား၊ ရုတ်တရက်အခက်အခဲတွေ့သွားလို့ အကူအညီတောင်းတဲ့သဘောမျိုးပါဘုရား၊ ဒါလဲရက်မကြာပါဘူးဘုရား၊ အလွန်ဆုံးကြာ လေးရက်ပေါ့ဘုရား၊ နောက်သုံးရက်လောက်နေရင် ဖြူးကဆရာတစ်ယောက်က တပည့်တော်တို့ဖော်စပ်ထားတဲ့ ရွှေဆေးနဲ့ ငွေဆေး သုံးသိန်းဖိုးဝယ်ထားတယ်ဘုရား၊ ဆေးကတော့ယူသွားပြီး ပိုက်ဆံမပေးနိုင်သေးဘူးဖြစ်နေတယ်၊ အဲဒီဖြူးက သုံးသိန်းရတာနဲ့ ဆရာတော်ငွေကို ချက်ချင်းပြန်ပေးမှာပါဘုရား"

ယုံမိပါသည်၊ သံသယလုံးဝမရှိခဲ့ပါ။ ကိုယ့်ဒကာရင်းကလည်း အာမခံနေသည်မဟုတ်ပါလား၊ ငွေနှစ်သောင်းရသည်နှင့် သူတို့ထွက်သွားကြလေပြီ၊ နောက်ရက်ဆေးသွားထိုးသောအခါတွင် ဦးလှထွန်းမရှိတော့၊ မန္တလေးကို ဆေးဝယ်ဖို့ ထွက်သွားပြီဟုဆိုသည်၊ ဒေါ်စန်းစန်းငွေ၊ ဦးလှထွန်း၏ လက်ထောက်ဆရာမတစ်ယောက်တို့က စာရေးသူအား ဆေးထိုးပေးကြသည်။

ဆေးထိုးပြီးသည်နှင့် အရေးပေါ်ငွေတစ်သောင်းခန့် လိုနေသဖြင့် ထပ်ချေးပါဦး၊ ကျောင်းကိုတော့လိုက်မလာရဲပါဟုဆိုသဖြင့် ကျောင်းမှ ဦးပဥ္စင်းတစ်ပါးဖြင့် ပေးခိုင်းလိုက်ရပြန်သည်။ ဒီလိုနှင့် စထိုးစက သုံးရက်နှင့်ပျောက်မည်ဟုဆိုထားသော်လည်း (၅)ရက်သာကျော်လာသည်



မှ[ပျော]ချ[ေ]းမလာ။

သာယာဝတီနှင့် တိုက်ကြီးဘက်သို့ (၁၁)ရက်ည တရားပွဲ [ထွ]က်ခဲ့ရပြီ၊ မပျောက်လည်းနေတော့၊ ပျောက်မယ်လည်း [မထ]င်တော့သဖြင့် -

"ဒါယိကာမကြီးတို့ တိုင်းရင်းဆေးနဲ့တော့ ပျောက်မယ် မထင်တော့ဘူး။ အခုဦးပဥ္စင်းလည်းနယ်ကို တရားဟောကြွရတော့မယ်၊ အဲဒါ [ဒါ]ယိကာမကြီးကို တစ်ခါတည်းပြောခဲ့တာ"

"ဟာ ဆရာတော်ကလည်း ဘယ်မပျောက်ရှိမလဲ၊ ပျောက်ရမယ်လို့ [တ]ပည့်တော်က တာဝန်ယူထားတာပါပဲ၊ တပည့်တော်နဲ့မနိုင်ရင် မန္တလေးက [ဆ]ရာကြီးကိုသွားခေါ်ပြီး ဆက်ကုမှာပေါ့ဘုရား၊ အရှင်ဘုရား စိတ်ခ[ျ]ပါနဲ့"

"ဦးပဥ္စင်းကတော့ ဆေးရုံတက်ပြီးပဲ ခွဲလိုက်ချင်ပြီ၊ တိုင်းရင်းဆေး[နဲ့]ကတော့ ဘယ်လိုမှ မရတော့ဘူးလို့ထင်တယ်"

"မခွဲပါနဲ့ အရှင်ဘုရား ခွဲတာအန္တရာယ်များပါတယ်၊ အရှင်ဘုရား[အ]တွက် စိုးရိမ်လို့ပါ။ ပြီးတော့ မန္တလေးကဆရာကြီးနဲ့ ဆက်မကုခင် [ထ]ိုးဆေးကပြတ်သွားလို့ မဖြစ်ဘူးဘုရား၊ အဲဒါကြောင့် အရှင်ဘုရား [တ]ရားဟောကြွမယ့် မြို့နယ်နဲ့ ရွာနာမည်ကို ရေးပေးခဲ့ဘုရား၊ မန္တလေးက [ဆ]ရာကြီးကိုသွားမခေါ်ခင် တပည့်တော်က ဆေးဆက်ထိုးပေးထားရမှာ"

စက်ပစ္စည်းများတင်၍ သာယာဝတီသို့ သွားခါနီးတွင်ကား [ဒေ]ါ်စန်းစန်းငွေ၊ ထို့နောက် သူ့အစ်ကိုဆိုသူနှင့် တစ်ခြားအမျိုးသား တစ်ယောက်တို့ပါ ရောက်လာပြီး ဖြူးကငွေ သုံးသိန်းသွားယူရန်အတွက် တိုက်ကြီးထိကားကြုံစီးပါရစေ၊ ထိုမှတစ်ဆင့် ဖြူးကားကို ဆက်စီးမည်ဟု ပြောပြီး စာရေးသူတို့ ငှားထားသော ဒိုင်နာကားကြီးနှင့်ပင် လိုက်လာကြသည်။

တိုက်ကြီးရောက်မှ ဆင်းသွားကြသည်၊ သူတို့ ဖြူးကပြန်ရင်တော့ [င]ါအကြွေးသုံးသောင်း ချက်ချင်းဆပ်တော့မယ်ထင်ပါရဲ့ဟု တွေးပြီး စိတ်ချမ်းသာသွားမိလေသည်။ သို့နှင့် တိုက်ကြီးမြို့နယ်၊ သင်အင်းရွာတွင်

နှစ်ည၊ ဘုရားပြို့ရွာတွင် ပထမတစ်ညဟောပြီး နောက်နေ့ မနက်မှာပင် ဒေါ်စန်းစန်းဌေးတစ်ယောက် သင်အင်းရွာမှ လှည်းတစ်စီးဖြင့် ရောက်လာခဲ့လေပြီ။

ဩော် - ငါ့အပေါ် စေတနာထားရှာသားပဲ၊ သုံးဆယ်ကားဂိတ်က ဆင်းပြီး (၇)မိုင်လောက်ဝေးသောခရီးကို ငါ့ကိုဆေးထိုးပေးဘို့အတွက် အရဲစွန့်ပြီးလာရှာပေတယ်ဟူ၍ လူအ၊ လူနကြီး စာရေးသုကား သနားပင် နေလိုက်မိသေးသည်။

"ဆရာတော်အတွက်မို့သာ တပည့်တော်အရဲစွန့်လာခဲ့ရတာ၊ ဘုရားတပည့်တော်ဘဝမှာ ဒီလောက်ကြမ်းပြီးတောကျတဲ့နေရာမျိုး တစ်ခါမှ မသွားဘူးသေးဘူးဘုရား၊ မနက်ဖြန်လည်း မန္တလေးကဆရာကြီးကို ခေါ်ရအောင်ဆက်သွားမယ်ဘုရား၊ စော်ဘွားကြီးကုန်းမှာ ကားလက်မှတ် ဖြတ်ခဲ့ပြီ၊ ကံဆိုးချင်တော့တပည့်တော်ပိုက်ဆံအိတ် ခါးပိုက်နှိုက်ခံရတယ်၊ မန္တလေးသွားဖို့ သေချာချန်ထားတဲ့ ငွေတစ်သောင်းတော့ပါသွားပြီဘုရား"

"ဟောဗျာ ဖြစ်မှဖြစ်ရလေ၊ ဦးပဥ္ဇင်းဆီက တစ်သောင်း ထပ်ယူသွားပေါ့" ဟုပြောပြောဆိုဆို စာရေးသူက ငွေတစ်သောင်း ထပ်ပေးမိပြန်လေပြီ၊ သူကဆိုသေး၏ -

"ခုဆိုဆရာတော်ဆီက တပည့်တော်ယူထားတာ လေးသောင်း ရှိသွားပြီ၊ ဖြူးကငွေကလည်း တပည့်တော်တို့လိုက်သွားတာ မရခဲ့သေးဘူး ဘုရား၊ ငွေပေးမယ့် ဆေးဆရာအိမ်မှာ အသုဘဖြစ်နေလို့ နောက်တစ်ပတ် လောက်စောင့်ရဦးမယ်ဘုရား၊ ဆရာတော်ကို တပည့်တော် အားနာနေပြီ ဘုရား"

"ဘယ်တတ်နိုင်မှာလည်း ဒါယိကာမကြီးရယ်၊ နာရေးဖြစ်နေတယ် ဆိုတော့ သည်းခံစောင့်ရမှာပေါ့"

"တပည့်တော်မှာ ဆရာတော်ကိုတိုင်ပင်စရာတစ်ခုရှိတယ်"

"ဘာများပါလိမ့် ဒါယိကာမကြီး"

"အခုဆေးကုတဲ့နေရာမှာ တပည့်တော်ကို လူနာတွေက



...ားကြတာကို ဦးလှထွန်းကမကျေနပ်ဘူးဘုရား၊ ဗေဒင်ကလည်း ...မကောင်းကို ဟောထားတယ်၊ လုပ်ကြံခံရမယ်၊ ယတြာချေပြီး သတိထား ...ပါ(ဟ)၊ ဖြူးကငွေသုံးသိန်းရရင်တော့ ဒီမှာယူထားလို့ ဖြစ်မယ်မထင်ဘူး ...ား၊ မတော် တပည့်တော်ကို အဆိပ်ခတ်ပြီး ဒီငွေတွေ သူသိမ်းသွားရင် ...ဘုရား"

ဘယ်လိုမှ မထင်မိသောစကား၊ နောင်ကျမှသိရသည်၊ သူ့အပေါ် ...က်ကျဖြစ်သော စာရေးသူတို့၏စိတ်များကို ဦးလှထွန်းအပေါ် အာရုံ ...င်းပေးလိုက်ခြင်းသာပါ၊ အံ့ဩငေးမောနေသော စာရေးသူအား ဆက်၍

"အခုမန္တလေးက ရှစ်သောင်းဖိုးလောက်ရှိတဲ့ ထိုးဆေး၊ ...ဆေးတွေလည်း ပါလာပြီဘုရား၊ အဲဒီဆေးတွေလည်း သူ့ဆေးခန်းမှာ ...ရတာ ခပ်လန့်လန့်ဘဲဘုရား၊ တော်ကြာဆေးတွေထဲ အဆိပ်တစ်ခုခု ...ည့်ထားလို့ တပည့်တော်တို့ကုတဲ့အခါ တစ်ယောက်ယောက်များ ...သွားရင် သူ့အကွက် တခါတည်းဝင်သွားမှာ ဘုရား"

"ဒါယိကာမကြီးရာ၊ ဦးလှထွန်းလည်းဆေးဆရာတစ်ယောက်ပဲ၊ ...လောက်ကြီး လုပ်ရက်ပါ့မလား"

"အင်း . . ဆရာတော်တို့က အဝေးကမို့ မသိတာဘုရား၊ ...ပည့်တော်က အတူတူဆေးကုနေရတော့ သိတယ်ဘုရား၊ တော်တော် ...တ်ပုပ်တဲ့သူဘုရား၊ တပည့်တော်တောင်သူနဲ့ခွဲပြီး ဆေးကုတော့မယ်လို့ ...န်းထားတယ်၊ တိုက်ခန်းစုံစမ်းကြည့်တော့ ဒီကားကြီးဂိတ်နားမှာပဲ ...ိုက်တစ်လုံးတွေ့ထားတယ်ဘုရား၊ အပိုင်ဝယ်ရင် (၁၀)သိန်းကဲ့၊ ငှားရင်တော့ ...စ်လတစ်သောင်းတဲ့၊ တော်တော်နေရာကောင်းတာဘုရား၊ အဲဒါ ...ပည့်တော် ကျိုက်လတ်ကလယ်ထွန်စက်ရယ်၊ လယ်ဧကတွေရယ် ...ရောင်းလိုက်ရင် (၈)သိန်းလောက်ကတော့ရမယ်ဘုရား၊ လိုရင် (၂) သိန်းပဲ ...ုရား"

ထိုသို့ပြောပြီးသည်နှင့် စာရေးသူကိုလှမ်းကြည့်လိုက်သည်။ ...တ်ကထုတ်မပြောသော်လည်း မျက်လုံးကတော့ လိုနေတဲ့နှစ်သိန်း

ဆရာတော်ထုတ်ချေးပါဦးဟူသောသဘော။

“အဲဒီလောက်ငွေကတော့ ဦးပဥ္စင်းဆီမှာ မရှိပါဘူး၊ ဒါယိကာမကြီးရယ်၊ တခြားသာရှာကြည့်ပါ”

“ဆရာတော်ဆီကား အခုလည်းမယူသေးပါဘူးဘုရား၊ တိုက်ရှင်နဲ့ တွေ့တွေ့ဆိုင်ဆိုင်ပြောပြီးမှ လိုမှာပါ၊ တပည့်တော်စိတ်ကြိုက်သာ အခန်းကျယ်ကျယ်နဲ့ ကုလိုက်ရရင် ငွေဆယ်သိန်းက ခဏနဲ့ ပြန်ရပါတယ် ဘုရား”

ထိုသို့ပြောပြီး ထိုအမျိုးသမီးပြန်သွားခဲ့သည်၊ နောက်တစ်ရွာ အရောက်မှာပင် ဦးလှထွန်းနှင့် ဦးဝိမလတို့ထံမှ လူကြုံဖြင့် စာရေးသူထံ စာနှစ်စောင်ရောက်လာသည်၊ အဓိကအချက်ကတော့ ဒေါ်စန်းစန်းငွေး လုပ်ရပ်တွေ မူမမှန်တော့သည့်အတွက် ဆရာတော်ဆီ လိုက်လာပြီး ငွေချေးခဲ့လျှင် မပေးပါနှင့်ဟူသောအချက်ပင်။

စာရေးသူကား ပေးတောင်ပြီးလေပြီ၊ ထိုစာကိုဖတ်ကြရသော စာရေးသူ၏ ဝတ်အသင်းမှ ယောဂီများက ဒေါ်စန်းစန်းငွေးအပေါ် လူလိမ်တစ်ယောက်အဖြစ် သတ်မှတ်လိုက်ကြလေပြီ၊ ဣန္ဒြေသိက္ခာမရှိသော ဒေါ်စန်းစန်းငွေး၏ အမူအရာများကိုမြင်ကတည်းက ကြည့်မရဖြစ်နေသော ယောဂီအဖွဲ့၏ယူဆချက်ကား မှန်နေပြီ မဟုတ်ပါလား -

ဒေါ်စန်းစန်းငွေးကား စာရေးသူထံမှရသွားသော လေးသောင်းနှင့် အားမရ၊ နောက်ထပ်နှစ်သိန်းကိုလည်း မရမက လိုချင်သေးဟန်တူသည်၊ ထို့ကြောင့်မကြောက်မရွံ့ပင် မန္တလေးက ဆေးဆရာကြီးကိုခေါ်လာကာ ကျောင်းကို အရောက်လာခဲ့ပြန်သည်၊ မန္တလေးမှဆေးဆရာကြီး ဦးအောင်ဒင်ကား သူ့ဆီက ထိုးဆေး၊ စားဆေး ငါးသောင်းဖိုးပါသွားသည်အထိ လိမ်မှန်း မသိရှာသေး၊ ဒေါ်စန်းစန်းငွေး၏ အာရုံပြောင်းပေးပုံ ကောင်းမှုကြောင့် ဦးလှထွန်းကိုသာ လူလည်တစ်ယောက်အဖြစ် မြင်တုန်းပင်ရှိသေးသည်၊ ကျားကစားပွဲလိုပါပင် လက်တွေ့ကစားနေသူက အကွက်သိပ်မမြင် ဘေးမှ ကြည့်သူများက ပို၍အကွက်မြင်သလို ယခုလည်းအလိမ်ခံနေကြရသော



…င်ဒင်နှင့် စာရေးသူတို့က မမြင်သော လူလိမ် မစန်းငွေး၏လုပ်ရပ်ကို …မှ(ပု)ူများက မြင်နေကြပြီ၊ သို့အတွက် စာရေးသူထံမှ ငွေလေးသောင်း၊ …ထွန်းထံမှ ငွေတစ်သောင်းခွဲကို သတ်မှတ်ရက် ကျော်နေပြီဖြစ်သည့် …ွက် ပြန်ပေးရန်တောင်းဆိုကြရာ ဒေါ်စန်းစန်းငွေးက ကြည့်မြင်တိုင်က …တစ်ကိုဆီက ယူပေးပါမည်ဟုဆိုသဖြင့် ကားငှားပြီးသွားကြရာ …ါးသောင်းခွဲ ရဖို့မဆိုထားနှင့် ငှားသွားသောကားခပင် ယောဂီဝတ်အဖွဲ့က …လိုက်ရသည်။

သူပြောသမျှ တစ်ခုမှ မဟုတ်မှန်းလက်တွေ့သိလိုက်မှ မန္တလေးမှ …ဆရာကြီး ဦးအောင်ဒင်လည်း သူ့ဆေးငါးသောင်းဖိုးကို အဆုံးခံကာ …လေးသို့ပြန်သွားရှာသည်၊ အခြေအနေမဟန်တော့မှန်း သိသွားသော …လိမ်မစန်းငွေးက မလိမ့်တစ်ပတ်ဖြင့် ထွက်ပြေးရန်ကြိုးစားသဖြင့် …လှထွန်းနှင့် ဝတ်အသင်းမှ ဒေါ်ယဉ်ယဉ်လှတို့ ဦးဆောင်ပြီး ရဲစခန်းသို့ …ိုက်ရပါတော့သည်။

လူလိမ်မစန်းငွေးသည် ဆရာကြီး ဦးအောင်ဒင်ထံမှ ထိုးဆေး၊ …ဆေး ငါးသောင်းဖိုး၊ စာရေးသူထံမှ ငွေလေးသောင်း၊ ဦးလှထွန်းထံမှ …တစ်သောင်းခွဲတို့ကို လိမ်ညာယူလိုက်ခြင်းဖြစ်လေသည်။ ပုရစ်သည် …င်စဉ်ကတည်းက မျက်စိပြူးလျှက် သေသောအခါတွင်လည်း …က်စိပြူးလျှက်ရှိနေသကဲ့သို့ -

စာရေးသူတို့ ကျေးဇူးရှင်ကြီး မစန်းငွေးသည်လည်း …ချုပ်ခန်းထဲမရောက်ခင်က စာရေးသူတို့အပေါ် လိမ်ညာခဲ့သလို …ချုပ်ခန်းထဲရောက်သောအခါတွင်လည်း အာမခံသူကိုပါ လိမ်ညာပြီး …က်ပြေးသွားသောကြောင့် ယခုစာရေးချိန်တွင် သူ့အား အာမခံသူကို …ကဆွဲထားရပါကြောင်း။ (၁၀-၅-၂၀၀၀)

## လူ့လိမ်ပမ်းတဲ့ပွဲ

ရှင်ဥတ္တရနှင့် ရှင်ပဏ္ဍိတတို့က ရွှေပြည်သာမြို့ ၅/၅ ရပ်ကွက်သို့ အတူဆွမ်းခံကြွနေကြ၊ ထိုနေ့ကလည်း ဆွမ်းခံကြွနေကြလမ်းအတိုင်း ကြွလာကြရာ ဆွမ်းခံအိမ် များများရှိသော ပုလဲလမ်းဖက်မရောက်ခင် သီရိမင်္ဂလာပတ်လမ်းပေါ် ဝတ်ကောင်းစားလှနှင့် လမ်းလျှောက်နေသော၊ အသက် (၃၀)ခန့်ရှိသော ဒကာတစ်ယောက်က -

"ကိုရင်နှစ်ပါး ဘယ်ကျောင်းကလည်းဘုရား"

"မန္တလေးကျောင်းကပါ ဒကာကြီး"

"ဟာ အဲဒါဆို အတော်ပဲ၊ မန္တလေးကျောင်းဆရာတော်ဆိုတာ တပည့်တော်တို့ ဆရာအရင်းပေါ့ဘုရား၊ တပည့်တော်က ဟိုရှေ့က တိုက်အိမ်က"

ခပ်လှမ်းလှမ်းမှ ဆောက်ပြီးစတိုက်သစ်တစ်လုံးကို လက်ညှိုးထိုး၍ ပြသဖြင့် ကိုရင်နှစ်ပါးကလည်း ပြိုင်တူလှမ်း၍ကြည့်ကြသည်။

"ဒီနေ့တပည့်တော်တို့အိမ်က အိမ်တက်ဆွမ်းကျွေး လုပ်နေတာ ဘုရား၊ အိမ်ကိုပင့်ရင် ဘုန်းကြီးငါးပါးပဲ ဘုန်းပေးရမှာ၊ ကျောင်းကို လှူလိုက်ရင်တော့ ကျောင်းမှာရှိတဲ့ကိုရင်ရော၊ ဘုန်းကြီးရော အကုန် ဘုန်းပေးရတာပေါ့၊ ဒါကြောင့်ကိုရင်တို့ကျောင်းကို ဒံပေါက်ဆွမ်း လှူမလို့ စောင့်နေတာ၊ ဒါနဲ့ ကိုရင်တို့ကျောင်းမှာ စတီးလ်ချိုင့်ကြီးကြီး နှစ်လုံးလောက် ရှိတယ်မဟုတ်လား"

ဟုတ်ပါသည်၊ ကိုရင်တွေမှာ ဆွမ်းစားပင့်ပြီဆိုလျှင် ဆယ်ခါရံ တစ်ခါလိုက်ရခဲသည်၊ ကိုရင်တွေဆိုလျှင် ဆွမ်းအလှူရှင်အချို့က မကြည်ညိုတတ်သည်ကတစ်ကြောင်း၊ ရှင်နှင့်ရဟန်း တွဲပါလာပြီဆိုလျှင် အတူတူ တစ်စားပွဲတည်း မစားကောင်းသောကြောင့် သီးသန့် ဆွမ်းဝိုင်း ပြင်ပေးရသော ဒုက္ခကြောင့်တစ်ကြောင်း၊ ကိုရင်များမှာ ဆွမ်းစား၊ ကွမ်းစား မလိုက်ရသည်ကများသည်။



သဒ္ဓါအဆင့်အတန်းရှိသော အလှူရှင်အချို့နှင့်တွေ့ပါမှ ...မတွမှာ ဆွမ်းစားလိုက်ခွင့်ရကြပါသည်၊ ထို့ကြောင့်လည်း ကိုရင်နှစ်ပါးက ...တူပင် -

"ရှိတယ် ဒကာကြီး အခုပြန်ယူပေးရမလား"

"အဲဒါဆို ပိုကောင်းတာပေါ့ဘုရား၊ တပည့်တော်တို့ မိသားစုက ...ည်း အလုပ်များနေကြတယ်မဟုတ်လား၊ အလှူရှိတဲ့ နေ့ဆိုတော့လည်း ...လိုပဲပေါ့၊ ကဲ - ကဲ ကိုရင်တို့ ဒါဆို ဆွမ်းခံထွက်မနေ ကြနဲ့တော့၊ ...ပါက်ဆွမ်းသာ အဝဘုန်းပေးကြတာပေါ့၊ စတီးလ်ချိုင့်နှစ်လုံးသာ မြန်မြန် ...ယူကြတော့၊ တပည့်တော်ဒီနားကစောင့်နေမယ်၊ ပြီးတော့ကိုရင်တို့က ...င်ပန်းခံရလို့ တစ်ပါးကို ဝတ္ထုငွေ (၇၀၀)စီလှူမယ်၊ ဆရာတော်ကိုတော့ ...ထောင်လှူရမှာပေါ့ဘုရား"

ကိုရင်နှစ်ပါး ဝမ်းသာအားရဖြင့် ကျောင်းသို့ သုတ်ချေတင် ...လာလိုက်ကြသည်မှာ မြေကြီးကို ခြေထောက်ထိသည်ပင် မထင်ရတော့၊ ...)နှစ်ခန့်ရှိသော ကိုရင်ဥတ္တရက ရှင်ပဏ္ဍိတကို လမ်းမှာပင် တိုးတိုးမှာလာ ...ည်။

"ပဏ္ဍိတ ကျောင်းရောက်ရင် တို့ခုနှစ်ရာစီရတာ ဘယ်သူ့မှ ...က်မပြောနဲ့ ကြားလား၊ တော်ကြာ ဘိုင်ကျတဲ့ကိုယ်တော်တွေက တို့ဆီ ...ချေးနေကြလိမ့်မယ်" ဟူ၏၊ သံယာများထံမှပင် လိမ်ညာစားဝံ့သော ...မှု သိုက်တူးမည့်လူစားမျိုးဖြစ်ကြောင်း ကိုရင်နှစ်ပါးမှာ မသိရှာ။

ကျောင်းသို့ရောက်ရောက်ချင်း ဆွမ်းကောင်းစားလိုဇော၊ ...ဆံရလိုဇောဖြင့် ချိုင့်နှစ်လုံးကို ခပ်မြန်မြန်ယူပြီးပေးလိုက်လျှင် ...မပြောက် ချိုင့်လိမ်နည်း အသစ်ဒဏ်ကို စာရေးသူတို့ ကျောကော့အောင် ...ပမည်မှာ မလွဲပါ၊ ကံကောင်းပါ၏၊ ကိုရင်များကား စာရေးသူကို ...ယူသွားဖို့အကြောင်း လာလျှောက်ထားသဖြင့် ဤမှုမမှန်သည့် ...်သည် လိမ်ညာမှုတစ်မျိုးသာဖြစ်ကြောင်း စာရေးသူကခန့်မှန်းမိသည်။

ထို့ကြောင့် လိမ်ညာမှုသာဖြစ်ကြောင်း ကိုရင်နှစ်ပါးကိုရှင်းပြပြီး

နီးစပ်ရာဒကာများ၊ ကျောင်းမှ ကျောင်းသားကြီးများကို သေချာပြောပြပြီး လူလိမ်ကို အမိဖမ်းရန် စီစဉ်ရပါပြီ။

ကိုရင်နှစ်ပါးကို ငါးထောင်ခန့်တန်သော စတီးလ်ချိုင့်အကြီးစားကြီး တစ်လုံးကိုပေးလိုက်ပြီး လူလိမ်ထံသို့ မှုမပျက်ပေးလိုက်ရန် သင်ပေးလိုက်သည်၊ ဒကာလေးယောက်ကိုတော့ လမ်းလေးလမ်းမှ ပိတ်ပြီးစောင့်ခိုင်းလိုက်သည်။ ကိုရင့်လက်ထဲကချိုင့်ကိုယူပြီးသည်နှင့် လူလိမ်ကို ဝိုင်းဖမ်းလိုက်ရုံပင်ဖြစ်သည်။

ကိုရင်နှစ်ပါးကို ရှေ့ကလွှတ်လိုက်ပြီး ဖမ်းမည့်သူများက ဘေးအတော်လှမ်းလှမ်းမှ အသင့်လိုက်သွားကြလေပြီ၊ သံဃာတွေ ဒုက္ခပေးမည့် လူလိမ်တစ်ယောက်တော့ ရွှေပြည်သာမှ ဖယ်ရှားပေးနိုင်တော့မည်ဟု စာရေးသူက ကျောင်းမှနေ၍ စိတ်ကူးဖြင့် ဝမ်းသာနေမိသည်။

စည်ပင်သာယာရုံးဆောက်ထားသော မြောင်းပြင်ကျယ်ကြီးကို ကျော်လိုက်သည်နှင့် သီရိမင်္ဂလာပတ်လမ်းပေါ် ရောက်သွားလေပြီ၊ လူလိမ်ကားလမ်းလျှောက်ရင်း ကိုရင်နှစ်ပါးကို ဟန်မပျက်စောင့်နေလျှက်ပင် စတီးလ်ချိုင့်ကြီးကိုင်လျှက် ရောက်လာသောကိုရင်နှစ်ပါးကိုတွေ့လိုက်သည်နှင့်

"ကိုရင်တို့က တော်တော်ကြာပါလား၊ တပည့်တော်ဖြင့် စောင့်လိုက်ရတာ၊ ကဲ တပည့်တော်ကိုချိုင့်ပေး"

လူလိမ်ကံဇာတာက တက်ချိန်ရောက်နေဟန်တူသည်၊ ကိုရင်က လူလိမ်မှန်း သိနေပြီမို့ သေချာမှာထားလျှက်ကပင် ချိုင့်ကိုချက်ချင်းမပေးရဲ၊ စိတ်မချသောမျက်နှာဖြင့် ဘေးလမ်းများမှ ပုန်းပြီးစောင့်နေကြသော ဒကာများကို တစ်ချက်လှမ်းကြည့်လိုက်သည်။ စောင့်နေသူများကလည်း လူလိမ်မမြင်အောင် လက်ဟန်ခြေဟန်ဖြင့် မြန်မြန်ပေးလိုက်ရန် အချက်ပြလိုက်သည်၊ သို့သော် ကိုရင်က အသက်ငယ်သေးတော့ မဝံ့မရဲ ဖြစ်နေသည်၊ သို့နှင့် -

"ဒကာကြီးနာမည် ဘယ်လိုခေါ်သလဲ၊ ဟိုတိုက်အိမ်မှာ နေတာရောဟုတ်ရဲ့လား" ဟု လ. ဝ. က လူကြီးဝင်လုပ်နေပြန်သည်၊



စားနေကြကြောင်ပါး လူလိမ်ကား မိမိအန္တရာယ်အနံ့အသက်ကိုရသွားလေပြီ၊ ကိုရင်နောက်ကိုတစ်ချက်လှမ်းကြည့်ခြင်း၊ မိမိ၏အမည်နှင့် နေရာကိုပါ စစ်ဆေးနေခြင်းတို့ကား မိမိအတွက် အန္တရာယ်မီးနီပြနေပြီဖြစ်မှန်း ကောင်းကောင်းနားလည်လိုက်ပြီ၊ သို့အတွက် ချိုင့်ကိုမယူပါလေတော့။

"ဟာ - ကိုရင်တို့နောက်ကျနေတာနဲ့ တပည့်တော်ညီက ကျောင်းကို စက်ဘီးနှင့်သွားပို့နေပြီ၊ တပည့်တော်ချိုင့်မယူတော့ဘူး" ဟုဆိုကာ တစ်ချိုးတည်းလစ်ပါတော့သည်။ ကိုရင်ဥတ္တရ၏ မလည်ဝယ်မှုကြောင့် လူလိမ်ဖမ်းပွဲကား မအောင်မြင်ဘဲ အဆုံးသတ်ခဲ့ရပါတော့သတည်း။

## ပညာရှိပညာမဲ့ခွဲခြားနည်း

ပညာရှိနှင့် ပညာမဲ့ အပေါ်ယံတွင်တော့ သူလည်းဒါနပြု၊ သီလပြု၊ ငါလည်းဒါနပြု၊ သီလပြု၊ သူလည်းသားရှင်ပြု၊ ငါလည်းသားရှင်ပြုနေကြတာပဲ၊ ဒါပေမယ့် အတွင်းစိတ်ဓာတ်ကတော့ အဖြူနဲ့ အမည်းကွဲလွဲကြတယ် -

ပညာမဲ့က . . . ငါကောင်းစားဘို့ ဒါနပြုတယ်
ပညာရှိက . . . သာသနာပူဇော်ဘို့ ဒါနပြုတယ်
ပညာမဲ့က . . . ငရဲကြောက်၍ ငါးပါးသီလမြဲတယ်
ပညာရှိက . . . မမြဲသောခန္ဓာကြီးကို အမိုက်ခံ၍ မကျွေးလိုသဖြင့်
ငါးပါးသီလမြဲတယ်
ပညာမဲ့က . . . နတ်ပြည်ရောက်ဘို့ ဥပုသ်စောင့်တယ်
ပညာရှိက . . . တစ်နေ့တစ်ရက် တဏှာကျွန်အဖြစ်မှ
ငြိမ်းချမ်းတဲ့သုခကိုလို၍ ဥပုသ်စောင့်တယ်
ပညာမဲ့က . . . ငါတို့ဘုန်းကြီးမှ ဂရုစာမိတယ်
ပညာရှိက . . . သံဃာအစစ်မှ ဂရုစာမိတယ်
ပညာမဲ့က . . . ထုံးစံကိုလေးစားတယ်
ပညာရှိက . . . မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လေးစားတယ်

ပညာမဲ့က . . . အများကောင်းရင်လိုက်ကောင်းတယ်
ပညာရှိက . . . အများကောင်းတိုင်းလိုက်မကောင်း
ပညာမဲ့က . . . နာမည်ကြီးသူပြောရင် ယုံကြည်တယ်
ပညာရှိက . . . နာမည်ကြီးတိုင်း လိုက်၍မယုံ
ပညာမဲ့က . . . အထူးအဆန်းကိုမြတ်နိုးတယ်
ပညာရှိက . . . သဘောမှန်ကိုမြတ်နိုးတယ်
ပညာမဲ့က . . . ရွှေထူတဲ့ဘုရားမှ မြတ်နိုးတယ်
ပညာရှိက . . . ဘုရားနှစ်မျိုးမထားဘဲ တစ်မျိုးတည်းထားတယ်
ပညာမဲ့က . . . ဘုရားရှာထွက်လေ့ရှိတယ်
ပညာရှိက . . . ဂုဏ်တော်ကိုးပါးကို အခွင့်ရတိုင်းပွားတယ်။
အတွင်းသဘောချင်း မကွာဘူးလား။

(ကျေးဇူးရှင် နမ္မားဆရာတော်ကြီး အရှင်ဉာဏ)

## မန္တာန်ဘိုးတော်(သို့)ဂါထာဘိုးတော်

ကြက်သားဘိုးတော်အကြောင်းမတင်ပြမီ စာအုပ်တစ်အုပ်ထဲမှ ဖတ်ရသော ဟာသဆန်ဆန် ဂါထာဘိုးတော်တစ်ယောက်အကြောင်း ဦးစွာဖော်ပြပါဦးမည်။ တစ်ခါက ရွာတစ်ရွာတွင် အလွန်ရိုးအသော လူပျိုကြီးတစ်ယောက်ရှိသည်။ သူများယောင်လို့ယောင်အမောင်တောင်မှန်း မြောက်မှန်းမသိ ဟူသောစကားသည် ထိုလူပျိုကြီးအတွက် ထားခဲ့ဟန်တူသည်။

သူများရှိခိုးလျှင်ရှိခိုး၏၊ သူများပူဇော်လျှင် ပူဇော်၏၊ ဘာအတွေးအခေါ်မှမရှိ၊ ထိုသူမျိုးမှ အလိမ်မခံရလျှင် အဘယ်သူ အလိမ်ခံရပါမည်နည်း၊ တစ်နေ့ သူတို့ရွာထိပ်ကဇရပ်တွင် ဂါထာအမျိုးမျိုး ပေးနေသည်ဆိုသော ဘိုးတော်တစ်ယောက်ရောက်လာသဖြင့် လူပျိုကြီးလည်း လူကြားထဲတွင် တိုးဝင်ကာ ဘိုးတော်၏ဇရပ်ပေါ် ရောက်နေလေပြီ။



တခြားသူများ သူတို့လိုချင်သော ဂါထာမန္တာန် **အသီးသီးကို ယူ**ကြပြီးနောက် လူပျိုကြီးလှည့်အရောက်တွင် ဘိုးတော်က -

"သားတော်ကြီးကရော ဘာဂါထာအဆောင်တွေများလိုချင်သလဲ"

"အိမ်ကိုမီးမလောင်တဲ့ ဂါထာလိုချင်ပါတယ်"

"အိမ်း ရရစေ့မယ် ကဲ ဂါထာမပေးမီ ဘဘုရား သာသနာပြုဖို့ **အတွက်** ငွေငါးရာတော့ ကန်တော့ရမယ်၊ ဒီဂါထာက တခြားဂါထာတွေထက် **ပိုထက်**တယ်၊ သားတော်ကြီးလှူနိုင်ပါ့မလား"

"လှူနိုင်ပါတယ်ဘုရား" ဟုဆိုကာ လူပျိုကြီးသည် မရှိမဲ့၊ ရှိမဲ့ငွေလေး **ငါး**ရာကို ဘိုးတော်အား ကန်တော့လိုက်ရသည်။ ဘိုးတော်သင်ပေးလိုက်သော **မီး**ကွင်းဂါထာကား -

"မနောစက်စက်၊ တေဇောထွက်
ဝါတစ်ပိတ်သက်၊ ကြောင်တကက်" ဟူ၏။

လူပျိုကြီးကား ထိုဂါထာကို နေ့ညဉ့်မပျက်၊ အမြဲတမ်းရွတ်ဖတ် **သ**ရဇ္ဈာယ်ပါတော့သည်။ ဟုတ် မဟုတ်၊ မှန် မမှန်ကိုလည်း ဆရာတော် **များ**အား မေးဖို့သတိမရပေ။

တစ်နေ့တွင် လူပျိုကြီးတို့ရွာ မီးအကြီးအကျယ်လောင်လေရာ **မီး**သတ်ကားရောက်နိုင်သောအရပ်မဟုတ်သဖြင့် ကိုယ့်အထုပ်ကိုယ်ဆွဲကာ **ပြေး**ကြရလေသည်။ သူများတွေ ကိုယ့်အိမ်နားမီးမရောက်ခင် အဖိုးတန် **ပစ္စ**ည်းလေးများ ထုပ်ပိုးနေကြသော်လည်း လူပျိုကြီးကား ဘိုးတော်၏ ဂါထာ **အား**ကိုးဖြင့် ဘာပစ္စည်းမှ မထုပ်မပိုး ဂါထာကိုသာ မျက်စေ့မှိတ်ပြီး **ရွ**တ်နေသည်။ အခေါက်ပေါင်းဘယ်လောက်ဟုပင် မမှတ်မိတော့၊ **ကျော**မီးပူဟပ်မှ လှည့်ကြည့်မိသောအခါ သူ့အိမ်နောက်ဖေး မီးစွဲနေသည်ကို **တွေ့**ရမှ ဘာမှ မယူနိုင်တော့ဘဲ လက်လွတ်ထွက်ပြေးရပါတော့သည်။

ရွာထိပ်ရောက်သောအခါ သူအားထားနေသောဂါထာ **ဘိုး**တော်နေသောဇရပ်ပါ မီးစွဲလောင်နေပြီကိုတွေ့ရသည်။ မီးလွတ်ရာ **တော**တွင်းသို့ ရောက်သည်အထိ လူပျိုကြီးမှာ သူ့ကိုယ်သူ အလိမ်ခံရသည်ကို

မရိပ်မိသေး၊ ဂါထာရွတ်ပါလျှက်နှင့် သူ့အိမ် မီးမကွင်းသည်ကို မကျေမနပ်ဖြစ်ကာ ပါးစပ်က ပွစိပွစိဖြစ်နေသည်။ ထိုအခါ ရွာသားတစ်ယောက်က -

"လူပျိုကြီး ပါးစပ်က ပွစိပွစိနဲ့ဘာတွေမကျေမနပ်ဖြစ်နေတာလဲဗျ"

"ကျုပ်ဗျာ ရွာထိပ်က ဘိုးတော်ဆီကရထားတဲ့ မီးကွင်းဂါထာရွတ်ရဲ့သားနဲ့ ကျုပ်အိမ် မီးမကွင်းတာ မကျေနပ်နိုင်ဘူးဗျ၊ ကျုပ်ရွတ်တာမှားများနေလို့လားဗျ"

"ဟောဗျာ လူပျိုကြီးနှယ် - အ-အရန်ကော စဉ်းစားလည်းကြည့်ပါဦး၊ ခင်ဗျားကိုမီးကွင်းဂါထာရေးပေးတဲ့ ဘိုးတော်တောင် သူနေတဲ့ဇရပ်မီးလောင်လို့ထွက်ပြေးသွားပြီမဟုတ်လား၊ ဒါတွေက အလကားလိမ်စားနေတာဗျ ခင်ဗျားတကယ်မီးကွင်းချင်ရင် ဝဋ္ဋသုတ်ပရိတ်မှန်မှန်သာရွတ် သူ့ထက်မီးကွင်းတာဘာမှ မရှိဘူး၊ ကျုပ်တို့က စွမ်းမှန်းတော့သိတယ်၊ မရွတ်နိုင်လို့ ဘာမှမတတ်နိုင်တာ၊ ဒါနဲ့နေပါဦး၊ လူပျိုကြီးရွတ်တဲ့ဂါထာဆိုပြပါဦးဗျ၊ အဓိပ္ပာယ်လေးဘာလေး တက်သလောက် ဖော်ကြည့်ရအောင်"

သို့နှင့်လူပျိုကြီးက -

မနော့စက်စက်၊ တေဇောထွက်

ဝါတစ်ပိတ်သက်၊ ကြောင်တကက်

ဟူသောဂါထာကို ရွတ်ဆိုပြသောအခါ ရဟန်းလူထွက် ဖြစ်ဟန်တူသော ထိုသူက လက်ခုပ်လက်ဝါးတီး၍ တဟားဟားရယ်နေရာ လူပျိုကြီးက စိတ်ဆိုးပြီး -

"ခင်ဗျားကဘာရယ်တာလဲဗျ ကျုပ်ရွတ်တဲ့ဂါထာထဲမှာ ဘာရယ်စရာတွေ ပါနေလို့လဲ"

"ပါပါသကောလူပျိုကြီးရယ်၊ လူပျိုကြီးရွတ်တဲ့ဂါထာအဓိပ္ပာယ်ရော လူပျိုကြီးသိရဲ့လား"

"အဲလိုတော့မသိဘူးဗျ၊ ဘိုးတော်ရွတ်ခိုင်းသလိုရွတ်လိုက်တာပဲ"

"ကဲ - ကဲ ဒါဆိုလည်း လူပျိုကြီးနားထောင်



ကျုပ်အဓိပ္ပာယ်ဖွင့်ပြမယ်"

မနော့စက်စက်ဆိုတာ - မနက်စောစောတဲ့ဗျ

တေဇောထွက်ဆိုတာ - တောချေးထွက်တဲ့ဗျ

ဝါတပိတ်သက် - ဝက်တစ်ပိဿာတဲ့ဗျ

ကြောင်တကက်က - ကြက်တစ်ကောင်တဲ့ဗျ

ပေါင်းပြီးအဓိပ္ပာယ်ပြန်ရင် မနက်စောစောတောချေးထွက်ပြီး ဝက်တစ်ပိဿာနဲ့ ကြက်တစ်ကောင်ဝယ်ပါတဲ့ ဒါပဲဗျာ၊ တခြား ဘာအဓိပ္ပာယ်မှ မရှိဘူး။

ထိုအခါကျမှ လူပျိုကြီးမှာ ခေါင်းငိုက်စိုက်ကျသွားပါတော့သည်။

## ကြက်သားဘိုးတော်

ကြက်သားဘိုးတော်အကြောင်းမှာ တစ်ဆင့်ကြားမဟုတ်သလို စာအုပ်ထဲဖတ်ရသည့်လည်းမဟုတ်ပါ၊ ထိုဘိုးတော်ကိုယ်တိုင် မပြောကြားချက်ကို ပြန်လည်တင်ပြခြင်းဖြစ်သဖြင့် ဘိုးတော်တစ်ယောက်၏ မှုန်ဝန်ခံချက်ဟုလည်းဆိုနိုင်ပါသည်။ စာရေးသူနှင့်တွေ့ချိန်တွင်ကား ထိုဘိုးတော်သည်အမြင်မှန်ရပြီး ဘိုးတော်ဘဝစွန့်လွှတ်ကာ ရဟန်းဘဝခံယူပြီး ဦးပဿနာတရားစစ်၊ တရားမှန်ကို ကျင့်ကြံနေပြီဖြစ်သည်။

သူ၏ဘိုးတော်အမည်မှန်ကား ဘိုးတော်ပိန်ဖြစ်သည်။ ကြက်သားကို စာကြောင်းပြုပြီးလိမ်ညာခြင်းဖြစ်သောကြောင့် စာရေးသူက ကြက်သားဘိုးတော်ဟုအမည်ပေးထားခြင်းဖြစ်သည်။ သူ့ကို စာရေးသူစာသွားရေးနေကျ လှည်းကူးမြို့နယ်၊ ငွေလဲ့ကန်တောရကျောင်းမှာ တွေ့ခဲ့ခြင်းဖြစ်သည်။

ပဲခူးတိုင်းအတွင်း ပါဝင်သော ( )တောင်သည် ဘိုးတော်ပိန်တို့ကျင်လည်ကျက်စားခဲ့ရာ ဘူမိနက်သန်ပင်ဖြစ်ပါတော့သည်။ စာလုပ် သူလုပ်၊ သူ့လမ်းသူသွားနေသော အမှန်အကန်ဝိဇ္ဇာလမ်းကျက်သူများရှိသလို ဘိုးတော်ပိန်တို့လို အသိဉာဏ်နည်းသူတို့အပေါ်

လူညွန့်ခူးစားသော ပေါချောင်ကောင်း၊ ဝိဇ္ဇာတွေလည်းဒုနှင့်ဒေးပါပေ။

ထိုဘိုးတော်ပိန်တို့လိုလူလည်များသည်၊ ဗုဒ္ဓစာပေအချို့ကိုလည်း အနည်းအကျဉ်းဖတ်၍၊ ကြည်ညို၍မဟုတ် ဗုဒ္ဓဘာသာတို့၏ သည်းခြေကြိုက်လေးများကို ရှာဖွေတွေ့ရှိဖို့ဖြစ်၏၊ ထိုသို့တွေ့မှ သည်းခြေကြိုက်နေရာလေးများမှ အပိုင်ကိုင်လိုက်လျှင် တစ်ပြုံလုံးပါလာမည်မဟုတ်ပါလား။

ခုလည်းကြည့် ဗုဒ္ဓဘာသာဝင်တို့၏ ကြည်ညိုမှုလေးမျိုးကို သူတို့ ရှာဖွေတွေ့ရှိသွားကြ၏၊ ယင်းလေးမျိုးကား ရုပ်အဆင်းလှပတင့်တယ်သပ္ပါယ်မှုကို ကြည်ညိုသူ၊ အသံကောင်းမှုကိုကြည်ညိုသူ၊ ဆင်းရဲခေါင်းပါးသော အကျင့်ကို ကြည်ညိုသူ၊ ဗုဒ္ဓတရားစစ်တရားမှန်ကိုကြည်ညိုသူ ဟူ၍ ကြည်ညိုမှုတရားလေးမျိုးရှိ၏။

## ကြည်ညိုမှုလေးမျိုး၏ရာခိုင်နှုန်း

ရုပ်ကိုကြည်ညိုသောသူသည် သုံးပုံနှစ်ပုံရှိ၏၊ ရာခိုင်နှုန်းဖြင့် တွက်လျှင် လူတစ်ရာလျှင် (၆၆)ယောက်ခန့်က ရုပ်ချောလျှင် တန်းပြီး ကြည်ညိုတတ်ကြ၏။

အသံကိုကြည်ညိုသောသူသည် ငါးပုံပုံ လေးပုံရှိ၏။ ရာခိုင်နှုန်းဖြင့် တွက်လျှင် လူတစ်ရာလျှင် (၈၀)ယောက်ခန့်က အသံကောင်းလျှင် တန်းပြီး ကြည်ညိုတတ်ကြသည်။

ဆင်းရဲခေါင်းပါးသောအကျင့်ကို ကြည်ညိုသူသည် ဆယ်ပုံပုံ ကိုးပုံရှိသည်။ ရာခိုင်နှုန်းဖြင့်တွက်လျှက် လူတစ်ရာလျှင် (၉၀)ယောက်ခန့်က ဆင်းရဲခေါင်းပါးသော အကျင့်ကိုကျင့်တာတွေ့လျှင် တန်းပြီးကြည်ညိုတတ်ကြသည်။

ဗုဒ္ဓ၏ တရားစစ်တရားမှန်၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးကို ကြည်ညိုသောသူသည် အပုံတစ်ထောင်ပုံတစ်ပုံသာရှိသည်။ ရာခိုင်နှုန်းဖြင့် တွက်လျှင် ဗုဒ္ဓ၏ တရားစစ်တရားမှန်ကို ကြည်ညိုသောလူသည် တစ်ယောက်



သာရှိသည်။

ထို့ကြောင့် ဘိုးတော်ပိန်တို့လို လိမ်ညာစားချင်သူများက ကြည်ညိုမှုရာခိုင်နှုန်းအများဆုံးဖြစ်သော နံပါတ်သုံး ဆင်းရဲခေါင်းပါးသောအကျင့်ကို ရွေးချယ်လိုက်ကြသည်မှာ ဘာမှမဆန်းတော့၊ ထို့ကြောင့် တချို့က လူကြည်ညိုမှုများလာအောင် သက်သတ်လွတ်စားလာကြသည်။ (တကယ့်မေတ္တာ၊ ကရုဏာဖြင့် အသားရှောင်သောသူများကို မဆိုလိုပါ။)

ထို့ထက်ပိုပြီး လူများချင်သူက မီးလွတ်ပါစားလာကြသည်။ ဘုရားလွတ်စေချင်သည်က လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပယာသ ဟူသော အကုသိုလ်မီး (၁၁) ပါး၊ သူတို့လွတ်အောင်လုပ်သည့်မီးက ထင်းမီး၊ မီးသွေးမီး၊ ဂတ်စ်မီး၊ လျှပ်စစ်မီး၊ ဗုဒ္ဓအလိုတော်နှင့် မည်မျှအလှမ်းဝေးကွာနေပါသနည်း။

ထို့ထက်ပိုပြီး လူများချင်သူက တစ်ပါတ်မှာ သုံးရက်လောက် ဘာမှမစားဘဲ ရေသောက်ကျင့်သည်ဟု ကြော်ငြာပြန်သည်။ ထို့ထက် လူများချင်သူက အဖတ်ဆိုလျှင်အသား၊ ငါးရော အသီးအနှံပါ တစ်ခုမှ မစားဘဲ သဲဆွမ်းကိုစားပါသည်။ ဗုဒ္ဓတရားနှင့်ဆန့်ကျင်ပြီးအဘယ်မျှ လက်စွမ်းထက်နေကြသည်ကို သတိထားမိနိုင်စေလိုပါသည်။

တစ်ခုပဲကျန်တော့သည်။ ယနေ့ခေတ်ကြီးထဲတွင် လေစားကျင့်သူ တစ်ဦးသာလိုပါတော့သည်။ သို့သော် ဗုဒ္ဓလက်ထက်တော်မှာကား လေစားကျင့်သူတစ်ဦးပေါ်ခဲ့ဘူးသည်။ စာမျက်နှာလောက်လျှင် ဤစာအုပ်တစ်နေရာတွင် သီးသန့်ဖော်ပြပါဦးမည်။

ထိုကဲ့သို့ခေါင်းပါးသော အကျင့်လိုက်သူတွေ များပြားလာချိန်မှာပင် ဘိုးတော်ပိန်က ကြေငြာချက်တစ်ခုထုတ်လိုက်သည်။ ဘာအစားအသောက်မှ မစားဘဲ ရေတစ်အိုးနှင့် အလုံပိတ်ဂူတွင်း အဓိဋ္ဌာန်ဝင်မည်ဟူ၏။ ထိုသတင်း ကြားသည်နှင့် (                    )တောင်ပေါ်တွင် ခေါင်းပါးသောအကျင့်ကိုကြည်ညိုသူများ ဖွေးဖွေးလှုပ်မျှရောက်လာကြသည်။

အဓိဋ္ဌာန်ဝင်မည့်ဘိုးတော်ကို ဖူးချင်သူများ၊ များလွန်းလှသဖြင့်

အကျိုးဆောင်ဒကာတွေမှာ လက်မလည်အောင် စီစဉ်ပေးနေကြရသည်။ အချိန်ကျသည်နှင့် ဘိုးတော်ပိန်တစ်ယောက် ဆီးဖြူသီးကြီးကြီး အလုံးခန့်ရှိသော စိတ်ပုတီးကို လည်ပင်းချိတ်လျက် ရေအိုးတစ်အိုးဖြင့် ဂူအောင်းသွားပါလေပြီ။

ဂူပေါက်တံခါးကိုလည်း အင်္ဂတေဖြင့်အသေပိတ်လိုက်သည်။ တစ်ချို့ အမိဌာန်ထွက်မည့်ရက်ထိ ဂူဘေးမှာ စတည်းချပြီး ကြည်ညိုနေသူများကလည်းမနည်း၊ တစ်ချို့ကတော့အမိဌာန်ထွက်မည့်ရက်၊ နာရီကို သေချာမှတ်ကိုယ့်အရပ်ကိုပြန်ကြသည်။ ဂူဝင်ဘာသ္တဲ့နေ့ကပင် လှူဒါန်းကြသည့် ငွေများမှာ ဆာလာအိတ်ဖြင့်ပင် သိမ်းယူရသည်ဟုဆိုသည်။

သည်လိုနှင့် (၄၅)ရက် ပြည့်သောနေ့တွင် ဘိုးတော်ပိန်ဂူမှ ထွက်ပါတော့သည်။ ထိုနေ့သည်ကား တောင်ပေါ်တွင် လူတွေများလိုက်သည်မှာ ခြေချစရာပင် မရှိဟုဆိုသည်။ ဂူဝမှ တစ်မျှော်တခေါ်ကြီးအထိ ဖူးမျှော်ဖို့၊ လှူတန်းဖို့ စောင့်နေသူများမှာ နည်းနည်းနောနောမဟုတ်။

သူတို့ကမ်းပေးသော ပိုက်ဆံ၊ လက်ကိုင်ပုဝါ၊ ရေမွှေးဗူး စသည်တို့ကို သိဒ္ဓိတင်ပေးရသည်မှာလည်း တံတွေးခြောက်၍ လည်ချောင်းပင် နာသောဟူ၏၊ သည်ကြားထဲ ချဲဂဏန်းအတိတ်စိမ်းပေးရသည်မှာလည်း အိမ်မြှောင်ချီးယိုချတာပင်မကျန်ဟူ၏။

ဘိုးတော်ပိန်ကို အကြောင်းပြုပြီး တောင်ပေါ်တွင် အဆောက်အဦးများပင်နေ့ချင်းညချင်း တိုးပွားလာရာ သူ့ဆရာဘိုးတော်သည်ပင် မနာလိုဖြစ်လာသည်ဟုဆိုသည်။ ဦးကုသလ တဖြစ်လဲ ဘိုးတော်ပိန်က သူ၏ကလိမ်ဉာဏ်ဆင်ပုံကို မြုပ်ကွက်ကလေးများဖြင့် ပြောသွားရာ စာရေးသူပင် ပါးစပ်အဟောင်းသားဖြစ်နေရသည်။ ထို့ကြောင့်ပျက်နေသော ကွင်းဆက်ကို ဆက်မေးရပြန်သည်။

"နေပါဦး ဦးကုသလ - အရှင်ဘုရားက ဂူထဲ (၄၅)ရက်နေတုန်း ဘာတွေများစားနေတုန်း၊ ရေလေးတစ်ခုနဲ့တော့ မနေနိုင်ဘူးထင်ပါတယ်။"

"ဘယ်နေနိုင်မလဲဘုရား၊ ပါသွားတဲ့ စိပ်ပုတီးဟာ တပည့်တော်



... စားစရာပဲပေါ့"

"ဘယ်လို စိပ်ပုတီးကိုစားတယ် ဟုတ်လား"

"အင်း ခုမှတော့ အများအကျိုးအတွက် ပြောရတော့မှာပါလေ၊ ...တော့ရှက်စရာကောင်းသား၊ ဒါနဲ့ဘုန်းကြီးက ဒီအကြောင်းကို ...ရေးပွဲတွေထဲ ထည့်ဟောဦးမှာလား"

"တရားလည်းဟောမယ်၊ စာလည်းရေးမယ်"

"ဟုတ်ပါတယ်လေ၊ နောက်ဒကာ၊ ဒကာမတွေ အလိမ်မခံရတော့ ...ပေါ့၊ ဒီလိုဘုရား၊ တပည့်တော်ဂူထဲဝင်တုန်းက ခေါင်းမှာစွပ်လာတဲ့ ...ဟာ ရိုးရိုးပုတီးမဟုတ်ဘူးဘုရား၊ ကြက်သားနဲ့လုပ်ထားတဲ့ပုတီးပေါ့"

"ဟင် - ကြက်သားနဲ့ပုတီးလုပ်ထားတယ် - ဟုတ်လား၊ ဘယ်လိုများ ...ထားတာလဲ သေချာရှင်းစမ်းပါဦး"

"လုပ်နည်းကတော့ ကြက်သားသုံးလေးပိဿာကိုပြုတ်၊ အရိုးထွင်ပြီး ...သားတွေကို အခြောက်လှမ်းရမယ်၊ ခြောက်သွားပြီဆိုတော့မှ သံဆုံနဲ့ ...မှုန့်နေအောင်ထောင်း၊ အဲဒီအမှုန့်တွေကို ဂျုံမှုန့်နဲ့ ဆားနဲ့သင့်ရုံထည့်ပြီး ...နဲ့ အလုံးဖြစ်အောင် လုံးရတာပေါ့၊ အဲဒီအလုံးတွေကို ကြိုးနဲ့သီ...တော့ ပုတီးဖြစ်သွားတာပဲလေ၊ အဲဒီကြက်သားပုတီးတစ်လုံး စားပြီးရင် (...)ရက်လောက်၊ ဘာမှမစားဘဲ နေနိုင်တယ်ဘုရားတဲ့ - ဩော် ...စသတ်တော့ ဘိုးတော်ပိန်ကားကြက်သားနဲ့ ထွက်ရပ်ပေါက်သည့် ကြက်သားဘိုးတော်ပါတကား"

## လူတိုင်းသိသင့်တော့သဒ္ဒါလေးမျိုး

နောက်ဘိုးတော်လိမ်တစ်ယောက်အကြောင်းမရေးမီ ...ကိုင်းသိသင့်သော သဒ္ဒါလေးမျိုးကို ဖော်ပြပါမည်။ ဖတ်ပြီးသည်နှင့် ...တို့၏ သဒ္ဒါသည် ဘယ်အတန်းအစားမှာပါသည်၊ ဘယ်အတန်းအစားထဲ ...အောင်ကြိုးစားရမည်ဆိုသည်ကို စာရှုသူများကိုယ်တိုင် သဘောပေါက်

နားလည်လာပါလိမ့်မည်။

ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးကို ကြည်ညိုခြင်းကိုသာ သဒ္ဓါဟုခေါ်သည်။ ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားသော ဘိုးတော်၊ မယ်တော်၊ ရိုးရာနတ်တို့ကို ကြည်ညိုခြင်းသည် သဒ္ဓါမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းသိနိုင်ပါသည်။ ထိုသဒ္ဓါသည် အာဂမသဒ္ဓါ၊ အဓိဂမသဒ္ဓါ၊ ဩကပ္ပနသဒ္ဓါ၊ ပသာဒသဒ္ဓါဟု လေးမျိုးရှိသည်။

ထိုတွင် ဘုရားအလောင်းတို့ သန္တာန်၌ဖြစ်သော သဒ္ဓါကို အာဂမသဒ္ဓါဟုခေါ်သည်။ ဘုရားအလောင်းတော်များသည် ဝီရိယကို အဓိကအားပြု၍ပွင့်ရသော ဝီရိယာဓိက ဘုရားဆိုလျှင် ပါရမီဆယ်ပါးကို (၁၆) သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ သဒ္ဓါကို အဓိကအားပြု၍ပွင့်ရသော သဒ္ဓါဓိက ဘုရားဆိုလျှင် (၈) သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။ ဉာဏ်ပညာကို အဓိကအားပြု၍ ပွင့်ရသော ပညာဓိကဘုရားဆိုလျှင် (၄) သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည်။

ယခုပွင့်သွားသော ဂေါတမမြတ်စွာဘုရားသည် ပညာဓိက ဘုရားဖြစ်ရာ ပါရမီတော်များကို (၄) သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့ရသည်။ ထိုသို့ပါရမီဖြည့်သော ကာလများအတွင်း ဘယ်ဘဝကိုရောက်ရောက် ရတနာသုံးပါးကိုကြည်ညိုသော သဒ္ဓါသည် အမြဲရှိနေသည်သာဖြစ်၏။

ဗုဒ္ဓ၏ ဆဒ္ဒန်ဆင်မင်းဘဝက ဖြစ်ရပ်လေးကိုကြည်ညိုကြည့်ပါ။ သောနုတ္တိုရ်မုဆိုးက ဘုရားအလောင်း ဆဒ္ဒန်ဆင်မင်းရေချိုး ရပ်နေကျ နေရာအောက်မှ တွင်းတူးပြီး အပေါ်မှသစ်လုံးများ၊ မြေကြီးများဖြင့် ပြန်လည်ဖုံးအုပ်ကာ မြားတစ်စင်းထွက်သာရုံ အပေါက်တစ်ခုသာ ချန်ထားသည်။ ထိုအဖြစ်ကိုမသိရှာသော ဆဒ္ဒန်ဆင်မင်းက ရေချိုးပြီး ရပ်နေကျနေရာ ရပ်လိုက်သည်နှင့် အသင့်စောင့်နေသော မုဆိုးက မြားတံကို တစ်ဆုံးတင်ပြီး ပစ်လွှတ်လိုက်ရာ မြားတံသည် ဝမ်းဗိုက်ကိုဖောက်၍



မှထွက်သွားပါတော့သည်။

သောနုတ္တိုရ်မုဆိုး၏ခွန်အားသည် သာမန်ကာလျှံကာမဟုတ်၊ ဆင်ပြောင်ငါးစီးအားမာန်ကြီးကို ဆောင်ထားသည်မဟုတ်ပါလား၊ ဖောက်ထွက်သွားသော မြားဒဏ်ကို သည်းထန်စွာခံစားလိုက်ရသော ဆဒ္ဒန်ဆင်မင်း၏ နာကျည်းစွာအော်ဟစ်လိုက်သောအသံသည် ဟိမဝန္တာတော တစ်ခုလုံးကို သိမ့်သိမ့်တုန်သွားစေသည်။

ဘုရားအလောင်းဖြစ်ပါလျက် တိရစ္ဆာန်မျိုးစုံဖြစ်ခဲ့ရခြင်းသည် ဘယ်ကြောင့်နည်း၊ ရှင်းအောင်ပြောရလျှင် ဘုရားအလောင်းဖြစ်ပါလျက် ဘယ်ကြောင့်အပါယ်ဘုံသို့ ကျရောက်ရသနည်း၊ ဗုဒ္ဓဘာသာဝင်များ ဖြစ်သော်လည်း ဤအချက်ကိုစဉ်းစားမိသူ အတော်နည်းပါသည်။ ဆင်ခြင်ခြင်း ဖြေရလျှင် -

ဘုရားအလောင်းသည် တိရစ္ဆာန်ဘုံဟုဆိုအပ်သော အပါယ်ဘုံသို့ ကျရောက်ရခြင်းသည် အကုသိုလ်ကံကြောင့်ပင်ဖြစ်၏၊ ထိုအကုသိုလ်ကံသည် သူများအတွက်ပြုခဲ့ခြင်းဖြစ်၏။ တစ်နည်းအားဖြင့် သတ္တဝါတို့ကို အပါယ်ကျခံပြီး ချစ်ခဲ့ခြင်းဖြစ်ပါ၏၊ ထို့ကြောင့် တိရစ္ဆာန်ဘုံသို့ ကျရောက်ရသော်လည်း အောက်ကျနောက်ကျ ဘယ်တော့မှမဖြစ်၊ ငှက်ဖြစ်လျှင် ငှက်မင်း၊ ဝက်ဖြစ်လျှင် ဝက်မင်းသာဖြစ်ရ၏။

အပါယ်ကျခံပြီး သတ္တဝါတို့ကိုချစ်ခဲ့ပုံ၊ ဥပမာတစ်ခုကိုကြည့်ပါ။ ဝက်မင်းဘဝဖြစ်စဉ်တစ်ခါက ကျားတစ်ကောင်သည် ဝက်များကို နေ့စဉ်တစ်ကောင်ကျလာစားနေသည်။ မစားပါနဲ့ဟု မေတ္တာရပ်ခံလို့လည်း ရနိုင်သောအရာမဟုတ်၊ ထို့ကြောင့်ပင် ဝက်ထီးပျိုများနှင့်တိုင်ပင်ပြီးလျှင် ကျင်းကြီးတစ်ခုကို အစွယ်နှင့်တူးကြသည်။

ကျင်းတူးပြီးနောက်တစ်ရက်တွင် ဝက်မင်းကကျင်းရှေ့မှာ ရပ်၍ကျားကို စိန်ခေါ်လိုက်သည်။ မလောက်လေးမလောက်စား သူ၏ အစာအဆင့်သာရှိသော ဝက်ကစိန်ခေါ်သောအခါ ကျားကဒေါသထွက်ပြီး မည်မှုမစဉ်းစားမဆင်ခြင်ဘဲ တအားခုန်အုပ်လိုက်သောအခါ ဝက်မင်းက

ကျင်းနောက်သို့ခုန်ရှောင်ပေးလိုက်သည်။

အားလွန်ပြီး ကျားကြီးကျင်းထဲကျသောအခါတွင်မှ ဝက်မင်းနှင့် တကွ ဝက်ထီးများက ဝိုင်းပက်ကြသောအခါ ကျားသေလေတော့သည်။ ကျားကိုသတ်လျှင် အကုသိုလ်ဖြစ်မည်၊ အကုသိုလ်ဖြစ်လျှင် အပါယ်ကျမည်ကို သိပါသော်လည်း အများသတ္တဝါအတွက် အပါယ်အကျခံပြီး ကျားကိုသတ်ခဲ့သည်သာဖြစ်ပါ၏။

ဤကား ဘုရားအလောင်းဖြစ်ပါလျှက် အပါယ်ကျခြင်း၊ တိရစ္ဆာန်ဖြစ်ခြင်း၏ အကြောင်းပင်ဖြစ်ပါ၏။ ဆဒ္ဒန်ဆင်မင်း၏ အကြောင်းကိုပြန်ဆက်ရလျှင် မြေအောက်မှာရှိနေသော သောနုတ္တိုရ်မုဆိုးကို သတ်ဖြတ်ပစ်ရန်အတွက် နှာမောင်းဖြင့်ပတ်ပြီး အပေါ်သို့ဆွဲတင်လိုက်လျှင် မုဆိုးက သင်္ကန်းစတစ်စကို ဆင်မင်း၏ နှာမောင်းပေါ်သို့ တင်ပေးလိုက်လေသည်။

သင်္ကန်းစကိုမြင်လိုက်သည်နှင့် သံဃာရတနာကို ကြည်ညို သတိရသွားသော ဆင်မင်းသည် မုဆိုးကိုမသတ်ဖြစ်တော့ပဲ မိမိအစွယ်ကိုပင် နောက်ဆုံးကိုယ်တိုင်ဖြတ်လှူခဲ့သည်မဟုတ်ပါလား။ ဤကဲ့သို့ လေးသချေ်နှင့် ကမ္ဘာတစ်သိန်းပတ်လုံး ပါရမီဖြည့်စဉ်ကာလအတွင်း ဘယ်ဘဝရောက်ရောက် ရတနာသုံးပါးကို ကြည်ညိုသောသဒ္ဓါမျိုးကို အာဂမသဒ္ဓါဟု မှတ်ရပါမည်။

## အဓိဂမသဒ္ဓါ = အရိယာတို့၏ကြည်ညိုခြင်း

အရိယာပုဂ္ဂိုလ်တို့၏ ရတနာသုံးပါးအပေါ်ကြည်ညိုသော သဒ္ဓါတရားသည် မြေကြီးအတွင်း အတောင်များစွာ နစ်မြုပ်အောင် စိုက်ထားသော ကျောက်တိုင်နှင့်တူသည်။ ထိုကျောက်တိုင်သည် အရပ်လေးမျက်နှာမှ ဘယ်လိုလေမုန်တိုင်းမျိုးတိုက်ခတ်တိုက်ခတ် ယိမ်းယိုင်လဲပြိုဖို့ရာ မလွယ်ကူသကဲ့သို့ အရိယာတို့၏ သဒ္ဓါတရားသည်လည်း ဘယ်လိုအဖျက်အဆီးနှင့် တွေ့ကြုံ တွေ့ကြုံ၊ ဘယ်လိုဘဝရောက်ရောက်



ပျက်စီးခြင်းမရှိတော့ပါပေ။

ထိုကဲ့သို့ အရိယာတို့၏သဒ္ဓါတရားမျိုးကို အဓိဂမသဒ္ဓါ ဟုခေါ်သည်။ အထက်အရိယာများကို အသာထား၍ အငယ်ဆုံးဖြစ်သော ...ကာပန်အရိယာ၏ သဒ္ဓါတရားကိုပင် ကြည်ညိုကြည့်ပါ။ ဗုဒ္ဓ လက်ထက်တော်က သုပ္ပဗုဒ္ဓအမည်ရှိ သူတောင်းစား အနာကြီးရောဂါသည် တစ်ယောက်ရှိ၏။

## ရှောင်ရခက်သည်အတွင်းရန်သူ

သူတောင်းစားအနာကြီးရောဂါသည်ဖြစ်ရခြင်း၏ ရှေးအကုသိုလ် ကံကား သူသည်တစ်ခုသောဘဝတွင် လွန်စွာရုပ်ရည် ချောမောလှပပြီး ...ငွေများစွာချမ်းသာသည့် သူဌေးသားတစ်ယောက် ဖြစ်ခဲ့ရသည်။ သူဌေးသားတစ်ယောက်လှပစွာ ဝတ်စားဆင်ယင်ပြီး မြင်းရထားတစ်စီးဖြင့် အပြင်ထွက်လည်ပြီဆိုလျှင် ပျိုပျိုအိုအို ယောကျ်ား၊ မိန်းမ မကျန် အားလုံးက လှည့်ကြည့်ကြရသည်။ သို့အတွက်သူဌေးသားမှာ မနက်တိုင်းရှိုးထုတ်ပြပြီး ...ယူရသည်မှာ နေ့စဉ် အလုပ်တစ်ခုလို ဖြစ်နေသည်။ တစ်နေ့ ထိုနေ့သည်ကား သူဌေးသားတစ်ယောက် အဝီစိငရဲကိုကျပြီး ဖြစ်လေရာ သူ့ဘဝ သူတောင်းစားအနူဖြစ်စေမည့် အကုသိုလ်ကံကြီးကို ပြုမည့်နေ့ ပါတည်း။

ထိုနေ့ကဝတ်စားပြင်ဆင်ပြီး ထွက်လာသော သူဌေးသား၏ မြင်းရထားကို ဘယ်သူမှလှည့်မကြည့်၊ ပစ္စေကဗုဒ္ဓတစ်ပါးကို အလုအယက် ဝိုင်းအုံ ဖူးမျှော်နေကြသည်ကို တွေ့ရသည်။ သူ့ကို လိုလိုချင်ချင် ဘယ်သူမှ မကြည့်တော့ဘဲ တစ်ဖက်ပုဂ္ဂိုလ်ကိုသာ ဂရုစိုက်နေသည်ကို တွေ့လိုက် ရသည်နှင့် အတွင်းရန်သူဟု ဆိုရမည်။ ကိုယ့်ထက်သာ မနာလိုသော ...သာနှင့် ကိုယ်ရသလို သူတစ်ပါးမရစေလိုသော မစ္ဆရိယတရားတို့ ...ားဘွားကြီး ပေါ်လာခဲ့ရလေသည်။

မိမိကို ဒုက္ခပေးမည့် အပြင်ဘက်ကရန်သူကို ကွင်းရှောင်ဖို့ရာ လွယ်ကူသော်လည်း မိမိစိတ်ကဖြစ်ပေါ်လာသည့် ဣဿာ၊ မစ္ဆရိယ ဟူသော အတွင်းရန်ကို ရှောင်ကြည်ဖို့ရာ အင်မတန်မှခဲယဉ်းလှပါသည်။

ဣဿာ၊ မစ္ဆရိယ၏ ဆိုးကျိုးများကို ဆရာကောင်းထံမှ ကြားနာဖတ်ရှုထားမှသာလျှင် သတိထားပြီး အသိဉာဏ်ဖြင့် ဖယ်ခွါ ရှောင်ရှားနိုင်ပါသည်။ ယခုလည်းကြည့်ပါ၊ ဖာရာစပ်ရာ အပြည့် ပုံသကူ သက်န်းကြီးကို ဝတ်ရုံထားသော ပစ္စေကဗုဒ္ဓကို တွေ့လိုက်ရသည်နှင့် ဣဿာ၊ မစ္ဆရိယဟူသော အတွင်းရန်၏စနက်ကြောင့် -

"လူတွေများအံ့ပါ၊ ငါ့လိုဝတ်ကောင်းစားလှဝတ်စားထားတဲ့ သူဌေးသားကိုတော့မကြည့်ဘဲ အစုတ်အပြတ် အဖာအထေးဝတ်ထားတဲ့ အနူကုပ်လို သူတောင်းစားကိုတော့ ဝိုင်းကြည့်နေကြတယ်"

ဟူသောစကားဖြင့် အရိယာကိုစော်ကားသော အရိယူပဝါဒ ကံကြီးကိုကျူးလွန်လိုက်ပါတော့သည်။ ထိုကံကြောင့် သေလွန်သောအခါ အဝီစိငရဲ၌ ကမ္ဘာနှင့်ချီခံစားရပြီး ငရဲမှလွတ်၍ လူဖြစ်သောအခါတိုင်း သူတောင်းစာအနူချည်းသာဖြစ်ရပါတော့သည်။ အတွင်းရန်ဖြစ်သော ဣဿာ၊ မစ္ဆရိယ၏ ဆိုးကျိုးကား ကြောက်မက်ဖွယ်ကောင်းစွ။

## လူသိနည်းသောထို့မစ္ဆရိယ

ဣဿာသည် တစ်မျိုးတည်းသာရှိသော်လည်း မစ္ဆရိယကား (၅)မျိုးရှိသည်။ နေရာထိုင်ခင်း၌ ဝန်တိုခြင်း၊ ကိုယ်အိမ် ကောင်းကောင်းနှင့် နေရသလို တခြားသူကိုမနေစေလိုခြင်း၊ စီးပွားချမ်းသာလာဘ်လာဘ၌ ဝန်တိုခြင်း၊ ကိုယ့်စီးပွားရေးတက်သလို သူတစ်ပါးကို မတက်စေလိုခြင်း၊ အမျိုးမိတ်ဆွေ၌ဝန်တိုခြင်း၊ ကိုယ့်မှာရနေသော မိတ်ဆွေကောင်းမျိုး သူတစ်ပါးကိုမရစေလိုခြင်း၊ အသိတရား၌ဝန်တိုခြင်း၊ ကိုယ်သိထားသော တရားအသိ သို့မဟုတ် ပညာဗဟုသုတကို သူတစ်ပါးမသိစေလိုခြင်း၊



[illegible]ကောင်းနှင့် အဆင်းလှပခြင်း၌ ဝန်တိုခြင်း၊ ကိုယ့်ထက်တော်သူ၊ [illegible]ထက်လှသူကို တော်သည်လှသည်ဟု မချီးမွမ်းနိုင်ခြင်းတို့ပင် [illegible]သည်။ ငါးခုမြောက်ဝန်တိုခြင်းကို ဝဏ္ဏမစ္ဆရိယ ဟုခေါ်သည်။

ယိုမစ္ဆရိယသည် သိမ်မွေ့နူးညံ့လှသောကြောင့် မိမိသန္တာန်မှာ [illegible]သွားသည်ကိုပင် ဖြစ်သွားမှန်မသိတတ်ပေ။ သိသာထင်ရှားစေရန် [illegible]-၂၀၀၀ နေ့က ဆူးထူးဆန်းဆန်းသခ်န်းစာယူစရာကောင်းသော [illegible]ကျောင်းမှာ ဖြစ်ရပ်လေးတစ်ခုကို တင်ပြပါဦးမည်။

ထိုနေ့က စာရေးသူ၏ တပည့်တစ်ပါးဖြစ်သော ကောလင်းဦးဝိသုဒ္ဓ [illegible]ပြည့် မွေးနေ့မင်္ဂလာကိုသူ၏ရဟန်း ဒါယကာ၊ ရဟန်းအမဖြစ်သော [illegible]အောင်-ဒေါ်သန်းစိန် မိသားစုတို့က မန္တလေးကျောင်းတိုက်တွင် [illegible]ပြုလုပ်ပေးပါသည်။

သံဃာတော်များကို ဆွမ်းကပ်ပြီးသောအခါ တစ်ထည်လျှင် [illegible]ကောင်နီးပါးခန့်တန်သော မျက်နှာသုတ်ပုဝါငါးထည်ကို မဲဖောက် [illegible]န်းပါသည်။ ကံထူးသူငါးပါးတွင် စာရေးသူကိုယ်တိုင် ရဟန်းခံ [illegible]သော ဦးဝိမလသည်လည်း ပါဝင်ခဲ့သည်။

ကျောင်းရှိသံဃာ(၁၆)ပါးတွင် ဦးဝိသုဒ္ဓအမည်ရှိ ရဟန်းတော် [illegible]သည် ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းလာသူဖြစ်သည်။ [illegible]များကို မြည်းစမ်းလေ့လာကြည့်ရာမှ စိတ်ဝင်စားလာပြီး စာရေးသူ [illegible]သို့နှစ်လကျော်တိတိနေထိုင် ဆွေးနွေးပြီးမှ ဗုဒ္ဓဘာသာဖြစ်လာသူ [illegible]ပင်။

ထိုအချိန်က သုံးဆယ်ဦးဝိသုဒ္ဓတွင် သုံးစရာမျက်နှာသုတ်ပုဝါ [illegible]ကို သိသွားသော ဦးဝိမလက သူရထားသောမျက်နှာသုတ်ပုဝါကို [illegible]ယ်ဦးဝိသုဒ္ဓအား အာလယပြတ် လှူဒါန်းလိုက်ပါသည်။ ထိုသို့ [illegible]ကွာလှူဒါန်းမှုကို သုံးဆယ်ဦးဝိသုဒ္ဓက ချီးကျူးစရာကောင်းကြောင်း၊ [illegible]သော ပစ္စည်းကို သူတစ်ပါးအား အာလယပြတ် လှူဒါန်းဖို့ [illegible]မှာ မလွယ်ကြောင်း -

ဦးခေမာနန္ဒအမည်ရှိ ရဟန်းတစ်ပါးရှေ့တွင် ချီးမွမ်းလိုက်ရာ ဦးခေမာနန္ဒက ထိုချီးမွမ်းချက်ကိုလက်မခံ -

"လျှုနိုင်မှာပေါ့ သူကကျောင်းထိုင်ဘုန်းကြီးရဲ့သား ရဟန်းပဲဟာ" ဟူ၍ ကန့်ကွက်ပြောဆိုခဲ့သည်။

သူ၏ဆိုလိုချက်မှာ ကျောင်းထိုင်ဘုန်းကြီးကိုယ်တိုင် ရဟန်းခံထားသော ကိုယ်တော်ဖြစ်သောကြောင့် ပစ္စည်းလေးပါး ပေါများနေ၍သာ လှူဒါန်းနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ချီးမွမ်းစရာမလိုဟု ဆိုလိုပေသည်။ ဤနေရာ၌ ဦးခေမာနန္ဒက ဦးဝိမလ၏စွန့်လွှတ်ခြင်းကို မချီးမွမ်းနိုင်ခြင်းမှာ လူသိနည်းသော ဝဏ္ဏမစ္ဆရိယကြောင့်သာဖြစ်ကြောင်း ဦးခေမာနန္ဒကိုယ်တိုင်မသိခဲ့ပါပေ။

နောက်လေးလခန့်ရှိသောအခါတွင်မှ ဤသို့မချီးမွမ်းနိုင်ခြင်းသည် ဝဏ္ဏမစ္ဆရိယသာဖြစ်ကြောင်း၊ ပစ္စည်းပေါများသူတိုင်း၊ ဒါနမပြုကြောင်း ချမ်းသာသူပေါင်းတစ်ထောင်တွင် ကျောင်းဒကာဖြစ်သူတစ်ဦးပင်မရှိကြောင်း၊ ရဟန်းတော်များလောကတွင်လည်း ပစ္စည်းလေးပါးပေါသော ရဟန်းတိုင်း ဒါနမပြုကြောင်း -

လွန်ခဲ့သောဆယ်နှစ်ခန့်က ရန်ကုန်မြို့ထဲမှ ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူသွားရာ စုဆောင်းထားသော ချစားထားသည့် ဝတ္ထုငွေများနှင့် ပြာကျသည်အထိ မီးသင်္ဂြိုလ်ခဲ့ရကြောင်း ရှင်းပြရာ ဦးခေမာနန္ဒကိုယ်တိုင် ဝဏ္ဏမစ္ဆရိယဟူ၍ သတိပင်မထားမိကြောင်း ဖွင့်ဟဝန်ခံသွားပါသည်။

မနာလိုခြင်း ဣဿာ၊ ဝန်တိုခြင်း၊ မစ္ဆရိယ၊ စိတ်ဆိုးခြင်း၊ ဒေါသ၊ မပြုလိုက်မိသော ကုသိုလ်ပြုမိသွားသော အကုသိုလ်တို့ကို တွေးပူခြင်း၊ ကုက္ကုစ္စတို့သည် မကောင်းသော စေတသိတ်ဆိုးတို့သာဖြစ်၏။ ထိုစေတသိက်တို့အမှီခံရသော စိတ်တို့သည်လည်း စိတ်ဆိုးစိတ်ယုတ်တို့သာ ဖြစ်ရပါတော့သည်။

ထိုစိတ်ဆိုး စေတသိက်ဆိုးတို့သည် ပူလောင်၏၊ ပြင်းထန်၏၊



[illegible]မ်း၏၊ သူ့ကို လက်ခံထားသူအား အပါယ်ငရဲသို့သာဆွဲချ၏၊ [illegible]လောင်ပြင်းထန်သနည်းဆိုလျှင် ရုပ်ကြမ်းသောလူသားဆိုလျှင် [illegible]၊ စေတသိတ်ဆိုးတို့က သွေးတိုး၊ နှလုံး၊ ဆီးချိုစသော ရောဂါတို့ကို [illegible]သည်။

## ဣဿာမစ္ဆရိယကြောင့်သေသောနတ်များ

ရုပ်နူးညံ့သိမ်မွေ့သောနတ်များဆိုလျှင်ကား ချက်ခြင်းပင် [illegible]ရသည်ဟုဆိုလျှင် စာရှုသူအချို့က ဟုတ်မှဟုတ်ပါ့မလားဟု [illegible]လိမ့်မည်။ ဟုတ်ပါသည်။ တကယ်လည်းရှိပါသည်။ ထိုဒေါသ၊ [illegible]မစ္ဆရိယဟူသော အတွင်းရန်ကြောင့် နတ်သက်မစေ့ဘဲ [illegible]ရသော နတ်များကို မနောပဒေါသိက နတ်ဟုခေါ်သည်။

မိမိအတွင်းစိတ်က ဖျက်ဆီးသတ်ဖြတ်ခံရသော နတ်များဟု [illegible]ရသည်။ ထိုအကြောင်းကို မန်လည်ဆရာတော်က [illegible]လင်္ကာသစ်၌ -

သူ၌ပြည့်စုံ၊ စည်းစိမ်ပုံကို
မြင်တုံဘိလည်း၊ မျက်စိစူးဝင်
မရှု့ချင်အောင်၊ ဝမ်းတွင်းလှိုက်ဆူ
ပငြူစူနှင့်၊ ငြူစူတတ်က
နတ်မဟာရာဇ်၊ ဒေဝါဖြစ်လျှက်
စင်စစ်လျှင်ဆော၊ လတ်တလောဖြင့်
မနောပဒေါသိ၊ မည်ရှိစိတ်ဆိုး
နတ်အမျိုးတို့၊ နှမ်းညှိုးခန္ဓာသေလွယ်စွာ၏။

ဟု စပ်ဆိုပြခဲ့ပါသည်။ လင်္ကာ၏ရသကို ပြည့်ပြည့်ဝဝခံစားနိုင်ရန် [illegible]တစ်ခုကို နမူနာထုတ်ပြရလျှင်

နတ်သားတစ်ယောက်ကို နတ်သမီးတစ်ထောင်ဖြင့် လာပျော်ပါးနေသည်ကိုမြင်ရသော အခြားနတ်သားတစ်ယောက်က အတွင်းရန်သူဖြစ်သော မနာလိုခြင်း၊ ဣဿာ၏စေ့ဆော်မှုကြောင့် -

"အသင်နတ်သား၊ အသင်သည်ပန်းတစ်ပွင့်လှူခဲ့ရသော အသေးအမွှားကုသိုလ်ကြောင့် နတ်သားဖြစ်ခဲ့ရပါလျက် အဘယ့်ကြောင့် ဆောင့်ကြွားကြွားဖြစ်နေပါသနည်း"

"အသင်နတ်သားကရော၊ သစ်သီးတစ်လုံးလှူခဲ့တဲ့ ကုသိုလ်ကြောင့် ဒီနတ်ပြည်ရောက်ခဲ့ရတာမဟုတ်လား၊ အတူတူနဲ့ အနူနူ အဘယ့်ကြောင့် သူတစ်ပါးကိုလာ၍ ပုတ်ခတ်နေဘိသနည်း"

စသည်အားဖြင့် ပြောကြားရင်း ဣဿာမီး၊ မစ္ဆရိယမီး၊ ဒေါသမီးတို့၏လောင်ကျွမ်းမှုကြောင့် ချက်ခြင်းနတ်သက်ကြွေကာ ငရဲသို့ကျရောက်သွားကြရပါသည်။ ထို ဣဿာမစ္ဆရိ၏ဆိုးကျိုးကား သုပ္ပဗုဒ္ဓအားသောတာပန်အရိယာဖြစ်ရမည့်ဘဝမှာပင် ကုဋ္ဌနူနာ ရောဂါသည်ဖြစ်ခဲ့ရသည်။

တစ်နေ့တွင် ပရိသတ်အစွန်မှ မြတ်စွာဘုရား၏ ဝိပဿနာတရားကိုနာကြားရင်း တရားအဆုံးတွင် သောတာပန်တည်သွားခဲ့သည်။ သုပ္ပဗုဒ္ဓအား သိကြားမင်းက တရားကို စမ်းသပ်ကြည့်လို၍ -

"သုပ္ပဗုဒ္ဓ သင်ကား ဆင်းရဲမွဲတေ၏။ သင့်အားတစ်သက်လုံးသုံးမကုန်အောင် ရတနာပစ္စည်းများကိုငါပေးမည်။ သင်ကရတနာသုံးပါးကို မကြည်ညိုမကိုးကွယ်တော့ပါဘူးဟူသော ကတိကိုပေးပါဟု" ပြောရာ သုပ္ပဗုဒ္ဓက -

"ဟယ်သကြားမင်း သင်ကား ငါ့ကိုဆင်းရဲသည်ဟုဆို၏၊ ငါကား မဆင်းရဲ၊ ငါ့သန္တာန်တွင် သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟုဆိုအပ်သော သူတော်ကောင်းရတနာများ ငါ့ထံတွင် များစွာရှိ၏။ ငါကား အသက်ကိုသာစွန့်မည်။ ရတနာသုံးပါးကို ကြည်ညိုခြင်းကိုကား ဘယ်တော့မှ စွန့်လိမ့်မည်မဟုတ်"



"[illegible]ဘုရား၏တပည့်သား၊ သာဝကတို့၏နားတွင် မခံသာသော [illegible]ပြောသော သင်သိကြားမင်းအားငါမမြင်လို၊ ငါ့ထံမှ ယခုပင် [illegible]မဟော့" ဟူ၍ နှင်ထုတ်ခဲ့ပါသည်။ ထိုကဲ့သို့ အမြောက်၊ အခြောက် [illegible] ရတနာသုံးပါးအား ကြည်ညိုခြင်းကို ဘယ်သောအခါမှ မစွန့်သော [illegible]တို့ အရိယာများ၏ သဒ္ဓါတရားကို အဓိဂမသဒ္ဓါဟုခေါ်သည်။

## ပညာပါသောသဒ္ဓါ

ပြည့်ပြီးသောသဒ္ဓါနှစ်ခုသည် ဘုရားနှင့် အရိယာတို့နှင့်သာဆိုင်ပြီး [illegible]ပြုမည့် သဒ္ဓါနှစ်ခုကား ပုထုဇဉ်များအတွက်သာ ဖြစ်သဖြင့် [illegible]အားလုံးအတွက် အထူးအရေးကြီးလာပါပြီ။ ထိုသဒ္ဓါနှစ်ခုကား [illegible]ပေါ် ပညာပါသော ဩကပ္ပနသဒ္ဓါနှင့် အတွေးအခေါ် ပညာမပါသော [illegible]သဒ္ဓါကိုဖြစ်ပေသည်။

ဩကပ္ပနသဒ္ဓါရှိသောသူသည် မိမိ၏ဒါနကိုပင် ပျက်စီးခြင်း [illegible] ပညာဖြင့်စောင့်ထိန်းနိုင်သည်။ ဗုဒ္ဓလက်ထက်တော်က [illegible]လာန်၏ ဆွမ်းဒါယကာသူဌေးကြီးတစ်ဦးကို ကြည့်ပါ။ တစ်နေ့တွင် [illegible]ကြောင့် မိခင်၏ဝမ်းတွင် ခုနှစ်နှစ်ကျော် ကိန်းအောင်းခဲ့ရသော [illegible] သတို့သားလေးဖွားမြင်သဖြင့် ဖခင်ဖြစ်သူမှာ ဝမ်းသာအားရ [illegible]ကွ သံဃာတော်များကို ဆွမ်းပင့်ကပ်သည်။

ဆွမ်းကပ်နှစ်ခုကရက်တိုက်နေသဖြင့် ရှင်သီဝလိဖခင်၏ [illegible]ကိုဦးစားပေးလိုက်ပြီး တခြားဒါယကာတစ်ဦး၏ ဆွမ်းကပ်ကို [illegible]ဟ်ခိုင်းလိုက်သည်။ ထိုဒါယကာမှာ အရှင်မောဂ္ဂလာန်နှင့် [illegible]ဖြင့် နောက်ဆုတ်ပေးရန်အကြောင်းကို အရှင်မောဂ္ဂလာန်အား [illegible]ပါသည်။ ကြွလာသော အရှင်မောဂ္ဂလာန်ကို နေရာထိုင်ခင်း [illegible]ည်နှင့် ဆွမ်းဒါယကာက -

"အရှင်ဘုရား အကြောင်းထူးကိစ္စရှိပါသလားဘုရား"

"အိမ်း ရှိပေသည်ဒါယကာကြီး"

"သို့ဖြစ်လျှင်အမိန့်ရှိပါဘုရား"

"ဆွမ်းကပ်မည့်ဒါယကာနှစ်ဦး ရက်တိုက်နေသည့်အတွ
ဒါယကာကြီး၏ ဆွမ်းကပ်မည့်ရက်ကို နောက်သို့ဆုတ်ပေးစေချင်ပါသည်"

ဤနေရာတွင် အတွေးအခေါ်ပညာမပါသော သဒ္ဓါရှင်ဆိုလျှ
လွယ်လွယ်ကူကူပင် ရက်ရွှေ့ပေးပေလိမ့်မည်။ ထိုဒါယကာကာ
အတွေးအခေါ်ပညာပါသော သဒ္ဓါတရားရှင်ဖြစ်သောကြောင့် -

"တပည့်တော်တို့ ပုတုဇဉ်များ၏ အလှူဒါနပျက်စီးကြောင်
သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးမဖြစ်စေရန် အရှင်ဘုရားက တာဝန်ယူမည်ဆိုလျှင်
တပည့်တော်အလှူကို နောက်ဆုတ်ပေးပါမယ်ဘုရား"

"ဒါယကာကြီးရဲ့ အလှူဒါနပျက်စီးကြောင်းသုံးမျိုးကို ပြောပြ
စွမ်းနိုင်သမျှ တာဝန်ယူပေးပါမည်"

## အလှူဒါနပျက်စီးကြောင်းသုံးမျိုး

ပထမတစ်ခုကတော့ တပည့်တော်တို့ ပုတုဇဉ်တွေမှာ ဘယ်အချိန်
မှာသေရမယ်လို့ မသိနိုင်ပါဘူးဘုရား၊ အခုအရှင်ဘုရားတို့ ပြောင်းခိုင်းတဲ့
ရက်အတွင်း တပည့်တော်ရဲ့ အသက်မသေပါဘူးလို့ အရှင်ဘုရား တာဝန်
ယူနိုင်ပါသလား ဘုရား"

"အရှင်မောဂ္ဂလာန်နေရာတွင် သာမန်ပုတုဇဉ်ရဟန်းတစ်ပါးသာ
ဖြစ်မည်ဆိုလျှင် အဘယ်မှာ တာဝန်ယူနိုင်ပါမည်နည်း၊ လက်မြှောက်
အရှုံးပေးရမည်သာ၊ ယခုရှိနေသည်က ဗုဒ္ဓ၏လက်ဝဲတော်ရံ အဂ္ဂသာဝကကြီး
ထိုမှတစ်ပါး ဗုဒ္ဓပြီးလျှင် တန်ခိုးအဘိညာဉ်အရာ အကြီးမားဆုံး ဧတဒဂ်ဘွဲ့ရ
ပုဂ္ဂိုလ်ထူးကြီးဖြစ်သောကြောင့် အနာဂတံသဉာဏ်ဖြင့် ကြည့်ရှုတော်
မူလိုက်ရာ ဆွမ်းပြောင်းကပ်သည့်ရက်အတွင်း ထိုဒါယကာလေး၏ အသက်
မသေနိုင်သေးသည်ကို တွေ့ရသဖြင့် "ဒါယကာ ဆွမ်းကပ်ပြောင်းသည့်



...အောင် ဒါယကာ၏အသက် မသေအောင် ငါတို့တာဝန်ယူပါသည်"

"ကျေနပ်ပါပြီဘုရား၊ ဒုတိယအချက်ကတော့ လှူသားများရဲ့
...ဥစ္စာများဟာ မီး၊ မင်း၊ ခိုးသူ၊ အမွေခံဆိုး၊ ရေလို့ခေါ်တဲ့
...ငါးပါးနဲ့ အမြဲတမ်းဆက်ဆံနေပါတယ်ဘုရား၊ အခု အရှင်ဘုရားတို့
...ခိုင်းတဲ့ရက်အတွင်း တပည့်တော်ရဲ့စည်းစိမ်ဥစ္စာများကို ရန်သူမျိုး
...ငါးပါးကမှ မဖျက်ဆီးပါဘူးလို့ အရှင်ဘုရားက တာဝန်
...ပါသလား ဘုရား"

ထိုအခါအရှင်မောဂ္ဂလာန်က အနာဂတံသဉာဏ်ဖြင့် ကြည့်မြင်ရာ
...နိုင်ကြောင်းတွေ့ရသဖြင့်

"ဒါယကာ ဆွမ်းကပ်ပြောင်းသည့်ကာလအတွင်း ဒါယကာ၏
...စိမ်းများ မပျက်စီးအောင် ငါတာဝန်ယူပါ၏"

"ဒါဆိုရင် နောက်ဆုံးတစ်ချက်ပဲကျန်ပါတော့တယ် ဘုရား၊
...တို့ရဲ့ သဒ္ဓါနဲ့ ပုတုဇဉ်တို့ရဲ့ သဒ္ဓါဟာ အင်မတန်မှ ကွဲပြားခြားနား
...ပါတယ်ဘုရား၊ အရိယာတို့ရဲ့ သဒ္ဓါတရားဟာ မြေထဲကို အတောင်
...နှစ်ဆယ်ဝင်အောင်ရိုက်သွင်းထားတဲ့ ကျောက်တိုင်ကြီးနှင့် တူပါတယ်
...ကျောက်တိုင်ကြီးဟာ အရပ်လေးမျက်နှာက ဘယ်လို
...တိုင်းတွေ တိုက်ခတ်လို့လာလာ ယိမ်းယိုင်ပြိုလဲဖို့ဆိုတာ ဘယ်လိုမှ
...တော့ပါဘူးဘုရား"

"ထိုအတူ အောက်ထစ်ဆုံး သောတာပန်အရိယာ ဖြစ်သွားတယ်
...ဘယ်ဘဝရောက်ရောက်၊ ဘယ်လို အခက်အခဲမျိုးစုံနဲ့ ကြုံကြုံ သူ့ရဲ့
...များဟာ မပျက်စီးတော့ပါဘူးဘုရား၊ တပည့်တော်တို့ ပုထုဇဉ်တွေရဲ့
...များကတော့ ဖွဲပုံပေါ်က ကယော်ကမယ်စိုက်ထားတဲ့ ဝါးခြမ်းပြား
...ပါတယ်၊ လေတစ်ချက်ဝှေ့လိုက်တာနဲ့ ချက်ချင်း ပြိုလဲသွားမှာပါ"

"ဒါကြောင့်ပုထုဇဉ်တွေရဲ့ သဒ္ဓါတရားဟာ အမြဲတမ်း ဒီအတိုင်းပဲ
...လို့ ပြောလို့မရပါ၊ တပည့်တော်ရဲ့ အခု လှူချင်တန်းချင်နေတဲ့
...များဟာ အရှင်ဘုရားတို့ ပြောင်းခိုင်းတဲ့ရက်အထိ ဒီနေ့ဒီအချိန်

အတိုင်းပဲ လှူချင်တန်းချင်တဲ့ သဒ္ဓါတရားရှိနေပါမယ်လို့ အရှင်ဘုရားများ တာဝန်ယူနိုင်ပါ့မလားဘုရား"

ဤအချက်ကိုတော့ တန်ခိုးကြီးလှသော အရှင်မောဂ္ဂလာန် တာဝန်မယူနိုင်တော့ပါ၊ ထို့ကြောင့်ပင် -

"ဒါယကာ ဒီအချက်ကိုတော့ တို့တွေတာဝန်မယူနိုင်ပါ၊ ဒါယကာရဲ့ အသက်နဲ့ စည်းစိမ်ကိုတော့ မပျက်စီးအောင်တာဝန်ယူပါမယ်၊ လှူချင်တန်းချင်တဲ့ သဒ္ဓါတရားမပျက်အောင်တော့ ဒါယကာကိုယ်တိုင်ပဲ တာဝန်ယူစောင့်ရှောက်ပါ" ဟုပြောဆိုပြီး အလှူဒါနတစ်ခု အောင်မြင်ရန် အတွက် နှစ်ဦးနှစ်ဖက် တာဝန်ယူခဲ့ပေသည်။ ထိုအကြောင်း အဋ္ဌုပ္ပတ်ကို ရည်ရွယ်၍ မန်လည်ဆရာတော်က မဃဒေဝလင်္ကာသစ်တွင် -

ထင်ရှားကျော်ဟိုး၊ ဘိညာဉ်စိုးသား<br>
တန်ခိုးကြီးစွာ၊ ရဟန္တာလည်း<br>
ဥစ္စာအသက်၊ နှစ်ပါးတွက်ကို<br>
မပျက်စီးရာ၊ ဝန်ခံစွာလျှက်<br>
သဒ္ဓါတူငြား၊ ဤတရားမူ<br>
ဖောက်ပြားယွင်းသော၊ မဓ္ဓေဖိသန်း<br>
ပျက်လွယ်စွမ်းကြောင့်၊ ခံထမ်းပိုင်ပိုင်<br>
မပြုနိုင်ဘူး၊ မြဲခိုင်စိမ့်ငှာ<br>
ထိုသဒ္ဓါကို၊ ပညာကွန့်ထွေ မဆွန့်စေနှင့်။

ဟု သတိပေးရေးသားခဲ့ခြင်းဖြစ်ပေသည်။ ဩကပ္ပနသဒ္ဓါ ရှိသောသူသည် ရတနာသုံးပါးကို ကြည်ညိုရာ၌ ကြောက်ခြင်းကြောင့်၎င်း၊ လာဘ်လာဘအတွက်ကြောင့်၎င်း၊ မိရိုးဖလာ အကျင့်တစ်ခု ဖြစ်သည့် အတွက်ကြောင့်၎င်း၊ ကြည်ညိုသည်မဟုတ်၊ ရတနာသုံးပါး၏ အစွမ်းသတ္တိ အကျိုးသွားများကို ကိုယ်တိုင်သိရှိအောင်လေ့လာအားထုတ်ပြီး တစ်ကယ် ကြည်ညိုခြင်းသာဖြစ်၏။



ထို့ကြောင့် ဗုဒ္ဓဆင်းတုတော်ကို ကိုးကွယ်ရာ၌ ကျောက်၊ သံ၊ သစ်၊ ကြိုး၊ ပလာစတာ၊ ဘာနှင့်ထုထားထား ကြုံရာကိုးကွယ်၏၊ ကျောက်ဆင်းတုကို အိမ်မှာ မကိုးကွယ်ကောင်း၊ တန်ခိုးကြီးလွန်းအားကြီး၍ မှိုဟက်သည်ဟူသော အယူအဆကို သူလက်မခံ၊ ဘာနှင့်ထုထားသည့် ဆင်းတုတော်ဖြစ်ဖြစ် ကိုးကွယ်လျှင်ကုသိုလ်သာဖြစ်၏။

ကုသိုလ်ဖြစ်လျှင် ကောင်းကျိုးကိုသာ ပေးရမည်ဖြစ်၏၊ အကုသိုလ်ဖြစ်မှသာ မကောင်းကျိုးပေးသည်မဟုတ်လော။

ဒက္ခိဏသာခါပုံကိုးကွယ်လျှင် မီးကွင်းသည်ဟူသောစကားကိုလည်း သူလက်မခံ။ ထိုအယူအဆသည် ဘုရားကို ကိုးကွယ်ရာမရောက်ဘဲ မကောင်းစောင့် သဘောမျိုးရောက်နေသောကြောင့် လက်မခံခြင်းဖြစ်၏။ သူသည် ပညာပါသော ဩကပ္ပနသဒ္ဓါရှင်ဖြစ်သဖြင့် ဒက္ခိဏသာခါ ပွားများပုံသည် အဘယ်ကြောင့်လည်ကုတ်တိုထားရသနည်း၊ အဘယ်ကြောင့် ဦးခေါင်းပေါ်တွင် ကြာပန်းအုပ်ထားရသနည်း။

မူကိုးချပ်ကိုလည်း အဘယ်ကြောင့်နှက်ထားရသနည်း၊ စဉ်းစား၏။ ကျူးခေါ်၏။ စာပေတွင်ရှာဖွေ၏။ ဆရာတော်များကို ချဉ်းကပ်၍မေး၏။ ထိုအခါအမှန်ကို သိရ၏။ ဒက္ခိဏသာခါဟူသည် တောင်ဘက်မှ အကိုင်းဟု အမည်ပွါယ်ရ၏။ သီဟိုဠ်တွင်သာသနာပြုနေသော အရှင်မဟာမဟိန္ဒထေရ်က လူဖြစ်သူ ရဟန္တာလေးကို အိန္ဒိယသို့သွားပြီး မြတ်စွာဘုရားပွင့်တော်မူရာ ဗောဓိပင်မှ အကိုင်းကိုပင့်ခိုင်းလိုက်သည်။

ရဟန္တာမထေရ်ကြီးများ၏ ညွှန်ကြားချက်အတိုင်း သီရိဓမ္မာသောက မင်းကြီးက ဗောဓိပင်၏တောင်ဘက်မှအကိုင်းကို ရွှေကညစ်ဖြင့် ရစ်ပတ် မြေမြစ်လိုက်ရုံဖြင့် ဗောဓိကိုင်းသည် အလိုလိုပြတ်ထွက်ကာ ကောင်းကင်သို့ ပျံတက်ပြီး (၇)ရက်တိတိ၊ ရေမီးအစုံအစုံတန်ခိုးပြဋ္ဌိဟာကို ပြတော်မူသည်။

ဤသည်ကား မြတ်စွာဘုရား၏ အဓိဋ္ဌာန်တန်ခိုးကြောင့်လည်း ဖြစ်၏။ (၇)ရက်ပြည့်သောအခါ အသင့်စီမံထားသော ရွှေဖျဉ်းအိုးထဲသို့ အလိုလိုစိုက်ထားသကဲ့သို့ကျသွားလေသည်။ ထိုကိုင်းကိုယူပြီး သီဟိုဠ်မှာ

စိုက်ထားရာ ကာလကြာညောင်းသဖြင့် ဗောဓိပင်သေလေရာ အသားများကို ဘုရားပုံထုရာမှ ဗောဓိပင်၏ တောင်ဘက်မှ အကိုင်းကိုထုလုပ်သော ပုံဖြစ်သောကြောင့် ဒက္ခိဏသာခါဟု ခေါ်ကြောင်းသိရ၏။

ထို့ကြောင့် သူသည် (၃၁)ဘုံတွင် အသပ္ပါယ်ဆုံးဖြစ်သော ဘုရားပုံကို ကြည်ညိုဖွယ်ရာထု၍သာ ကိုးကွယ်သည်။ ဂုတ်တိုခြင်း၊ ကြာပန်းကခေါင်းကိုအုပ်ထားခြင်း၊ မှိုကိုးချက်နှက်ခြင်းများသည် သာသနာဂိုဏ်းသားများ၏ ကိုယ်အလိုပြည့်လျှင်ပြီး ... ဘုရားရှင်မှာတော့ ဘာပုံပေါ်ပေါ်ဟူသော လာဘဂရုကလာဘ်လာဘကို အလေးပြုသော စီမံချက်ဖြစ်သဖြင့် သူလက်မခံ။ တစ်ချို့ကဆိုပြန်သေး၏။ ကျန်းမာရေး ကောင်းရန် အင်္ဂါသားဖြစ်လျှင် ဇီးသားကို ဘုရားထုရမည်၊ တနင်္ဂနွေသား ဖြစ်လျှင် အုန်းသားကို ဘုရားထုရမည်တဲ့။ ထိုအဆိုကိုလည်း ဉာဏ်ပညာနှင့် ယှဉ်၍ ကြည်ညိုကိုးကွယ်သော သူကလက်မခံ။

ဘုရားပုံထုလုပ်ကိုးကွယ်ခြင်းသည် ကျန်းမာရေးကောင်းရန် လှူနာစောင့်ထားခြင်းမဟုတ်။ ကြည်ညိုလို့ကိုးကွယ်ခြင်းသာဖြစ်၏၊ ထို့ကြောင့်အဆင်သင့်သောအသားကို ထုလုပ်ကိုးကွယ်၏။ ဂိုဏ်းဆရာ တစ်ချို့က လာဘ်လာဘနောက်လိုက်ပြီးနောက် တစ်မျိုးအဆန်းထွင်ပြန်၏။

ဆင်ခံဘုရား၊ မြင်းခံဘုရား၊ ဥဒေါင်းခံဘုရား စသောအားဖြင့် တိရစ္ဆာန်မျိုးစုံတို့ကို မြတ်စွာဘုရားက စီးတော်မူဟန်ရုပ်ထုများကို ထုလုပ်ကိုးကွယ်လျှင် စီးပွားတက်သည်ဟု ဆိုပြန်၏။ ထိုအဆိုကား သူသည်ပို၍လက်မခံ၊ ဗုဒ္ဓရုပ်ပွားကို ကိုးကွယ်ခြင်းသည် စီးပွားရှာရာ၌ အထောက်အကူပြုဖို့အတွက်မဟုတ်၊ ကြည်ညိုကိုးကွယ်ဖို့သာဖြစ်၏။

ဘုရားရှင်ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးသွယ်၊ နိကယ်ငါးရပ်တွင် ဘုရားရှင်သည် မည်သည့်တိရစ္ဆာန်ကိုစီး၍ မည်သည့်အရပ်သို့ သွားသည်ဟူ၍ တစ်နေရာမှ မပါခဲ့။ ဗုဒ္ဓကိုယ်တိုင် မည်သည့်တိရစ္ဆာန်မှ မစီးသလို သားတော်ရဟန်းများကိုလည်း မကျန်းမာသောအကြောင်းမရှိလျှင် တိရစ္ဆာန်တပ်သောယာဉ်များကို မစီးရ၊ စီးလျှင်ဒုက္ကဋ်အာပတ်သင့်စေဟု



ပညတ်ထားကြောင်း ဆရာတော်များမှ တစ်ဆင့်သိအောင်မေးမြန်းထားသဖြင့် ထိုပုံမျိုး ဘယ်သောအခါမှ မကိုးကွယ်။

တိရစ္ဆာန်ပုံစီးသောပုံများကို ထုလုပ်ကိုးကွယ်ခြင်းသည် သတ္တဝါတို့အပေါ်ထားသော ဗုဒ္ဓမဟာကရုဏာတော်ကို ထိခိုက်ရာ ရောက်သည့်အတွက် ထိုအချက်ကို သူသည် အလွန်သတိထားသည်။ ဆွေမျိုးသားချင်း မိတ်သင်္ဂဟများကိုလည်း အသိပေးပြောကြားလေ့ရှိသည်။

မြတ်စွာဘုရားကိုယ်တော်တိုင် ရွှေ၊ ငွေ၊ ရတနာကို မသုံးဆောင်မဆင်မြန်းသလို၊ ရဟန်းတော်များကိုလည်း မကိုင်ဆောင် မသုံးစွဲရန်ပညတ်တော်မူခဲ့သည်။ သို့အတွက်သူသည် ဘုရားရုပ်ထုတွင် လက်စွပ်များ၊ ဆွဲကြိုးညွတ်နေအောင်ဆင်ထားသော ရုပ်ပွားတော်များကို ဗုဒ္ဓအလိုကျ မဟုတ်သောကြောင့်မကိုးကွယ်။

## ရုပ်ပွားတော်ပြုံးရခြင်းအကြောင်းအရင်း

ပကတိသက်န်းရောင်အတိုင်းရှိသော ရုပ်ပွားတော်ကိုသာ ဂုဏ်တော်ကိုအာရုံပြုပြီး ကိုးကွယ်လေ့ရှိသည်။ ရုပ်ပွားတော်တစ်ဆူ ဘယ်အိမ်မှာ ပူဇော်ခံနေသည်။ မျက်စိဖွင့်ပြသည်။ ပြုံးပြသည်။ ဒီပ်ထူးတာဘဲ ပူဇော်ပါဟုခေါ်လျှင်လည်း သူဘယ်တော့မှမသွား၊

အိမ်မှာကိုးကွယ်ထားတဲဘုရားကို အားနာပါတယ်။ မလိုက်ပါရစေနဲ့ဟု ငြင်းဆန်လေ့ရှိသည်။ ထိုသို့သောရုပ်ပွားတော်များကို ပြုစားသူများသည် များသောအားဖြင့် ခေါင်းသုံးလုံးကို အရှင်လုပ်ထားပြီး တစ်နေရာတွင် ပြုံးနေသောခေါင်းတော်၊ တစ်ခြားတစ်နေရာတွင် မျက်စိဖွင့်နေသောခေါင်းတော်၊ စသောအားဖြင့် တစ်လှည့်စီတပ်ပြီး ငွေရှာ နေသူကသာများကြောင်း ထိုသူက အတိအကျသိအောင်လေ့လာထားသည်။ ဘယ်နေရာမှာ ဘုရားဆင်းတုတွေ ပေါ်တော်မူသတဲ့ဟုကြားလျှင် သူဘယ်တော့မှ သွားမဖူး။

အစစ်အမှန်ပေါ်တော်မူထက် မပေါ်ပေါ်အောင် အကွက်ချ စီမံထားသော ဘော်ချက်သော ပေါ်တော်မူအတုများသာ ကြီးစိုးနေကြောင်း နားလည်ထား၍ဖြစ်၏၊ တကယ့်ပေါ်တော်မူအစစ်ကား မှိုနှင့်မျှစ်သာ ရှိကြောင်းသူက သေချာသိထား၏။

ယခုခေတ် ပေါ်တော်မူဘုရားများကိုသွားကြည့်လျှင် သစ်သား ဆင်းတုသာ ဖြစ်နေတတ်သည်။ ဘယ်တော့မှ ကျောက်ဆင်းတု၊ ကြေးဆင်းတုမဖြစ်တတ်၊ အဘယ်ကြောင့်နည်း၊ လံကြုပ်ပေါ်တော်မူ ဖြစ်အောင် သစ်သားဆင်းတုကို လုပ်မှရသောကြောင့်ဖြစ်ပါသတည်း -

မြေကျင်းတစ်ကျင်းတူး၊ ကျင်းတစ်ဝက်ရောက်အောင် ပဲစေ့ချောက်များအပြည့်ထည့်၊ ထိုပဲစေ့များပေါ်တွင် သစ်သားဆင်းတု နှစ်ဆူ၊ သုံးဆူခန့်တင်ထား ၊ ထို့နောက်မြေကို အပြည့်ဖုံးပြီးလျှင် နေ့စဉ် ရေလောင်းပေးနေပါက အောက်မှ ပဲစေ့များ ရေဝကာ ပွထလာသည်နှင့် ဆင်းတုများသည်လည်း မြေပေါ်ကိုပေါ်ခဲ့ရခြင်းဖြစ်ကြောင်း သူက အသေအချာ လေ့လာထားသည်။

မည်သည့်စေတီ၊ ဆင်းတုတော်ကိုရှိခိုး- ရှိခိုး၊ ထိုဆင်းတု စေတီတော်တို့ထက် မိမိစေတနာ၊ သဒ္ဓါတရားကသာ အကျိုးပေးကြောင်းကို ဩကပ္ပနသဒ္ဓါရှင်က ပြတ်သားစွာ သိရှိထားသည်။

သူသည် လူတစ်ယောက်၏ ကောင်းကျိုး၊ ဆိုးကျိုးကို နတ်များ၊ ဘိုးတော်များ၊ ဝိဇ္ဇာများ၊ အင်းအိုင် မန္တယားများ၊ ဂြိုလ်များ၊ နက္ခတ်များက ဖန်တီးနိုင်သည်ဟူ၍ ဘယ်တော့မှ မယုံကြည်၊ ထေရဝါဒ ဗုဒ္ဓဒေသနာ အတိုင်း ကုသိုလ်ကံကသာ ကောင်းကျိုးကိုဖန်တီးနိုင်၍ အကုသိုလ်ကံကသာ မကောင်းကျိုးကိုဖန်တီးနိုင်ကြောင်းရဲရဲဝံ့ဝံ့ယုံကြည်သည်။

(မှတ်ချက်) ဤအချက်များနှင့်ပတ်သက်၍ စာရှုသူများ၊ ဓမ္မရသကို ကောင်းကောင်းခံစားရင်း အပြည့်အစုံသိနိုင်ရန်အတွက် ဓမ္မရတနာ မဂ္ဂဇင်းနှင့် ဓမ္မရံသီ မဂ္ဂဇင်းတို့တွင်ရေးသားဖော်ပြထားသော "အပ်ဝင်ပုဆိန်ထွက်" "လေလံတင်သောဓာတ်လုံးများ" အမည်ရှိဆောင်းပါးနှစ်ပုဒ်ကို ဤစာအုပ်



[illegible]နေရာတွင် သီးသန့်ဖော်ပြပါမည်။

ထို့ကြောင့် ကြည်ညိုခြင်း သဒ္ဓါနှင့် တွေးခေါ်မျှော်မြင်ခြင်း၊ ပညာကို [illegible]လိုညီအောင်ညှိထားသော ဩကပ္ပနသဒ္ဓါရှင်သည် ဘာသာရေးနှင့် ပတ်သက်၍ ဘယ်သောအခါမှ အလိမ်အညာမခံရပေ။

## ပညာမပါသောထို့သဒ္ဓါ

လေးခုမြောက် ပသာဒသဒ္ဓါက အညံ့ဆုံးပင်ဖြစ်ပါ၏။ [illegible]အခါ ပညာမပါသည့်အတွက် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် [illegible] လူအုံလျှင် ရှေ့ဆုံးကပြေးတတ်၏။ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်၍ အလိမ်ခံရလျှင်ပသာဒသဒ္ဓါရှင်များသည် ထိပ်ဆုံးက အလိမ်အညာခံကြရပေသည်။ သူများယောင်လို့ယောင် အမောင်တောင်မှန်း [illegible]မှန်းမသိ ဟူသော စကားသည် ထိုပသာဒသဒ္ဓါရှင် များအတွက် [illegible]တူသည်။

## သရဲဘိုးတော်

သရဲ၊ တစ္ဆေ၊ ကြပ်၊ မှင်စာ စသောသတ္တဝါအားလုံးတို့ကို [illegible]တော်တွင် ပေတ=ပြိတ္တာဟူသောအမည်ဖြင့် ဗုဒ္ဓက ဟောကြားတော် [illegible]ပါသည်။ သေခါနီးတွင်သက်ရှိ၊ သက်မဲ့၊ တစ်ခုခုကို စွဲလမ်းတပ်မက်သော [illegible]နှင့်သေလျှင် ပြိတ္တာဘုံသို့ ကျရောက်တက်ပေသည်။

ကောင်းသောဘုံသို့ရောက်ရန် ကုသိုလ်ကံများရှိပါလျက် [illegible]တပ်မက်မိသော တဏှာ၊ လောဘကြောင့် ပြိတ္တာဘုံ ရောက်ကျရသော [illegible]ကသာ အများစု အဖြစ်မှာ အင်မတန်မှ ရင်နာစရာကောင်းပါသည်။ ပုဂ္ဂိုလ်များအတွက် ရည်စူး၍ရေးသားထားသော " အသေမြတ်ချင်

သေနည်းသင်” အမည်ရှိဆောင်းပါး သုံးပုဒ်ကိုလည်း အခြား ဆောင်းပါးများ နှင့်အတူ စာအုပ်တစ်အုပ်အဖြစ် ထုတ်ဝေဖြန့်ချိပါဦးမည်။

သူရဲဘိုးတော်အကြောင်းကို မတင်ပြမီ စာရေးသူ၏ ကိုယ်တွေ့ သရဲများနှင့် စကားပြောခြင်းအကြောင်းနှစ်ခုကို သရဲတို့၏ သဘောသဘာဝ ကို သိထားရန် ဦးစွာရေးသားပါမည်။ စာရေးသူတို့ငယ်စဉ် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်တွင် စာသင်စဉ်အခါက ရဟန်းငယ်များ၊ စုပေါင်း၍ သရဲကို ခေါ်ကာ စကားပြောခဲ့ဘူးသည်။

တော်တော်ပျော်စရာကောင်းသော ကစားနည်းတစ်ခုဟုပင် ပြောရပါမည်။ မိန်းမပျိုများ၊ ဖျာလိပ်နတ်ကို သနပ်ခါးလိမ်း၊ ထမိပတ်၊ အင်္ကျီဝတ်ပေးပြီး မယ်အောင်ဖြူနတ်ခေါ်ကာ ကစားနည်းကိုတော့ လူတိုင်းနီးနီး ကြားဘူးလောက်ပါသည်။ မိန်းမပျိုဆယ်ယောက်လောက် ဝိုင်းထိုင်နေရာက ရည်းစားရှိတဲ့သူရဲ့ ခေါင်းကို သုံးချက်ရိုက်ပြပါဟု ပြောလိုက်သည်နှင့် ရည်းစားရှိသည့် မိန်းမပျို၏ခေါင်းကို တကယ်ပင် သုံးချက်ရိုက်ပါသည်။

ဤကစားနည်းကို နည်းမှီ၍ လူပျိုပေါက်ပဥ္စင်းငယ်များကလည်း နည်းသစ်ထွင်ကြသည်က စားပွဲဝိုင်းတစ်ခုကိုယူကာ ခြေလေးဖက်တွင် နှစ်ဖက်ကို ခဲခုပြီး ကျန်နှစ်ဖက်ကို လွှတ်ထားကာ စီးကျော်ပုံစံဖြစ်အောင် လုပ်ထားသည်။

ခေါ်မည့်သူလေးပါးတို့၏ လက်များက စားပွဲပေါ်တင်၍ လက်ဘစ်ခုနှင့် တစ်ခုဆက်ကာ အလယ်တွင် အဝိုင်းဖြစ်အောင် လုပ်ထားသည်။ ထိုအဝိုင်းသည် ရောက်လာမည့်သရဲ၏ နေရာဖြစ်သည်။ ထိုအချိန်က ကျောင်းနောက်တွင် ရေပုပ်မြောင်းကြီး ရှိသည်။ ထိုရေပုပ်မြောင်းနောက်တွင်ကား ရွာဟိုင်းသင်္ချိုင်းရှိသည်။

ယခုတော့ သင်္ချိုင်းကို ဖျက်၍ဈေးသစ် တည်လိုက်လေပြီ။ မြောင်းဘေးကုန်းမြင့်မြင့် နေရာကိုရောက်သည်နှင့် ခုံကိုချကာ ပြောတတ် ဆိုတတ် ကိုယ်တော် တစ်ပါးက သရဲကိုခေါ်သည်မှာ -



## သရဲကိုခေါ်ယူခြင်း

“ ဟောဒီ ရွာဟိုင်းသင်္ချိုင်းနဲ့တကွ အနီးပတ်ဝန်းကျင်မှာရှိကြတဲ့ အစိမ်းတစ္ဆေသရဲအပေါင်းတို့၊ ငါတို့သည် သင်တို့နှင့်ပျော်ပျော်ပါးပါး ကစားလိုကြသည်။ တို့နှင့် ပျော်ပျော်ပါးပါးကစားလိုလျှင် ဒီစားပွဲဝိုင်း အလယ်တွင် အရောက်လာပါ။ ရောက်ခဲ့လျှင် ရောက်ကြောင်း သိနိုင်ရန် စားပွဲကို သုံးချက်ခေါက်ပြပါ။

ထိုကိုယ်တော်၏စကားဆုံးသည်နှင့် စီးကျော်သဏ္ဌာန်ခုထားသော စားပွဲက သုံးချက်တိတိ နိမ့်လိုက်မြင့်လိုက်ဖြင့် မြေကြီးနှင့် စားပွဲခြေကို ခေါက်ပြပါသည်။ ထိုအခါခေါင်းဆောင်ကိုယ်တော်က

“ ခုရောက်လာတဲ့ သူရဲဟာ အစိမ်းသေလား၊ အကျက်သေလား၊ အစိမ်းသေဆိုရင် တစ်ချက်ခေါက် အကျက်သေဆိုရင် နှစ်ချက်ခေါက်” ဟုပြောလိုက်ရာ ဒေါက် - တစ်ချက်သာ ခေါက်သဖြင့် အစိမ်းသေဟု သိရပြန်သည်။ တစ်ခါ -

“ ယောကျ်ားလား၊ မိန်းမလား၊ ယောကျ်ားဆိုရင် နှစ်ချက် မိန်းမဆိုရင် တစ်ချက်ခေါက်ဟု ပြောရာ”

“ ဒေါက်ကနဲ တစ်ချက်သာခေါက်သဖြင့် မိန်းမဟုသိရပြန်သည်”

## သရဲမနှင့်စကားပြောခြင်း

“ မိန်းမဆိုရင် အပျိုလား၊အအိုလား၊ အပျိုဆိုရင် နှစ်ချက်ခေါက်၊ အအိုဆိုရင် တစ်ချက်ခေါက်” ဟုပြောလိုက်ရာ ဒေါက်ဒေါက် ဟု နှစ်ချက် ခေါက်သဖြင့် အပျိုဟု သိကြရပြန်သည်။

တစ်ဖန် - ဟောဒီဖက်က ဦးကုသလကြီးက သူ့ဆီက ငွေချေးရင်

မရှိတော့ဘူးပဲပြောတယ်၊ တို့ကတော့ ရှိသေးတယ်ပဲထင်တာ၊ အဲဒါ သူ့ဆီမှာ ရှိတဲ့ ငွေဘယ်လောက်ဆိုတာ သိရအောင် ငွေတစ်ရာကို တစ်ချက်နှုန်းနဲ့ ခေါက်ပြ နည်းနည်းပါးပါးပိုတာ၊ လိုတာကတော့ ကိစ္စမရှိဘူးဟု ပြောလိုက်သည့်နှင့် ခုံမှာ တစ်ခဏမျှ ငြိမ်သက်သွားပြီး ၈ ချက်တိတိ ခေါက်ပြပါတော့သည်။

ငွေရှစ်ရာတစ်ကယ်ရှိ၊ မရှိမေးမြန်းသောအခါ အံ့ဩသော အမူအရာဖြင့် ဦးကုသလမှာ တကယ်ရှစ်ရာသာရှိကြောင်းဝန်ခံရပါတော့သည်။ တစ်ခါတွင် ခပ်နောက်နောက်ကိုယ်တော်တစ်ပါးက - " ဟောဒီဘေးက ဦးအာလောကကြီးဟာ ဥစ္စာလည်းပေါတယ်၊ ရုပ်ကလဲချောတယ်၊ ကြိုက်တယ်ဆိုရင် သုံးချက်ခေါက် မကြိုက်ဘူးဆိုရင် နှစ်ချက်ခေါက်ဟု" ပြောလိုက်ရာ ဘယ်အချိန်က ကြိုက်နေသည်မသိ ဒေါက်-ဒေါက်-ဒေါက် ဟု ခပ်မြန်မြန်ပင် သုံးချက်ခေါက်လိုက်ရာ ဘေးမှ ကိုယ်တော်များ ပွဲကျသွားသလောက် ဦးအာလောကမှာ မျက်နှာကြီးနီပြီး ချက်ချင်းကျောင်းထဲ ပြန်ဝင်ပြေးပါတော့သည်။

သရဲမက တကယ်ပဲ လာပြောနေတာလား၊ ကိုယ်တော်တွေကပဲ စားပွဲပေါ်တင်ထားတဲ့ လက်တွေနဲ့ မသိမသာ ခုံကို နှိမ့်လိုက်မြှင့်လိုက် လုပ်နေတာလား၊ ဟူသောသံသယကြောင့် လက်တင်ထားသော ကိုယ်တော်တစ်ပါးကို ဘေးဖယ်ခိုင်း၍ ကိုယ်တိုင်ဝင်ပြီး လက်တင်လိုက်သည်။

ကိုယ်တော်တစ်ပါးက ဆက်မေးပြန်သည်။

" ဟောဒီ ဦးရေဝတရဲ့ မိသားစု ဘယ်နှစ်ယောက်ရှိသလဲ၊ တစ်ယောက်ကို တစ်ချက်နှုန်းနဲ့ ခေါက်ပြပါ"

ခုနှစ်ချက်တိတိခေါက်ပြသဖြင့် ဦးရေဝတအား ဟုတ်၊မဟုတ် မေးမြန်းရာ ဟုတ်ကြောင်း ဝန်ခံပါသည်။ ကရင်ပြည်နယ်၊ ဘားအံမှ ဦးရေဝတ၏ မိသားစု အရေအတွက်ကို သူရဲမသည် အဘယ်နည်းဖြင့် သိလေသနည်း၊ ကမ္ဗဇိဒ္ဓိ = ကံကပေးသော တန်ခိုးသတ္တိကြောင့် သိခြင်းဖြစ်ပါ၏။



သူရဲများ၏ ထိုကမ္ဗဇိဒ္ဓိကို အသုံးချ၍ လူလိမ်များ စားပေါက်ထွင်လာပုံကို နောက်တွင် ရှင်းလင်းလာပါလိမ့်မည်၊ ဘယ်ကိုယ်တော်၏ လက်မှ လှုပ်ရှားခြင်း အားပြုခြင်း မရှိသည်ကို တွေ့ရမှ စာရေးသူသိချင်သော မေးခွန်းနှစ်ခုကို မေးမြန်းလိုက်ပါသည်။ လူတွေနဲ့ယခုလိုကစားရတာ ပျော်သလား၊ ပျင်းသလားဟု မေးရာတွင် ပျော်ကြောင်းဖြေဆိုပါသည်။

နောက်တစ်ဖန် ပြိတ္တာဘဝနဲ့ လူ့ဘဝ ဘယ်ဘဝကိုလိုချင်သလဲဟု မေးမြန်းသောအခါ လူ့ဘဝကိုသာလိုချင်ကြောင်း ဖြေကြားသွားရာ စာရေးသူ အကော်စိတ်မကောင်းဖြစ်မိပါသည်။ အောက်ကျနောက်ကျဖြစ်နေသော သူတို့ဘဝကို ယခုလိုအရေးတယူခေါ်ပြီး ဆက်ဆံသည်ကို သူတို့အနေနှင့် ဘယ်မှာ မပျော်ဘဲဝမ်းမသာဘဲ ရှိပါမည်နည်း။

ထိုသို့စကားမေးကောင်းနေစဉ် အချိန်မှာပင် မြောင်းစပ်မှ ဖြူဖြူရှည်ရှည် အကောင်ကြီးတစ်ကောင် ဖို့ရို့ဖားယား တက်လာသည်ကို တွေ့ရသဖြင့် ကိုယ်တော်များမှာ စားပွဲခုံကိုပင်မယူနိုင်တော့ဘဲ အော်ဟစ်ထွက်ပြေးကြပါတော့သည်။

စာရေးသူကတော့ ကိုယ်တော်တစ်ပါးပါး၏ လက်ချက်ဖြစ်ရမည်ဟု အထပ်တွေးမိသဖြင့် အဝေးကြီးမပြေးဘဲ အနီးနားမှတိုက်ဘေးတွင် ရပ်၍လှမ်းကြည့်နေရာ ဖြူဖြူရှည်ရှည်မှာအခြားမဟုတ်၊ ကိုယ်တော်တစ်ပါး ကုပ်ပေါ် ကိုယ်တော်တစ်ပါးက ခွထိုင်ပြီး လိုက်ကာအကြီးကြီးကို အပေါ်မှ ခြုံလာခြင်း ဖြစ်ကြောင်းတွေ့ရပါတော့သည်။

နောက်တခုကြုံရသည်က ပိုလို့ပင်စိတ်ဝင်စားစရာ ကောင်းပါသည်။ ကြာလည်းမကြာသေးပါ၊ ရွှေပြည်သာမြို့ ဆေးခန်းမှတ်တိုင်မှ ထွက်လိုက်လျှင် စည်ပင်သာယာရေးဆောက်ထားသော ကွင်းကြီးကိုမျက်နှာ ပြုလျှက် ဘုန်းကြီးကျောင်းများ စီတန်းလျှက်ရှိသည်။ တစ်ဝန်းလုံးရှိ ကျောင်းများကို ရေတွက်ကြည့် လျှင် (၇၀) ခန့် ရှိသည်။

ကျောင်းများနှင့်အိမ်များကို အလယ်ကရောမမြောင်းကြီးက ပိုင်းခြားပေးထားသည်။ ထိုမြောင်းကြီး၏အနံက ပေ ၅၀၀ ကျော်ရှိသည်။

အလျားက ဘယ်ကစ၍ဘယ်မှာဆုံးမှန်းပင် မသိရလောက်အောင် ရှည်လျားလှပါသည်။ ထိုမြောင်းကြီးကို မျက်နှာမူနေသော ကျောင်းများတွင် နန္ဒဝန်အမည်ရှိ ကျောင်းတစ်ကျောင်းရှိသည်။

ဆရာတော်ဘွဲ့ အမည်မှာ ဦးယောသိတဖြစ်ပြီး စာရေးသူတို့နှင့် အင်မတန်မှရင်းနှီးပါသည်။ တစ်နေ့တွင် ရေနံချောင်းမှဆရာတော်၏ ထူမလေးတစ်ယောက် ဟိုမှာဆေးကုတာ မသက်သာသဖြင့် ဆရာတော်ကျောင်းကို ရောက်လာပါသည်။

## ရွာထိပ်ကသရဲကြီး

ဆရာဝန်မျိုးစုံနှင့် ကုသော်လည်း ရောဂါမသက်သာ ပို၍ဆိုးလာသည်။ တစ်ညနေတွင်တော့ မိန်းကလေးသည် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် မကောင်းဆိုးဝါး ဝင်ပူးပါတော့သည်။ မိန်းကလေးအသံပျောက်ကာ ယောကျ်ားအသံကြီး ဖြစ်နေသဖြင့် ဆရာတော်က စစ်မေးရတော့သည်။

" အခုဝင်လာတာ ဘယ်သူလဲ"

"တပည့်တော် ရွာထိပ်မန်ကျည်းပင် က သရဲကြီးပါ"

" ဘာဖြစ်လို့ ငါ့တူမကို ဝင်ပူးပြီး ဒုက္ခပေးရတာလဲ၊ ကလေးမရောဂါ ဖြစ်နေတာ မင်းလုပ်ထားတာ မဟုတ်လား"

" ဟုတ်တယ် - တပည့်တော်နေရာကို သူ့ကို အစားထိုးပေးတပည့်တော်က ဒီနေရာက လွတ်အောင်သွားမလို့၊ သူသေတာနဲ့ တပည့်တော်သွားလို့ရပြီ၊ အရှင်ဘုရားတို့ ကုနေတာလဲအပိုပဲ ဘာဆေးနဲ့မှ ကုလို့ရမှာမဟုတ်ဘူး၊ အဲဒါလာပြောတာ အရှင်ဘုရားတို့ ပရိတ်ရေတွေ ဟိုပက်ဒီပက်မလုပ်နဲ့ တပည့်တော်ကို ပတ်မိရင် အရမ်းပူလောင်တယ်၊ ဒါပဲသွားမယ်"

ဟုဆိုကာ ထွက်သွားသည်နှင့် ကလေးမမှာ ပျော့ခွေပြီးကျန်ခဲ့ပါသည်။ ဘာဆေးနဲ့မှ ကုလို့မရဘူးဆိုသဖြင့် ဆရာတော်နှင့် တကွ



ဆွေမျိုးသားချင်း များမှာ ကြီးစွာစိတ်ဆင်းရဲသွားကြသည်။ ဘယ်လိုရာနှင့်ကမည်နည်း ပြဿနာကိုလည်း တညလုံး၊ တစ်နေ့လုံး ဆွေးနွေးညှိနှိုင်းနေကြရသည်။

မြန်မာဆေး အင်္ဂလိပ်ဆေး စုံနေပြီ ရောဂါမပျောက်သည်ကတော့ အမှန်ပင် ဖြစ်နေသည် မဟုတ်ပါလား၊ လူများစုဝေးတိုင်ပင်နေသည့်အချိန်မှာ ညနေစောင်းသာသာတွင် မိန်းကလေးအား မကောင်းဆိုးဝါးက ထပ်၍ ပူးကပ်ပြန်လေပြီ။

သည်ခါတော့ ယောကျ်ားကြီးအသံမဟုတ်ပဲ မိန်းမကြီးတစ်ယောက်၏အသံ ဖြစ်နေသဖြင့် အားလုံး လူနာနား ဝိုင်းသွားကြရပြန်သည်။ ထိုအချိန်တွင် ကက်ဆက်ဘေး၌ အသင့်ရှိနေသော ဦးပဥ္ဇင်းတစ်ပါးက တိပ်ခွေထည့်ကာ အသံဖမ်းခလုတ်ကို နှိပ်ပြီး အနားမှာ ချထားလိုက်သဖြင့် ဝင်လာသောမကောင်းဆိုးဝါး နှင့် ဆရာတော်တို့၏ အမေးအဖြေကို ယခုကဲ့သို့ တိတိကျကျ ပြန်ရေးနိုင်ခြင်းဖြစ်ပေသည်။

" အခုဝင်လာတာ ဘယ်သူလဲ"

" တပည့်တော်ကို မမှတ်မိတော့ဘူးလား ဘုရား၊ လွန်ခဲ့တဲ့ နှစ်က ကွယ်လွန်ခဲ့တဲ့ ဆရာတော်ရဲ့ အစ်မ ဒေါ်(                    ) ပါ ဘုရား၊ ဆရာတော်ကို လည်း ဦးတိုက်ပါတယ်ဘုရား "

ပြောပြောဆိုဆို ဆရာတော်အား ထိချင်းငါးပါးဖြင့် ဦးတိုက်လေသည်။ ဒေါ်(          ) ကား ရောဂါဖြစ်နေသော မိန်းကလေး၏ မိခင်ပင်ဖြစ်သည်။ လွန်ခဲ့သော (၁) နှစ်ခန့်က ကွယ်လွန်ခဲ့ခြင်း ဖြစ်လေသည်။

" နေပါဦး ဒါယိကာမကြီးမှာ ဒီလောက်ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် တွေရှိနေတာ ဒီမကောင်းတဲ့ ပြိတ္တာဘဝ ဘယ်လိုကြောင့် ရောက်ရပြန်တာတုန်း"

" အပြစ်တင်ရင်လည်း ခံရမှာပဲဘုရား၊ တပည့်တော် လုပ်ထားတဲ့ ကုသိုလ်တွေအရ နတ်ပြည်ရောက်ဖို့ပဲရှိပါတယ်ဘုရား၊ ဒါပေမယ့် သမီးလေးကို စိတ်မချနိုင်ဘဲ စွဲလန်းတဲ့ လောဘစိတ်နဲ့ သေခဲ့လို့ ဒီပြိတ္တာဘုံ

ရောက်ရတာပါဘုရား"

" ဒါနဲ့ ရေနံချောင်းကနေ ဒီရန်ကုန်ရောက်အောင် ဒါယိကာမကြီး ဘာနဲ့လာခဲ့တုန်း ကားများစီးခဲ့သေးသလား"

" တပည့်တော်တို့မှာ ကမ္ဗဇိဒ္ဓိ လို့ခေါ်တဲ့ ကံကပေးတဲ့ တန်ခိုးလေး ရှိတယ်ဘုရား၊ အဲဒီတန်ခိုးက တပည့်တော်တို့ စိတ်သွားတိုင်း ကိုယ်ပါပါတယ် ဘုရား၊ ရောက်ချင်စိတ်ရှိတာနဲ့ ရောက်သွားတာပါပဲဘုရား"

" ဒါယိကာမကြီး ဒီရန်ကုန်ရောက်တော့ ဘယ်နေရာမှာ သွားနေသလဲ" ထိုအခါ ကျောင်းရှေ့မှ မြောင်းကျယ်ကြီးကို လက်ညှိုး ညွှန်ပြလျှက် - " အဲဒီ မြောင်းကျယ်ကြီးထဲမှာ နေပါတယ်ဘုရား"

" ဒါယိကာမကြီးတို့လို ပုဂ္ဂိုလ်တွေ အဲဒီ မြောင်းကြီးထဲမှာ တော်တော်များများ ရှိသလား"

" များတာကတော့ မပြောနဲ့ဘုရား၊ အဲသလောက်ကျယ်တဲ့ မြောင်းကြီးထဲ ညအိပ်ကြတဲ့အခါ သူရဲတွေဟာ ကိုယ်လုံးတစ်နေရာစာလေး မရလို့ ရန်ဖြစ်စကားများနေကြတာ ဆူညံနေကြတာပဲဘုရား"

ထိုစကားကြားလိုက်ရသောအခါ ရေမရှိသော ၎င်းမြောင်းကြီးကို ဖြတ်ကျော်၍ တစ်ဖက်ရပ်ကွက်အိမ်များသို့ ဆွမ်းခံကြွကျသော ကိုယ်တော် အများစုမှာ ပုခုံးတွန့်၍ ကျက်သီးထသွားကြသည်။ ရွှေပြည်သာတွင် ရှိသည့် လူသားရေအတွက်ထက် ပြိတ္တာအရေအတွက်က ပိုများပြားနေကြောင်းကို လက်တွေ့ ကြားသိလိုက်ရပြီ မဟုတ်ပါလား။

သံယုတ်ပါဠိတော်၊ နခသိခူပမသုတ်တွင် ဗုဒ္ဓက - လက်သဲခွံ တစ်ခုပေါ်တွင် မြေမှုံလေး အနည်းငယ်တင်၍ လူ့ဘဝကသေ၍ လူ့ဘဝသို့ ပြန်ရောက် ရသူများသည် ငါဘုရားလက်သည်းခွံပေါ်က မြေမှုံလောက်သာ ရှိသည်။ လူ့ဘဝက သေ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘုံသို့ရောက်ရသော သူများသည် ဟောဒီ အောက်က မဟာပထဝီ မြေကြီးအထုလောက် ရှိသည်ဟု ဟောခဲ့သည်မှာ မည်မျှ လက်တွေ့ကျလှ ပါသနည်း။



" ဒါယိကာမကြီးရော တခြားပြိတ္တာတွေလို တိုးခွေ့လုယက် နေရတာပဲလား"

" တပည့်တော်ကတော့ တကူးတက နေရာမရှာရပါဘူး၊ ဘုရားတပည့်တော်နေချင်တဲ့ နေရာမှာ နေစရာ ဗိမ္မာန်လာပေါက်ပေးရပါ တယ်ဘုရား"

" ဟင်- အဲဒီဗိမ္မာန်က ဘယ်သူဖန်တီးပေးတာလဲ"

## အပါယ်ကျခံ၍ သမီးကိုချစ်သူ

" တပည့်တော် လူ့ဘဝက ကျောင်းလှူခဲ့တဲ့ ကုသိုလ်ကံက ဖန်တီးပေးတာပေါ့ ဘုရား၊ ဆွမ်းတို့ သင်္ကန်းတို့ လှူခဲ့တဲ့ ကုသိုလ်ကြောင့် စားစရာအသောက်ရော၊ အဝတ်အထည်ရော၊တပည့်တော်မှာ ပြည့်စုံပါတယ်ဘုရား၊ အမှန်ကတပည့်တော်ဟာ နတ်ပြည်ရောက်ဖို့ပါပဲ၊ သမီးလေး စိတ်မချတဲ့ စိတ်ကြောင့်သာ ဒီပြိတ္တာဘုံ ရောက်ခဲ့ရတာပါဘုရား၊ ဒါပေမဲ့လည်း မကြာတော့ပါဘူးဘုရား"

" ဒီရက်ပိုင်းအတွင်း တပည့်တော် အထက်နတ်ပြည်ကို သွားရတော့မှာပါ၊ ဒီသမီးလေးကို ရွာထိပ်က မကောင်းဆိုးဝါးကောင်ကြီး မသိမသတ်နိုင်အောင် တပည့်တော် လိုက်ကာကွယ်နေရတာပါဘုရား၊ တပည့်တော်သာ မကာကွယ်ရင် သမီးလေးသေတာ ကြာပြီဘုရား"

" သမီးလေးမကောင်းဆိုးဝါးကောင်ရဲ့ စက်ထိထားလို့ ဆေးမြီးတိုမိုးရိုးဆေးတွေနဲ့ အရင်ကုလို့မရဘူးဘုရား၊ အရှင်ဘုရားတို့ ဒါယကာ ရပ်ကွက်မှာ ပယောဂ နိုင်တဲ့ ဆရာကောင်းကောင်း ရှိပါတယ်။ အဲဒီ ဆရာနဲ့ ပယောဂစက်တွေ အရင်ရှင်းပြီးမှ တခြားမြန်မာဆေးတွေနဲ့ ဆက်ကုရင် သမီးလေးရောဂါ ပျောက်ပါလိမ့် မယ်ဘုရား"

" တပည့်တော် ဒီတစ်ခါ နောက်ဆုံးလာတာပါဘုရား၊ ခုရက်ပိုင်း အတွင်းမှာပဲ တပည့်တော် အထက်နတ်ပြည်ကို သွားရတော့မှာပါ၊ ဆရာတော်ကို

နှုတ်ဆက် ကန်တော့ခဲ့ပါတယ်ဘုရား"

ဟုဆိုကာ ရှိခိုးပြီး ထွက်သွားခဲ့ပါသည်။ သူပြောသည့်နည်းအတိုင်း ကုသဖြင့် သမီးဖြစ်သူ၏ ရောဂါလည်း ပျောက်ကင်းသွားခဲ့ပါသည်။ နတ်ပြည်ရောက်နိုင်ပါလျှက် ရောက်အောင်မသွားဘဲ ပြိတ္တာဘုံ အရောက်ခံပြီး သားသမီးကို စောင့်ရှောက်ငှသော မိခင်၏ မေတ္တာသည်ကား အံ့ဩ၍ မကုန်နိုင်စရာပါတကား။

## အမေ

ဇမ္ဗူတိုင်းမှာ အဖြေညှိပြရင်
အပူလှိုင်းဖြာ ဝေဒနိကတွေနဲ့
လူတိုင်းဟာ အမေရှိကြတယ်။
မရေမရာ ပဟေဠိတွေကြောင့်
အသေအချာ အဖေမသိတောင်မှ
အမေရှိတယ်။
ချစ်သဒ္ဒါဝေကဲ
ပြည့်တန်ဆာ အမေလည်း အမေ
အကြွေးကြွယ်လှတဲ့
ဈေးသည်မ အမေလည်း အမေ။
အကြောင်းတရား အခြေမဲ့
သူတောင်းစားအမေလည်း အမေ
သမီးသားတွေကြီးထွားစေရေးဘို့
စီးပွားအထွေထွေ
စိန်ရွှေပတ္တမြား အိမ်မြေကားနှင့်
ငွေသားအမွေ
ပေးနိုင်မှ အမေမဟုတ်
ယိုင်နဲ့နဲ့တဲအတွင်း



လှဲခင်းအိပ်နေစရာတိုးဖယ်ပေးခဲ့
အရိုးဟင်းတစ်ဖွဲ့စီဝေ
ထမင်းရည်အတူတူသောက်
ဗိုက်မှောက်တော့အတူတူ
(ခြင်ထောင်မရှိ ခြုံစောင်မရှိ
ခင်းအိပ်စရာဖျာလည်းမရှိလို့)
ခြင်ကိုသွေးလှူအတူတူ
ကြမ်းပိုးသွေးလှူအတူတူ
အပူကိုမျှဝေခံစား
ဒုက္ခကို ပိုမိုလေးနက်စေ
ပညာအမွေရွှေအိုး
ရိုးသားမှုဂုဏ်သိက္ခာ
မေတ္တာအကြင်နာမှတပါး
အခြားပေးစရာအထွေထွေမဲ့သော်လည်း
အမေဟာ အမေပဲလေ။

(အောင်လှိုင်ထွန်း)

ဤမျှဆိုလျှင် စာရှုသူများအနေဖြင့် တစ္ဆေ၊သူရဲခေါ် ပြိတ္တာများမှာ လူများနှင့် လက်ပွန်းတတီး နေနိုင်ကြောင်း လက်ခံနိုင်လောက်ပေပြီ။ ထို့ဖြစ်လျှင် ခေါင်းစဉ်တပ်ထားသော သူရဲဘိုးတော်အကြောင်း ဖော်ပြပါတော့မည်။ ထိုသူရဲဘိုးတော်အကြောင်းကို ဆရာဆန်းလွင် ရေးသားသော ဓမ္မဒေသနစာစု စာအုပ်တွင် ဖတ်ခဲ့ရခြင်းဖြစ်ပါသည်။

ဆရာဆန်းလွင်သည် အစ္စလာမ်ဘာသာမှ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကာစ အချိန်ဖြစ်သောကြောင့် ထေရဝါဒလမ်း၊ မဟာပယာနလမ်း၊ အဘိုးကိုထွက်ရပ်လမ်း စသည်ကို မခွဲခြားနိုင်သေးဘဲ တွေ့ရာ ကိုးကွယ် ချဉ်းကပ်နေစဉ်အချိန်ကပင် ဖြစ်ပေသည်။

တစ်နေ့တွင် သူတို့ကိုးကွယ်ဆည်းကပ်နေသော ရန်ကုန်မြို့လယ်မှ ဘိုးတော်တစ်ယောက်အိမ်သို့ အခေါင်ဓါတ်လုံး၊ ဓါတ်ပြာများ တောင်းရန် ဦးဆန်းလွင် တို့လင်မယားနှစ်ယောက် ရောက်နေကြသည် ဘိုးတော်နှင့်လည်း ရင်းနှီးနေပြီဖြစ်သဖြင့် အလ္လာပ၊ သလ္လာပ စကားစမည် ပြောနေစဉ် မှာပင် အဖိုးတန် ကားကြီးတစ်စင်း ခြံတွင်းဝင်လာပြီး သူဌေးတစ်ယောက် ဒရောသောပါး ဘိုးတော်ရှေ့မှောက်သို့ ရောက်လာကာ -

"အဖေကြီးရေ - သားကို မစပါဦး၊ ဒီတစ်ခါလုပ်တာ အချိုကြီးတယ်၊ အောင်မြင်ရင် အဖေကြီးကိုလည်း များများလှူမှာပါ"

ဟု ပြောလျှက် ဘုရားကိုပင် သတိမရပဲ ဘိုးတော်ကိုသာ မရေမတွက်နိုင်အောင် ဖင်ဗူးတောင်းထောင်၍ ဦးတိုက်နေပါတော့သည်။ ဘိုးတော်က မျက်နှာကို ခပ်မှဲ့မှဲ့ထားလျှက် -

"လုပ်လာပြီ - မရှုနိုင်မကယ်နိုင်ဖြစ်မှ ဒီကအဖေကြီးကို သတိရတာမဟုတ်လား"

"မဟုတ်ပါဘူး၊ အဖေကြီးရယ်၊ အမြဲတမ်းသတိရနေတာပါ အဆင်ပြေတာနဲ့ အဖေကြီးအတွက် လှူဖို့ပဲစဉ်းစားနေတာပါ"

ပဋိသန္ဓေ စတည်ကတည်းက လောဘနှင့် စခဲ့သော လူသား၏ လိုချင်တပ်မက်မှုသည် ဝိပဿနာတရားနှင့်သာ မရှုမှတ်လျှင် နွားဦးချိုကဲ့သို့ အသက်ကြီးလေ၊ ပိုကြီးလာလေသာဖြစ်၏။ ယခုလည်းကြည့်ပါလေ၊ မိမိ၏ အလိုပြည့်ဘို့အတွက် ဘုရားကိုပင် သတိမရနိုင်ပဲ ဘိုးတော်ကိုသာ အကြိမ်ကြိမ်ဦးချ၏။

## အဖေရင်းက ပထွေးဖြစ်ရခြင်း

ထို့အပြင် အိမ်ကအဖေရင်းကိုပင် အားမနာနိုင်ဘဲ အဖေကြီးခြင်း၊ မိုးမွှန်နေအောင် ခေါ်နေပြန်၏၊ ဘိုးတော်ကို အဖေကြီး ခေါ်လိုက်သည်နှင့် အိမ်က အဖေရင်းမှာ အလိုလို အဖေလေး(ပထွေး)ဘဝ ရောက်သွားသည်



ကိုလည်း သတိထားမိဟန် မတူပေ"

ထိုအခါကျမှ ဘိုးတော်က ကျေနပ်သွားဟန်ဖြင့် အနီးရှိငွေကြုတ်ထဲမှ စက်ဘီးဘောစေ့ ပမဏာရှိသော ဓါတ်လုံးလေးကို ထုတ်ပေးပြီး -

"ဒါလေးကို လက်ကိုင်ပုဝါနှင့် သေချာထုတ်ပြီး ကိုယ်နှင့်မကွာ ဆောင်ထား၊ ကိစ္စအားလုံးအောင်မြင်လိမ့်မယ်၊ အရဟံ သိဒ္ဓိကို တစ်နေ့ပုတီးကိုးပတ် ပြည့်အောင်စိပ်ပြီးတော့ မင်းမှာ စာရွက်လွတ်ပါရင် တစ်ရွက်လောက်ပေးစမ်း"

ထိုအခါ သူဌေးက မှတ်တမ်း စာအုပ်ထဲမှ စာရွက်တစ်ရွက် ဆုတ်ပေးလိုက်ရာ ဘိုးတော်က လှမ်းယူပြီး လက်ဝါးနှင့် ရိုက်လိုက်သည်နှင့် စက္ကူလွတ်ထဲတွင် စမ အင်းတစ်ကွက်အလိုလို ထင်လာလေသည်။ ဦးဆန်းလွင်တို့ လင်မယားနှင့် သူဌေးတို့မှာ ပါးစပ်အဟောင်းသားနှင့် -

"ရော့ ဒီအင်းချပ်ကို အိမ်ရောက်ရင် မီးရှို့ပြီး ရေနဲ့သောက်လိုက်၊ ကဲ သွားတော့"

ထိုအခါ သူဌေးက -

"အဖေကြီး သာသနာပြုဘို့အတွက် သားတက်နိုင်သမျှ လှူခဲ့ပါရစေ" ဟုဆိုကာ နှစ်ရာတန်တစ်ထပ်ကို ရက်ရက်ရောရော လှူဒါန်းလိုက်သည်။ တစ်သောင်းအထက်မှာရှိပေလိမ့်မည်။

အရေးတကြီးထွက်လာမိသော သူဌေးမှာ ဓါတ်ဆီကို ကိုင်းမကြည့်မိခဲ့၊ ယခုဓါတ်ဆီက အကပ်အသတ်ပင် မကျန်တော့သဖြင့် ကားက စက်နှိုး၍မရတော့၊ ထိုသူဌေး ဘိုးတော်ရှေ့ရောက်လာကာ

## ရေကနေ ဓါတ်ဆီဖြစ်စေ

"အဖေကြီးရေ - ဒီနားမှာ ဓါတ်ဆီဆိုင်များရှိမလား၊ ကားက ဓါတ်ဆီပြတ်သွားပြီ သားကလည်း ဓါတ်ဆီကို တိုင်းမကြည့်မိခဲ့ဘူး"

"အားလုံးသိဒ္ဓိပြီးနေတဲ့ ဘိုးတော်ဆီရောက်မှတော့ ဓါတ်ဆီ

ဝယ်နေရဦးမှာလားကွ - သွား အောက်မှာ ရေတစ်ပုံးသွားခပ်ချေ”

သူဌေးလည်းမဆိုင်းမတွပင် အောက်ထပ်ဆင်း၍ ရေတစ်ပုံး ဆွဲလာကာ ဘိုးတော်ရှေ့ချပေးလိုက်သည့်နှင့် ဘိုးတော်က ကြမ်းပြင်ကို လက်ဖြင့် သုံးချက် ပုတ်ကာ -

“ ကဲ ငါ့ဆရာအမိန့်နဲ့ ရေက ဓါတ်ဆီဖြစ်စေ” ဟုဆိုလိုက်သည်နှင့် ရေပုံးထဲက ရေများသည် တကယ်ပင် ဓါတ်ဆီများဖြစ်သွားပါတော့သည်။ ဤမျှ ထူးဆန်းလှသော အံ့ဩစရာကို မြင်လိုက်ရသည်နှင့် ဦးဆန်းလွင်၊ ဇနီး၊ သူဌေး သုံးဦးသားတို့သည် သံဃံသရဏံဂစ္ဆာမိ နေရာတွင် ဘိုးတော် သရဏံဂစ္ဆာမိ ဖြစ်သွားကြလေပြီ။

လောက၌ ထူးခြားဆန်းကျယ်သောအရာများသည်များစွာ ရှိပေ၏။ ထိုထူးခြားဆန်းကျယ်သော အရာတိုင်းသည် လောကကို ကောင်းကျိုးပြုသည် မဟုတ်သောကြောင့် အံ့ဩရုံသာ အံ့ဩရပေမည်။ ကြည်ညိုကိုးကွယ် ရမည်မဟုတ်၊ တကယ်ကြည်ညိုကိုးကွယ်ရမည့်အရာကား သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးပါးသာဖြစ်ပါ၏။ တစ်လောက စာစောင်တစ်ခုတွင် ဟိုးလေးတကျော်ကျော်ဖြစ်အောင် ဖော်ပြသော ဖြစ်ရပ်ဆန်းတစ်ခုကို ဖတ်လိုက်ရသေးသည်။ တခြားကားမဟုတ် -

ဘိုးမင်းခေါင်အမည်ခံ ပုဂ္ဂိုလ်တစ်ယောက်က မိုးမျှော်ငရုတ်သီးများ ကို ပန်းကန်အပြည့်ကုန်သည်အထိ ဝါးပြသည်ဟူ၏။ တစ်ဖန်ကျန်သော ငရုတ်သီးများကို လာကြည့်သူများအား စားကြည့်စေရာ ထန်းလျက်ကဲ့သို့ ချိုနေသည်ဟုပါ၏။ ငရုတ်သီးများကိုချိုစေသည်မှာ အံ့ဩစရာ ကောင်းသည်က မှန်ပါ၏။

သို့သော် ထိုသို့ငရုတ်သီးကို ချိုအောင်လုပ်ခြင်းဖြင့် လောကကို ဘာများကောင်းကျိုးပြုပါသနည်း။ ထို့ကြောင့် ထူးခြားဆန်းကြယ်သော အရာကို တွေ့တိုင်းကြည်ညိုလေးစားစရာမလိုပါ၊ လောကကို ဘယ်၍ဘယ်မျှ ကောင်းကျိုးပြုသနည်းဟူသော ပေတံဖြင့်တိုင်းတာပြီးမှသာလျှင် ကြည်ညို လေးစားခြင်းကို ပြုသင့်ပေသည်။



ယခုလည်းကြည့်ပါ၊ ရေကိုဓါတ်ဆီဖြစ်အောင် လုပ်ပြလိုက်ရုံဖြင့် အချဉ်သုံးယောက်မှာ ဘိုးတော်ဆိုသူအား ချီးကျူးမဆုံး ကြည်ညိုမဆုံး ဖြစ်နေကြသည်။ တကယ်သာရေကို ဓါတ်ဆီဖြစ်စေနိုင်စွမ်းရှိသည်ဆိုလျှင် တောင်သမန်အင်းထဲမှ ရေများကိုဓါတ်ဆီဖြစ်အောင် လုပ်ပြီး နိုင်ငံခြားကို ရောင်းချစေကာ မြန်မာတစ်ပြည်လုံးချမ်းသာအောင် လုပ်ပေးနိုင်ပါမည်လော။

ထိုသို့လည်းလုပ်ပေးနိုင်စွမ်းမရှိပါ။ ဒါဆိုရင် ခုရေပုံးထဲကရေကို ဓါတ်ဆီဖြစ်အောင် ဒီဘိုးတော်ဘယ်လိုလုပ်လိုက်သလဲဟု စာဖတ်သူအတော် သိချင်ပေလိမ့်မည်။ ကြည့်ပါ - ဘိုးတော်ကိုယ်တိုင်ကထုတ်ပြောပါလိမ့်မည်။ သူဌေးဖြစ်သူ၏ကား ထွက်သွားသည်နှင့် ဘိုးတော်ဖြစ်သူငြီးလိုက်သည်မှာ -

“အင်း အိမ်ကကားထဲက ရှိသမျှဓါတ်ဆီလေးတော့ကုန်ပါပြီ” ဟူ၏။ ဆိုလိုရင်းမှာ ရေကဓါတ်ဆီဖြစ်သွားခြင်းမဟုတ်၊ ဘိုးတော် လိမ်မွေးထားသော သူရဲက သူဌေးရေပုံးထဲကရေကို သူ၏ ကမ္မဇိဒ္ဓိတန်ခိုးဖြင့် ရေသွန်ပစ်ပြီး ဘိုးတော်ပိုင်ကားထဲမှ ဓါတ်ဆီကိုထုတ်ယူ၍ ထည့်ပေးလိုက်ခြင်းသာ ဖြစ်ပေသည်။ ဤနေရာ၌တိုက်ဆိုင်မှုရှိလာသဖြင့် စာရေးသူရေးသားခဲ့သော ဒဿနသဘောပါသည့် ဆောင်းပါး တစ်ပုဒ်ကိုလည်း ဖော်ပြလိုက်ပါသည်။ ဆောင်းပါးအမည်က။

စာရှုသူတိုင်းအလိမ်အညာကင်းဝေးကြပါစေ၊ လောက၌ လူလိမ်နည်းမျိုးစုံဆက်ပေါ်နေသမျှ ယုံမှတ်လို့ပုံအပ်မိသူများ အကြောင်း ၃၊ ၄ စသည်တို့လည်း ဆက်လက်ထွက်နေပါဦးမည်။ ကိုယ်တွေ့အလိမ်ခံရပုံများကို အောက်ပါ လိပ်စာအတိုင်းရေးပို့နိုင်ပါသည်။

ဦးဇဝန
မေတ္တာရှင်(ရွှေပြည်သာ)
မန္တလေးကျောင်း
(၆)ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်

## လေလံတင်သောဓါတ်လုံးများ

၁၃၆၀-ခုနှစ်၊ တန်ဆောင်မုန်းလ၏ တစ်ခုသောရက် ထေရဝါဒစာပေများကို ဖတ်စပြုလာပြီဖြစ်သော ပင်စင်စားဆရာမတစ်ဦး ကျောင်းသို့ရောက်လာသည်။ ဦးချပြီးလျှင်ပြီးချင်း ခရီးရောက်မဆိုက် လျှောက်ထားလိုက်သည်က -

"ဆရာတော်ဘုရား တပည့်တော် မနေ့ ၂ (          ) တောင်ကို ရောက်ခဲ့တယ်ဘုရား၊ သွားကြတာကတော့ ကထိန်သင်္ကန်းကပ်ပွဲရော ဆရာတော်ကိုသိက္ခာထပ်ပွဲရောပေါ့ဘုရား၊ အဲဒါတောင်ပေါ်ရောက်မှ ထူးခြားချက်တစ်ခုကိုတွေ့ခဲ့လို့ ဆရာတော်ကိုလျှောက်ရအောင် လာခဲ့တာပါ ဘုရား"

"ဒါယိကာမကြီးက ဘာတွေများတွေ့ခဲ့တာလဲ"

"အဲဒီတောင်ပေါ်က ကိုယ်တော်လေးက ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကို ကျင့်တာကိုးဘုရား၊ အဲဒီလိုကျင့်နေစဉ်မှာ ထွက်ရပ်ပေါက်လမ်း အောင်မြင်သွားခဲ့ကြတဲ့ ဝိဇ္ဇာတွေက သိဒ္ဓိအားလုံးပြီးစီးစေတဲ့ ဓါတ်လုံးတွေ ဝိုင်းပေးကြသတဲ့ဘုရား၊ ဒီဓါတ်လုံးတွေကိုလဲတောင်နဲ့ ပဌာန်းဆက်ပါတဲ့ သူတွေကိုသာ ဝေငှရမယ်လို့ အမိန့်ချသတဲ့ဘုရား"

"ဒါနဲ့ လာလာသမျှလူတွေကို အားလုံးဝေငှတာပဲလား"

"အဲလိုတော့ အလကားမဝေဘူးဘုရား ဓါတ်လုံးတွေရဲ့ စွမ်းရည်ကလည်း တော်တော်ထက်ဆိုပဲဘုရား။ ဒီဓါတ်လုံးတွေ ဆောင်ထားတာနဲ့ စီးပွားရေး၊ ကြီးပွါးရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေးတွေ အကုန်လုံး အဆင်ပြေသတဲ့ဘုရား၊ ဒါ့ကြောင့်ဓါတ်လုံးတစ်လုံးလိုချင်ရင် တောင်အတွက် ရံပုံငွေ ငါးထောင်ထည့်ရတယ်ဘုရား"

"ဒါဆိုရင်ငွေငါးထောင်ပေးနိုင်မှ ဓါတ်လုံးရတယ်ပေါ့"

"ငွေငါးထောင်ပေးနိုင်တိုင်းလည်းမရဘူးဘုရား"

"ဟောဗျာ ဒါဆိုဘယ်လောက်ထိပေးရသလဲ"



"ဒါကတော့ ကန့်သတ်ချက်မရှိဘူးဘုရား၊ ယူချင်တဲ့သူတွေက များတော့ ငွေပိုပေးနိုင်တဲ့သူတွေကို ဦးစားပေးတာကိုတွေ့ရတယ်ဘုရား"

"အင်း အရင်တုန်းကတော့ အင်းတွေ၊ အိုင်တွေ လေလံပစ်တာပဲကြားဘူးတယ်၊ အခုမှ ဓါတ်လုံးလေလံပစ်တာ ကြားဘူးတော့တာပဲ၊ ဒါနဲ့နေပါဦး၊ ဒါယိကာမကြီးရော အဲဒီဓါတ်လုံး လေလံဆွဲခဲ့သေးလား"

"တပည့်တော်လည်း ဆရာတော်ကျေးဇူးကြောင့် ထေရဝါဒစစ်စစ် မဂ္ဂဇင်းလေးတွေဖတ်လာတော့ အရင်လိုရမ်းမယုံတော့ဘူး၊ ဘုရား - စဉ်းစားမိတဲ့ အချက်တစ်ချက်ကြောင့် ဒီဓါတ်လုံးလေလံမဆွဲခဲ့ပါဘူး ဘုရား"

"အင်း ဒါယိကာမကြီးကို ဓမ္မရံသီဓမ္မရတနာမဂ္ဂဇင်းတွေ ဖတ်ခိုင်းရကျိုးနပ်လာပြီ၊ ဒါနဲ့နေပါဦး၊ ဘယ်လိုစဉ်းစားမိလို့လေလံမဆွဲတာလဲ"

"ဆရာတော်နှယ် ဒီဓါတ်လုံးကိုဆောင်လို့ ငွေချမ်းသာလာမယ် ဆိုတာကနောက်၊ လောလောဆယ် ဓါတ်လုံးအတွက် ပေးလိုက်ရလို့ ငွေငါးထောင်ဆင်းရဲသွားမှာက အရင်ကိုးဘုရား - ဒါနဲ့ ဆရာတော် ဒီဓါတ်လုံးကိုဆောင်ထားရုံနဲ့ ကြီးပွားချမ်းသာလာနိုင်မယ်ဆိုတာ ဟုတ်နိုင်ပါ့မလားဘုရား၊ အဲဒါတပည့်တော်သေချာသိချင်လို့ ဆရာတော်ကို လာလျှောက်တာဘုရား"

"ဒီမေးခွန်းကို အချက်နှစ်ချက်နဲ့ဖြေပေးမယ် - ပထမအချက် အနေနဲ့ လူသားဟာ ပုဂ္ဂိုလ်လေးမျိုးအနက် ဘယ်ထဲမှာပါတယ်ဆိုတာကို ဦးစွာသိရမယ်၊ ပုဂ္ဂိုလ်လေးမျိုးက -

## ပုဂ္ဂိုလ်လေးမျိုး

နတ်ပြဟ္မာများမှာ ရှေးဘုန်းကံကိုသာ မှီခိုအသက်မွေးရတဲ့အတွက် ပုညူပဇီဝိပုဂ္ဂိုလ်လို့ခေါ်တယ်၊

တိရစ္ဆာန်တွေဟာ ဝီရိယကိုသာ အားကိုးရတဲ့ ဝီရိယူပဇီဝိ ပုဂ္ဂိုလ်လို့ ခေါ်တယ်၊

ငရဲခံနေသူနဲ့ ပြိတ္တာ၊ အသူရကာယ်များကတော့ ဘုန်းကံ ဝီရိယတစ်ခုမှ အားကိုးလို့မရဘဲ အကုသိုလ်ကုန်မှသာ လွတ်မြောက်နိုင်တဲ့ ပုဂ္ဂိုလ်လို့ မှတ်ရမယ်"

လူသားကတော့ ဘုန်းကံ၊ ဝီရိယနှစ်မျိုးလုံးအားထားပြီး အသက်မွေးရတဲ့ ဥဘယူပဇီဝိပုဂ္ဂိုလ်များဖြစ်တယ်၊ အဲ့ဒီတော့ ဒီဓါတ်လုံးဆောင်ထားရုံနဲ့ ချမ်းသာလာမယ်လို့ ယူဆလိုက်ရင် ရှေးဘုန်းကံကိုရော ကြိုးစားအားထုတ်နေတဲ့ ဝီရိယကိုပါ ပယ်လိုက်ရာရောက်တဲ့အတွက် ပစ္စက္ခ၊ သံသရာနှစ်ဖြာလုံးဆင်းရဲရောက်စေမယ့် ဝါဒဆိုးကြီးမို့ သိသိခြင်း၊ အမြန်ဆုံးပယ်ရှားကြရမယ်"

"ဒုတိယအချက်အနေနဲ့ ဖြေရရင် ဒါယိကာမကြီးကို မေးခွန်းအနည်းငယ်တော့ မေးရဦးမယ် - ကဲ ဒါယိကာမကြီးဖြေစမ်းပါ။ တစ်လောကလုံးမှာ မြတ်စွာဘုရားထက် ဘုန်းတန်ခိုးကြီးနိုင်တဲ့ သူရှိနိုင်ပါ့မလား"

"မရှိနိုင်ပါဘူးဘုရား"

"တစ်ခါ သတ္တဝါတွေအပေါ် မြတ်စွာဘုရားထက်ပိုပြီး မေတ္တာ၊ ကရုဏာ ထားတဲ့သူရှိနိုင်ပါ့မလား"

"မရှိနိုင်ပါဘုရား"

"ဒီအဖြေဟာ သေချာတယ်နော်"

"သေချာပါတယ်ဘုရား - ဘယ်လိုမှ မလွဲနိုင်ပါဘူးဘုရား"

"ဒါဆိုရင် တန်ခိုးအာနိသင်မှာရော မေတ္တာ၊ ကရုဏာအရာမှာရော အတုမရှိတဲ့ မြတ်စွာဘုရားတောင်မှ ဒီလူကတော့ဆင်းရဲစေ၊ ဒီလူကတော့ ချမ်းသာစေလို့ လုပ်လို့မရရင် ဘာမှမပြောပလောက်တဲ့ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီဆိုသူတွေက ငါတို့ဓါတ်လုံးဆောင်ထားတဲ့သူတွေက ချမ်းသာစေ၊ မဆောင်သူတွေကတော့ ဆင်းရဲစေလို့ လုပ်လို့ရနိုင်ပါ့မလား"

"ဘယ်လိုမှရနိုင်စရာမရှိပါဘုရား"

"သတ္တဝါတွေဟာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင်



ဆွေမျိုး၊ ကံသာလျှင် အမွေခံလို့ ဘုရားဟောခဲ့တာ ဘယ်လောက်မှန်သလဲဆိုတာ ဗုဒ္ဓလက်ထက်တော်မက သာဓကနှစ်ခုကို အကျဉ်းချုပ်ထုတ်ကြည့်ကြရအောင်"

"မှန်ပါ မိန့်တော်မူပါဘုရား"

"ပထမတစ်ခုက မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ပေါင်းတစ်ထောင်ကို ကြည့်လိုက်ပါ။ ဘုရား၊ တရား၊သံဃာ ပေါ်ထွန်းနေပြီလို့ကြားတာနဲ့ နန်းစည်းစိမ် မိဖုရားတွေကို စွန့်ပြီး ဘုရားရှင်ရှိရာရောက်လာခဲ့ကြတယ်၊ ဘုရားကလည်း အသင့်ကြိုဆိုတော်မူပြီး တရားဟောလိုက်တာ တရားအဆုံးမှာ အားလုံး သောတာပန် တည်သွားကြတယ်".

## သောတာပန်ဖြစ်ရုံနှင့် ရဟန်းဝတ်ခွင့်ရသူများ

"အရိယာဖြစ်ပြီးတာနဲ့ တပည့်တော်တို့ကို ရဟန်းပြုပေးတော်မူပါဘုရားလို့ လျှောက်တဲ့အတွက် ညာလက်ရုံးကိုတန်းတော်မူပြီး ဧဟိဘိက္ခုချစ်သားတို့လာကြ၊ ငါဘုရား သာသနာမှာ ကိလေသာကုန်ရာဖြစ်သောအကျင့်ကိုကျင့်ကြလို့ မိန့်တော်မူလိုက်တာနဲ့တစ်ပြိုင်နက် မဟာကပ္ပိနမင်းကြီးနဲ့ အမတ်ပေါင်းတစ်ထောင်တို့ဟာ ကတုံးတုံးပြီးသား သင်္ကန်းရုံပြီးသား သပိတ်ပိုက်ပြီးသား ဝါတော် (၆၀) ရမထေရ်ကြီးတွေလို တစ်ခါတည်းဖြစ်သွားကြတယ်။ (ဓမ္မပဒဋ္ဌကထာ)

"စာလိုကတော့ ဧဟိဘိက္ခုရဟန်းလို့ခေါ်တာပေါ့၊ ဒုတိယတစ်ခုကတော့ ဥဒါန်းပါဠိတော်မှာလာတဲ့ ဗာတိယဒါရုစိရိယကြီးကို ကြည့်ပါ။ ကုန်သည်လုပ်ရင်းသင်္ဘောပျက်ပြီး ပျဉ်ပြားတစ်ချပ်နဲ့ ပင်လယ်ထဲမျောနေရာက (၇) ရက်လောက်ကြာတော့ သုပ္ပါရက အမည်ရတဲ့ဆိပ်ကမ်းရွာလေးမှာသွားတင်တယ်"

"ပင်ပန်းလွန်းလို့ အိပ်ပျော်သွားရာမှ နိုးလာလို့ကြည့်လိုက်တော့ အဝတ်အစားက ပင်လယ်ထဲ စုတ်ပြတ်ကျန်ခဲ့တာ တစ်ခုမှ မရှိတော့ဘူး၊

ရှက်ရှက်နဲ့ အနားမှာ တွေ့တဲ့ မြက်တွေကိုပဲ အရှက်လုံရုံ ခါးနားမှာ ပတ်ပြီး ရွာထဲမှာ ထမင်းတောင်းစားရှာတယ်၊ ရွာကလူတွေက ရဟန္တာထင်ပြီး ကိုးကွယ်ရာက ဘုန်းတော်ကြီးဖြစ်သွားတယ်"

အသိဉာဏ်နည်းတဲ့ လူတွေပေါများနေသမျှ လူနပ်၊ လူပါး၊ လူလည်တွေ စားပေါက်ချောင်တာဟာ အခုမှ မဟုတ်ဘူး၊ ဘုရားလက်ထက် ကတည်းက ရှိနေခဲ့တယ်ဆိုတာ ဗာဟိယဝတ္ထုက သက်သေပြနေတာပေ့ါ။

"ဒါနဲ့ တစ်နေ့တော့ ကဿပဘုရားလက်ထက်က တရားကျင့်ဖော်ကျင့်ဖက် ရဟန်းတစ်ပါးက အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသဘုံ ရောက်နေတာကိုး၊ သူကလမ်းမှန်ကို ညွှန်ပြလို့ ဗာဟိယကြီး ဘုရားရှိရာ သာဝတ္ထိမြို့ကို အရောက်ပြေးပြီး တရားနာလိုက်တာ တရားအဆုံးမှာ ရဟန္တာဖြစ်သွားခဲ့တယ်"

## ရဟန္တာဖြစ်သော်လည်းရဟန်းဝတ်ခွင့်မရသူ

"ရဟန္တာဖြစ်ပြီးလို့ ရဟန်းပြုပေးဘို့တောင်းပန်တဲ့အခါ ဗုဒ္ဓဘာသာ မဟာကပ္ပိန ဘုရင်ကြီးတို့လို ဧဟိဘိက္ခုမခေါ်ဘဲ ပရိက္ခရာ ရှာခိုင်းလိုက်တယ်။ နောက်ဆုံး ပရိက္ခရာရှာမရလို့ နွားတစ်ကောင်ရဲ့ အတွေ့ခံရလို့ လူဝတ်နဲ့ပဲ ပရိနိဗ္ဗာန်စံသွားရတယ် ရဟန်းဝတ်ခွင့် ရမသွားရှာဘူး"

"ဒီဖြစ်ရပ်နှစ်ခုမှာ စောဒကတက်စရာပေါ်လာပြီ၊ မဟာကပ္ပိန ဘုရင်ကြီးနဲ့တကွ အမတ်ပေါင်းတစ်ထောင်ကိုတော့ ဧဟိဘိက္ခုရဟန်းခေါ်ပြီး ဗာဟိယတစ်ယောက်တည်းကိုတော့ ဧဟိဘိက္ခု မခေါ်တာက ဘယ်လို သဘောလဲဆိုတဲ့ မေးခွန်းပဲ"

"ဘာသာရေးဗဟုသုတလည်းနည်း၊ စစ်စစ်ပေါက်ပေါက်လည်း တွေးခေါ်မထားဘူးဆိုရင် ဘုရားကိုတောင် မျက်နှာလိုက်တယ်လို့ ထင်စရာဖြစ်မနေဘူးလား"



"ဖြစ်နေပါတယ်ဘုရား"

သံသာညွှံညစ်၊ ကျွံနစ်ဟိန္ဒိဂူ
သားချစ်ရာဟု၊ မျှော်ရှုပုံတူ
ကြည်းကုန်းထက်သို့၊ ဆွဲလျှက်တင်သူ
ကျွန့်ထိပ်ဦး၊ ကွန့်မြူးစံတော်မူ" ဆိုတဲ့ ဘုရားပင့်လင်္ကာလေးအတိုင်း ဘုရားရှင်ဟာ သတ္တဝါဝေနေယျမှန်သမျှကို သားတော်ရာဟုလာလိုချည်းပဲ သဘောထားပြီး သံသရာဝဲဩဃာထဲကနေ နိဗ္ဗာန်ဆိုတဲ့ ကြည်းကုန်းထက်ကို ကင်ပေးတာချည်းပါပဲ ဘယ်သူ့ကိုမှ မျက်နှာမလိုက်ပါဘူး။

"ဗုဒ္ဓကဧဟိဘိက္ခုခေါ်လို့ ရဟန်းဖြစ်သွားတဲ့အခါ ဆင်မြန်းပြီးသား ဖြစ်သွားတဲ့ ပရိက္ခရာတွေဟာ ဘုရားကဉ်ုဖွဆိုပြီး ပေးလိုက်တာမဟုတ်ဘူး၊ ရှေးဘဝက သူတို့ လှူခဲ့တဲ့ ပရိက္ခရာအလှူ ကုသိုလ်ကလာပေးတာပါ"

"မဟာကပ္ပိနဘုရင်နဲ့တကွ အမတ်ပေါင်းတစ်ထောင်တို့ဟာ ရှေးဘဝက ပစ္စေကဗုဒ္ဓါအပါးတစ်ထောင်ကို ကထိန်သင်္ကန်း တစ်စုံစီ လှူခဲ့ကြဘူးတယ်၊ အဲဒီကုသိုလ်ရှိနေလို့ ဗုဒ္ဓက ဧဟိဘိက္ခု ခေါ်ပေးတာပါ။ ဗာဟိယကြီးကတော့ ရဟန္တာဖြစ်လောက်တဲ့ ဝိပဿနာတရားတွေ ကျင့်ကြံ ပွားများခဲ့သော်လည်း ပရိက္ခရာတစ်ခုမှ လှူဘူးတဲ့ကုသိုလ်မရှိဘူး၊ ဒါ့ကြောင့် ဧဟိဘိက္ခုမခေါ်တာပါ"

"ကဲ ဒါလောက်ဆိုရင် ဒါယိကာမကြီး ရှင်းလောက်ပါပြီ၊ အတုမရှိတဲ့ ဘုရားရှင်တောင်မှ မင်းကတော့ ပရိက္ခရာရစေ၊ မင်းကတော့ မရစေနဲ့လို့ လုပ်မပေးနိုင်ရင် ကျန်တဲ့ဘယ်လိုပုဂ္ဂိုလ်ကမှ လူတစ်ယောက်ကို ချမ်းသာ ဆင်းရဲဖြစ်အောင် လုပ်မပေးနိုင်ကြောင်း တထစ်ချ မှတ်သားထား လိုက်ပါတော့"

"မှန်ပါ့ ကျေးဇူးကြီးလှပါတယ်ဘုရား"

တဏှာရာဂဆိုသည်မှာ ဝမ်းတွင်းပါမဟုတ်ပါ။

မစင်ကြယ်သောစိတ်နှလုံး၏ တွေးတောမှုသာဖြစ်သည်။

အကျွန်ုပ် တရားအထူးကို ကျင့်၍ရနိုင်ပါမည်လားဟုမေးလျှင် အကျွန်ုပ်

ဟူသော အမြင်ကို ပယ်ဖျောက်သွားစေမှ တရားအထူးကို ရနိုင်ပါလိမ့်မည်ဟု ဖြေသည်။

(ရာမာခရစ်ရှ ဘုန်းတော်ကြီး)

## လူယုံပါအသတ်ခံရခြင်း

ဘီပီအိုင် ဆေးဝါးထုတ်လုပ်ရေးဝတ်စုံနှင့် အသက် (၂၅)နှစ်ခန့် လူရွယ်တစ်ယောက် စာရေးသူကျောင်းမှ ကျောင်းအိပ်ကျောင်းစား ကျော်ထွန်းနှင့်အတူ ကျောင်းတွင်းဝင်လာကြသည်။ စာရေးသူကို ဦးချပြီးသည်နှင့် ဝတ်စုံနှင့်လူငယ်က -

"တပည့်တော်က ဘီပီအိုင်က ဝန်ထမ်းတစ်ယောက်ပါဘုရား" လုပ်သက်ခုနှစ်နှစ်လောက်ရှိပါပြီ တပည့်တော်အဖေဆိုရင်တော့ လုပ်သက် (၂၀)ကျော်ပြီပေါ့ဘုရား၊ ဒီကျော်ထွန်းကတော့ တပည့်တော်နဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းတွေပါ။ အခုဆရာတော်ကျောင်းက ကျောင်းသားနှစ်ယောက် အလုပ်ရှာနေတယ်ကြားလို့ဝင်လာတာပါဘုရား"

"ဟုတ်ပါတယ် - ဒကာလေးတို့ ဘီပီအိုင်မှာများ အလုပ်သွင်းပေးလို့ ရနိုင်မလား"

"အဲဒီအတွက်လာခဲ့တာပါဘုရား၊ သာမန်အချိန်ဆိုရင်တော့ ဘီပီအိုင်မှာ အလုပ်ရဖို့ မလွယ်ဘူးဘုရား၊ အခုလောလောဆယ်တော့ အရေးပေါ် အလုပ်သမားသုံးယောက်လောက်လိုနေလို့ လူကြီးတွေက မြန်မြန်ခေါ်ခိုင်းထားတယ်ဘုရား၊ တစ်ယောက်ကတော့ သွင်းပေးပြီးသွားပြီ ဘုရား၊ နှစ်ယောက်စာတော့ ကျန်နေသေးတယ်ဘုရား"

"ဒါဆိုရင်တော့ အတော်ပေါ့ ဒီမှာလည်းကျောင်းသားနှစ်ယောက်ပဲ အလုပ်လိုနေတာ၊ ဒါနဲ့နေပါဦး လခဘယ်လောက်များရမှာတုန်း"

"လခကတော့၊ တစ်လလေးထောင်လောက်ပါပဲ၊ ဒါပေမယ့် အပိုဆုတွေ ဘာတွေနဲ့ဆိုရင် ခုနှစ်ထောင်လောက်ရတယ်ဘုရား၊ ဒီကြားထဲ



ဆေးပြားလေးဘာလေးလစ်ပြီး၊ အပေါက်ဝမှာ ပြန်ရောင်းလိုက်ရင် တစ်လတစ်သောင်း၊ တစ်သောင်းခွဲတော့ အသာလေးပေါ့ဘုရား"

"ဟာ. . . အဲဒီလို ခိုးတာ၊ ဝှက်တာတွေတော့ ငါတို့က မကြိုက်ဘူးကွ၊ သမ္မာအာဇီဝကျကျ ရတဲ့လခလေးနဲ့ပဲ တော်ပါပြီကွာ၊ ငါ့တပည့်တွေလည်း အဲဒီလို မခိုးစေချင်ပါဘူး"

"ဒါကတော့ ဆရာတော်၊ အလုပ်သမားတိုင်းခိုးနေကြတာပဲ၊ ဘာမှ မထူးဆန်းပါဘူး၊ ဆရာတော့်တပည့်တွေ ဟိုမှာခိုးလည်း ဆရာတော်က ဘာသိနိုင်တာမှတ်လို့"

ထိုအခါ အလုပ်ဝင်မည့် ကျောင်းသား ဟန်လင်းက -

"စိတ်ချပါ ဆရာတော်၊ ဘယ်သူခိုးခိုး တပည့်တော်တို့ကတော့ မခိုးပါဘူးဘုရား"

"ဒါနဲ့၊ အလုပ်ရဖို့အတွက် လူကြီးတွေကို ငွေဘယ်လောက် ပေးရဦးမှာတုန်း"

"သိပ်မများပါဘူးဘုရား၊ တစ်ယောက်ကို ထောင့်ငါးရာစီလောက် ပေးရင်ရပါတယ်ဘုရား"

"စာရေးသူစဉ်းစားရပြီ၊ ပြီးခဲ့တဲ့ငါးနှစ်ခန့်ကလည်း ကိုရင် လူထွက်တစ်ယောက် အလုပ်လုပ်ရန်အတွက် ရဟန်းအမကြီး နော်မြသန်း၏ အဆက်အသွယ်ဖြင့် လူတစ်ယောက်ကျောင်းကို ရောက်လာသည်။ အလုပ်ကတော့အဆင့်မြင့်၏။ ဘောင်ကိုးရီးယားသံရုံးမှာတဲ့ တစ်လ ငါးထောင်ကျော်လောက်ရမယ်တဲ့"

လွန်ခဲ့သောငါးနှစ်ကျော်ကငွေငါးထောင်သည် ယခုခေတ် ငွေငါးသောင်းနီးပါး တန်ဖိုးရှိပါသည်။ အလုပ်ဝင်ဘို့အတွက် ငွေနှစ်ထောင် တော့ပေးရမယ်တဲ့။ ငါးထောင်ရဘို့အတွက် နှစ်ထောင်ရင်းရဲ ပါသည်။

သို့သော် သည်လောက် လခကောင်းနေရာကို သည်မျှ လွယ်လွယ်ကူကူဖြင့် ရနိုင်ပါမည်လော။ သံသယဝင်မိ၏။ ငွေနှစ်ထောင် ထုတ်ပေးပြီးမှ အလုပ်မရတော့ဘူးဆိုလျှင် မိမိတို့က ဘာများ တတ်နိုင်

ပါမည်နည်း။ ခက်နေသည်က ထိုသူ့ထံတွင် ငွေနှစ်ထောင်ကို စိတ်ချလက်ချ ပေးလိုက်ရန်မှာထားသော ရဟန်းအမကြီး၏ လက်ရေးဖြင့် စာကပါနေသဖြင့် ဘာမှဆက်မစဉ်းစားတော့ဘဲ -

ရဟန်းအမကြီးကို ယုံကြည်သောစိတ်ဖြင့် ငွေနှစ်ထောင် ထုတ်ပေးလိုက်ပါတော့သည်။ တစ်ပါတ်အတွင်းရမည်ဆိုသော အလုပ်က တစ်လကျော်သည်အထိ မရတော့မှ အလိမ်ခံရမှန်းသိရတော့သည်။ မိမိ၏ လူယုံဖြစ်သော ရဟန်အမကြီးကိုယ်တိုင် (အသတ်ခံ) အလိမ်ခံရသောအခါ မိမိဘာများ တတ်နိုင်ပါမည်နည်း။

ထို့ကြောင့်လည်း ငွေကို ချက်ချင်းထုတ်မပေးသေးဘဲ တပည့်ရင်း လူယုံတော်ကျော်ထွန်းကို သေချာမေးရပြန်ပါသည်။

"ကျော်ထွန်း မင်းကိုယ်တိုင်တာဝန်ယူနိုင်ရဲ့လား -ဘီအိုင်ပီကို သွားတဲ့အခါ မင်းရောပါသွားမှာလား"

"စိတ်ချပါဘုရား - တပည့်တော်ကိုယ်တိုင် စက်ရုံထဲကို လိုက်သွားမှာပါဘုရား"

လိမ်တာ၊ ညာတာ၊ ဆေးခိုးတာတွေကို မြိန်ရေယှက်ရေ ပြောနေသော ထိုသူငယ်ကိုတော့ သိပ်စိတ်မချသဖြင့် သုံးထောင်သောငွေကို တပည့်ကျော် - ကျော်ထွန်းလက်ထဲ ထည့်ပေးလိုက်ပါတော့သည်။ သူတို့ ထွက်သွားပြီး ညနေခင်းမှာပင် ပြန်ရောက်လာကြသည်။ ထိုသူငယ်က -

"အလုပ်ကတော့သေချာသွားပါပြီဘုရား၊ လာမဲ့ကြာသပတေးနေ့မှာ စဆင်းရမယ်ဘုရား၊ စက်ရုံဝတ်စုံတွေ ဘာတွေတော့ ချုပ်ထားရမယ်ဘုရား"

"အေးပေါ့လေ ချုပ်ဆိုလဲချုပ်ရမှာပေါ့"

သို့နှင့် သူတို့ပြန်သွားပြီး နောက်တစ်ရက်မှာပင် ဆွမ်းအမကြီး ခေါ်ယဉ်ယဉ်လှ ကျောင်းရောက်လာသဖြင့် ထိုအလုပ်ကိစ္စနှင့် ပတ်သက်၍ ခမေးမြန်းစုံစမ်းကြည့်ရာ -

"ဟာ ဆရာတော်အဲဒီနေရာတွေ အလုပ်ရဖို့ဆိုတာ အင်မတန် ခက်တယ်ဘုရား၊ အကပ်လည်းရှိမှ အနည်းဆုံး လေးငါးခြောက်ထောင်



လောက် ကုန်မှ အညံ့ဆုံးနေရာလေးလောက် ရတာဘုရား၊ ခုဟာက ငွေလေး ထောင့်ငါးရာနဲ့ နေရာကောင်းကောင်းမှာ ရမယ်ဆိုတာ မဖြစ်နိုင်ဘူးဘုရား"

"အေး ဖြစ်နိုင်မဖြစ်နိုင်တာအသာထား ငွေသုံးထောင်ကတော့ လက်လွှန်သွားပြီ။ ကိုယ့်လူယုံပါလို့ ပေးလိုက်မိတာ အဲဒီကောင်ကိုပါ ချက်ခြင်းခေါ်မေးရမယ်"

သို့နှင့် တပည့်လူယုံတော် ကျော်ထွန်းကို ရှေ့တော် သွင်းစေရ ပြန်သည်။ ရောက်သည်နှင့် -

"ကျော်ထွန်းမနေ့က အလုပ်ရုံကိုလိုက်သွားတော့ ငါပေးလိုက်တဲ့ ငွေသုံးထောင်ကို လူကြီးတွေလက်ထဲ မင်းကိုယ်တိုင်ထည့်ပေးလိုက်တာလား- ဟိုကောင်ကထည့်ပေးလိုက်တာလား"

အဲဒါတော့ တပည့်တော်မသိဘူးဘုရား - ပိုက်ဆံယူပြီး လူကြီးရုံးခန်းထဲ သူတစ်ယောက်တည်းဝင်သွားတာပါပဲဘုရား၊ တပည့်တော် ကတော့ စောင့်နေတာဘုရား"

"သေလိုက်ပါတော့ကွာ ရုံးထဲဝင် သွားပြီးမပေးဘဲ ပြန်ထွက်လာ တော့ မင်းကဘာသိမှာလည်းဟ၊ သွားပါပြီ မင်းကိုယုံပြီး ပေးလိုက်မိခါမှ လူယုံဖြစ်တဲ့မင်းပါ အသက်ခံရ(အလိမ်ခံ)ရပါပြီ။ အေးသူပြောတဲ့ ကြာသပတေးနေ့ရောက်လို့ဘာမှ မထူးခြားရင် လိမ်တာသေချာပြီပေါ့ကွာ"

"ကြာသပတေးနေ့ရောက်သော်လည်း သူကောင့်သားကား ပေါ်မလာတော့၊ သူ့အိမ်ကိုစုံစမ်းပြီး ကျောင်းသားများ သွားဝိုင်းသော အခါတွင်မှ လူလိမ်၏ဖခင် ဘီပီအိုင်အလုပ်သမားကြီးက သုံးထောင် အလျှော်ပေးလိုက်ရပါကြောင်း။

## အလိမ်ခံရခြင်းအကြောင်းရင်းများ

၁။ သနားတတ်လွန်းခြင်း
၂။ အားနာတတ်လွန်းခြင်း
၃။ ဗဟုသုတနည်းပါးလွန်းခြင်း
၄။ လိုချင်လောဘကြီးမားလွန်းခြင်း
၅။ ဖြစ်နေသောရောဂါပျောက်ချင်လွန်းအားကြီးခြင်း
၆။ လူလိမ်၏ အစည်းအရုံးခံထားသော မိမိလူကို စိတ်ချယုံကြည်လွန်းအားကြီးခြင်း။

သင်သည်ဖိနပ်စီးထားလျှင် ဆူးပေါ်သို့ နင်း၍ လျှောက်နိုင်၏။ ဘာသာရေးအသိ ပညာရှိထားလျှင် အန္တရာယ်များသည့် လောကအတွင်းဝယ် ဘေးကင်းစွာကျက်စားနိုင်၏။

(ရာမာခရစ်ရှနာဘုန်းတော်ကြီး)

## သူရဲရှင်းရသောလိမ်ညာမှု

စိတ်ဝင်စားစရာလည်းကောင်း၊ သခ်ႋနး်စာရစရာလည်းကောင်း၊ တရားရစရာလည်းကောင်းသောကြောင့် အင်းစိန်မြို့မှ တကယ့် ဖြစ်ရပ်တစ်ခုကိုပြန်လည်တင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ပတ်သက် ဆက်နွယ်သော ကာယကံရှင်များ ထင်ရှားရှိနေသောကြောင့် အမည်၊ နေရပ်လိပ်စာများကို ပြောင်းလဲဖော်ပြလိုက်ပါသည်။

အင်းစိန်မြို့မှ သူဌေးမကြီး ဒေါ်စိန် ခင်ပွန်းဆုံးတာ ကြာပြီဖြစ်သော်လည်း ခင်ပွန်း၏ လက်ငုပ်လက်ရင်းကုမ္ပဏီအလုပ်များကို ကျွမ်းကျွမ်းကျင်ကျင်လုပ်ကိုင်နိုင်မှုကြောင့် ခင်ပွန်းရှိစဉ်ကထက်ပင် စီးပွားဥစ္စာက ပိုမိုတိုးတက်ကြီးပွားလာသည်။ တစ်ဦးတည်းသော သမီးလေးကလည်း မိမိပေးစားသောသူနှင့်ပင် အိမ်ထောင်ပြုပြီး အိမ်မှာ အတူနေလျှက်



ရှိသည်။

ဗုဒ္ဓဘာသာဝင်တစ်ယောက်ပီပီ ပစ္စည်းဥစ္စာပြည့်စုံလာသည်နှင့် အလှူဒါနဖက် စိတ်ကူးကရောက်လာသည်။ သို့ဖြင့် စာသင်တိုက်တစ်ခုမှ ဆရာတော်တစ်ပါးထံသွားပြီး ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဖို့ ကတိပေးခဲ့သည်။

"ဆရာတော်ကျောင်းမှာ စာသင်သားသံဃာတွေများပြီး ကျောင်းကနည်းနေတော့ သံဃာတော်များနေရထိုင်ရ အင်မတန် ကျဉ်းကျပ်ပါတယ်ဘုရား၊ တပည့်တော်လှူဖြစ်အောင်လှူမှာပါဘုရား ဒါပေမယ့် အလုပ်တွေက တပည့်တော်ကိုယ်တိုင် ဦးစီးနေရတော့ အချိန်အားသိပ်နည်းပါတယ်ဘုရား ဒါကြောင့် အလုပ်ပါးပြီး အချိန်အားရက်ရတာနဲ့ တပည့်တော်ကျောင်းဆောင်ကို ချက်ခြင်းပြီးအောင်ဆောက်ပါ့မယ်ဘုရား၊ ဆရာတော်ဆောက်စေလိုတဲ့ နေရာကို သာတပည့်တော်ကို ပြထားပေးပါဘုရား"

သို့နှင့် ဆရာတော်ညွှန်ပြသော နေရာတွင် ဖေါင်ဒေးရှင်းချထားပြီး ကုမ္ပဏီအလုပ်များကို လက်စသတ်နေသည်မှာ တစ်လခွဲခန့်ကြာသွားသည်။ ထိုအချိန်တွင် ဒေါ်စိန်၏အသက်မှာ(၅၀)ပင်မပြည့်တတ်သေးသဖြင့် သူ့ကိုယ်သူသေဘို့ရာဆိုသည်မှာ စိတ်ကူးထဲပင်ထည့်မထားဘူးပေ။

နှစ်ထပ်ကျောင်းဆောင်အတွက် ထုခွဲရမည့်ရွှေထည်ပစ္စည်းကိုလည်း သီးသန့်ထုတ်ပြီး မီးခံသေတ္တာမှာ ထည့်ထားသည်။ တစ်ညတွင်တော့ ကယ်လိုမှ ထင်မှတ်မထားသော သေမင်းက ဒေါ်စိန်၏အခန်းဝသို့ ရောက်လာခဲ့လေပြီ။

အလုပ်သွားခါနီး ခေါင်းမူးလွန်းအားကြီးသဖြင့် အိပ်ယာတွင် ာမှိန်းနေရင်းဖြင့် ခေါင်းကမူးသထက်မူး၊ ကိုက်သထက်ကိုက်လာသဖြင့် ဒေါ်စိန်သိလိုက်ပါပြီ၊ "ငါဒီရောဂါနဲ့ မိနစ်ပိုင်းအတွင်း သေရတော့မှာပါလား" ရင်းအတွေးနှင့်အတူ သမီးဖြစ်သူကိုသူ့အနားသို့ အရေးတကြီး ခေါ်ယူလိုက်ည်။ သမီးဖြစ်သူရောက်လာသည်နှင့် -

"သမီးဖြူပြာ၊ အမေ့စကားကို သေချာနားထောင်စမ်း၊ အမေ မိနစ်ပိုင်းအတွင်း သေရတော့မယ်။ အမေ့ကိုယ်အမေသိပါတယ်။ (                    )ကျောင်းတိုက်က ဆရာတော်ကို နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်လှူဘို့ အမေကတိပေးထားတယ်။ ဖေါင်ဒေးရှင်းတောင်ချပြီးသွားပြီ"

"ဒါပေမယ့် အမေက ကိုယ့်ကိုယ်ကို အခုလို ပြန်းကနဲသေမယ်လို့ လုံးလုံးထင်မထားခဲ့ဘူး။ အဲဒါ မေမေရဲ့အမှားပဲ၊ သေခြင်းတရားကတော့ အမြဲတန်းရှိနေတယ်။ အသက်ရှင်နေရခြင်းကတော့ အမြဲမရှိဘူးဆိုတဲ့ ဆရာတော်တွေဟောနေတဲ့ တရားဟာ တကယ်မှန်ပါလားလို့ သိတဲ့အချိန် ဟာ အမေ့အတွက် သိပ်နောက်ကျနေပါပြီ"

"မီးခံသေတ္တာထဲမှာ ကျောင်းဆောက်ဖို့အတွက် သီးသန့်ဖယ်ပြီး ထုတ်ထားတဲ့ ရွှေထည်ပစ္စည်းနည်းနည်းပါးပါးရှိတယ်။ အဲဒါကိုတော့ အမေမရှိတဲ့နောက် အမေ့ကိုယ်စား သမီးလေးက ကျောင်းဆောက်လှူပေးပါ ကျန်တဲ့ တိုက်တာရွှေငွေအားလုံးကတော့ သမီးလေးအတွက်ချည်းပါပဲ၊ အမေ့အလှူအတွက်စိတ်ချပါရစေ၊ သမီးလေးရယ်" ဟုပြောပြီးသည်နှင့် ဒေါ်စိန်တစ်ယောက်တစ်ဘဝငြိမ်းသွားရပြန်လေပြီ။

## ပုတုဇဥ်တွေကြိုမသိနိုင်တဲ့အရာများ

ဝိသုဒ္ဓိမဂ်အဋ္ဌကတာတွင် ပုထုဇဥ်များကြိုမသိနိုင်သော အရာငါးမျိုးကိုဖွင့်ပြထားသည်။ ၎င်းငါးမျိုးကား -

၁။ ဘယ်အသက်အရွယ်မှာသေရမည်ကို ကြိုမသိနိုင်ခြင်း
၂။ ဘယ်အနာရောဂါဖြင့်သေရမည်ဟု ကြိုမသိနိုင်ခြင်း
၃။ နံနက်၊ နေ့လည်၊ ည ဘယ်ကလမှာသေရမည်ဟု ကြိုမသိနိုင်ခြင်း
၄။ ဘယ်နေရာမှာသေရမည်။ ဘယ်သုသာန်မှာ သင်္ဂြိုလ်ရမည်ဟု ကြိုမသိနိုင်ခြင်း



၅။ သေပြီးနောက် ဘယ်ဘုံဘဝရောက်မည်ဟု ကြိုမသိနိုင်ခြင်း တို့ဖြစ်ပေသည်။ ယခုလည်းဒေါ်စိန်တစ်ယောက် ကြိုမသိနိုင်သောအရာကို ကြိုသိနိုင်မည်အထင်ဖြင့် ပေါ့ပေါ့နေမိလိုက်ရာ ဥစ္စာလည်းပြည့်စုံ၊ သဒ္ဓါလည်းပြည့်စုံပါလျှက် ကျောင်းအလှူဒါနကို မပြုနိုင်ခဲ့ရရှာပေ။

ရက်လည်လည်းပြီးခဲ့ပြီ၊ လပါတ်လည်းပြီးခဲ့ပြီ။ ဒေါ်စိန်၏ နောက်ဆုံးဆန္ဒဖြစ်သော ကျောင်းအလှူကား သမီးဖြစ်သူ၏ နှမြောခြင်း၊ မစ္ဆရိယကြောင့် အကောင်အထည် ပေါ်မလာခဲ့ပေ။

## ရွှာအမှုဘုန်းကြီးပတ်သောနေ့

ထိုနေ့သည်ကား ဖြူပြာတို့တစ်အိမ်လုံး ကြိမ်မီးအုံးကျသောနေ့ ဟုပင် ဆိုရပါမည်။ မီးခံသေတ္တာသော့ပိတ်လျှက်ကပင် - ကျောင်းဆောက် လှူရန် အသင့်ထုပ်ထားသော ရွှေထည်ပစ္စည်းထုတ်လေးသည် အလိုလို ခြေထောက်ပေါက်ကာ ပျောက်သွားသောကြောင့်ပါတည်း။

လွန်ခဲ့သောဆယ်နှစ်ခန့်က ရှစ်သိန်းဖိုးခန့်တန်ဘိုးရှိသော ရွှေထည်ပစ္စည်းများသည် ယခုခေတ်အနေနှင့်ဆိုလျှင် သိန်း(၅၀)ဖိုးလောက် ရှိပေလိမ့်မည်။ ထို့ကြောင့်လည်း တစ်အိမ်လုံး ပိုက်စိတ်တိုက်ရှာပြီး မတွေ့သောအခါ ရဲစခန်းသို့ တိုင်ပါတော့သည်။

ဘယ်မှ သဲလွန်စရှာမရသောအခါ ရဲများလည်း ဦးနှောက် ခြောက်ရတော့သည်။ နောက်ဆုံးတစ်ခု သဲလွန်စကား ဘုန်းကြီးကျောင်းသာ ရှိတော့သည်။ သည်ရတနာကို ဘုန်းကြီးကျောင်းလှူမည်ဟူသော ဒေါ်စိန် မသေမီပြောခဲ့သာစကားအရ တွေ့တာ မတွေ့တာအပထား၊ ဆရာတော်အား သေချာစွာလျှောက်ထားပြီး ဆရာတော်ကျက်သရေခန်းတွင် ဝင်ရှာရာ ရွှေထည်ထုပ်ကို အံ့ဩဘွယ်ရာတွေ့ရပါတော့သတည်း။

မပြေးသော်ကန်ရာရှိဟူသော စကားအတိုင်း ဆရာတော်အနေဖြင့် သိုးယူခြင်းဘယ်လိုမှမဖြစ်နိုင်သော်လည်း ခိုးခုပ်ခိုးထည်က လက်တွေ့

မိနေပြီဖြစ်သောကြောင့် စတီးလ်လက်ကောက်(လက်ထိပ်)အလှူခံပြီး တစ်ခါမှ ဘုန်းမပေးဘူးသော ထောင်ဆွမ်းကို ဘုန်းပေးကြည့်ရန်သာ ရှိပါတော့သည်။

ကံကောင်းပါ၍။ ဆရာတော်ကို လက်ထိပ်ခတ်ပြီး ရဲစခန်းခေါ်သွားကာနီးအချိန်မှာပင် ဖြူပြာ၏သမီးကြီး (၁၄)နှစ်ခန့်ရှိ မြေးမလေးကို မကောင်းဆိုးဝါးရုတ်တရက် ဝင်ပူးပြီး ဖြူပြာကို လက်ညှိုးထိုးကာ အောက်ပါအတိုင်းပြောပါတော့သည်။

"သမီး ဖြူပြာ ညည်းမိုက်လှချေလား သမီးရယ်။ သမီးအတွက် အတွင်းပစ္စည်းတွေ၊ တိုက်တာခြံမြေကုမ္ပဏီတွေ အကုန်လွှဲခဲ့ပြီးသားပါကွယ်၊ ဒီရွှေထည်ထုပ်လေးကိုတော့ ဆရာတော်ကို ကတိပေးလျှောက်ထားပြီးမို့ အမေ့ကိုယ်စားကျောင်းဆောက်လှူရစ်ပါလို့ မှာခဲ့ရက်သားနဲ့ သမီးမလှူခဲ့ဘူး၊ အခုဆိုရင် တစ်လတောင်ကျော်ခဲ့ပြီ"

"မွေ့ခံထိုက်စေဆိုတဲ့ သားသမီးရဲ့ဝတ္တရားအတိုင်း အမေပိုင်ပစ္စည်းအားလုံးကိုတော့ အမွေခံယူပြီး လှူမျှဝေ၍ဆိုတဲ့ ဝတ္တရားအတိုင်းကျတော့ သမီးမလိုက်နာတာဟာ အတ္တဆန်လွန်းပါတယ် သမီးရယ် ဆိုင်ရာရဲမင်းကြီးများကိုလည်း ကျွန်မတောင်းပန်ပါတယ်"

"ဒီ ကျောင်းထဲရောက်နေတဲ့ ပစ္စည်းဟာ ကျွန်မကိုယ်တိုင် အိမ်ကယူလာပြီး ဆရာတော်ရဲ့ ကျက်သရေခန်းထဲ လာထားတာပါ။ ဆရာတော်နဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်မဆန္ဒအတိုင်း ဒီရွှေထည်ကိုသာ ကျောင်းအတွက် လှူပေးကြပါ"

ဟုပြောပြီးထွက်သွားခဲ့လေပြီ။ လောဘတရားကား ကြောက်မက်ဖွယ် ကောင်းစွ။ တမလွန်မှ ဒေါ်စိန်ကိုယ်တိုင် လာရောက်ပြီး ဖြေရှင်းပေးရသောကြောင့် အမှုကိစ္စကားရှင်းလင်းသွားခဲ့လေပြီ၊ လောဘကြီးသော သမီးဖြစ်သူကား မိခင်တစ်ယောက်သူ့အလှူအတွက် စိတ်မချနိုင်ဖြစ်ပြီး မကောင်းသည့်ဘဝ ရောက်နေသည်ကိုပင် မသနားနိုင်ဘဲ ကျောင်းအတွက် လှူထားသော ရွှေထည်ပစ္စည်းကို အကုန်မလှူခဲ့ပေ။



သူတစ်ပါးအပြောလွတ်ရုံ သုံးပုံတစ်ပုံခန့်သာ လှူခဲ့သောကြောင့် ကျောင်းမှာအပြီးမသတ်နိုင်ဘဲ တစ်ဝက်တစ်ပျက်သာ ဖြစ်နေခဲ့သည်။ နောင်တခြားအလှူရှင်များ ဆက်လက် လှူမှသာ ၎င်းကျောင်းမှာ ပြီးစီးသွားခဲ့ရပါသည်။

လောဘသည် မွေးမြူထားရမည့်အရာမဟုတ်၊ ပယ်သတ်ရမည့် အရာသာဖြစ်၏၊ လောက၌အရောင့်ရဲသောအရာသုံးမျိုးရှိ၏။

## မရောင့်ရဲနိုင်သောအရာသုံးမျိုး

၎င်းတို့ကား တောက်လောင်နေသော မီးပုံကြီး၊ သမုဒ္ဒရာ၊ အလိုလောဘကြီးသောသူတို့ပင်ဖြစ်၏။ လောင်နေသောမီးပုံကြီးထဲသို့ လောင်စာထင်းများဘယ်လောက်ပင်ထည့်ထည့်၊ တော်ပြီတန်ပြီဟူ၍ ဘယ်တော့မှရှိလိမ့်မည်မဟုတ်။ ထည့်သမျှ လောင်ပစ်မည်သာဖြစ်၏။

မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ ချောင်းပေါင်းများစွာမှ ရေများဘယ်၍ဘယ်မျှပင်ဝင်ဝင်၊ သမုဒ္ဒရာကြီးကား ဘယ်တော့မှ ပြည့်ပြီဟု ရှိလိမ့်မည်မဟုတ်၊ ဝင်လာသမျှ လက်ခံနေမည်သာဖြစ်၏။ ထို့အတူ လောဘကြီးသူသည်လည်း ပစ္စည်းဥစ္စာမည်မျှပင်ရရ တော်ပြီတန်ပြီဟူ၍ ဘယ်တော့မှ ရှိလိမ့်မည်မဟုတ်။

ရနိုင်သမျှယူနေမည်သာဖြစ်၏။ လောဘနှင့်ပတ်သက်၍ ပုံလေးတစ်ပုဒ်နားထောင်ခဲ့ဘူးသည်။ တစ်ခါတော့ အလိုလောဘကြီးသော လူတစ်ယောက် မျက်စိလည်လမ်းမှားပြီးညောင်ပင်ကြီး တစ်ပင်အောက် ရောက်သွားရာ သနားတတ်သော ညောင်ပင်စောင့်နတ်က -

"အို အသင်လူသား ဘာများအလိုရှိပါသနည်း"

"လောလောဆယ်ရေသိပ်ငတ်နေပါတယ်ဘုရား ဒါကြောင့် သောက်ရေအေးအေးသာ အလိုရှိပါတယ်"

"ရစေပ့ါမယ် အသင်လူသား၏ ပါးစပ်ကိုသာ ဟထားလော့" ဟု

ဆိုပြီး သူ၏လက်ညှိုးမှ အေးမြကြည်လင်သော ရေစင်ရေအေးများကိုတိုက်ရာ ခရီးသွားသည် အားရပါးရသောက်သုံးလေသည်။ သောက်သုံးရင်းလည်း ရေထွက်သောညောင်ပင်စောင့်နတ်၏ လက်ညှိုးကိုသဘောကျနေမိသည်။

"အသင်လူသား သင့်အလိုဆန္ဒပြည့်စုံပါပြီကော"

"အသင်နတ်သားစွမ်းနိုင်လျှင် ဟင်းကောင်းကောင်းနှင့် ထမင်းစားလိုပါသေးသည် ဆက်လက်ကူညီပါ"

" ရနိုင်ပေသည်အသင်လူသား သန့်ရှင်းသောဖက်ရွက်တို့ကိုသာ အသင့်ပြင်ထားပါလေ"

ထိုသို့ပြောပြီး အသင့်ပြင်ထားသော ဖက်ရွက်များပေါ်သို့ နတ်၏ လက်ညှိုးမှ ထမင်းဟင်းများထွက်ကျပေးပြန်ပါသည်။ ထမင်းဟင်းများ စားသောက်ပြီးသည်နှင့် ညောင်ပင်စောင့်နတ် မြန်မြန်ကွယ်ပျောက် သွားမည်ကို ကြောက်သော လောဘလူသားက

"အသင်နတ်မင်း ကူညီလက်စနဲ့ ဆက်ပြီးကူညီပါဦး၊ လူ့လောက ပြန်ရောက်ရင် အရင်းအနှီးလုပ်စားရန်အတွက် ငွေသားများကို ဖန်ဆင်း၍ ပေးတော်မူပါဦး"

"အသင်လူသားရဲ့ ဆန္ဒပြည့်ဝပါစေ" ဟုဆိုကာ နတ်၏လည်ညှိုးမှ ငွေသားများထွက်ကျလာပြန်သည်။ ငွေများကို သိမ်းယူပြီးနောက် သွားဘို့ရန်ပြင်ဆင်နေသော နတ်သားကို လောဘလူသားက -

"အို အသင်နတ်သား၊ သိမ်းဆည်းသောအခါလွယ်ကူသော စိန်ရွှေပတ္တမြားတို့ကိုလည်း တစ်ဆက်တည်းပေးခဲ့ပါဦး"

"အသင်လူသား သင်၏ လောဘကားကြီးမားပေစွ၊ သို့သော် ကူညီလက်စနဲ့ ဆက်ပြီး ကူညီပါမည်" ဟုဆိုကာ နတ်၏လည်ညှိုးမှ ရတနာများထွက်ကျလာပြန်လေသည်။ ရတနာများကို သိမ်းဆည်းနေသော လူသားကိုကြည့်၍ နတ်က -

"အသင်လူသား၏ ဆန္ဒကားပြည့်ဝလောက်ပြီဟု ကျွန်ုပ်ထင်ပါ၏။ သို့အတွက် ကျွန်ုပ်ကို သွားခွင့်ပြုပါလေ"



ထိုအခါ ရွှေငွေရတနာများကို တနင့်တပိုးသိမ်းဆည်းနေသော လောဘလူသားနောက်ဆုံးတောင်းဆိုလိုက်သည်ကား -

"နတ်မင်းကြီးခင်ဗျား ရွှေ၊ ငွေ၊ ရတနာများဟာ ဘယ်လောက်ပင် များများ သုံးပစ်လိုက်လျှင်ကုန်သွားမှာပါပဲခင်ဗျား ဒါ့ကြောင့် လိုချင်တာ မှန်သမျှ အကုန်ထွက်နေတဲ့ နတ်မင်းရဲ့ လက်ညှိုးလေးကို ဖြတ်ပေး စေချင်ပါတယ်ခင်ဗျား" ဟူ၏။ လူ့အလို နတ်မလိုက်နိုင်ဟူသော စကားသည် ထိုပုံကများ စခဲ့လေသလားမသိ။

နတ်သားမှာ လူသား၏လောဘကို ကြောက်ရွာလွန်းသဖြင့် ချက်ခြင်းကိုယ်ယောင်ဖျောက်ကာ ထွက်ပြေးရပါတော့သည်။ ရလေလိုလေ အိုတစ္ဆေဟူသောစကားသည် လောဘအတွက် ထားခဲ့ခြင်းဖြစ်၏။ လောဘ၏ဆိုးကျိုးကိုသိသာရန် မန္ဓာတုစကြာမင်းကြီး၏ အကြောင်းကို အနည်းငယ်တင်ပြပါမည်။

ထိုအချိန်အခါက လူသားများသည် အသင်္ချေယတန်းဖြစ်၏။ အသင်္ချေယအဓိပ္ပါယ်မှာ မရေနိုင်မတွက်နိုင်သော သက်တမ်းဟု ဆိုလိုပါ၏။ (၃၁)ဘုံတွင် ထိုအချိန်က အသက်အရှည်ဆုံးမှာ လူသားဟုပင်ဆိုထိုက်ပါ၏။

မန္ဓာတုစကြာမင်းကြီးသည် နှစ်ပေါင်းကုဋေနှင့်ချီပြီး မင်းစည်းစိမ်ကို ခံစားရသော်လည်း အားရတင်းတိမ်မှုမရှိသဖြင့် စကြာမင်းစည်းစိမ်ထက် ကောင်းမွန်သော စည်းစိမ်ကို စုံစမ်းရာ စတုမဟာရာဇ်နတ်ပြည်စည်းစိမ်က သာလွန်ကောင်းမွန်ကြောင်းသိရသဖြင့် စကြာယာဉ်ဖြင့် စတုမဟာရာဇ် နတ်ဘုံသို့ တက်လေသည်။

လူမင်းဘုန်းကြီး၊ နတ်မင်းမနေသာဟူသော စကားအတိုင်း စတုမဟာရာဇ်နတ်မင်းများက သူတို့၏ စည်းစိမ်ကိုအပ်ပြီး နတ်စည်းစိမ်ကို ခံစားစေသည်။ စတုမဟာရာဇ်နတ်သက်မှာ လူ့သက်နှင့်တွက်လျှင် အနှစ်ကိုးသန်းရှည်သည်။ အနှစ်ကိုးသန်းတိုင်တိုင် နတ်စည်းစိမ် ကာမဂုဏ်များကို ခံစားရသော်လည်း အားရတင်းတိမ်မှုမရှိသဖြင့် သည့်ထက်ပိုကောင်းသော ကာမဂုဏ်အာရုံရှိ မရှိစုံစမ်းပြန်လေသည်။

တာဝတိံသာနတ်ဘုံက စတုမဟာရာဇ်နတ်ဘုံထက် သာလွန်ကောင်းမွန်ကြောင်း သိသဖြင့် စကြာယာဉ်ဖြင့် တာဝတိံသာနတ်ဘုံသို့ တက်ပြန်လေသည်။ သိကြားမင်းက သူ၏ စည်းစိမ်ကို တစ်ဝက်ခွဲပြီး နတ်စည်းစိမ်ကို ခံစားစေပြန်သည်။

မည်မျှကြာအောင် တာဝတိံသာနတ်စည်းစိမ်ကို ခံစားလိုက်သနည်းဆိုလျှင် လူသက်ဖြင့် သုံးကုဋေအနှစ်ခြောက်သန်း အသက်ရှည်သော သိကြားမင်းပေါင်း (၃၅)ယောက် သေဆုံးချိန်အထိ မန္ဓာတုစကြာမင်းကြီးက မသေသေးဘဲ ကာမဂုဏ်ချမ်းသာကို ခံစားနေလေသည်။

(၃၆)ယောက်မြောက် သိကြားမင်းတက်လာသောအခါ လွှတ်ချင်တိုင်းလွှတ်ထားသော မန္ဓာတုစကြာမင်းကြီး၏လောဘက နတ်စည်းစိမ်တစ်ဝက်ဖြင့် ခံစားနေရသည်ကို အားမရတော့ဘဲ တာဝတိံသာနတ်ပြည် တစ်ပြည်လုံးရှိ ကာမဂုဏ်များကို အပြည့်အဝ ခံစားချင်သဖြင့် (၃၆)ယောက်မြောက် သိကြားမင်းကို အသေသတ်ရန် ကြံစည်အားထုတ်ပါတော့သည်။

ကုသိုလ်ကံကြောင့် ဖြစ်သောနတ်များဖြစ်သဖြင့် လုပ်ကြံ၍မရဘဲ မကောင်းကြံမိသော မန္ဓာတုစကြာမင်းကြီးသာလျှင် လူပြည်သို့ ရွှန်းပြန်၍ ကျခဲ့ရပါသည်။ ဘုန်းရှင်ကံရှင်ဖြစ်သောကြောင့် ခွေးကျ ဝက်ကျတော့မကျပါ။

ဝါဂွမ်းဆိုင်လေးကဲ့သို့ လူ့ပြည်သို့ ပြန်ကျလာပါသည်။ ဥယျာဉ်ထဲသို့ ပြန်ကျလာသော မန္ဓာတုစကြာမင်းကြီးကို မှူးကြီးမတ်ရာများက ဝိုင်းဝန်းပြုစုနေစဉ်မှာပင် သက်တမ်းလည်းကုန်နေပြီဖြစ်သဖြင့် လောဘကို အလိုမလိုက်ကြရန်၊ လောဘ၏ဆိုးကျိုးများကား များပြားလှကြောင်း -



## လောဘ၏ဆိုးကျိုးသုံးခု

သက်ရှိသက်မဲ့တစ်ခုခုကို စွဲလမ်းတပ်မက်သောလောဘနှင့် သေခဲ့လျှင် ပြိတ္တာဘုံသို့ရောက်ရသည်။ လူသားများသန္တာန်၌ မတရားနည်းဖြင့် ချမ်းသာချင်သော ဝိသမလောဘဓာတ်များ အားကြီးလာလျှင် လောက အတွင်း၌ ဒုဗ္ဘိက္ခရ=အငတ်ဘေးကြီးဆိုက်ရသည်။ ထို့ထက်ဝိသမလောဘ ဓာတ်များ အားကြီးလာမည်ဆိုလျှင် ကမ္ဘာလောကကြီးသည် ရေများဖြင့် လွှမ်းမိုးပြီး ပျက်စီးရမည်။ ထို့ကြောင့် လောဘကို ဒါနဖြင့် သတ်ကြရန် လောဘအလိုကိုမလိုက်ကြရန် အောက်ပါဥပဒေသလေးကိုပေးလျက် နတ်ရွာစံသွားခဲ့ပေသည်။

## လောဘသမားတို့မှတ်ဖို့

ဘယ်လောက်ပင်စားရ၊ စားရတစ်ဝမ်းဝရုံဘဲ
ဘယ်လောက်ပင်အိပ်ရ၊ နေရ တစ်ကိုယ်စာလေးဘဲ
ဘယ်လောက်ပင်ဝတ်ရဝတ်ရ၊ အရေပြားဖုံးရုံပဲ
ကုသိုလ်ပြုလျှင်ကိုယ့်ဖို့
ကျန်ခဲ့လျှင်သူများဖို့
သေရွာကာလရောက်ကြသောအခါ
ကိုယ့်နောက်ကိုများ ဘာများပါမှာ
ပစ္စည်းစုစုတစ်ခုမပါ
ကိုယ်ပြုထား ကံများပါမည်သာ။
သူတစ်ပါးကို တကယ်ဝမ်းမြောင်စေချင်ရင်. . .

လူတစ်ဦးကို ဝမ်းမြောက်ပျော်ရွှင်လာစေလိုပါက သူ၌ရှိနေသော အရာများကို ထပ်မံဖြည့်စွမ်းပေးမနေပါနှင့် မရသေးသောအရာများကို

ရလာစေရန် ရှာဖွေပေးမနေပါနှင့် သူ၏ တပ်မက်သော(လောဘ)စိတ်ကိုသာ ဖယ်ရှားပစ်လိုက်ပါ

(ဂရိတွေးခေါ်ပညာရှင် ဧပ်ကုရပ်ပ်စ်)

## သေသူ့အပေါ်မှာ လိမ်ရက်တာ

ဇာတ်လမ်းအစ ဘူးသီးကဟုပင် ဆိုရပါမည်။ သူသူ့အမည်က ကိုအေးကို၊ ဥပဒေဘွဲ့ရ၊ သို့သော် ဝါသနာပါသည်က ဖခင်ဂီတစာဆို ပန်တျာချစ်လှိုင် ခြေရာအတိုင်း တေးရေးဆရာ၊ ရွှေပြည်သာပြောင်းစ သားအဖနှစ်ယောက်လုံး တေးထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် မဆက်သွယ်နိုင်သေးဘဲ ဝမ်းရေးကိုဖြစ်သလို ကျောင်းနေကြရရသည်။

ဘယ်လိုမှ မတတ်သာသည့်အဆုံး ကိုအေးကို ငတစ်ယောက် လှိုင်မြို့နယ်မှ ကျင်းပသော မြန်မာရိုးရာ သိုင်းပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ပြီး ရလာသော ဆုငွေလေးဖြင့် လိုအပ်သမျှ ဖြည့်ဆည်းရသည်။ ဇနီးဖြစ်သူ ဆရာမ၏ လစာလေးသာ ပုံမှန်ရှိသည်။

မြို့သစ်ရောက်ခါစ ငါတို့လို လူပုဂ္ဂိုလ်တွေတောင် ဆင်းရဲရင် ဒါယကာ၊ ဒါယိကာမတွေကို မှီခိုပြီး အသက်မွေးသာသနာပြုကြတဲ့ ရဟန်းသံဃာတွေဆို ပိုလို့ ဒုက္ခရောက်ကြမှာပါလားဟူသောအတွေးနှင့်အတူ (၆)ရပ်ကွက်အတွင်း တဲလေးများကိုထိုး၍ ဖြစ်သလို နေထိုင် သာသနာပြုကြရသော ရဟန်းသံဃာများကို ကိုယ်ချင်းစာမိပြီး ကြည်ညိုသဒ္ဓါ ပွားမိသည်။

သို့နှင့် ဘူးသီးနှင့် ကြက်သားများချက်ပြီး စွမ်းနိုင်သမျှ လှူမည် ဟူသော စေတနာဖြင့် ဘူးစိမ်းမျိုးစေ့ အကောင်းစားများကို ဝယ်၍စိုက်သည်။ မြေဆွေးထည့်၊ နေ့စဉ်ရေလောင်းပေါင်းသင်ဖြင့် ပြုစုလိုက်ရာ လများ မကြာမီမှာပင် ကြီးမားထွားကြိုင်းလှသော ဘူးစိမ်းသီးကြီးများကို ဝမ်းသာ ကြည်နူးဖွယ်တွေ့မြင်ရပါတော့သည်။

ထိုအချိန်က လှိုင်မြို့နယ် စီးကရက်စက်ရုံမှာလုပ်သော



...င်ကြီးမှာလည်း အလုပ်ကဝေးလွန်းသဖြင့် ပင်စင်ယူလိုက်ရပြန်သည်။ ...အတွက် ဆရာမဖြစ်သူဇနီးမယား၏ဝင်ငွေလေးဖြင့် ကလေးသုံးယောက်နှင့် ...ကြီးလေးယောက်၏ ပါးစပ်ပေါက်ကို ပုံမှန်စားနိုင်စေရန် မနည်းလုံးပန်း ...နေရချိန်ဖြစ်သည်။

ခနီမိုးထရံကာ အိမ်လေးတွင် အောက်မှာခင်းထားသော ...ပြားအောက်က ဒေါက်တိုင်များမှာ ရွှေပြည်သာမိုး၏ ကောင်းမှုကြောင့် ...ပာစ်ဖြေးဖြေးနစ်ဝင်လျှက်ရှိရာ ကြမ်းပြင်မျာ မြင့်သည့်နေရာမြင့်၊ နိမ့်သည့်နေရာနိမ့်ဖြင့် လကမ္ဘာမျက်နှာပြင်လို ဖြစ်နေပြီ။

သို့အတွက်ကြောင့်လည်း ကြက်သားကိုပင်မဝယ်နိုင်တော့ပဲ ...သီးအလုံးလိုက်သာလျှင် နွမ်းပါးသော ကျောင်းတိုက်များကို လိုက်၍ ...ရတော့သည်။ ထိုအချိန်က စာရေးသူသည်လည်း စာသင်တိုက် ...ည်ထောင်ကာစဖြစ်သောကြောင့် တဲကြီးနှစ်လုံး သံဃာ(၄၀)ခန့်ဖြင့် ...င်းဆင်းရဲရဲ သာသနာပြုနေချိန်ပင်ဖြစ်ပါ၏။

အာရုဏ်ဆွမ်းဆိုလျှင် သံဃာအများစုမှာ ကန်စွန်းရွက်ကြော် ...စ်ရွက်ဖြင့်သာ ဘုန်းပေးကြရသည့် နေ့ကများသည်။ ထို့ကြောင့် ...န်စွန်းရွက်သာ သက်ရှိဆိုလျှင် မန္တလေးကျောင်း စာသင်တိုက်မှ ...ာများနှင့် ဆွေမျိုးပင်တော်လောက်ပြီ။ ထို့ကြောင့် ကိုအေးကိုလှူသော ...စိမ်းကြီးများကို ဝမ်းသာအားရ အလှူခံရပါသည်။

ယခုပစ္စက္ခသာဟတ္ထိမြောက် ကိုယ်တိုင် အပင်ပန်းခံ စိုက်ပြီး ...သော ဘူးသီးအလှူကုသိုလ်၊ မမြင်ရသောအတိတ်က ...ရာပရိယဝေဒနီယကုသိုလ်ကံတို့ စုပေါင်းလိုက်သောအခါ ထူးထူးကဲကဲ ...င်းပသော တပ်မတော်အစိုးရ၏ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆို၊ က၊ ရေး၊ ...ပြိုင်ပွဲကြီးတွင် သားအဖနှစ်ယောက်လုံး ဆုများ အကြိမ်ကြိမ် ...ကြသည်။

ထိုမှ တစ်ဆင့် တေးထုတ်လုပ်ရေးများ၊ အဆိုတော်များအထိ ...သားအဖ၏သတင်းကမွှေးသွားသဖြင့် ရေးလိုက်ရသည့်သီချင်းများမှာ

နားပင်မနားရတော့။ ယခုတော့ သွပ်မိုး၊ ပျဉ်ကာ၊ တိုက်ခံအိမ်ကြီးဖြင့် ထည်ထည်ဝါဝါဖြစ်နေပေပြီ၊ ဒါန၏ ကောင်းကျိုးကို လက်တွေ့မြင်ထားသူများ ဖြစ်သောကြောင့် ဝါဆိုသင်္ကန်းချိန်ဆိုရင် သူများလို တစ်စုံ၊ နှစ်စုံ လှူခြင်းမဟုတ်။

အိမ်မှာဆွမ်းခံကြွသော သံဃာဆယ်ပါးရှိလျှင် ဆက်စုံကပ်သည်။ ဤကဲ့သို့အိမ်မျိုး ဤတစ်အိမ်သာတွေ့ဖူးပါသည်။ ထိုကဲ့သို့ ကြီးပွါးတိုးတက် လာသောအချိန်မှာပင် ကိုအေးကို၏ မိခင်ကြီး အင်းစိန်ဆေးရုံတွင် ရုတ်တရက် ကွယ်လွန်ခဲ့သည်။

မိခင်ကြီး၏ဆန္ဒအရ ရွှေပြည်သာမြို့ ကျူချောင်သုသာန်မှာပင် သင်္ဂြိုလ်ရန် စီစဉ်ပေးရသည်။ မြန်မာ့ယဉ်ကျေးမှုတွင် ထုံးစံတစ်ခုရှိသည်။ ၎င်းထုံးစံကား အသုဘကိစ္စနှင့်ပတ်သက်၍ ဘယ်သောအခါမှ ဈေးမဆစ်ခြင်း ပင်ဖြစ်၏။

ထို့ကြောင့်ပင် ပထမတန်းစားခေါင်း၊ နိဗ္ဗာန်ယာဉ်မြေတူး အားလုံးအပြီးအစီးတစ်သောင်းနှင့် ဈေးတည့်ခဲ့သည်။ အသုဘချမည့်ရက်တွင် လှလှပပပြုလုပ်ထားသော ခေါင်းထဲတွင် မိခင်ကြီးကား ငြိမ်သက်စွာ လဲလျောင်းနေလေပြီ။ ကိုအေးကို တစ်ချက်တော့သတိထားမိ၏။

ခေါင်းအဖုံးသည် လှပစွာ ရွှေစက္ကူ ငွေစက္ကူတို့ဖြင့် မွမ်းမံ ထားသော်လည်း သာမန်သစ်သားများလောက်ပင် လေးပင်ခြင်းမရှိဘဲ ပေ့ါနေခြင်းပင်ဖြစ်ပါ၏။ ဩော် ပေ့ါပါးတဲ့ ထင်းရှူးသားတွေ သုံးထားလို့ နေမှာပါဟု ဖြည့်စဉ်းစားပြီး ထိုအတွေးကို အမြန်ပင်ဖျောက်ပစ်လိုက်သည်။

ကျူချောင်သုသာန်တွင် တူးသောကျင်းသည်ပင် ရိုးရိုးကျင်း၊ ရှယ်ကျင်း ဟုနှစ်မျိုးရှိသည်။ မိုးရာသီတွင် သုသာန်နေရာ အတော်များများ ရေဝပ်နေတတ်သည်။ ဖြစ်သလိုနေရာတွင်းတူးထားသော ရေရှိသည့် ကျင်းကို ရိုးရိုးကျင်းဟုခေါ်၍ ကုန်းခေါင်ခေါင်ရွေးပြီး ရေမရှိသည့်နေရာတူးထားသော ကျင်းကိုတော့ ရှယ်ကျင်းဟုခေါ်သည်။

ရှယ်ကျင်းသည် ရိုးရိုးကျင်းထက် နှစ်ဆဈေးကြီးပေသည်။



မိခင်၏နောက်ဆုံးခရီးကိုတော့ အဆင့်အတန်းမြင့်မြင့်ပို့လိုက်ချင်သဖြင့် ရှယ်ကျင်းပင်တူးခိုင်းထားပါသည်။ ကိစ္စအားလုံးပြီးသည်နှင့် ခေါင်းကို ထိုင်းချီကာ ကျင်းအတွင်း ဖြေးညှင်းစွာချလိုက်ကြသည်။

ကျင်းထဲခေါင်းရောက်သွားသည်နှင့် သားအကြီးဆုံးဖြစ်သော ကိုအေးကိုက မြေစိုင်ခဲအချို့ကိုယူ၍ ကျင်းထဲကခေါင်းပေါ်ကို ပစ်ချကာ ကောင်မြေဖို့လိုက်သည်။ ပထမမြေစိုင်ခဲအချို့ကို ပစ်ချပြီးသည်နှင့် ကျင်းထဲကို ကြည့်လိုက်သော ကိုအေးကို၏ မျက်လုံးများမှာ ပြူးကျယ်ဝိုင်းစက်သွားပြီး- အံ့သွားကို ကျိကျိပါအောင်ကြိတ်ကာ တောက်တစ်ချက်ကိုလည်း ပြင်းပြင်းထန်ထန် ခေါက်လိုက်မိပါတော့သည်။ ကြည့်လိုက်ပါ။ မိတ်ဆွေ ခေါင်းအဖုံးသည် သစ်သားမဟုတ်ဘဲ ဂျပ်စက္ကူလေးကိုသာ သစ်သားဖုံး သဏ္ဍာန်ပြုလုပ်ထားပြီး အလှပြင်ထားခြင်းသာဖြစ်လေသည်။

ဤဖြစ်ရပ်သည် လေးငါးနှစ်သာရှိသေးသောကြောင့် ၎င်းခေါင်းကို ပြုလုပ်ခဲ့သူများသည် ယခုလည်းရှိနေနိုင်ပါသေးသည်။ သို့မဟုတ် သံသရာ သဘောတရားအရ ရှိချင်မှလည်းရှိတော့မည်။ ဖြစ်စေချင်သည်မှာ ကျန်ရစ်သူ မိသားစုများ၏ ပူလောင်နေသော နှလုံးသားကို ကွဲအက်သွားအောင် မလုပ်သင့်ကြောင်း၊ နှောင်းအသုဘတာဝန်ခံ ပုဂ္ဂိုလ်များကို မေတ္တာရပ်ခံ တောင်းပန်သမှု ပြုလိုက်ရပေသည်။

**စည်းစိမ်ဥစ္စာဆင်းရဲလျှင်၊ မာနကြီးသောသူဌေး အချို့ကသာ အပေါင်းအဖော်မလုပ်၊ ကျန်လူအားလုံးက အပေါင်းအဖော်လုပ်ပေသည်။ စရိုက္ကဆင်းရဲလျှင်ကားမည်သည့်လူကမှ အပေါင်းအဖော်မလုပ်တော့ပေ။**

(ရွှေပြည်သာမြို့၊ မန္တလေးကျောင်းဆရာတော်)

## ကရုဏာကို ခန်းခြောက်စေသူများ

၁၉၉၉-ခုနှစ်၊ ဇူလိုင်လ၏တစ်ခုသောရက်၊ ဖွဲဖွဲရွာနေသော မိုးစက်များကြားမှ အမျိုးသမီးနှစ်ဦး ထီးတစ်ချောင်းကို မလုံ့တလုံ ဆောင်းရင်းဖြင့် ကျောင်းဝိုင်းအတွင်းသို့ ဝင်လာကြသည်။ တစ်ဦးက အသက်(၅၀)နှစ်၊ တစ်ဦးက(၁၄)နှစ်ခန့်မို့ သားအမိနှစ်ဦးပင် ဖြစ်ဟန်တူပါသည်။

ကျောင်းအပေါ်ထပ်တွင် ဂုဏ်တော်ပုတီးစိတ်ရင်း လမ်းလျှောက်နေခိုက်မို့ မိမိကအရင် ဦးစွာမြင်လိုက်ရခြင်းဖြစ်သည်။ တစ်ခါမှတော့ မတွေ့ဘူး၊ ဘယ်အရပ်ကများပါလိမ့်ဟု တွေးတောနေစဉ်မှာပင် အောက်ထပ်မှ -

"အပေါ်မှာ ဆရာတော်ရှိသလားဘုရား"

"ရှိပါတယ် ဒါယိကာမကြီး"

ဟူသောအသံနှင့်မရှေးမနှောင်းမှာပင် သားအမိနှစ်ဦးလုံး ကျောင်းပေါ်ရောက်လာကြသည်။ အသင့်ထိုင်စောင့်နေသော စာရေးသူကို မြင်လိုက်သည်နှင့် နှစ်ဦးသား ကပျာကယာဦးချပြီး အမျိုးသမီးကြီးက အရင်ကကျွမ်းဝင်ရင်းနှီးခဲ့ဟန်လေသံဖြင့် -

"ဆရာတော် ကျန်းမာရေးကောင်းရဲ့လားဘုရား"

"ကောင်းပါတယ်၊ ဒါနဲ့ ဒါယိကာမကြီးတို့ ဘယ်မှာနေတာလဲ"

"ဩော်-ဆရာတော်မမှတ်မိတော့လို့ဘုရား- တပည့်တော်တို့က အရင်က (၈)ရပ်ကွက်မှာ နေတာဘုရား၊ ဆရာတော်ဟောတဲ့တရားလဲ မကြာခဏနာနေရတာပဲဘုရား၊ အခုတော့ ဒါယကာကြီးလည်းဆုံးသွားတော့ ရွှေပြည်သာမှာဆက်မနေတော့ဘဲ မှော်ဘီက အသိတစ်ယောက်ခြံထဲမှာ သားအမိသုံးယောက်တဲထိုးနေရတယ်ဘုရား"

"အခု ဦးပဥ္ဇင်းကျောင်း ဝင်လာတာက ဘာအကူအညီလိုလို့လဲ"

"ရွှေပြည်သာက သူငယ်ချင်းတစ်ယောက်က၊ ဟောဒီသမီးလေးကို



စက်မှုဇုန်ဒေသ အထည်ချုပ်တစ်ခုမှာ အလုပ်သွင်းပေးမယ် ခေါ်ခဲ့လို့ပြောတာနဲ့ လာခဲ့ကြတာ၊ မနက်ကတည်းကပါပဲဘုရား၊ အခု ဒီသူငယ်ချင်းကိုရှာလိုက်တာ ညနေသာစောင်းသွားတယ် မတွေ့ဘူးဘုရား၊ ဘေးဘီကို မေးကြည့်တော့ ပြောင်းသွားကြပြီလို့ပြောတယ်ဘုရား၊ အဲဒါ တစ်နေကုန်ဆိုတော့ လမ်းစရိတ်ထားတဲ့ငွေလေးပါ ထမင်းဝယ်စားလိုက်ရလို့ မှော်ဘီပြန်ဖို့ လမ်းစရိတ်တောင်မရှိဘူးဖြစ်သွားတယ်ဘုရား"

"ဩော် ဒီလောက်ကတော့ ကူညီရမှာပေါ့၊ လမ်းစရိတ်က ဘယ်လောက်များကုန်မှာတုန်း"

"၁၅၀ လောက်ပါပဲဘုရား"

"ရရပါစေ့မယ် မပူပါနဲ့"

ညှို့ခံစကားသာပြောနေရသည်၊ ကိုယ်ကသူ့ကိုတစ်ခါမှ မြင်ဘူးသည်မဟုတ်၊ သို့သော် ညတရားပွဲဟောနေသော ဘုန်းကြီးတစ်ပါး ဖြစ်ခြင်းကြောင့် ကိုယ်ကသူ့ကိုမသိသော်လည်း၊ သူကကိုယ့်ကို သိနေနိုင်သည်သာဖြစ်ခြင်းကြောင့် ဘယ်လိုမှ မငြင်းဆန်သာ။

ကလေးမလေး၏ သနားကမားမျက်နှာ၊ မျက်လုံးပြူးပြူး၊ မျက်တွင်းဟောက်ပက်ပက်၊ ပိန်ပိန်ရှည်ရှည်နှင့် နွမ်းရိစွာဝတ်စားထားသော အမျိုးသမီးကြီး၊ သူတို့၏သဏ္ဌာန်ကာ စာရေးသူ၏ရင်တွင်း၌ ကရုဏာတရားတို့ကို တဖွားဖွားပေါ်လာအောင် နှိုးဆွပေးသလိုဖြစ်နသည်။

သို့အတွက် တောင်းသည်က (၁၅၀)၊ စာရေးသူ ထုတ်ယူလာမိသည်က (၃၀၀)၊ ငွေပေးလိုက်သည်နှင့် အမျိုးသမီးကြီးက ဟောင်းလောင်းဖြစ်နေသော၊ သူမ၏ပိုက်ဆံအိတ်ကလေးကိုဖွင့်၍ ဝမ်းသာအားရ ထိုးထည့်နေသည်ကို စာရေးသူက ကြည်နူးချမ်းမြေ့စွာ ကြည့်နေမိသည်။ 'မျက်ရည်မကျခင်သိစေချင်' စာအုပ်နိဒါန်းမှ (၁၀)တန်း ကျောင်းသူမိန်းကလေးအား၊ သွေးကိုသာမက၊ တရားအလှူပါ ပေးလှူခဲ့သလို၊ ဤသားအမိကိုလည်း ဝတ္ထုငွေအလှူသာမက၊ တရားအလှူပါ ပေးလှူအံ့ ဟူသော အတွေးဖြင့် -

"ဒါယိကာမကြီး အချိန်လည်းနည်းနည်းစောပါသေးတယ်၊ အခုဦးပဉ္ဇင်းပေးလိုက်တဲ့ငွေက ဒါယိကာမကြီး တစ်နပ်စာပဲ သုံးရမယ်။ ဒါယိကာမကြီး ဘဝသံသရာတစ်လျှောက်လုံး ချမ်းသာစေမယ့် နည်းလမ်း အကျဉ်းလေးကိုလည်း ပေးလိုက်ပါရစေ၊ ငါးမိနစ်လောက် ခဏနားထောင်ပါနော်"

"မှန်ပါအမိန့်ရှိပါဘုရား" ငွေသုံးရာယူထား၍ အားနာသော ကြောင့်လားမသိ၊ သားအမိနှစ်ယောက်လုံး သေချာနားစွင့်ထားဟန်ဖြင့် အာရုံပြုနေကြသည်။

"လွန်ခဲ့သောနှစ်ပေါင်း(၅၀)ကျော်လောက်က၊ စစ်ကိုင်းတိုင်း၊ ကသာခရိုင်မှာ မိုးတားဆိုတဲ့ မြို့တစ်မြို့ ရှိခဲ့ဘူးတယ်၊ အဲဒီမိုးတားမြို့မှာ အချမ်းသာဆုံးသူဌေးမကြီးကတော့ ဒေါ်ရွှေဥတဲ့၊ လှူထားလိုက်တာကလည်း တစ်မြို့လုံးနီးပါးပဲ၊ ဘုရားရော၊ ကျောင်းရော၊ ဇရပ်ရော၊ တံတိုင်းရောစုံလို့ပေါ့"

"ဘုရားအမကြီး၊ ကျောင်းအမကြီး၊ ဇရပ်အမကြီး၊ ရဟန်းအမကြီးဆိုပြီး အင်မတန်ထင်ရှားခဲ့တာပေါ့၊ သူ့မှာ သားလေး တစ်ယောက်ပဲ ရှိတယ်၊ အဲဒီသားလေး(၁၀)တန်းအောင်မြင်တဲ့အခါ၊ ရန်ကုန်မှာ ဘော်ဒါ ကျောင်းဆောင်နေဖို့အတွက် သွားတော့မယ်ဆိုတော့၊ ဒေါ်ရွှေဥက အခုလို သေချာမှာတယ်"

"သားလေး အမေအခုပြောမယ့်စကားကို တစ်သက်လုံး မြေဝယ်မကျ လိုက်နာကျင့်သုံးစေချင်တယ်၊ ဘာကြောင့်လည်းဆိုတော့ ဒီစကားမျိုးတစ်ခါပြောရင် အမေ့မှာ သုံးရက်လောက် ဖျားတာကြောင့်ပဲ"

"သားရေ လွန်ခဲ့တဲ့နှစ်ပေါင်း(၆၀) ကျော်လောက်က ဒီမိုးတားမှာ အင်မတန်ဆင်းရဲမွဲတေတဲ့ မုဆိုးမသားအမိ နှစ်ယောက်ရှိခဲ့ဘူးတယ်၊ ယောက်ျားကလည်းဆုံး၊ ကိုယ်ပိုင်လယ်ကလည်းမရှိတော့ သူတစ်ပါးလယ်မှာပဲ အငှားလိုက်ရရှာတယ်၊ တစ်နေ့လုပ်ခကလည်း စားအမိနှစ်ယောက် ထမင်းနပ်မှန်ရုံပဲရှိတယ်"

"တဲအိမ်လေးဆိုတာ မပြင်ရတာကြာတော့ မိုးတောင်မလုံတော့ဘဲ၊



ကြယ်မြင်၊ လမြင် ဖြစ်နေတော့တာပေါ့၊ ဆယ်နှစ်ကျော်ကျော်လောက်ရှိတဲ့ သမီးငယ်လေးခမျာလည်း အဝတ်အထည်ဆိုလို့၊ အရှက်လုံရုံပဲ ဝတ်နိုင်ရှာတယ်၊ အတန်းကျောင်းမနေနိုင်တော့ စာလည်းမတတ်ရှာဘူး"

"သူနဲ့ ရွယ်တူကလေးတွေမှာတော့ အဝတ်အစားလည်းထည်လဲနဲ့၊ အစားအသောက်လည်းအပြည့်အစုံနဲ့၊ နေရတော့လည်းလုံလုံခြုံခြုံ၊ တိုက်တာခြံမြေတွေနဲ့ဆိုတော့၊ ဖတဆိုးမလေးဟာ တခြားကလေးတွေလို သိပ်ချမ်းသာချင်ရှာသတဲ့၊ ဒါနဲ့တစ်နေ့တော့ ရွာဦးကျောင်းဆရာတော်ကြီး ကျောင်းပေါ်ကို စွတ်ရွတ်တက်သွားပြီး၊ ဆရာတော်ကြီးကို တွေ့တော့ သနားစဖွယ် လျှောက်ရှာသတဲ့"

"ဆရာတော်ကြီးဘုရား၊ တပည့်တော်မတို့သားအမိကျတော့ ဆင်းရဲမွဲတေသလောက် အခြားမိသားစုများကျတော့ လိုလေသေးမရှိအောင် ချမ်းသာလှပါတယ်ဘုရား၊ တပည့်တော်တို့သားအမိလည်း သူများတွေလို ချမ်းသာချင်ပါတယ်ဘုရား၊ ချမ်းသာမယ့်နည်းလမ်းလေးကို ဆရာတော်ကြီးက တပည့်တော်မအား သင်ကြားပေးပါဘုရား"

"အရွယ်နဲ့မလိုက်အောင်ခံစားနေရတဲ့ ဆင်းရဲမွဲတေမှုဒဏ်က လွတ်ချင်လွန်းလို့ အရဲစွန့်ပြီး ချမ်းသာနည်းလာတောင်းနေရှာတဲ့ လူမမယ် မိန်းကလေးကိုကြည့်ပြီး မျက်ရည်များတောင်ဝိုင်းမိရှာပါသတဲ့"

"အဲဒီမှာတင် ဆရာတော်ကြီးက ကလေးမလေးကို လှမ်းခေါ်ပြီး၊ ကျောင်းအပေါ်ထပ်က ပြတင်းပေါက်တစ်ခုကိုဖွင့်ပြလိုက်သတဲ့၊ ဟိုးအဝေးကို လှမ်းကြည့်လိုက်တော့ သူတို့မိုးတားမြို့ဘေးက ကပ်စီးနေတဲ့ ဧရာဝတီ မြစ်ကြီးကို မြင်ရတာပေါ့၊ ဒီတစ်ခါ ဆရာတော်ကြီးက"

"သမီးလေး၊ အဲဒီဧရာဝတီမြစ်ထဲက ရေကိုခပ်ယူရင် ပိုက်ဆံ ပေးရသလားလို့ မေးလိုက်တော့၊ ကလေးမလေးက မပေးရပါဘုရား၊ အဲဒီမှာ ဆရာတော်ကြီးက သမီးလေး အဲဒီ ဧရာဝတီမြစ်ကရေကို သမီးလေး နိုင်သလောက်ခပ်ပြီး အိမ်မှာ ကိုးကွယ်ထားတဲ့ ဗုဒ္ဓဆင်းတုတော်ကို [illegible]က်တော်ရေအမြဲကပ်ရမယ်"

“သက်တော်ထင်ရှားဘုရားကို ရည်မှန်းပြီး သမီးလေး
ရေသောက်တိုင်း ဘုရားကို သောက်တော်ရေကပ်ရမယ်”
ရေသောက်တိုင်း ဘုရားကို သောက်တော်ရေကပ်ရမယ်”

“မိန်းကလေးလဲ အဲဒီနေ့ကစပြီး သူရေသောက်တိုင်း ဘုရားရှင်ကို
သောက်တော်ရေကပ်တယ်၊ ဆင်းရဲလှတဲ့ သူ့ဘဝမှာ ကုသိုလ်ဆိုလို့
ဘုရားရှင်ကို သောက်တော်ရေလှူတဲ့ ကုသိုလ်တစ်ခုပဲရှိတယ်၊ ကလေးမလေး
ဟာအသက်မရှည်ရှာဘူး၊ နောက်သုံးနှစ်လောက်မှာ ရောဂါတစ်ခုနဲ့
ကွယ်လွန်ခဲ့ရှာတယ်”

“နောက်ဘဝကျတော့ ဒီမိုးတားမြို့က သူဌေးကတော်ကြီး
တစ်ဦးရဲ့ဝမ်းဗိုက်မှာ ပဋိသန္ဓေနေပြီး မွေးလာတော့ သူဌေးသမီးပဲဖြစ်တာပေါ့။
တစ်နေ့သိတတ်တဲ့အချိန်မှာ နောက်ဘဝပြန်အမှတ်ရတဲ့ ဇာတိဿရဉာဏ်
ရှိသူဆိုတော့ ငါဒီလိုချမ်းသာတဲ့မိဘဝမ်းထဲရောက်တာဟာ ရွာဦးကျောင်း
ဆရာတော်ကြီးရဲ့ ကျေးဇူးကြောင့်ပဲ၊ ဆရာတော်ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့
ကန်တော့ရမယ်ဆိုပြီး မိဘနှစ်ပါးကိုခေါ်ကာ ကျောင်းကိုလာခဲ့ကြတယ်”

“သူတို့ကကျောင်းကို အဝင် အရင်ဘဝက အမေမုဆိုးမကြီးက
ကျောင်းကအထွက် သွားတွေ့ကြတော့ သူဌေးသမီးလေးဟာ အရင်ဘဝက
အမေကိုဖက်ပြီး ငိုရှာသတဲ့၊ ဆရာတော်ကြီးဆီရောက်ပြီး နောက်ကြောင်းတွေ
ကိုသိရတဲ့အခါ အရင်ဘဝက အမေကိုလဲ အိမ်မှာခေါ်ထားပြီး ကျွေးမွေး
ပြုစုထားသတဲ့”

“သူဌေးအသက်ကြီးလာတဲ့အခါမှာလည်း ငါဟာအရင်ဘဝက
ရေလေးလှူတာတောင် ဒီလောက်ချမ်းသာရင် ကျောင်းကန်ဘုရား
လှူရင်တော့ ပြောစရာရှိမျာမဟုတ်ဘူးဆိုပြီး လှူလိုက်တာအခုဆိုရင်
ဒီမိုးတားမြို့မှာ သူမလှူဘူးတာမရှိဘူးသလောက် ဖြစ်နေပြီပေါ့”

“သားရေ အဲဒီမိန်းကလေးဟာ တခြားသူမဟုတ်ဘူး အမေ
ကိုယ်တိုင်ပဲ၊ ဒါ့ကြောင့် သားလည်းရောက်ရာအရပ်မှာ ဘုရားရှင်ကို
ဆွမ်းတော်၊ ရေတော်ကပ်ဖို့ ဘယ်တော့မှမမေ့ပါနဲ့လို့ ဆုံးမသတဲ့”

(မှတ်ချက်) လူဝင်စားတချို့သည် သူတို့၏နောက်ကြောင်းကို



ပြန်ပြောရလျှင် ဖျားနာတတ်ကြသည်။ လူတိုင်းကားမဟုတ်ပါ။

“အခုလည်း ဒါယိကာမကြီးတို့သားအမိ ပြန်ရောက်တဲ့အခါ
မြတ်စွာဘုရားကို မိမိရေသောက်တိုင်း၊ သောက်တော်ရေကပ်ပါ၊
မိမိတို့စားရတဲ့ ထမင်းဟင်းကို ဆွမ်းတော်ကပ်ပါ။ ကဲကဲ သွားကြပေတော့”

ထိုသားအမိဆင်းသွားသည်နှင့် ဆုတောင်းမိပါသည်။ ဒီသားအမိ၊
ခုဘဝရော၊ နောင်ဘဝပါချမ်းသာကြပါစေဟူ၍။ ဇာတ်လမ်းကား
ထိုမျှနှင့်မပြီး၊ နောက်နှစ်ရက်ကြာသောအခါ ထိုသားအမိ တစ်ခေါက်
ထပ်ရောက်လာကြပြန်သည်။

“ဟင် ဒါယိကာမကြီးတို့ ဘာအကူအညီ လိုပြန်ပြီလဲ”

”ပြောရမှာလဲ အားနာပါတယ်ဘုရား၊ သမီးအလုပ်က မှတ်ပုံတင်
လိုတယ်ဘုရား၊ အဲဒါအသက်ကလည်းမပြည့်သေးတော့ မှတ်ပုံတင်က
လုပ်လို့မရဘူးဘုရား၊ ရဲစခန်းနဲ့ ရဝတ ထောက်ခံစာ လုပ်ရမယ်ဆိုလို့
သွားလုပ်လိုက်တာ ငွေမလောက်တာနဲ့ တပည့်တော် မှတ်ပုံတင်ကို
အပေါင်ထားပြီး ငွေချေးခဲ့ရတယ်ဘုရား၊ အဲဒါတပည့်တော် မှတ်ပုံတင်လေး
ပြန်ရွေးဖို့ ငွေလိုနေပါတယ်ဘုရား”

“ဘယ်လောက်လိုသလဲ ဒါယိကာမကြီး”

“နှစ်ရာတည်းပါဘုရား” ကဲ ရော့ရော့ယူသွား”

“ကျေးဇူးပါပဲဘုရား” ထိုသားအမိထွက်သွားကြပြန်လေပြီ၊
ဒီတစ်ခါတော့ နောက်ဆုံးဖြစ်ပါစေဟုဆုတောင်းမိသည်။ သို့သော်
ဆုတောင်းကမပြည့် နောက်သုံးရက်အကြာမှာ ရောက်လာပြန်သည်။
ဒီတစ်ခါတော့ သူ့သမီးငယ်လေး ပါမလာ။

“ဆရာတော် တပည့်တော်ကိုကူညီပါဦးဘုရား တပည့်တော်
မော်ဘီမှာ ဖောက်သည်ယူပြီး ဘုရားပန်းရောင်းချင်တာ အရင်းအနှီးမရှိဘူး
ဖြစ်နေတယ်ဘုရား၊ အဲဒါဆရာတော်အနေနဲ့ ဖြစ်နိုင်လျှင် ငွေသုံးထောင်
လောက်ထုတ်ချေးပါဘုရား၊ တပည့်တော် လစဉ် ဖွဲ့ဆပ်သွားပါ့မယ် ဘုရား”

"ဟာ - ငွေတော့ချေးလို့မဖြစ်ဘူး ဒါယိကာမကြီး ဦးပဋ္ဌင်းက တစ်ခါသေဘူး ပျဉ်ဖိုးနားလည်မဟုတ်ဘူး၊ ဆယ်ခါသေဘူး ပျဉ်ဖိုးနားလည် ဖြစ်နေပြီ"

စာရေးသူစကားကို နားမလည်ဟန်ဖြင့် ထိုအမျိုးသမီးက မော့ကြည့်နေသဖြင့် -

"ဒီလိုပါ ဒါယိကာမကြီးရဲ့။ ကချင်ပုံပြင်လေးတစ်ပုဒ်ရှိတယ်၊ တစ်ခါတော့ သူကြီးကရွာသားတွေကို ခေါင်ရည်သောက်ပွဲကျင်းပဖို့အတွက် တစ်အိမ်ကို ခေါင်ရည်တစ်အိုးယူလာဖို့ မှာလိုက်တယ်။ ကျင်းပမယ့်နေ့ကျတော့ မဏ္ဍပ်အလယ်မှာ အသင့်တည်ထားတဲ့စဉ့်အိုးကြီးထဲကို မိမိတို့ယူလာတဲ့ ခေါင်ရည်ကို လောင်းထည့်ရတာကိုး"

"အဲဒီအချိန်မှာ ရွာသားတစ်ယာက်က အတ္တဆန်ဆန်ကလိန်ကကျစ်ဉာဏ်နဲ့တွေးသတဲ့၊ ဒီ တစ်ရွာလုံးက ခေါင်ရည်အိုးတွေ လာထည့်နေကြတာပဲ။ ငါတစ်ယောက်တည်း ရေထည့်ရုံနဲ့ ဘာမှ မဖြစ်နိုင်ပါဘူးလို့ တွေးသလို၊ တခြားရွာသားတွေအားလုံးလည်း အဲဒီလိုပဲ တွေးခဲ့ကြတယ်"

"အားလုံးအကြံတူနေတော့ စဉ့်အိုးထဲထည့်သမျှအားလုံး ရေချည်းပဲဖြစ်နေတော့တာပေါ့။ အခုလဲဒီအတိုင်းပဲ ဒကာ၊ ဒကာမတွေဟာ ငါတို့တစ်ယောက်လောက်ငွေလေးချေးရုံနဲ့ ဆရာတော်မှာ ဘာမှ ဖြစ်မသွားလောက်ပါဘူးဆိုပြီး လာချေးကြတာပဲ"

"ဒါပေမယ့်တခြား ဒကာ၊ဒကာမတွေကလည်း အဲသလိုပဲတွေးပြီး လာလာချေးကြတော့ ဦးပဋ္ဌင်းမှာ အရေးပေါ်ကိစ္စရှိရင် သုံးဖို့ထားတဲ့ ငွေလေးတစ်သောင်း၊ နှစ်သောင်းကလွဲပြီး ဘာမှကိုမရှိတော့ဘူး၊ ချေးလို့ပြန်မရတဲ့ ငွေတွေတွက်လိုက်မယ်ဆိုရင် နှစ်သိန်းတောင်မကတော့ဘူး"

"ဦးပဋ္ဌင်းတို့ဘုန်းကြီးတွေမှာ ပိုက်ဆံချေးရင် အရင်းနဲ့ အရှုံးပဲရှိတယ် အမြတ်ဆိုတာမရှိဘူး။ အတိုးတို့ဘာတို့ဆိုတာ ဒကာ၊ ဒကာမတွေကလည်း မပေးချင်ဘူး၊ ဦးပဋ္ဌင်းတို့ကလည်း လုံးဝမယူချင်ဘူး၊ ဒီတော့ ပြန်ပေးရင် အရင်းရမယ်၊ ပြန်မပေးရင်ရှုံးတယ်ပေါ့၊ ဒီငွေကိစ္စနဲ့ ဘယ်ဘုန်းကြီးကရော



ပြင်ကန္တားကို သွားချင်မှာလဲ"

"အဲဒီတော့ငွေတော့မချေးနိုင်ဘူး၊ ဦးပဋ္ဌင်းသဒ္ဒါသလောက် လိုက်မယ်၊ ရော့ငွေနှစ်ရာ ကဲဒါယိကာမကြီး ပြန်ပေတော့" ဟု လိုက်သဖြင့် ထိုအမျိုးသမီးပြန်သွားခဲ့ပြန်သည်၊ အားမနာ၊ လျှာမကျိုး၊ ါတိတိ ငွေလာတောင်းတာကတော့ ရိုးရိုးသားသားဒုက္ခရောက်လို့ ကူအညီတောင်းခြင်းဟုတ်ဟန်မတူတော့၊ သူတော်ကောင်းတို့၏ ဏာတရားကို ခန်းခြောက်အောင်လုပ်သူများဖြစ်နေပြီလားဟု သံသယ ကွေးတို့က ဝင်လာကြသည်။

နောက်တစ်ရက်မှာပင် ဆွမ်းခံကပြန်လာသော တပည့် ရှင်ပညာသီရိက "ဟာ ဆရာတော်ဆီလာလာနေတဲ့ မိန်းမကြီးက ပိမ်ကြီးနေမှာပါဘုရား၊ မနက်က ဘေးနားကကျောင်းတစ်ကျောင်းထဲ ားတာတွေ့တယ်ဘုရား၊ ဘုန်းကြီးကျောင်းတွေ လှည့်လိမ်စားနေသလား ဘူးဘုရား"

"ဟုတ်လား - အေး ဒါဆို နည်းနည်းစုံစမ်းကြည့်ရမယ်"

နောက်တစ်ရက်တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် ကျောင်းသို့ ားကြွလာသော ရွှေပြည်သာ ပရိယတ္တိကျောင်းဆရာတော် ဦးဇောတိက ကားစပ်သွားသောအခါ ဦးဇောတိက က -

"ဒါဆိုရင်တော့ သေချာပြီ၊ ဘုန်းကြီးတော့အလိမ်ခံနေရပြီ၊ ည့်တော်ကျောင်းကိုလည်း တစ်ခါရောက်လာတယ်၊ သူ့သားတစ်ယောက် ရုံတင်ထားတာ ဆေးဖိုးမရှိလိုပါဆိုပြီး ငိုယိုတောင်းပန်နေလို့ ငွေနှစ်ရာနဲ့ တစ်ပြည် ပေးလိုက်ရသေးတယ်၊ ပုံစံက ပိန်ပိန်ရှည်ရှည်၊ မျက်စိပြူးပြူးပဲ"

"ဒါဆိုရင်တော့သေချာပါပြီ၊ တပည့်တော်ဆီကို လာလိမ်တာ တောင်ရှိသွားပြီ၊ သုံးခါတောင်ရှိသွားပြီဆိုမှတော့ တော်တော်များနေပြီပဲ၊ ာက်တစ်ကြိမ်တော့ လာမယ်မထင်ပါဘူး"

ကိုယ်ကသာမထင်သည်၊ သူမတို့သားအမိကား နောက်လေးရက်ခန့် ာတွင် ရောက်လာပြန်ပါ၏။ ရောက်ရောက်ချင်း

"ဆရာတော်ကယ်ပါဘုရား၊ တပည့်တော်သား ရွှေပြည်သာ ဆေးရုံမှာ အရေးပေါ်တင်ထားရတယ်ဘုရား၊ ဆေးဖိုးလည်း မရှိတော့ သေချာ မကုနိုင်ဘူး ဖြစ်နေတယ်ဘုရား၊ အဲဒါဆေးဖိုးလေး ကူညီပါဦးဘုရား၊ များများ စားစားလည်းမဟုတ်ပါဘူး။ ပြီးတော့ -

စာရေးသူကစူးစမ်းဆင်ခြင်သောမျက်လုံးဖြင့် တစ်ချက် စိုက်ကြည့် လိုက်သောအခါ သူ၏ဗလုံးပထွေးစကားများ ရုတ်တရက်ရပ်သွားကာ ခပ်ကြောင်ကြောင်ဖြစ်သွားသည်။ ထိုအခါမှ -

"ဒါယိကာမကြီး ဦးပဥ္စင်းတို့ဟာ သူတစ်ပါးကို သနားတတ်တယ်။ အဲသလို သနားတတ်တဲ့ ကရုဏာဟာ တကယ်ဒုက္ခရောက်သူတွေအတွက်ပဲ ဖြစ်သင့်တယ်။ ဒါယိကာမကြီးတို့လို လူမျိုးတွေက မကြာခဏ လာပြီး လိမ်ညာကြတော့ သနားတတ်တဲ့ ဦးပဥ္စင်းတို့ကရုဏာတွေဟာ ခန်းခြောက် ကုန်တယ်"

တကယ့်တကယ် ဒုက္ခရောက်နေသူကိုတွေ့ရင်တောင် လိမ်ညာ နေတာများလားဆိုပြီး ကရုဏာစိတ် သိပ်မပေါ်ချင်တော့ဘူး၊ ဒါ့ကြောင့် ဒါယိကာမကြီးကို မေတ္တာရပ်ခံပါရစေ၊ တကယ်ဒုက္ခရောက်သူတွေကို ငဲ့ညှာ ထောက်ထားသောအားဖြင့် သူတော်ကောင်းတွေရဲ့ ကရုဏာကို ခမ်းခြောက် သွားအောင် သွားမလိမ်ကြပါနဲ့လို့"

ခေါင်းငိုက်စိုက်ဖြင့် သူတို့သားအမိ ထွက်သွားကြသည်။ သဘောပေါက်သွား၍ဘဲလား၊ နောက်တစ်ခါမရနိုင်တော့ဟု သိ၍လား မပြောတတ် ထိုနေ့မှစ၍ ယခုအချိန်တိုင်အောင် ကျောင်းသို့ ပေါ်မလာ ကြတော့ပါ။



# မသူတော်၏ကိုယ်ချင်းစာတရား (အိမ်ထောင်ရေးလိမ်ညာမှု)

သူတော်ကောင်းကိုယ်ချင်းစာလျှင်
သူတစ်ပါးချမ်းသာသည်။
မသူတော်ကိုယ်ချင်းစာလျှင်
သူတစ်ပါးဆင်းရဲသည်။

ပစ္စည်းရှိသော၊ ချောမောလှပသော၊ ဘွဲ့ရ အထက်တန်းပြ ဆရာမလေး လှအဥ္ဇလီတင့်ခေါ် လှလှဝင်းတစ်ယောက်၊ မယားကြီး ငုတ်တုတ်ရှိသူ အရက်သမား၊ ဖဲသမား၊ ကိုခင်မောင်နှင့် ယူလိုက်ပြီဟူသော သတင်းက ၉၉-ခုနှစ်အတွင်း ရွှေပြည်သာမြို့လေးအတွက် အထူးခြားဆုံး သတင်းဖြစ်သွားရသည်။

အမည်ရင်း လှလှဝင်းဖြစ်သော်လည်း သူ့မျက်နှာလေးက နာမည်ကြီးကြော်ငြာမယ် လှအဥ္ဇလီတင့်နှင့် တူလွန်းလှသောကြောင့် လှအဥ္ဇလီတင့်ဟူ၍သာ လွယ်လွယ်ခေါ်ကြသည်။

"ဆရာမက အဆင်းရှိသလောက် အချင်းမရှိဘူးထင်ပါတယ်ကွာ၊ ယောကျ်ားရှားလွန်းလို့ သူများယောကျ်ား ယူရတယ်လို့"

"ဟာကွာ မင်းကလဲ ယောကျ်ားမာယာက မိန်းမမာယာထက် ပိုများတာပဲကွ၊ လူပျိုလို့လိမ်ပြောပြီး ယူလိုက်တာဖြစ်မှာပေါ့"

"သူနဲ့ အနီးစပ်ဆုံး ပတ်ဝန်းကျင်ကလူတွေဆီ စုံစမ်းကြည့်တော့ လူအိုမှန်းသိရက်နဲ့ ယူတာလို့ပြောတယ်ကွ"

"အဲဒါဆိုရင်တော့ လွန်တာပေါ့ကွာ၊ ကိုယ့်ထက်အသက်လည်းကြီး၊ ဖဲသမား၊ အရက်သမားလဲဖြစ်သူကို ဒီဆရာမဘာများသွားကြိုက်ပါလိမ့်ကွာ"

ကရုဏာဒေါသောဖြင့်ပြောနေကြသော စကားဝိုင်းအတွင်းသို့ အတည်လိုလိုပြောပြီးမှ ဖောက်တတ်သောလူနောက်တစ်ယောက်က ဝင်လာ ပြန်သည်။

"အဆိုးထဲက အကောင်းရှာဆိုတဲ့ စကားအတိုင်းဒီဖြစ်ရပ်မှာ ခင်ဗျားတို့ ကျွန်တော်တို့လို လူအိုယောကျ်ားတွေအတွက် အမြတ်တစ်ခုတော့ ထွက်ပါတယ်"

"ဟာ - ဒီလူကလည်းသူများသားသမီး ဒုက္ခရောက်ပါတယ်ဆိုမှ သူကကြားထဲက အမြတ်ထွက်နေပြန်တယ်တဲ့၊ ကဲပြောစမ်းပါဦး - ဘာအမြတ်ထွက်တာလဲ"

"ဒီလိုလေဗျာ - ဘွဲ့ရမိန်းမပျိုတစ်ယောက်ကို အရက်သမား လူအိုတစ်ယောက်ကရအောင်ယူနိုင်တယ်ဆိုတော့ ဒီလူဆီမှာ နည်းလမ်းကောင်းတစ်ခုခု ရှိတာတော့ သေချာတယ်ဗျ၊ ဒီ နည်းလမ်းကောင်း ကို ရအောင်ယူနိုင်ရင် ကျွန်တော်တို့အတွက် အမြတ်မထွက်ဘူးလား ကဲ - ဟဲ- ဟဲ- ဟဲ"

ထိုသူ၏စကားဆုံးသည်နှင့် လက်ဖက်ရည်ဆိုင်တစ်ခုလုံး ပွဲကျသွားကြသည်။ ဤသို့ဤနှယ် လက်ဖက်ရည်ဆိုင်အစ၊ ဈေးအလယ်၊ ကားမှတ်တိုင်အဆုံး နေရာအားလုံး၌သည်အကြောင်းကိုသာ ပြောမဆုံး နိုင်အောင်ဖြစ်နေကြသည်။ ဘယ်ပုံဘယ်နည်းများ ရသွားကြသလဲဟူသော မေးခွန်း၏အဖြေကိုလည်း မရမကလိုက်ရှာနေကြရာ -

မေးပါများစကားရဟူသော စကားအတိုင်း သိကြရသော အဖြေကား ဆရာမလှလှဝင်းက မြို့နယ်တစ်ခုမှာ စာပြနေရသည်။ သတ်မှတ် သောနှစ်မစေ့သေးသောကြောင့် ရွှေပြည်သာမြို့သို့ ပြောင်းရွှေ့ လျှောက်ထားခြင်း မပြုနိုင်သေးပါ။ ထိုကျောင်းသို့ရောက်ရန်အတွက် မြို့တွင်း လိုင်းကား ဟိုင်းဝေးကားကြီးနှစ်ဆင့်စီးရသည်။

ဆရာမလစာလေးနှင့်ပင် ကုန်ရသည်၊ ယခုတော့ အစိုးရက ကူပွန်ထုတ်ပေးထားသောကြောင့် အိမ်ကတူလေး၊ တူမလေးများအတွက် မုန့်ဖိုးတော့ပေးနိုင်ပါသေးသည်။ သူမအတွက်ကတော့ လခမကျန်လည်း ကိစ္စမရှိ၊ ချမ်းသာသောမိဘများက အကုန်ဆင်ပေးပါသည်။

မိဘများအနေဖြင့် ကျောင်းဆရာမဟူသော ဂုဏ်သိက္ခာ



တစ်ခုအတွက် စာပြခိုင်းနေခြင်းဟုဆိုလျှင် သုံးပုံနှစ်ပုံခွဲလောက် မှန်ပါလိမ့်မည်။ ဝါသနာနှင့်စေတနာက အပုံတစ်ဝက်လောက်ဆိုလျှင် မလွဲပေ။ သူမနှင့် ဖူးစာဆုံလာသည့် ကိုခင်မောင်က ရန်ကုန်-ပဲခူး ဟိုင်းလက်ကား ဒရိုင်ဘာ၊ လှလှဝင်းတို့ ကူပွန်တွေမရသေးခင်ကပင် ကိုခင်မောင်တို့ကား စီးနေပါပြီ။ လှလှဝင်း သူ့ကားကို စစီးသည့်နေ့မှာပင် ကိုခင်မောင်တစ်ယောက် စေတနာတွေ ရေစီးကမ်းပြိုလိုက်နေသည်။ အမျိုးသမီးတို့၏ ကိုယ်ခန္ဓာအလှကို သဘာဝအတိုင်း အပေါ်လွင်ဆုံး ဖြစ်စေသည့် အထက်ဖြူ အောက်စိမ်း ဆရာမဝတ်စုံလေးဖြင့် မတ်တပ် ရပ်လျှက် လက်ပြတားနေသော လှလှဝင်း၏ ကိုယ်နေအလှကို ကိုခင်မောင် တစ်ယောက် ကားမရပ်ခင် အဝေးကတည်းက သတိထားနေမိသည်။

မျက်နှာလေးကရော ဘယ်လိုများနေမလဲဟူသောအတွေးဖြင့် ကားရပ်ရပ်ရင်း အကဲခတ်ကြည့်ရာ -

"အားပါးလှလိုက်တာ" ဟူသော အာမေဋိတ်နှင့်အတူ ကားရှေ့ခန်းတံခါးကိုလည်း အလိုလိုဖွင့်ပေးပြီးသားဖြစ်သွားသည်။ နှုတ်မှလည်း

"ဆရာမ-ဒီခေါင်းခန်းကတက်လိုက်ပါ"

နောက်ခန်းသွားရန်ဟန်ပြင်နေသော ဆရာမမှာ မထင်မှတ်ဘဲ လှမ်းခေါ်လိုက်သော ကားဒရိုင်ဘာအသံကြောင့် အသိများလားဟူသော အတွေးဖြင့် ကားရှေ့ခန်းတွင်းသို့ ငုံ့ကြည့်လိုက်မိရာ စူးစူးဝါးဝါး စိုက်ကြည့်နေသော မျက်လုံးတစ်စုံကြောင့် -

"အို" ဟူသော မပွင့်တပွင့်အသံလေးနှင့်အတူ မျက်လွှာကို ကမန်းကတန်းချလိုက်ရသည်။ မျက်လွှာချလိုက်ရခြား မျက်လုံးမျက်ဖန် ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ပိပိယိယိစေ့နေသော နှုတ်ခမ်းတို့ဖြင့် ယောကျ်ားချောချောလှသော ဒရိုင်ဘာ၏မျက်နှာက မျက်စေ့ထဲတွင် အလိုလိုပင် စွဲထင်သွားခဲ့သည်။

ဆရာမအနေဖြင့် နောက်ခန်းထက် သုံးဆခန့်ဈေးကြီးသော

ရှေ့ခန်းတွင် ဘယ်တော့မှမစီး၊ ရှေ့ခန်းကသာ နေ့စဉ်စီးနေလျှင် လက်ရှိလစာထက် သုံးဆခန့်ပိုရတောင် လောက်နိုင်စရာမရှိပေ။

မိမိကအိမ်ကိုမထောက်ပံ့နိုင်သည့်ကြားထဲ မေမေ့ထံကားခဆိုပြီး လက်ဖြန့်မခံချင်သည့် မာနသည်လည်း ကားရှေ့ခန်းတွင်မစီးဖြစ်ခြင်း၏ အကြောင်းတစ်ခုအနေနှင့် ပါဝင်ပါသည်။ ယခုတော့ ဒရိုင်ဘာကိုယ်တိုင် တံခါးဖွင့်ပေးပြီး လိုလိုလားလားခေါ်နေတာတောင် ရှေ့ခန်းမှ မစီးဘူး ဆိုပြန်လျှင် ဆရာမတစ်ယောက်ဖြစ်နေပြီး ကားရှေ့ခန်းမှာတောင် မစီးနိုင်ဘူးဟူ၍ အထင်သေးမှာကိုလည်း စိုးရိမ်မိပြန်သဖြင့် ခပ်သွက်သွက်ပင် ဝင်ထိုင်လိုက်ရတော့သည်။

ကားစထွက်သည်နှင့်ရှေ့နောက်ဆက်သွယ်ထားသော စပီကာမှ ခရီးသည်အမျိုးသားတချို့၏အသံက ဆောင့်ဆောင့်အောင့်အောင့်နှင့် ပျံ့လွင့်လာသည်မှာ -

"ဒါ့ကြောင့်လဲ ဆရာတော်တစ်ပါးက တရားထဲမှာ ထည့်ဟောတာ နေမှာဗျ"

"ဘယ်လိုဟောလို့တုန်းဗျ"

"တစ်ချို့ကားသမားတွေရဲ့ ကျင့်စဉ်တွေတဲ့ဗျ၊ ကဗျာလေးက -

မယ်သီလနဲ့ ဘုန်းကြီး ကားနောက်ခန်းမှာစီး

အမယ်အိုကြီးရွတ်တွတ်၊ ကားတားလို့မရ၊

တစ်ခုလပ်နဲ့ အပျိုစင် ကားရှေ့ခန်းထဲဝင် တဲ့ဗျာ"

"ဝါး ဟား -ဟား -ဟား"

ထိုသူ၏ကဗျာအဆုံးတွင် ရယ်သံများက ညံကနဲပေါ်လာသဖြင့် ကိုခင်မောင်တစ်ယောက် စပီကာခလုပ်ကို ကမန်းကတန်း ပိတ်ချလိုက်မှ ကားနောက်ခန်းမှ အသံများပျောက်ကွယ်သွားသည်။ အနာပေါ် တုတ်ကျဖြစ်သွားသောကြောင့် သူ့မျက်နှာတစ်ခုလုံးလည်း မဲကနဲ ဖြစ်သွားသည်။ အတန်ကြာမှ အရှက်ပြေသဘောမျိုးဖြင့်

"အဲဒါပဲဆရာမရေ လူတွေက ပြောစရာရှိရင် ဝါးလုံးသိမ်းရမ်း ပြောတော့တာပဲ၊ အဲသလို ဒရိုင်ဘာတွေထဲ ကျွန်တော်တို့တော့မပါပါဘူးဗျာ၊ ရဟန်း၊ သံဃာတွေ၊ သီလရှင်တွေ၊ တာဝန်ထမ်းဆောင်နေကြရတဲ့ ဆရာ၊ ဆရာမတွေဆိုရင် ကျွန်တော်ဘယ်တော့မှ ကားခမယူဘူး"

"အခု ဆရာမကို တင်လာတာလဲ ပိုက်ဆံယူဘို့မဟုတ်ပါဘူး၊ ကူညီတဲ့အနေနဲ့ တင်လာတာပါ။ နောက်နေ့တွေလည်း ကျွန်တော့်ကားကို ကြုံရင် စီးသာသွားပါဆရာမ၊ ကားနံပါတ်လည်း မှတ်ထားပါ။ ဆရာမတို့ရတဲ့ လစာလေးနဲ့ ဒီလိုသာကားခတွေပေးနေရရင် ဘာကျန်လိမ့်မတုန်း ကျွန်တော်က ကိုယ်ချင်းစာပါတယ်"

ကိုခင်မောင်၏စကားအဆုံးတွင် ဆရာမမှာ -ဩော်ဒီလို သူတော်ကောင်းစိတ် ရှိတဲ့ ကားသမားတွေလည်း ရှိပါသေးလားဟုတွေးပြီး တလေးတစားဖြစ်သွားမိသည်။ သူမရှေ့ကျမှ ချက်ချင်းလက်ငင်း အရေးပေါ် ချပြပြီး၊ သူမကွယ်ရာတွင် ပျောက်သွားမည့် ရေတိုစီမံကိန်းတစ်ခု ဖြစ်ကြောင်းကိုတော့ ဆရာမ မသိနိုင်ရှာ၊ ယောကျ်ားမာယာသည် သဲကိုးဖြာ ထက်ပိုသည်မဟုတ်ပါလား။

"ဆရာမဘယ်မှာဆင်းမလဲ"

". . . မြို့မှာဆင်းမယ်"

"အဲဒီကျောင်းမှာ တာဝန်ကျတာ တော်တော်ကြာပြီလား"

"(၁)နှစ်ကျော်ပဲရှိပါသေးတယ်"

ဤသို့မေးမြန်းသည်ကလည်း အကြောင်းမဲ့မဟုတ်၊ နီးစပ်မှုရရန် အမြဲမပြတ်မြင်တွေ့ရရန် ပစ်ကွင်းကောင်းများကို ရှာဖွေနေခြင်းသာဖြစ်သည်။ အတွေ့အကြုံက သင်ပေးထားသောပညာကြောင့်၊ ဆရာမအပျိုတစ်ယောက် ဖြစ်ကြောင်းကိုတော့ ကိုခင်မောင်သိနေပါပြီ၊ ဒီထက်ပိုသိရန်၊ ပိုရင်းနှီးရန် ကိုတော့ အချိန်များစွာ ပေးရပါအုံးမည်။

## မိန်းမယောကျ်ားမြင်ဖန်များသော်

မိန်းမယောကျ်ား၊ မြင်ဖန်များသော်
သနားချစ်ခင်၊ စိတ်ကျွမ်းဝင်၍
ကျွန်ပင်တမင်၊ ဖြစ်လင့်ကစား
မိုးနတ်သားသို့၊ ထင်မှားမယွင်း
တပ်မက်လျှင်းခဲ့။
(မာဃဒေဝ)

မိန်းမနှင့်ယောကျ်ားတွေ့ဖန်၊ မြင်ဖန်များလာလျှင် အောက်တန်းအကျဆုံးဖြစ်သော ကျွန်ယောကျ်ားကိုပင် မိုးနတ်သားလို့ ထင်မှတ်ပြီး တပ်မက်တတ်သည်ဟူသော ရေးသားချက်သည် အပြင်မှာ တကယ်ဖြစ်ပျက်ခဲ့သော အကြောင်းများကိုတွေ့မြင်ပြီးမှ ရေးသားခြင်း ဖြစ်သောကြောင့်၊ ဟိုတုန်းကလည်း မှန်ခဲ့သည်။ ယခုလည်းမှန်ဆဲ၊ နောင်လည်း မှန်နေဦးမည်သာဖြစ်ပသည်။

မိန်းမကျမ်းနောကျေလာသော ကိုခင်မောင်တစ်ယောက်လည်း၊ မလွဲနိုင်သော ဂုဏ်းနည်းကိုသာ ဆက်တိုက်အသုံးပြုလာခဲ့သည်။ ဆရာမနှင့်စတွေ့သည့် ရက်မှာပင် ကျောင်းဆင်းချိန်ကို မေးချင်ပါသော်လည်း၊ မကောင်းတတ်သေး၊ မိမိဘက်က နန့်နန့်တက်ဖြစ်လွန်းနေလျှင် ဈေးကျပြီး၊ အထင်သေးသွားနိုင်သည်။

ဒါဆိုရင် သူမကျောင်းဆင်းချိန်သိရအောင် ဘယ်လိုလုပ်မည်နည်း၊ လွယ်ပါသည်။ မြို့ခံမိတ်ဆွေတစ်ယောက်မှ တဆင့် စုံစမ်းကြည့်လိုက်တော့ ညနေ (၃)နာရီတဲ့၊ ပဲခူးမှထွက်တိုင်း၊ ဂုဏ်းမြို့အရောက်နှင့် (၃)နာရီ ကိုက်အောင်ထွက်လိုက်ရာ၊ ဆွဲခြင်းလေးကိုင်ကာစောင့်နေသူ သူမကို အသင့်တွေ့ရလေသည်။

ကိုခင်မောင်ကလည်းပါးတာမှ လှစ်နေသည်။ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်မှတပါး၊ ကြားရက်များတွင် ရှေ့ခန်း၌ဘယ်တော့မှ လူမတင်၊



လူရှိနေလျှင် ဆရာမနှင့်သူ အဘယ်မှာ လွတ်လွတ်လပ်လပ် စကားပြောခွင့်ရမည်နည်း။

လေးငါးခြောက်လလောက်အထိ ဒီ့တူသွား အတူလာ ဖြစ်လာသော အခါ ငယ်ပေါင်းကြီးဖော်တွေပမာ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ရှိလာခဲ့ပြီ။ ယောကျ်ားချင်းယှဉ်လျှင် သူ့အတွက် အမှတ်ပိုရစေမည့် ဆရာမတို့လို လူကြီးဆန်သူများ အင်မတန် သဘောခွေ့သည့် ကြိုက်လုံးကလေးများကိုလည်း အလျှင်းသင့်သလို ပစ်သွင်းပေးလေ့ရှိသည်။

ဥပမာအားဖြင့် - တစ်ရက်တွင် ကားမောင်းရင်းဖြင့် စီးကရက်ကို မီးခိုးမွှန်အောင်သောက်နေသော ကိုခင်မောင်အား ဆရာမက - "ကိုခင်မောင် စီးကရက်တွေ တအားသောက်တာပဲ၊ ကျန်းမာရေးထိခိုက်မှာပေါ့၊ မဖြတ်နိုင်ဘူးလား၊ ဒါမှမဟုတ် လျှော့သောက်ပေါ့"

"ကျွန်တော် ဖြတ်နိုင်အောင်ကြိုးစားမယ်ဆရာမ"

ဟုပြောပြီးသည်နှင့် နောက်ရက်မှစပြီး ကိုခင်မောင် ဆေးလိပ်လုံးဝမသောက်တော့၊ မိမိထက်အသက်ကြီးသူမဆိုထားနှင့် မိမိထက်ငယ်ရွယ်သူ ကလေးသူငယ်များသည်ပင် ကိုယ့်ဆုံးမစကားကို နာယူကျင့်သုံးသည်ဆိုလျှင် ပြောဆိုဆုံးမရသူမှာ ဘာအရသာနှင့်မှမတူအောင် အရသာတစ်ခုကို ထူးထူးခြားခြား ခံစားကြရသည်။

ဤအချက်ကိုသိထားသော ကိုခင်အောင်က အခွင့်အရေးကို လက်လွှတ်မခံဘဲ အသုံးချလိုက်ခြင်းဖြစ်ပေသည်။ လူပျိုချင်း၊ အပျိုချင်း ဆိုလျှင်တော့၊ မိမိကိုယ်အထင်ကြီးအောင်၊ အားကိုးချင်အောင်၊ ဆွဲဆောင်ပြီး အထက်ကြေးမှဝင်နိုင်ပါသည်။ ယခုတော့ ကိုခင်မောင်အသက်က (၃၅)နှစ်၊ အိမ်ထောင်သည်။

ဆရာမက (၂၅)နှစ်အရွယ်၊ အပျိုတစ်ယောက်ဖြစ်ပြန်တော့၊ အောက်ကြေးကဝင်မှ အဆင်ပြေမည်ဆိုသည်ကို၊ ကိုခင်မောင်က နားလည်ပြီးသား၊ အောက်ကြေးဆိုသည်ကား မိမိအပေါ် စိတ်သပ်ယူရသည်အထိ

သနားအောင် ပြောဆိုပြီးမှ ချစ်ရေးဆိုခြင်းပါတည်း။

အိမ်တွင်းရေးများ ပြောဆိုလာနိုင်သည်အထိ ခင်မင်လာပြီဆိုမှ ကိုခင်မောင်၏တိုက်ကွက်များက တစ်စတစ်စ စလာသည်။

"ကျွန်တော်က အိမ်ထောင်ရေးကံဆိုးပါတယ်ဆရာမရယ်"

"ဘာဖြစ်လို့လည်း ကိုခင်မောင်"

"အခု ကျွန်တော်ရထားတဲ့ မိန်းမက မိဘတွေပေးစားလို့ယူရတာဗျ၊ ကျွန်တော်ကြိုက်လို့မဟုတ်ဘူး၊ ဒါပေမယ့်ဗျာ လင်ရယ်မယားရယ် ဖြစ်လာပြီဆိုမှတော့ ကျွန်တော့်ဘက်က ဘာမှမချို့ယွင်းစေရပါဘူး၊ ရသမျှဝင်ငွေ အကုန်အပ်တာပါပဲ၊ ကျွန်တော်သုံးတာဆိုလို့ ဆေးလိပ်ဖိုးပဲ ရှိတာပဲ"

"အခုဆေးလိပ်တောင် ဆရာမပြောတာနဲ့ မသောက်တော့လို့ ကျွန်တော့အတွက်ကတော့ ဘာမှ ကုန်ငွေမရှိပါဘူး"

"အဲဒီလို ကုန်ငွေမရှိဘူးဆိုတော့၊ ကိုခင်မောင်တို့အိမ်မှာ တော်တော်စုမိမှာပေါ့"

"အဲဒါပြောတာပေါ့ဗျာ၊ အိမ်ကမိန်းမသာ စီးတဲ့ရေ ဆည်တဲ့ကန်သင်းလို မကုန်သင့်တာတွေမကုန်အောင် စုဆောင်းနိုင်မာ်ဆိုရင် ကျွန်တော်တို့ တိုက်ဆောက်နိုင်တာပေါ့"

"ကိုခင်မောင်ဇနီးက အသုံးအဖြုန်းကြီးလို့လား"

"အသုံးအဖြုန်းကြီးရုံတင်မကဘူး၊ ဖဲရိုက်တယ်"

"ဟင် မိန်းမတန်မဲ့နဲ့၊ ဖဲတောင်ရိုက်တယ်၊ ကိုခင်မောင်က မဆုံးမဘူးလား"

"ဆုံးမစရာ စကားကတော့ကုန်နေပါပြီဗျာ၊ ဘယ်လိုမှ ပြောလို့မရဘူး၊ ကိုယ့်ကိုမှီခိုနေရတဲ့ မိန်းမသားတစ်ယောက်ဆိုတော့လည်း၊ ကိုယ်ထိလက်ရောက်တော့ မလုပ်ရက်ဘူးလေ ဒါကြောင့် ပိုဆိုးနေသလား မသိပါဘူးဗျာ"

"ဩော်. . . ကိုခင်မောင်တို့အိမ်ထောင်ရေးကလည်း ရှေ့ဆက်



မလွယ်ပါလားနော်"

ထိုစကားအဆုံးမှာတော့ ဆရာမက ကရုဏာမျက်ဝန်းနှင့် လှမ်းကြည့်လိုက်သလို ကိုခင်မောင်ကလည်း အသနားခံသော မျက်နှာသေ ကလေးနှင့် ပြန်အကြည့်တွင် အကြည့်နှစ်ခုက လမ်းခုလတ်မှ ခလုတ်တိုက်မိ သွားကြသဖြင့်၊ နှစ်ယောက်သား ကဗျာကယာ ဣန္ဒြေဆည်လိုက် ကြရပြန်သည်။

တကယ်တော့မိမိအပြစ်များကို မိန်းမအပြစ်ဖြစ်အောင် လုပ်ကြံပြောဆိုနေသည်ကိုတော့၊ ကိုခင်မောင်မှတစ်ပါး ဘယ်သူမှ မသိနိုင်ပါပေ။ အမျိုးသမီးများကား အမျိုးသားများ အလိမ်ခံဖို့ရာအတွက် လူဖြစ်လာကြလေသလားဟု ထင်ရလောက်အောင် ပြောသမျှယုံပြီး သနားတတ်ကြသူများပေတကား၊ တစ်ရက်ချင်း တစ်စတစ်စနားသွင်းလာရာမှ ဆရာမတစ်ယောက်မမြင်ဘူးသော သူ၏မိန်းမကို အရှုံကြီးရှုံ၊ အမုန်းကြီး မုန်းနေချိန်၊ သူ့အပေါ်တွင်လည်း ကရုဏာမိုးပေါက်ကြီးများ အကြီးအကျယ် ရွာသွန်းဖြိုးချိန်လောက်ရောက်သောအခါတွင်မှ တစ်ခေါက်တွင် ခရီးသည်ရော၊ စပယ်ယာပါမခေါ်တော့ဘဲ ခါလီမောင်းချလာပြီး ကျောင်းဆင်းချိန်အသင့်စောင့်နေသော ဆရာမကို တင်ခေါ်လာခဲ့သည်။

သူ၏မျက်နှာကိုလည်း မြင်ရသူတိုင်း သနားပြီး ထိုင်ငိုချင် လောက်အောင်ညှိုးငယ်ပြထားလိုက်သည်။ စကားမပြော တုံဏှိဘော ဖြစ်နေသော ကိုခင်မောင်ကို ဆရာမကပင် စကားမေးယူရသည်။

"ကိုခင်မောင်ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာလည်းမကောင်းဘူး၊ ပြီးတော့ ခရီးသည်တွေလည်း ဘာဖြစ်လို့တင်မလာတာလဲ"

" အဲဒီအကြောင်းတွေ ဆရာမကို အေးအေးဆေးဆေး ပြောပြချင်လို့ ခရီးသည်မတင်ဘဲ ခေါ်လာတာ"

ထောက်ကြန့်အရောက်တွင် အသိတစ်ယောက်အိမ်ရှေ့၌ ကားကိုရပ်လိုက်ပြီး

" ဆရာမခဏ ဆင်းပါဦး ဒါကျွန်တော့် သူငယ်ချင်းအိမ်ပါ၊

ဆရာမကို အရေးတကြီး ပြောပြတိုင်ပင်စရာလေးတွေ ရှိလို့ပါ"

ကိုယ့်ကိုအလေးထားအားကိုးပြီး ပြောလာတော့လည်း ဆရာမ မငြင်းသာတော့ အိမ်ထဲသို့ ဆင်းလိုက်ခဲ့ရသည်။ အခန်းထဲမှာက လူရှင်းနေသည်။ ရှင်းမှာပေါ့ သူငယ်ချင်းဖြစ်သူကို ကြိုတင်ပြီး ရှောင်ခိုင်းထားသည် မဟုတ်လား။

" အိမ်ရှင်တွေ ဘယ်သွားကြတယ်မသိဘူး"

" အပြင်ခဏသွားတာနေမှာပါ၊ ထိုင်ပါဆရာမ"

" စိတ်ဆင်းရဲစရာတစ်ခုကို နင့်နင့်နဲနဲ ခံစားနေရသူ၏ စတိုင်မျိုးဖြင့် ကိုခင်မောင်က ဘေးဘီကို မကြည့်ပဲ ခေါင်းငိုက်စိုက်ချနေသည်။ ခဏကြာမှာ မပြောချင်ပြောချင် လေသံမျိုးဖြင့် -

"ကျွန်တော်မိန်းမနဲ့ တရားဝင်ကွာလိုက်ပြီ ဆရာမ"

" ဟင် ဘာဖြစ်လို့လဲ ကိုခင်မောင်"

" သူ အသုံးဖြုန်းကြီးတာ၊ ဖဲရိုက်တတ်တာတွေ့တော့ ကျွန်တော် ဆရာမကို ပြောပြဖူးပါတယ်၊ ဒါပေမဲ့ ဒါတွေကိုအားလုံး ကျွန်တော် ခွင့်လွှတ်ခဲ့ပါတယ်၊ ကိုယ့်ထက် ဆယ်နှစ်လောက်ပိုပြီးအသက်ကြီးတဲ့ မိန်းမတစ်ယောက်ဖြစ်ပေမဲ့ ကျွန်တော်သစ္စာရှိခဲ့တယ်"

" ကိုယ့်မေတ္တာမပါပဲ မိဘပေးစားလို့ ယူခဲ့ရပေမဲ့ ကျွန်တော် ကြင်နာယုယခဲ့ပါတယ်၊ အခုလို အိမ်ထောင်ရေးဖောက်ပြန်တဲ့အထိ ဖြစ်လာတာတော့ ကျွန်တော်သည်းမခံနိုင်တော့ဘူး၊ ဒါကြောင့် လူကြီးတွေ ရှေ့မှာ လက်မှတ်ထိုးပြီး ကွာလိုက်ပြီ၊ ပေးသင့်တာ ခွဲပေးလိုက်လို့ သူလည်း အိမ်ပေါ်က ဆင်းသွားပြီ"

" ကျွန်တော်လည်း စိတ်ညစ်ရတဲ့ နှစ်တွေမနည်းပါဘူး ဆရာမရယ်၊ ခုတော့ခံနိုင်ရည် မရှိတော့ဘူး၊ လူ့ဘဝမှာနေချင်တဲ့စိတ်ထက် သေချင်တဲ့စိတ်က ပိုများနေပြီ"

ဒီလိုဆိုတော့လည်း ကိုခင်မောင်အတွက် ဆရာမတစ်ယောက် အစိုးရိမ် ပိုရပြန်သည်။



" ကိုခင်မောင်၊ ကိုယ့်ကိုကိုယ် မဟုတ်မဟတ်တာတွေတော့ လျှောက်မလုပ်နဲ့နော်"

" ကျွန်တော် မိုင်းရှူးကိုသွားပြီး ကျောက်တူးမယ်၊ ချမ်းသာချင်လည်း ချမ်းသာမယ်၊ အရက်၊ဘိန်းစွဲပြီး၊ ပျက်စီးချင်လည်း ပျက်စီးမယ်၊ ဒါမှမဟုတ် ငှက်ဖျားမိပြီး သေချင်လည်းသေမယ်၊ ဘဝမှာ မျှော်လင့်ချက် မရှိတော့တဲ့ နောက် သေတာဟာ ကျွန်တော့်အတွက် အကောင်းဆုံးပဲ"

" တကယ်တော့ စည်းကမ်းတကျ သုံးစွဲတတ်တဲ့ ဇနီးကောင်းသာ ရှိခဲ့လျှင်၊ ကျွန်တော်တစ်နေ့ ကားမောင်းလို့ ရတဲ့ငွေဟာ လူတန်းစေ့နေနိုင်တဲ့ ဟိုဘက်ကို အများကြီးလွန်ပါတယ်၊ သူသာလိမ္မာခဲ့ရင် ခုအချိန်မှာ တိုက်တောင်ဆောက်နိုင်တယ်"

"ကဲပါလေ ဒါတွေပြောနေလို့၊ ဆရာမစိတ်ဆင်းရဲတာပဲရှိမယ်၊ ကျွန်တော့်မှာလည်း ကိုယ့်ခံစားချက်ကိုရင်ဖွင့်ပြဖို့ ရင်းရင်းနှီးနှီးမိတ်ဆွေဆိုလို့ ရှားရှားပါးပါး ဆရာမတစ်ယောက်ပဲရှိတာပါ၊ မနက်ဖြန်ကားကို အုံနာဆီ ပြန်အပ်တော့မှာဆိုတော့ ဆရာမနဲ့ ကျွန်တော်နဲ့ တွေ့ခွင့်ရတာ ဒီတစ်ခါ နောက်ဆုံးပါ"

ထိုစကားအရောက်တွင်တော့ သံယောဇဉ်ကြီးတတ်သော မိန်းမ သားတို့၏ ဓမ္မတာအတိုင်း၊ ရင်ထဲမှာ နင့်ကနဲဖြစ်သွားပြီး မျက်ရည်တို့ ဝေ့တက်လာသဖြင့်၊ ကိုခင်မောင်မရိပ်မိအောင် မျက်တောင်တို့ဖြင့် ပုတ်ခတ်ကာကွယ်လိုက်ရသည်။

မိမိစကားထိရောက်နေပြီကိုသတိထားမိသော ကိုခင်မောင်က အားတက်သွားကာ နောက်ဆုံးတိုက်ကွက်ကို အသုံးချလိုက်တော့သည်။

ကျွန်တော်မျော်ထဲမှာ သေရင်လဲသေမယ်၊ မသေရင်လဲ ရန်ကုန်ကို ပြန်ရောက်စရာတော့ အကြောင်းမရှိတော့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော်အိမ်နဲ့ခြံကိုရောင်းပစ်ဖို့ မိတ်ဆွေပွဲစားဆီ အပ်ပစ်ခဲ့ပြီ၊ ဆရာမနဲ့ ကျွန်တော်နဲ့ နောက်တစ်ကြိမ် ဘယ်လိုမှ တွေ့ခွင့်ရတော့မှာမဟုတ်ဘဲအတွက် တစ်သက်လုံးရင်ထဲမှာ သိမ်းထားတော့မယ်လို့ဆုံးဖြတ်ထားတဲ့ စကားတစ်ခွန်း

ကိုတော့ ပြောခဲ့ပါရစေ"

"သေခါနီးလူတစ်ယောက် သူပြောခဲ့ချင်တာလေး နောက်ဆုံးပြောတာပါလားလို့ သဘောထားပြီး နားထောင်ပေးပါ။ ကျွန်တော့်ဘ၀တစ်လျှောက်လုံး စွဲစွဲလန်းလန်းချစ်မိခဲ့တဲ့မိန်းကလေးဆိုလို့ ဆရာမတစ်ယောက်ပဲ ရှိခဲ့ဘူးပါတယ်"

"ဒါပေမယ့်ဘယ်လိုမှ မဖြစ်နိုင်တော့တဲ့ အခြေအနေကျမှတွေ့ခဲ့ရလို့ ဒီစကားတွေကို ကျွန်တော့်ရင်ထဲမှာပဲ သေတဲ့အထိ သိမ်းထားဖို့ဆုံးဖြတ်ပြီးသားပါ။ ဆရာမရဲ့မေတ္တာကို တောင်းခံမျှော်လင့်နိုင်တဲ့ဘ၀မျိုးမဟုတ်ဘူးဆိုတာလဲ ကျွန်တော်နားလည်ပါတယ်"

"အခုလဲ ဆရာမရဲ့ မေတ္တာကို ကျွန်တော် တောင်းခံနေတာမဟုတ်ပါဘူး၊ နောက်ဆုံးတွေ့ချိန်လေးမှာ ကျွန်တော့်ရင်ထဲ ဘယ်လောက်ခံစားနေရသလဲဆိုတာ သိရအောင် ပြောပြရုံသက်သက်ပါ။ ပြီးတော့ကျွန်တော့်ချွေးနဲ့စာနဲ့လုပ်ထားတဲ့ ဟောဒီလက်စွပ်လေးကိုလည်းလက်ခံပေးပါ။ နောက်ဘယ်တော့မှ တွေ့ရမှာမဟုတ်တဲ့အတွက် ဘာမျှော်လင့်စောင့်စားမှုမျိုးမှလည်း ကျွန်တော့်မှာမရှိပါဘူး"

"သေခါနီးမိတ်ဆွေ လူနာတစ်ယောက်အသေဖြောင့်အောင်ဆိုတဲ့ကရုဏာနဲ့ ဆရာမလက်ခံပေးပါ"

ထိရောက်လှသော အောက်ကြေးမှခွတ်ချက်၏ဒဏ်ကို ဆရာမတစ်ယောက်ဘယ်လိုမှ မခံနိုင်ရှာတော့။ စားပွဲပေါ်လက်တင်ပြီး မျက်နှာအပ်ခါ ရှိုက်ကြီးတငင်ငိုကြွေးရှာပါတော့သည်။ ဆရာမ၏ပုခုံးနှစ်ဖက်ကို ပိုင်စိုးပိုင်နင်းကိုင်ပြီး ချော့မော့နေသည်က ကိုခင်မောင်မှတစ်ပါး ဘယ်သူရှိပါမည်နည်း။

သူရည်ရွယ်ချက်အောင်မြင်သွားခဲ့ပြီ မဟုတ်ပါလား၊ ရက်များမကြာမီမှာပင် မိဘများ သဘောမတူသည့်ကြားက ဆရာမ တစ်ယောက်ကိုခင်မောင်နှင့် ရုံးတက်လက်မှတ်ထိုးပြီး ယူလိုက်ကြသည်။ လက်မှတ်ထိုးပြီးကာမှ ပထမ မယားကြီးနှင့် တရားဝင် မကွာရသေးကြောင်း ဆရာမ



တစ်ယောက် သိရရှာတော့သည်။

ရုံးပြင်ကန္ဒားရောက်သည်အထိ အရှက်တကွဲ အကျိုးနည်း အမှုရင်ဆိုင်ရသေးသည်။ ကိုခင်မောင်ပြောသမျှစကားတွေ ပြောင်းပြန်လှန်နေကြောင်း သေချာသိရသောအချိန်သည် သူမအတွက် နောက်ကျသွားချေပြီ။ ကိုခင်မောင်ကား - ကားမောင်းရသမျှ မယားကြီးကို လုံး၀ပြန်မပေး သူ့ဖာသာ သုံးဖြုန်းသောက်စားပြီး အလေလိုက်နေသူ။

မယားကြီးမှာ ဈေးရောင်းပြီး သူ့ဝမ်းသူကျောင်းရရှာသူ၊ အသက်ကြီးသူဖြစ်သည့်အတွက်လည်း ယောကျ်ားကို ချော့မော့ပေါင်းသင်းရရှာသည်။ နောက်အိမ်ထောင်ပြုချင်သော ကိုခင်မောင်ကအပြစ်မရှိ အပြစ်ရှာပြီး နှိပ်စက်လွန်းသောကြောင့် မိဘအိမ် ဆင်းသွားခဲ့ရသည်။

သည်အချိန်တွင်မှ အကြံသမား ကိုခင်မောင်က ဆရာမကိုလက်မှတ်ထိုးယူပြီး အိမ်ပေါ်တင်ထားလိုက်ခြင်းပင်။ မယားကြီးကားအမှုနိုင်သည့်အတွက် ရသင့်ရထိုက်သော စည်းစိမ်တစ်ဝက်ကို ငွေအမ်းယူပြီးတရားဝင် ကွာရှင်းထွက်ခွါသွားခဲ့လေပြီ။

တစ်နည်းအားဖြင့်ဝဋ်ကျွတ်သွားသည်ဟု ယူဆပြီးအိမ်နီးနားချင်းများက ဝမ်းသာကြသည်။ ဗုဒ္ဓလက်ထက်က မိတ္တဝိန္ဒကဆိုသောလူတစ်ယောက်သည် မိခင်ကိုပါးရိုက်စော်ကားပြီး သင်္ဘော လိုက်သွားရာမှ အရှင်လတ်လတ်ပင်၊ ပင်လယ်ထဲမှတစ်ဆင့် ငရဲရောက်သွားခဲ့ရသည်။

ထိုငရဲတွင် လူတစ်ယောက်သည် မွှတ်နေအောင်လည်နေသောသင်ဓုန်းဓါးစက်ကို ခေါင်းပေါ်ရွက်ထားပြီး သွေးများဖြာဆင်းကျအောင်ဆင်းရဲဒုက္ခခံနေရသည်။ အကုသိုလ်ဝဋ်ကြွေးရှိသော မိတ္တဝိန္ဒကကိုသင်ဓုန်းဓါးစက်ကို ပန်းပွင့်ဟု မြင်ပြီးတောင်းယူကာ ရွက်လိုက်သဖြင့် သူကငရဲကို ဆက်ခံပြီးသားဖြစ်သွားပြီး အရင်ခံနေရသောသူက လွတ်သွားရသည်။

ယခုလည်း ပထမ မယားကြီးခံနေရသော လောကငရဲကို

ဆရာမက အကောင်းထင်ပြီး လက်ပြောင်းယူကာ ခံခဲ့လေပြီ။ ဆရာမကျတော့ ပထမ မယားကြီးထက်ပင် ပိုလို့အနှိပ်စက်ခံရသည်။ ပထမသားဦးလေးမွေးခါနီးအချိန်ထိ ထိုးကြိတ်အနှိပ်စက်ခံရသဖြင့် အညိုအမည်းစွဲသောမျက်နှာနှင့်ပင် ဆေးရုံတက်မွေးခဲ့ရသည်။

နှိပ်စက်ရခြင်းအကြောင်းက ဈေးဝယ်ရင်းဖြင့် အသိအမျိုးသားတစ်ယောက်နှင့် စကားပြောခြင်းကြောင့်ပါတဲ့။ ကိုယ်ချင်းစာတရားဟူသည် သူတစ်ပါးနေရာမှ မိမိကိုယ်ကို နေကြည့်ခြင်းဖြစ်သည်။ ထူးခြားသည်က သူတော်ကောင်းသာ ကိုယ်ချင်းစာသည်မဟုတ်၊ မသူတော်သည်လည်း ကိုယ်ချင်းစာသည်သာ။

ယခုကိုခင်မောင်ဆရာမကို ပို၍နှိပ်စက်နေသည်မှာ ဆရာမ၏နေရာမှာ သူနေကြည့်ခြင်းကြောင့်ဖြစ်သည်။ သူ့ထက် အသက်ကြီးသော မယားကြီးနှင့် ပေါင်းစဉ်အခါက အသက်ငယ်သောသူက ဖောက်ပြန်ချင်တိုင်း ဖောက်ပြန်ပြီး နောက်ဆုံးဆရာမနှင့် တရားဝင် ယူသည်အထိ ဖြစ်ခဲ့ရသည်။

ယခုယူသောဆရာမသည် သူ့ထက်အသက်ငယ်နေပြန်သောအခါ သူဖောက်ပြန်သလို ဖောက်ပြန်ဦးမှာပဲဟူသော ကိုယ်ချင်းစာတရားကြောင့် တစ်နည်းအားဖြင့် ကိုယ်နှင့်နှိုင်းမရိုင်းဟူသော စကားအတိုင်း ဆရာမအပေါ် မယုံသင်္ကာဖြစ်ကာ ပို၍နှိပ်စက်နေခြင်းဖြစ်သည်။

. မိဘတွေကလည်း အမွေပြတ်ကြေငြာခံထားရသော ဆရာမ တစ်လင်ကနှစ်လင်မပြောင်းချင်သော မြန်မာ့ရိုးရာ ယဉ်ကျေးမှုကို လေးစားသော ဆရာမကား ယခုအချိန်အထိ ဆရာမလစာလေးဖြင့်မဝရေစာ စားရပြီး အနှိပ်စက်ခံနေရဆဲပါ။ တကယ့်အဖြစ်အပျက်သည် စိတ်ကူးယဉ်ထက် ဆန်းကြယ်ပေသည်တကား။ ရိုးသားသော မိန်းမပျိုများ၊ အလိမ်အညာ အလှည့်အပတ်တို့ဖြင့် လူကိုရလျှင်ပြီးရောဟူသော လူ့မှုဆိုးများလက်မှ ကင်းဝေးကြပါစေသော်။



## ရှုံ့စရာမသူတော်

ကျင်ကြီးသည် အေးသည်ဖြစ်စေ၊ နွေးသည်ဖြစ်စေ၊ အဆင်းလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ရွံဘွယ်သာတည်း။

မသူတော်သည် အမျက်ထွက်သည်ဖြစ်စေ၊ မထွက်သည်ဖြစ်စေ၊ စကားလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ရွံဘွယ်သာတည်း။

မီးခဲသည်ပူသောအခါလက်လောင်၏။
အေးသောအခါလက်ကိုမည်းစေ၏။
မသူတော်သည် ဒေါသအခါကြောက်စရာ
လောဘအခါရွံစရာဖြစ်၏။
(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)

## လှူလိမ်ကပင်အမှုဆင်

ဦးဘသောင်းကား ရုံးတစ်ရုံးမှ အရာရှိတစ်ဦးပင်ဖြစ်ပါ၏။ တစ်နေ့သူ၏အိမ်သို့ ရုံးစာရေးကြီးဦးသော်နှင့်အတူ သူမမြင်ဘူးသော အမျိုးသားကြီးတစ်ယောက် ပါလာသည်။ ဥပမိရုပ်ခန့်ငြားသည့်အပြင် သပ်သပ်ရပ်ရပ်ဝတ်စားထားသောကြောင့် အထက်တန်းအလွှာထဲက ဖြစ်ကြောင်းခန့်မှန်းမိပေသည်။

ဦးဘသောင်းကား အရာရှိတစ်ဦးဖြစ်သော်လည်း အသောက်အစားကင်းသောကြောင့် ငွေတော်တော်စုစုဆောင်းဆောင်းရှိကြောင်း တစ်ရုံးလုံးကသိကြသည်။ ဧည့်ခန်းမှာ ထိုင်မိကြသည်နှင့် ဦးသော်က -

"ဆရာ ဒါကျွန်တော်တို့ရပ်ကွက်က ဦးတင်ထွန်းပါ၊ ဆရာတို့ဆီမှာ ပစ္စည်းလေးတစ်ခုအပေါင်ထားချင်တယ်ဆိုလို့ ခေါ်လာတာပါ"

ဦးဘသောင်းတို့ဇနီးမောင်နှံက လူမသိသူမသိအောင်

အထက်တန်းစားချင်း တိုးတိုးတိတ်တိတ်တော့ အပေါင်ခံသည်မဟုတ်ပါလား

"ဘာပစ္စည်းများပါလိမ့်" ထိုအခါ ဦးတင်ထွန်းက

"သုံးကျပ်သားလောက်ရှိတဲ့ ရွှေဆွဲကြိုးပါ။ အရေးပေါ်လိုလို့ ခဏလာထားတာပါ။ တစ်လထက်ပိုမကြာပါဘူး"

"အတိုးကတော့ တစ်လပြည့်သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ၊ တစ်ရာတစ်ဆယ်တိုးပေးရမယ်။ အပေါင်ငွေကတော့ ကာလပေါက်ဈေးထက် ထက်ဝက်ပဲပေးနိုင်မယ်"

"ဒါတွေကတော့ ထုံးစံအတိုင်းပေါ့ ကျွန်တော့်ဘက်ကလဲ တစ်ခုတော့တောင်းဆိုချင်တယ်"

"ဘာများပါလိမ့်"

"တခြားတော့မဟုတ်ပါဘူး၊ အခုရှုပ်မှ နောင်ရှင်းဆိုတဲ့ စကားအတိုင်း ကျွန်တော်အပေါင်ထားမယ့်ဆွဲကြိုးကို (၃)ကျပ်သားပြည့်၊ မပြည့် ရွှေသားစစ်၊ မစစ်ကို ဦးဘသောင်းတို့အသိ ရွှေဆိုင်မှာ မှတ်ကျောက်တင်ပြီး ချိန်တွယ်စေချင်ပါတယ်။ အဲဒီရွှေဆိုင်က ရွှေစစ်ပါတယ်။ (၃) ကျပ်သားပြည့်ပါတယ်ဆိုတဲ့ ထောက်ခံစာအောက်မှာ ကျွန်တော်ရော၊ ဦးဘသောင်းရောနှစ်ဦးလုံးက လက်မှတ်ထိုးထားရမယ်။ အဲဒီ လက်မှတ်မူရင်းကို ကျွန်တော်ကယူထားမယ် မိတ္တူကျတော့ ဦးဘသောင်းက ယူထားပေါ့"

"ဟာ ပိုကောင်းတာပေါ့ဗျာ - ဒါဆို ကျွန်တော့်အသိ ရွှေဆိုင်ကို သွားကြစို့"

သုံးဦးသား အင်းစိန်မြို့တွင်းရှိ ရွှေဆိုင်တစ်ဆိုင်တွင် သွားရောက် စစ်ဆေးရာ ရွှေသားလည်းစစ်၊ သုံးကျပ်သားလည်းပြည့်ကြောင်း ရွှေဆိုင်က ထောက်ခံစာပေးရာ ဦးဘသောင်းရော၊ ဦးတင်ထွန်းရော အောက်မှာ လက်မှတ်ထိုးလိုက်ကြသည်။

ရွှေသားစစ်စစ်လည်းဖြစ်ပြန်၊ အတိုးကလည်း မြက်မြက်ကလေး ရမည် ဖြစ်သဖြင့် ဦးဘသောင်းတစ်ယောက် ပီတိတွေ ဝေနေမိသည်။ ငွေမပေးရသေးသဖြင့် ဆွဲကြိုးကို ဦးတင်ထွန်းကပင် ကိုင်လာပြီး



ဦးဘသောင်းအိမ်သို့ ပြန်ခဲ့ကြသည်။ အိမ်ရောက်သည်နှင့် ကာလပေါက်ဈေး တစ်ကျပ်သားလေးသောင်းကို တစ်ဝက်ဈေး နှစ်သောင်းစီဖြတ်၍ ငွေခြောက်သောင်းကို ဦးဘသောင်းက ထုတ်ပေးလိုက်သည်။

ဦးတင်ထွန်းပြန်သွားသည်နှင့် ဝိသမလောဘသားတို့၏ ထုံးစံအတိုင်း ဦးဘသောင်းဆုတောင်းနေမိသည်။ သုံးကျပ်သားဆွဲကြိုးကြီးကို ပြန်မရွေးနိုင်ပါစေနဲ့ဟူ၍၊ ဦးဘသောင်းဆုတောင်းပြည့်သည်ဟု ဆိုရလေ မလားမသိ၊ တစ်လကြော်ကြာသွားသော်လည်း ဦးတင်ထွန်းက လာမရွေးပါ။

သုံးလကျော်သည်အထိ လာမရွေးသောအခါ အပေါင်းတို့၏ ထုံးစံအတိုင်း အဆုံးဖြစ်သွားပေပြီ။ ထို့ကြောင့် ရွှေဆိုင်သို့သွား၍ ဈေးဖြတ် ရောင်းချလေရာ ထွက်လာသည့်အဖြေက ရွှေအတုကြီးပါတဲ့။ ဦးဘသောင်း ဘယ်လိုမှ မယုံကြည်နိုင်၊ သူ့ရှေ့မှာပင် ရွှေဆိုင်က မှတ်ကျောက် တင်ကြည့်ခဲ့သည် မဟုတ်ပါလား -

"နေပါဦး အရင်သုံးလလောက်က လူတစ်ယောက်နဲ့ ကျွန်တော်လာပြီးမှတ်ကျောက်တင်ကြည့်ခိုင်းတုန်းက အစစ်ပါလို့ ခင်ဗျား ကိုယ်တိုင် အာမခံလက်မှတ် ထိုးပေးခဲ့တယ်မဟုတ်လား၊ ဒီမှာကြည့်စမ်းပါဦး၊ ခင်ဗျားဆိုင်နာမည်နဲ့ ထိုးထားတဲ့လက်မှတ်"

ညစ်ထပ်ထပ်ဖြစ်နေသော မိတ္တူစာရွက်လေးတစ်ရွက်ကို ဦးဘသောင်းကထုတ်ပြလိုက်သောအခါ ရွှေဆိုင်ပိုင်ရှင်က သူ့နာမည်နှင့် လက်မှတ်ကိုကြည့်ပြီး -

"ဟုတ်တယ် ဒါ ကျွန်တော်ကိုယ်တိုင် သေချာစစ်ပြီး ရွှေစစ်မှန် ကြောင်း၊ (၃)ကျပ်သားပြည့်ကြောင်း လက်မှတ် ရေးထိုးပေးလိုက်တာပဲ၊ အခုဟာက အဲဒီဆွဲကြိုးမှ မဟုတ်တာပဲဗျာ - လက်ရာချင်းလည်းတူအောင် ၃ ကျပ်သားချင်းလည်းပြည့်ညီအောင် စနစ်တကျလုပ်ထားပြီး မှတ်ကျောက်တင်ကြည့်တော့ အစစ်ကိုပြ ခင်ဗျားဆီထားခဲ့တာ နေမှာပေါ့ဗျ"

"သွေးထွက်အောင်မှန်လိုက်သည့်စကားပါလား။ မိမိကားဤမျှအထိ တွေးမကြည့်မိ တစ်ဝက်ဈေးနှင့်အတိုးများများရမည့် ဝိသမလောဘ

လွှမ်းမိုးနေမှုကြောင့် အိမ်အပြန်လမ်းမှာ အတုနှင့် အစစ်လဲထားနိုင်ကြောင်း သတိမထားမိခဲ့ပါပေ"

ဘာပဲဖြစ်ဖြစ် လိမ်တာကတော့ သေချာပြီ၊ ဦးသော်ကိုခေါ်၍ ဦးတင်ထွန်းအိမ်ကို အရောက်ပြန်သွားပြီး တရားဥပဒေနှင့် ခြိမ်းခြောက်ခါ မိမိငွေကို ရအောင်ပြန်တောင်းရပေမည်။

ဦးတင်ထွန်းကို သူ့အိမ်မှာ အခန့်သင့်ပင်တွေ့ရသည်၊ ဦးဘသောင်း စိတ်မထိန်းနိုင် -

"ဦးတင်ထွန်း ခင်ဗျားဘယ်လိုလုပ်လိုက်တာလဲ၊ ရွှေအတုကို အစစ်လုပ်ပြီး ကျုပ်ကို တစ်ပတ်လာရိုက်တယ်၊ တိုတိုပဲပြောမယ်ဗျာ - ကျုပ်ငွေခြောက်သောင်းကို ခုချက်ခြင်းပြန်ပေးမလား၊ ဆိုင်ရာကပဲ စကားပြောမလား၊ ကြိုက်တာကိုပြော၊ ဟောဒီမှာ ရုံးမှာသက်သေအဖြစ် တင်မယ့် ခင်ဗျားရဲ့ဆွဲကြိုးအတုကြီး"

ဦးဘသောင်းက ပြောပြောဆိုဆိုဖြင့် ဆွဲကြိုးအတုကြီးကို ဦးတင်ထွန်းရှေ့မှ စားပွဲပေါ် ပစ်တင်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ဦးတင်ထွန်းကလည်း အံဆွဲမှ ရွှေအစစ်ဖြစ်ကြောင်း၊ အာမခံချက် စာရွက်ကလေးကို ထုတ်ခါစားပွဲပေါ် ပြန်တင်ပြလိုက်ပြီး -

"ဦးဘသောင်း - ခင်ဗျားအလုပ်ပြုတ်မှာ ထောင်ကျမှာကို မကြောက်ဘူးဆိုရင် ဆိုင်ရာကပဲ စကားပြောကြတာပေါ့ဗျာ၊ ဟောဒီစာရွက်က ခင်ဗျားရော ကျွန်တော်ရော ရွှေဆိုင်ပိုင်ရှင်ရော သုံးယောက်လုံးရှေ့မှာ ရွှေအစစ်ဖြစ်ပါတယ်လို့ မှန်ကန်ကြောင်း လက်မှတ်ထိုးထားတဲ့ စာရွက်လေး လေဗျာ့"

"အခု ခင်ဗျား လက်ထဲရောက်ကာမှ အတုဖြစ်တယ်ဆိုတော့ ခင်ဗျားမှာ လုံးလုံးတာဝန်ရှိနေပြီ။ စကားတစ်ရာ စာတစ်လုံးတဲ့ ခင်ဗျား တစ်ခြား ဘာတွေ ဘယ်လိုလျှောက်ပြောပြော ကျုပ်ရွှေဆွဲကြိုးပေါင်စဉ် အခါက ရွှေစစ်ကြောင်း ရေးထိုးခဲ့တဲ့ ခင်ဗျားရဲ့ လက်မှတ်ကပဲ ခင်ဗျားကို အချုပ်ထဲပို့လိမ့်မယ်"



"အဲဒီတော့ ကျုပ်ပြောလိုက်မယ်။ တရားစွဲခွင့်ရှိနေတာက ခင်ဗျားမဟုတ်ဘူး၊ ကျုပ်ကစွဲရမှာ ပေါင်စဉ်တုန်းက အစစ်ဖြစ်တဲ့ရွှေကို ရွေးခါနီးကျမှ အတုဆိုပြီးလိမ်ညာပါတယ်ဆိုပြီး ဒီလက်မှတ်ထိုးထားတဲ့စာရွက် ဆိုင်ရာတင်ပြလိုက်တာနဲ့ ကိစ္စကပြတ်နေပြီ"

"တရားရင်ဆိုင်ရလျှင် ကုန်ကျမည့်စရိတ်များ၊ ထိခိုက်ဦးမည့် မိမိ၏အရာရှိဟူသော ဂုဏ်သတင်းများ၊ ရွှေအစစ်မှန်ကြောင်း ထောက်ခံထားသည့် မိမိ၏လက်မှတ်နှင့် စာရွက်၊ သက်သေခံ အထောက်အထားက သူ့ဘက်ကအားသာနေသည်။ ထို့ကြောင့် ဦးဘသောင်းတစ်ယောက် အလိမ်အညာခံရသည့်အပြင် ပြန်လည်အမှုဆင်မည့်အရေးကြောင့် အပြေးကလေးကို အိမ်ပြန်ခဲ့ရပါတော့သတည်း။

ပစ္စည်းအပေါင်ခံသူများ သတိထားနိုင်ကြပါစေသော်။

## ပြဿဒါးယုံလျှင် ဗြဟ္မာဏဘာသာ

"ပြဿဒါးနေ့မှာ ထန်းလျက်ခဲကိုစားရင် မချိုဘူးလား"

"ချိုပါတယ်ဘုရား"

"ကုသိုလ်လုပ်ရင် ကုသိုလ်မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

"ကုသိုလ်ကံသည် အကျိုးပေးခွင့်ရသော်လည်း ပြဿဒါးနေ့မှာ အကျိုးမပေးသေးဘဲ ဆိုင်းငံ့နေတယ်လို့ ဘုရားဟောပါသလား"

"မဟောပါဘုရား"

"ဒီလိုဆိုရင် ကံကောင်းထောက်ပံ့နေသောသူသည် ပြဿဒါးနေ့မှာ အိမ်တိုင်ထူခြင်းကြောင့် မကောင်းကျိုးကိုရဦးမှာလား"

"မရပါဘုရား"

"ဒီလိုဆိုရင် ပြဿဒါးနေ့က ကြောက်စရာမဟုတ် အကုသိုလ် ကိုသာ ကြောက်ရမယ်မဟုတ်လား"

"မှန်ပါဘုရား"

"အဲဒါကြောင့် အကုသိုလ်ကိုမကြောက်ဘဲ ပြဿဒါးကို ကြောက်လျှင် ဖြဟ္မဏဘာသာ၊ ပြဿဒါးကိုမကြောက်၊ အကုသိုလ်ကို ကြောက်မှ ဗုဒ္ဓဘာသာလို့မှတ်ကွဲ့"

(ကချင်ပြည်နယ်၊ နမ္မားမြို့၊ မင်္ဂလာရာမကျောင်း ဆရာတော် အရှင်ဉာဏ)

## အမျိုးသမီးတို့၏သာလွန်ခြင်းလေးမျိုး

အမျိုးသမီးတို့ဉာဏ်သည် အမျိုးသားများထက် ပိုမိုလျှင်မြန် ကြောင်း၊ ထို့ကြောင့်ကြံစည်မရဖြစ်နေသော ကိစ္စတစ်ချို့ရှိလျှင် အမျိုးသမီးတို့အား တိုင်ပင်သင့်ကြောင်း၊ မန်လည်ဆရာတော်ကြီး မာယဒေဝတွင် ရေးစပ်တော်မူခဲ့ပုံနှင့် အမျိုးသမီးများဉာဏ်လျှင်မြန်ပုံကို ပြသော ဖြစ်ရပ်သုံးခုတို့ကို ယုံမှတ်လို့ ပထမတွဲတွင် ဖော်ပြခဲ့ပါသည်။

ယခုလည်း အမျိုးသမီးတို့က အမျိုးသားတို့ထက် သာလွန်ခြင်း လေးမျိုးရှိကြောင်း၊ လောကနီတိ၊ ပကိဏ္ဏကကဏ္ဍ ဂါထာ(၂၄)တွင် ဖော်ပြထားပေသည်။ ၎င်းတို့မှာ မိန်းမများသည် ယောကျ်ားများထက် -

၁။ အစားတွင်နှစ်ဆသာလွန်သည်

၂။ ဉာဏ်ပညာအရာတွင် လေးဆသာလွန်သည်

၃။ လုံ့လဝီရိယကား ခြောက်ဆသာလွန်သည်

၄။ ကာမဂုဏ်ကို တပ်မက်ခြင်းကားရှစ်ဆသာလွန်သည်

ထိုတွင် ဉာဏ်ပညာအရာ၌ လေးဆသာလွန်ပုံကို သာဓကအချို့ဖြင့် တင်ပြပါဦးမည်။ ပထမတစ်ခုမှာ နက်နက်နဲနဲ ခက်ခက်ခဲခဲစာအုပ်တစ်အုပ်မှ ရရှိခြင်းဖြစ်၏။ ၎င်းစာအုပ်ကား အော်ပီကျယ်၏ မဂ္ဂဇင်းကာတွန်းပေါင်းချုပ် ပထမစာအုပ်ပင်ဖြစ်ပါ၏။

ကာတွန်းတွင် ပုံလေးရေးထားသည်က ကားတစ်စီးက အပြေးသွား နေသည်။ ကားပေါ်တွင် ကားမောင်းသောအမျိုးသားနှင့် ဘေးမှထိုင်လိုက်



သော အမျိုးသမီးတို့သာပါသည်။ ထိုအချိန်တွင် အမျိုးသားကကြောက်ရွံ့ ထိတ်လန့်သော အမူအရာဖြင့် ပြောလိုက်သည်မှာ -

"ဟာ ဘရိတ်ပေါက်သွားပြီ ကားရပ်လို့မရတော့ဘူး၊ ဘယ်လို လုပ်ကြမလဲ"

ထိုအခါအမျိုးသမီး ချက်ခြင်းပြန်ပြောလိုက်သည်က -

"လွယ်ပါတယ် ဈေးအနည်းဆုံး ပစ္စည်းတစ်ခုကို ဝင်တိုက်ပစ်လိုက် ဟူပါ၏။ စိုးရိမ်ကြောင့်ကြဖွယ်ရာ အခက်အခဲ အကြပ်အတည်းကြားထဲမှာပင် အမျိုးသမီးတို့၏ တန်ဖိုးပွတ္တိဉာဏ် လျှင်မြန်စွာ ထွက်လာတတ်ပုံကို ကာတွန်းဆရာက သရုပ်ဖော်ထားခြင်းဟု ဟူဆမိပါသည်။

နောက်တစ်ခုမှာ မိသားစုထမင်းဝိုင်းတစ်ခုတွင်ဖြစ်၏။ ထမင်းဝိုင်းကို ထိုင်ထိုင်ချင်းမြင်လိုက်ရသော ချဉ်ရည်ဟင်း၏ အရောင်အဆင်းမှာ နှစ်သက်ဖွယ်မရှိသဖြင့် သောက်မကြည့်ရသေးခင်မှာပင် ခင်ပွန်းဖြစ်သူက -

"ဟင် ချဉ်ရည်ဟင်းကြီးကလဲကွာ" ဟု ငြီးတွားလိုက်ရာ မိမိပေါ် အပြစ်တင်မည်ကို အလိုမရှိသော ဇနီးသည်က ထမင်းဝိုင်းမျာ အသင့်ထိုင်လျှက်ရှိသော သမီးပျိုကို မေးငေ့ါပြလျှက်

"တော့် သမီးချက်တာ" ဟု ဆင်ဝှေ့ရန်ရှောင် စကားကြီးကို အသုံးပြုလိုက်ပါသည်။ အရောင်အဆင်းကတော့ နှစ်သက်ဖွယ်မရှိ အရသာကတော့ ဘယ်လိုနေမည်မသိဟူသော အတွေးနှင့်အတူ ခင်ပွန်း ဖြစ်သူက ချဉ်ရည်ဟင်းကို ခပ်သောက်ကြည့်လိုက်ပြီး၊ ငါးနိုင်နိုင်လေး ကြည့်ထားသဖြင့် အရသာရှိသွားရာ -

"ဟား - တော်တော်ကောင်းတာပါလားကွာ" ဟု ချီးမွမ်းအပြီးမှာပင် ဇနီးသည်ချက်ချင်းဝင်ထောက်လိုက်သည်က -

"အဲဒါ ကျုပ်ဟင်းအိုးပြင်ပေးလိုက်တာ" ဟူ၏။ အပြစ်တင်ကျတော့ မနဲလို၊ တစ်ဖန်အချီးကျူးကျတော့လည်းခံချင်ပြန်သဖြင့် စကားကို အကွက်ကျကျ ဝင်ထောက်နေသည်ကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးတို့၏

ဉာဏ်ပညာ မည်မျှလျှင်မြန်ထက်မြက်ကြောင်း သတိထားမိနိုင်ပေသည်။

ဉာဏပညာပြိုင်ပွဲဖြစ်သော စစ်တုရင်တွင်လည်း အမျိုးသားများက အမျိုးသမီးများကို အရှုံးပေးနေရပြီဖြစ်ကြောင်း တိတိကျကျသိနိုင်ရန် ၂၀၀၀-ပြည့်နှစ်၊ မေလ၊ ၂၄ရက် နေ့ထုတ် အားကစားဂျာနယ်မှ စိတ်ဝင်စားဖွယ်ရာ သတင်းတစ်ပုဒ်ကို အမျိုးသမီးများ ဂုဏ်ယူနိုင်ရန် ကူးယူဖော်ပြလိုက်ပါသည်။

## ဂျက်ဖါကာလပ်စစ်၊ စူပါဂရင်းမာစတာ စစ်တုရင်ပြိုင်ပွဲ ပြီးစီး

ကမ္ဘာ့စစ်တုရင် အဖွဲ့ချုပ်က ကြီးမှူး၍ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ ဧပြီ ၂၂ ရက်မှ ၃၀ ရက်အထိ ကျင်းပခဲ့သော ဂျက်ဖါကာလပ်စစ်၊ စူပါဂရင်းမာစတာ စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ကြားခြင်းခံရသူ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ အပြည်ပြည်ဆိုင်ရာ မာစတာဇော်ဝင်း သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မာစတာဇော်ဝင်းနှင့် ယှဉ်ပြိုင်ခဲ့သူများတွင် ရုရှားနိုင်ငံသား အနာတိုလီကားပေါ့လည်း ပါဝင်ခဲ့သည်။ ကားပေါ့သည် ၁၉၇၅၊ ၁၉၈၅၊ ၁၉၉၃၊ ၁၉၉၉-ခုနှစ်များတွင် ကမ္ဘာ့စစ်တုရင် ချန်ပီယံဘွဲ့ရရှိခဲ့သူဖြစ်သည်။

ထို့ပြင် ဇော်ဝင်းနှင့် ယှဉ်ပြိုင်ခဲ့သူများမှာ ရုရှားနိုင်ငံမှ အလက်ဇန္ဒားခါလစ်မန်းဖြစ်ပြီး လက်ရှိ ကမ္ဘာ့ချန်ပီယံဖြစ်သည်။ ထို့ပြင် ဟန်ဂေရီနိုင်ငံမှ အသက် (၂၄)နှစ်အရွယ်ရှိ တစ်ဦးတည်းသော အမျိုးသမီးပြိုင်ပွဲ ဂျူးဒစ်ပိုလ်ဂါမှာ ကမ္ဘာ့အကောင်းဆုံး ဆယ်ယောက်စာရင်းဝင်ဖြစ်ခဲ့ဖူးပြီး လက်ရှိ ကမ္ဘာ့အဆင့်(၃၀)ဖြစ်သည်။

ကမ္ဘာ့စစ်တုရင်ချန်ပီယံကားပေါ့နှင့် အမြန်စစ်တုရင် ပြိုင်ပွဲစီးချင်းထိုးယှဉ်ပြိုင်ခဲ့ရာ ကားပေါ့ကို ၅/၃ ဖြင့်နိုင်ခဲ့ဘူးသူဖြစ်သည်။ ထို့ပြင် နယ်သာလန်နိုင်ငံမှ ဂျန်တင်းမင်းမှာ ၁၉၉၃-ခုနှစ် ကမ္ဘာ့စစ်တုရင်ဗိုလ်လုပွဲတွင် ကားပေါ့နှင့် ယှဉ်ပြိုင်ခဲ့သူဖြစ်သည်။



အမေရိကန်ပြည်ထောင်စုမှ ယတ်ဆာစေရဝမ်မှာ လက်ရှိကမ္ဘာ့အဆင့် (၃၄)ရှိသူ ကစားသမားဖြစ်သည်။ အက်စတိုးနီးယားနိုင်ငံမှ အဲလဇစ်သည် လက်ရှိကမ္ဘာ့အဆင့် (၅၅)ရှိသူ ကစားသမားဖြစ်သည်။ ဘရာဇီးနိုင်ငံမှ ဂစ်ဘာတိုမီးလော့စ်သည် ကမ္ဘာ့အဆင့် (၆၀) ရှိသူ ကစားသမားဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှ ဥတုအာဒီယန်းတို့နှင့် အတူ ဂူဘင်ဂူနာဝမ်တို့သည် အင်တာနေရှင်နယ် ဂရင်းမာစတာများဖြစ်သည်။ ပြိုင်ပွဲဖိတ်ကြားထားသော ပြိုင်ပွဲဝင်ကစားသမား (၁၀)ဦးကို ပတ်လည်စနစ်ဖြင့် ကျင်းပသည်။ IM ဇော်ဝင်းသည် အက်စတိုးနီးယားမှ IGM အဲလဇစ်ကိုနိုင်သည်။ ရုရှားမှ IGM ကားပေါ့ကို သရေ၊ နယ်သာလန်မှ ဂျန်တင်းမင်းကို သရေ၊ အင်ဒိုနီးရှားမှ IGM ဂူဘင်နာဝမ်ကို သရေကစားခဲ့သည်။

ရုရှားမှ IGM ခါလစ်မန်း၊ အင်ဒိုနီးရှားမှ IGM ဥတုအာဒီယန်းတို့၊ အမေရိကန်မှ စေရဝမ်၊ ဘရာဇီးမှ မီးလော့စ်၊ ဟန်ဂေရီမှ ဂျူးဒစ်ပိုလ်ဂါတို့ကို ရှုံးခဲ့သည်။ ပြိုင်ပွဲတွင် ပထမရရှိသွားသော ဂျူးဒစ်ပိုလ်ဂါသည် မြန်မာနိုင်ငံမှ IGM ဇော်ဝင်းကို အနိုင်ရရှိရန်အတွက် ခုနှစ်နာရီကြာမျှ စီးချင်းထိုးခဲ့ရသည်။

## အားနွဲ့သူတို့၏ ဒဿန

ဗုဒ္ဓလက်ထက်တော်က အနာထပိဏ်သူဌေးကြီးတွင် ကျွန်မြောက်မြားစွာရှိရာ (၁၀၀)ပြည့်မြောက်မွေးသော ကျွန်မလေးကို ပုဏ္ဏာဟု အမည်ပေးထားသည်။ တစ်နေ့ဆောင်းတွင်းကြီး ချမ်းချမ်းစီးစီးဖြင့် နံနက်စောစောကြီး ရေခတ်ဆင်းလာသော ပုဏ္ဏာလေးသည် ဂင်္ဂါမြစ်တွင်း၌ ထူးခြားသော ဖြစ်ရပ်တစ်ခုကိုတွေ့ရသဖြင့် ပါးစပ်အဟောင်းသားဖြင့် ငုံ့ကြည့်ငေးမောနေမိသည်။

ထူးခြားသော မြင်ကွင်းကားအခြားမဟုတ်၊ အသက်ကြီးကြီး ပုဏ္ဏားကြီးတစ်ယောက်သည် ဂင်္ဂါမြစ်ထဲ လည်မျိုရောက်အောင် ဆင်းပြီး ရေစိမ်နေသည်ကို တွေ့ရသောကြောင့်ပါတည်း။ ချမ်းလှသော ဆောင်းလ ရာသီ၊ အေးလှသော ဂင်္ဂါမြစ်ရေတို့၏ ပွေ့ဖက်မှုကြောင့် ပုဏ္ဏားကြီး နှုတ်ခမ်းများ ပြာနှမ်းပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျှက်ရှိသည်ကို ဦးခေါင်းကိုကြည့်ခြင်းအားဖြင့် မှန်းဆသိနေရပေသည်။ ထူးဆန်းလှသဖြင့် ပုဏ္ဏာတစ်ယောက် ငြိမ်မနေနိုင်တော့ -

"အို - ဘကြီး ကျွန်မတို့မှာတော့ သူတစ်ပါးအိမ်ကအစေအပါးမို့ ချမ်းချမ်းစီးစီး မထချင်ထချင်ဘဲနဲ့ထပြီး ရေလာခပ်ရပါတယ်။ ဘကြီးကရော ဘယ်လိုအကြောင်းကြောင့် ဒီလောက်ချမ်းအေးလှတဲ့ အချိန်မှာ ရေထဲဆင်းစိမ်နေရပါသလဲ"

"မိန်းကလေး - ငါတို့ဗြဟ္မဏအယူဝါဒအရ ဒီဂင်္ဂါမြစ်ထဲ ဆင်းစိမ်ပေးရင် တို့သန္တာန်မှာရှိတဲ့ အကုသိုလ်အညစ်အကြေးတွေ မြစ်ရေနဲ့အတူ မျောပါသွားလို့ပဲ၊ ဒါကြောင့် အချမ်းခံပြီး စိမ်ပေးနေရခြင်း ဖြစ်တယ်"

မိန်းကလေးက အနာထပိဏ်အိမ်ကမို့ ဗုဒ္ဓဘာသာ၊ ရေထဲမှ ပုဏ္ဏားကြီးက ဗြဟ္မဏဘာသာ၊ ဘာသာချင်းမတူသည့်အတွက် အတွေးအခေါ် မှန်သမျှ မတူနိုင်ဟူသော အယူအဆသည်အစွန်းရောက် အယူအဆသာ ဖြစ်သည်။ ဘုရားချင်းမတူသည့်အတွက် ဟောကြားသော တရားချင်း မတူသည်ကိုကား ဆိုဘွယ်ရာမရှိပါ။

သို့သော် မည်သည့်ဘာသာမဆို၊ လောကသဘာဝနှင့်ကား ဆန့်ကျင်၍ မဖြစ်နိုင်ပေ။ မည်သည့်ဘာသာဝင်မဆို သကြားစားလျှင် ချိုရမည်။ သံပုရာစားလျှင် ချဉ်ရမည်။ ဘာသာမတူရုံမျှနှင့် သဘာဝကို ပြောင်းလွှဲ၍ မရနိုင်ပေ။ ပေးကမ်းလျှင်တစ်ဖက်လူစိတ်ချမ်းသာ၏။ သတ်ဖြတ်လျှင် တစ်ဖက်လူစိတ်ဆင်းရဲ၏။ ဤကား သဘာဝတရားသာ ဖြစ်၏။ သူတစ်ပါး စိတ်ချမ်းသာလျှင် မိမိလည်း စိတ်ချမ်းသာမည်။ သူတစ်ပါး စိတ်ဆင်းရဲလျှင် မိမိလည်း စိတ်ဆင်းရဲရမည်။



ဘာသာမတူရုံမျှနှင့် ဤအတွေးအခေါ် အယူအဆတို့ကား ပြောင်းလဲသွားစရာမရှိပေ။ ထို့ကြောင့် လောကသဘာဝနှင့်ညီသော ဘာသာသည်သာလျှင် တစ်ကမ္ဘာလုံးတည်နိုင်ပြီး လောကသဘာဝနှင့် ဆန့်ကျင်သော ဘာသာများသည် တစ်နေ့မဟုတ်၊ တစ်နေ့တွင် ကမ္ဘာလောကမှ ပျောက်ကွယ်သွားရမည်သာဖြစ်သည်။

ထို့ကြောင့် ဘာသာမတူသော်လည်း လောကသဘာဝနှင့် ဆန့်ကျင်နေသောကြောင့် ကျွန်မလေးပုဏ္ဏာက ဂင်္ဂါမြစ်ထဲမှ ပုဏ္ဏားကြီးအား ဒဿနတစ်ခုပေးလိုက်သည်မှာ -

"ဘကြီး စိတ်မဆိုးဘူးဆိုရင် တစ်ခုလောက်ပြောပါရစေ"

"ပြောပါမိန်းကလေး ငါနားထောင်ကြည့်ပါ့မယ်"

"ဒီမြစ်ထဲမှာ စိမ်နေရုံနဲ့ အကုသိုလ်အညစ်အကြေးတွေ ကင်းစင်သွားတယ်ဆိုတဲ့အယူအဆဟာ လောကသဘာဝနဲ့ ဆန့်ကျင်နေပါတယ် ဘကြီး"

"ဘယ်လိုဆန့်ကျင်နေတာလဲမိန်းကလေး"

"ပထမတစ်ချက်က ဒီမြစ်ထဲမှာ စိမ်နေလို့ အကုသိုလ် အညစ်အကြေးတွေ စင်ကြယ်ရမယ်ဆိုရင် တစ်ခါတစ်လေမှ လာစိမ်တဲ့ ဘကြီးထက် ဂင်္ဂါမြစ်ထဲမှာ အမြဲတန်းနေနေကြတဲ့ ငါးတွေ၊ လိပ်တွေက ပိုပြီး အကုသိုလ်စင်ကြယ်နေတော့မှာပေါ့"

"အေး - ဟုတ်ပေသားပဲ"

"ဒုတိယတစ်ချက်ကတော့ ဒီမြစ်ရေဟာ ဘကြီးရဲ့ သန္တာန်မှာရှိတဲ့ အကုသိုလ်တွေကိုသာ တိုက်စားမျောလွင့်သွားနိုင်ရိုးမှန်ရင် ဘကြီး သန္တာန်မှာ ရှိတဲ့ အကုသိုလ်တွေကိုလည်း ဘယ်ချန်ထားတော့မှာလဲ တစ်ပါတည်း တိုက်စားမျောလွင့်သွားတော့မှာပေါ့"

"ဘကြီး - စေတနာသန့်သန့်နဲ့ သတိပေးပါရစေ။ မိမိ သန္တာန်မှာ ရှိတဲ့ အကုသိုလ်ကိလေသာ အညစ်အကြေးတွေကို စင်ကြယ်အောင် အားကြောသန့်စင်ပေးနိုင်တာဟာ ဗုဒ္ဓရဲ့ ဝိပဿနာ တရားတော်တစ်ခုပဲ

ရှိတယ်။ ဘကြီးအတွက် အချိန်မနှောင်းသေးပါဘူး။ ဗုဒ္ဓထံအရောက်သွားပြီး ကိလေသာ အကုသိုလ်စင်ကြယ်စေတဲ့ ဆေးကို အမြန်သောက်သုံးသင့်ပါပြီ”

ပုဏ္ဏာ၏စကားဆုံးသည်နှင့် ပုဏ္ဏားကြီး၏ဉာဏ်အစဉ်သည် တောက်ပကြည်လင်သွားခဲ့လေပြီ။ ကမ်းစပ်သို့ တဖြည်းဖြည်းချင်း တက်လာကာ သူ၏သန့်ရှင်းစင်ကြယ်သော အပေါ်ရုံအဝတ်ကလေးကို သေချာခေါက်၍ ပုဏ္ဏာအား တရိုတသေဆန့်တန်းပေးကမ်းရင်း -

“မိန်းကလေး - မင်းရဲ့ကျေးဇူးဟာကြီးမားလှပါတယ်၊ နှစ်ပေါင်းများစွာ လမ်းမှားနေသူတစ်ယောက်ကို လမ်းမှန်ကို ပြပေးလိုက်သလိုပါပဲ၊ ဒီအပေါ်ရုံအထည်လေးကို တရားကိုပူဇော်တဲ့အနေနဲ့ ပေးခဲ့ပါရစေ”

ဟုပြောဆိုကာ ဇေတဝန်ကျောင်းတော်သို့ အရောက်သွားပြီး ရဟန်းပြု၍ တရားအားထုတ်ရာ ရက်များမကြာမီမှာပင် ကိလေသာ အာသဝေါကုန်ခန်း၍ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ရလေသည်။ ထိုသတင်းစကားကိုကြားသိသွားသော အနာထပိဏ်သူဌေးကြီးကလည်း ပုဏ္ဏာကို ဂုဏ်ပြုပူဇော်သောအားဖြင့် ကျွန်အဖြစ်မှလွတ်ကာ သမီးအဖြစ် မွေးစားခဲ့ပေသည်။

မင်းစည်းစိမ်ကို မင်းသားကသာ စိတ်ကူးသည်
ဒွန်းစဏ္ဍားကားအမှတ်ပင်မရ
ရဟန္တာအဖြစ်ကို သူတော်ကောင်းကသာစိတ်ကူးသည်
မသူတော်က သတိပင်မရ။

(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)



## အဟောင်းစားသော သူဌေးကြီး

ဝိသာခါသည် (၇)နှစ်သမီးအရွယ်ကတည်းက သောတာပန်တည်သော အရိယာမလေးဖြစ်ခဲ့သော်လည်း အိမ်ထောင်ကျသောအခါ တိတ္ထိဆရာကြီးများကို ကိုးကွယ်သော သူဌေးကြီး မိဂါရ၏သား ပုဏ္ဏဝဒ္ဓနနှင့် အိမ်ထောင်ကျခဲ့ရသည်။ ယောင်နောက်ဆံထုံးပါဟူသော စကားအတိုင်း လင်၏အိမ်တွင် လိုက်နေရရာ အယူဝါဒခြင်းမတူသဖြင့် စိတ်ဆင်းရဲစွာ နေနေရပေသည်။

သို့သော် ဉာဏ်ထက်မြက်သော မိန်းကလေးဖြစ်သည့်အတွက် ယောက္ခမကြီး မိဂါရနှင့် သူ့သားတို့အား အယူမှန်ရစေရန် မည်သို့ပြုလုပ်ရမည်ကို အမြဲတန်းစဉ်းစားနေခဲ့သည်။ တစ်နေ့တော့ အချက်ပေါ်ပေပြီ။ မိဂါရသူဌေးကြီး ထမင်းစားနေစဉ် ချွေးမဖြစ်သော ဝိသာခါက အနားမှာထိုင်၍ ယပ်လေခတ်ပေးနေစဉ် ရဟန်းတော်တစ်ပါး မိဂါရ၏ အိမ်ရှေ့တွင် ဆွမ်းရပ်လေပြီ။

ဗုဒ္ဓဘာသာအိမ်ထင်၍ ရပ်ခြင်းသာဖြစ်ပါ၏။ မိဂါရကား မသိချင်ယောင် မမြင်ချင်ယောင်ဆောင်ကာ ထမင်းကိုသာ ဆက်စားနေသည်။ တကယ့်ဆွမ်းကို လောင်းလှူဖို့နေနေသာသာ ကန်တော့ဆွမ်းကိုပင် လောင်းလှူခြင်းမရှိခဲ့ပါ။ ထိုအခါ သွက်လက်ချက်ခြာသော ဝိသာခါက ရဟန်းတော်ဘက်လှည့်ကာ လက်အုပ်ချီလျှက် -

“အရှင်ဘုရား - တပည့်တော်၏ ယောက္ခမကြီးကား အဟောင်းကိုသာ စားသည့်အတွက် ကန်တော့ဆွမ်းပါဘုရား”

ဟုကန်တော့ ဆွမ်းလောင်းလိုက်ရာ ရဟန်းတော်က အေးဆေးငြိမ်သက်စွာ ဆက်လက်ကြွသွားသော်လည်း မိဂါရသူဌေးကြီးကား အကြီးအကျယ်ဒေါသူပုန်ထလေပြီ၊ သူ့အား လူတို့၏အညစ်အကြေး အဟောင်းကို စားသူဟု ပြောခြင်းသည် ကြီးကျယ်သော စော်ကားခြင်းဟု ယူဆကာ ဝိသာခါအား အိမ်မှ နှင်ထုတ်ရန်ထိကြိုးပမ်းလေပြီ။

ဝိသာခါက အေးအေးသက်သာပင် သူ၏ဖခင်က အပ်နှံထားခဲ့သော သူဌေးကြီးရှစ်ယောက်ကိုခေါ်ယူစေပြီး မည်သူကမှားသည် မည်သူက မှန်သည်ကို မျက်နှာစုံညီဖြေရှင်းစေသည်။ တခြားပြဿနာ သုံးလေးခု ရှင်းပြီးသည်နှင့် နောက်ဆုံးပြဿနာဖြစ်သော စကားကို ဝိသာခါက ရှင်းပြသည်မှာ -

"သမီးသည် အဟောင်းစားဟု ဖခင်ကိုဆိုခြင်းမှာ၊ လူတို့၏အညစ်အကြေးကျင်ကြီးကိုစားသည်ဟု ပြောဆိုခြင်းမဟုတ်ပါ၊ ဖခင်သည် အတိတ်ဘဝကပြုခဲ့သော ဒါနကုသိုလ်ကံဟောင်းဖြင့် ယခုဘဝတွင် ချမ်းသာသုခကို ခံစားနေရပါသည်။ ဒါနကုသိုလ်ကံဟောင်း၏ အကျိုးကို ခံစားနေခြင်းကို ရည်ရွယ်ပြီးတော့ အဟောင်းကိုစားနေခြင်းလို့ ပြောဆိုခြင်း ဖြစ်ပါတယ်"

"ကုသိုလ်ကံဟောင်းကိုသာခံစားနေပြီး ကံသစ်ကို မပြုလုပ်တော့ဘူး ဆိုလျှင် နောက်ဘဝမှာ စည်းစိမ်ချမ်းသာကို ယခုလို ခံစားရတော့မှာ မဟုတ်ပါဘူး၊ အဲဒါကိုသတိသံဝေဂ ရစေလိုတဲ့အတွက် ယခုလိုပြောဆိုရခြင်း ဖြစ်ပါတယ်"

"ယခုလိုဆိုလျှင် ဖခင်သမီးအပေါ် အထင်မှားနေကြသော သံသယများကို ဖြေရှင်းပြီးပါပြီ။ ဒါကြောင့် သမီးကို မိဘများထံ ပြန်လည်နေထိုင်ခွင့် ပြုပါတော့"

ထိုအခါ မိဂါရမှာ ပြာပြာသလဲဖြင့်

"သမီး ဝိသာခါ ဘယ်ကိုမှမသွားပါနဲ့၊ သမီးရဲ့ ဖြေရှင်းချက်များဟာ ဖခင်ရဲ့ အသိဉာဏ်များကို ပွင့်လင်းသွားစေပါတယ်၊ သမီး ဝိသာခါ ကိုးကွယ်ဆည်းကပ်တဲ့ ရတနာသုံးပါးကို ဖခင်တို့လဲကိုးကွယ်ဆည်းကပ်ပါ့မယ်"

နောက်တစ်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ပြီး တရားတော်ကို နာယူပြီးသည်၏အဆုံးတွင် မိဂါရ သူဌေးကြီး တစ်ယောက်၊ ပရမတ်ခန္ဓ(၅)ပါးအပေါ် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဟု အယူမှားသော ဒိဋ္ဌိနှင့် ယုံမှားသော ဝိစိကိစ္ဆာတို့ကို အမြစ်ပြတ်



ပယ်သက်ခါသောတာပန်ပုဂ္ဂိုလ်ကြီး ဖြစ်သွားခဲ့ရလေပြီ။ သောတာပန်တည်သွားပြီးသည်နှင့် ဗုဒ္ဓဘာသာမျိုးစေ့ကို စတင်ပျိုးချပေးခဲ့သော ဝိသာခါအနီးသို့သွားကာ -

"သမီးဝိသာခါ၊ သမီး၏ကျေးဇူးကား ဖခင်အပေါ် ကြီးမားလှပါ၏။ သမီး၏လမ်းညွှန်မှုသာမရခဲ့လျှင် ဗုဒ္ဓတရားကို ဘယ်လိုမှ နာယူခွင့်ရနိုင်ရန်မလွယ်ပါ။ ဗုဒ္ဓတရားကို မနာယူရလျှင်လည်း မိစ္ဆာဒိဋ္ဌိ အယူမှ မလွတ်နိုင်ပါ။ မိစ္ဆာဒိဋ္ဌိ အယူမှ မလွတ်လျှင် အပါယ်လေးပါးကို ကေန်မုချ ကျရတော့မှာပါ"

"ယခုတော့ ဗုဒ္ဓတရားကို နာယူလိုက်ရလို့ ဘဝဆက်ဆက် အပါယ်ကျမည့် ဘေးကြီးမှ ကင်းဝေးခဲ့ရပါပြီ။ ဒီကနေ့ကစပြီး သမီးဝိသာခါဟာ ဖခင်ရဲ့ မိခင်နေရာမှာနေပါတော့၊ ကျေးဇူးကြီးလှတဲ့ မိခင်တစ်ယောက်သဖွယ် ဖခင်က ကျေးဇူးဆပ်ပူဇော်ပါရစေ သားတစ်ယောက်ကဲ့သို့ သဘောထားပြီး နေ့စဉ်ဆုံးမသြဝါဒပေးဘို့လဲ တောင်းပန်ပါရစေ"

ဟုပြောဆိုကာ ဝိသာခါကို တစ်သက်ပတ်လုံး မိခင်နေရာတွင် ထားခဲ့ပါသည်။ မိဂါရသူဌေးကြီး၏ မိခင်နေရာမှာထားခြင်းကို အကြောင်းပြု၍ ဝိသာခါဟူသော အမည်မှတစ်ပါး မိဂါရမာတာ ဟူသော အမည်တစ်ခုလည်း ထပ်ဆင့်တိုးခဲ့ရပေသည်။

သစ်ပင်သည် ခုတ်လှဲသူကိုသော်လည်း
မလဲမခြင်း၊ အရိပ်ဖြင့်အေးစေသည်
နို့သာတုံးသည် မီးရှို့သူကိုသော်လည်း မကျွမ်းမခြင်း
အနံ့ဖြင့်မွှေးစေသည်၊ သူတော်ကောင်းသည် ညှင်းဆဲ
သူကိုသော်လည်း မသေမခြင်း အကျိုးဆောင်သည်။

(ပထမရွှေကျင်ဆရာတော်ဘုရားကြီး)

ဤအချက်များကိုထောက်၍ အမျိုးသမီးများသည် ခန္ဓာကိုယ်အားနွဲ့သော်လည်း ဉာဏ်ပညာကားအားမနွဲ့ကြောင်း ထင်ရှားပါသည်။

ထိုဉာဏ်ပညာကို အကွက်ကျကျအသုံးချကြမည်ဆိုလျှင်။

## ချီးကျူးမိပါသည် ဒေါ်ခင်မြသိ

လှိုင်မြို့နယ်(၅)ရပ်ကွက်၊ ရှင်ဥပဂုတ္တကျောင်းဆောင်၊ ရေလယ်မှာရှိ ညနေခင်း၊ မိုးကုတ်ဝိပဿနာတရားပွဲတစ်ခုပင်ဖြစ်ပါ၏။ ဟောပြောပြနေသူက မိုးကုတ်ဝိပဿနာဓမ္မကထိက ဆရာဝန်ကျော်မြင့်ပင်ဖြစ်ပါသည်။

ယောဂီများကို ဝိပဿနာတရားအလုပ်စမလုပ်ခင် အရေးတကြီးသိထားသင့်တဲ့ အမြင်မှန်ငါးမျိုးကို ရှင်းပြပါ့မယ်။ အဲဒါတွေကတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိအမြင်မှန်၊ ဝိပဿနာသမ္မာဒိဋ္ဌိ အမြင်မှန်၊ မဂ္ဂသမ္မာဒိဋ္ဌိအမြင်မှန်၊ ဖလသမ္မာဒိဋ္ဌိအမြင်မှန်၊ ပစ္စဝေက္ခဏာသမ္မာဒိဋ္ဌိ အမြင်မှန်တို့ပဲ ဖြစ်ပါတယ်။

"ဒီငါးမျိုးမှာ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အခြေခံအုတ်မြစ်ဖြစ်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိ အမြင်မှန်တစ်ခုကိုပဲ အဓိကထားပြီး ရှင်းပြပါ့မယ်။ မြေထဲမှာ အခြေခံဖေါင်ဒေးရှင်းအုတ်မြစ်မရှိဘဲ မြေပေါ်မှာ ဖြစ်သလို ဆောက်ထားတဲ့ တိုက်ဟာဘယ်လိုမှ ကြာရှည်မခိုင်မြဲနိုင်ပါဘူး"

"ခဏာနဲ့ ပြိုကျမှာအမှန်ပါ။ ဒီဥပမာအတိုင်းပဲ ကုသိုလ်ကံလုပ်ရင် ကောင်းကျိုးခံစားရမယ်၊ အကုသိုလ်ကံလုပ်ရင် မကောင်းကျိုးခံစားရမယ်ဆိုတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိအမြင်မှန်လေးမှ မရှိသေးရင် ဒုတိယဖြစ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိအမြင်မှန်ရဖို့ အဝေးကြီးပါ။

"ပြောရမယ်ဆိုရင် အတွင်းအပြင်နတ်တွေ၊ ရိုးရာနတ်တွေ၊ ပေါ်ပင်နတ်တွေ၊ ဘိုးတော် မယ်တော်တွေကို ကိုးကွယ်ထားမှ ငါတို့မှာ အန္တရာယ်ကင်းမှာ ချမ်းသာမှာလို့ ယူဆနေသမျှ ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမြင်မှန်ကြီး ပျက်စီးနေကြမှာပါ"



ကမ္မဿကတာသမ္မာဒိဋ္ဌိအမြင်မှန်ပျက်နေမှတော့ ဝိပဿနာသမ္မာဒိဋ္ဌိအမြင်မှန်ကို ဘယ်လိုမှ မရနိုင်ပါဘူး၊ ဝိပဿနာ သမ္မာဒိဋ္ဌိအမြင်မှန်မရရင်လဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မရနိုင်တော့ဘူး"

"အဲဒါကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တကယ်လိုချင်တယ်ဆိုရင် မိမိအိမ်မှာ ပင့်ခေါ်ထားကြတဲ့ အရုပ်မျိုးစုံ၊ အုန်းသီးမျိုးစုံကို စွန့်ပစ်ဖို့ လိုပါတယ်။ ယောဂီတို့လမ်းနှစ်လမ်းအနက် တစ်လမ်းလမ်းကို ရွေးရပါတော့မယ်"

"ရခဲလှတဲ့လူ့ဘဝကို ရတဲ့အခိုက်မှာ ဘုရားသာသနာနဲ့ တွေ့ကြုံမှသာရနိုင်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုပဲ အရယူမလား၊ ဒါမှမဟုတ် အရုပ်မျိုးစုံကိုဖက်တွယ်ပြီးတော့ပဲ တစ်ဘဝအဆုံးခံကြမလား၊ ကြိုက်ရာကိုရွေးကြပါ"

"တကယ့်ကိုသဘောပေါက်သိမြင်လာလို့ အရုပ်မျိုးစုံ၊ အုန်းသီးမျိုးစုံကို စွန့်ချင်ပါတယ်၊ ဒါပေမယ့် နတ်ကိုင်မှာလဲ ကြောက်ပါတယ်ဆိုရင် ကျွန်တော့်ကို လာခေါ်ပါ၊ ကိုယ်တိုင်စွန့်ပေးပါမယ်။ အဲဒီစွန့်လိုက်တဲ့ နတ်မျိုးစုံကိုလည်း ပြောခဲ့ပါဦးမယ်"

"အခုသင်တို့ကို စွန့်ခိုင်းတာ ဆရာဦးကျော်မြင့်ပါ။ ဒါကြောင့် ကိုင်မယ်ဆိုရင် အိမ်ရှင်တွေကို မကိုင်ပါနဲ့၊ ဦးကျော်မြင့်ကိုသာ ကိုင်ပါလို့ မှာပေးခဲ့ပါ့မယ်။ ရောက်တဲ့မြို့တိုင်း ရွာတိုင်းမှာလဲ အသိဉာဏ်ပွင့်လင်းပြီး စွန့်ပစ်ကြလို့ ကျွန်တော်သိမ်းခဲ့တဲ့ အုန်းသီးတွေလည်းတော်တော်များနေပါပြီ"

"တရားနာပရိတ်သတ်များထဲမှ ဒေါ်ခင်မြသိတစ်ယောက် တရားဆုံးသည်နှင့် ဆုံးဖြတ်ချက်တစ်ခုကို ရဲရဲဝံ့ဝံ့ချလိုက်လေပြီ။ ထိုနေ့မှစ၍ ဒေါ်ခင်မြသီအိမ်တွင် ဘာနတ်ရုပ်၊ ဘာအုန်းသီးမှမရှိကြတော့။ သို့သော် နံကရိုင်းစင်တစ်ခုတော့ အိမ်ရှေ့မှာ ကျန်နေသေးသည်။

၎င်းအချက်နှင့်ပတ်သက်၍လည်း ဒေါ်ခင်မြသီက စာရေးသူကို ရှင်းပြပါသည်။

"တပည့်တော် ဆရာ ဦးကျော်မြင့်တရားနာပြီးတဲ့နေ့ကစပြီး အကုန်စွန့်တော့တာပဲဘုရား၊ ဒီနံကရိုင်းစင် ကျန်နေတာကိုတော့ အိမ်က

ဒါယကာကြီးက ရိုးရာနတ်တွေ၊ အိမ်တွင်းအုန်းသီးတွေ တဖြေးဖြေး စွန့်နေတာကတော့ သူသတိမထားမိသေးဘူးဘုရား၊ အဲဒီ နံကရိုင်းစင်ကြီး ကတော့ ကြီးလွန်းတော့ သူ့ကိုပဲ သွားစွန့်ခိုင်းလိုက်တယ်၊ အဲဒီကျမှ သူက အိမ်မှာ တခြားနတ်တွေ အုန်းသီးတွေ မရှိတော့မှန်း သိတာကိုးဘုရား"

"အဲဒါတွေစွန့်တာတော့ ဘာမှမပြောဘူး၊ နံကရိုင်းစင်ကြီး စွန့်ခိုင်းတဲ့အခါကျတော့မှ ကိုးကွယ်တုန်းကလဲမင်းပဲ စွန့်ချင်တော့လည်း မင်းတို့ပဲလို့ပြောပြီး စွန့်မပေးဘဲ ထွက်သွားတယ်ဘုရား၊ ဒါနဲ့ ဒီစင်ကတော့ ကျန်နေသေးတယ်"

"ဒါလဲ တပည့်တော်တို့ အမျိုးသမီးတွေက အဓိကပါ ပန်းရော၊ ရေရော၊ ပွဲရော ဘာမှမတင်တော့ နတ်စင်နဲ့လည်းမတူတော့ပါဘူး၊ ကြာရင် သူ့ဖာသာပျက်သွားမှာပါပဲ၊ ဆရာတော်ရေးတဲ့ မျက်ရည်မကျခင်သိစေချင် စာအုပ်ဖတ်လိုက်တော့ တပည့်တော် ပိုအားရှိသွားတာပေါ့ဘုရား"

"ဒီအရုပ်တွေစွန့်ပြီးမှ စီးပွားလည်းပိုတက်လာတော့ ဘေးအိမ် တွေကပါ စိတ်ဝင်စားလာကြတယ်ဘုရား၊ တပည့်တော်ကလဲ သေချာ ပြောပြတော့ တစ်ချို့ကလဲ စွန့်ပစ်ချင်နေကြတယ် ဘုရား၊ ဆရာတော်ကလဲ အဲဒီလို မိစ္ဆာအယူတွေပျောက်သွားအောင် ဒီထက်ပိုများများဟော၊ များများ ရေးစေချင်ပါတယ်ဘုရား"

ဒေါ်ခင်မြသီနည်းတူ စာရေးသူရေးသားသော မျက်ရည်မကျခင် သိစေချင် စာအုပ်ကိုဖတ်၍ ဉာဏ်အမြင်များ ပွင့်လင်းကာ အိမ်တွင်ဘုရား၊ ကျောင်းဆောင်မှ တစ်ပါးဘာမှမထားတော့ကြောင်း ရွှေပြည်သာမြို့ ၅/၅ရပ်ကွက်မှ ဦးမင်းအောင်တို့မိသားစုကလည်း လာရောက်လျှောက်ထား ပါတယ်။

ထိုကဲ့သို့ ဉာဏ်အမြင်လင်းအောင် ရေးပေးသည့်ကျေးဇူးကို ဆပ်သည့်အနေဖြင့် လပြည့်နေ့တိုင်းဆွမ်းတစ်ချိုင့် ပို့ခွင့်ပြုပါမည့် အကြောင်းကိုလည်း လျှောက်ထားပါသည်။

ထိုနည်းတူ ၆/၉ရပ်ကွက်မှ ဒေါ်အေးမြင့်၊ ၆/၁၃ရပ်ကွက်မှ



ဒေါ်ခင်စိန်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်းမှ ဒေါ်ယဉ်ယဉ်လှ မိသားစုများ ကလည်း စွန့်ပစ်ချင်ကြောင်း လျှောက်ထားသဖြင့် စာရေးသူ၏ တပည့်တော်များ သွားရောက်ဖယ်ရှားပေးကြပါသည်။

စာရေးသူ၏တပည့် အရှင်ဝိမလ၏မိဖများဖြစ်သော (၉)ရပ်ကွက်မှ ဦးမြင့်ခင်-ဒေါ်မြင့်ကြည်မိသားစု၊ ထို့နောက် ဦးမြင့်ဦးတို့ မိသားစုများလည်း ရတနာသုံးပါးမှ တစ်ပါး ကျန်အရုပ်များအားလုံးကို စွန့်ပစ်ခဲ့ကြပါသည်။ ဆက်လက်စွန့်ပစ်ရန် လျှောက်ထားလာကြသူများလည်း ရှိပါသေးသည်။

ထိုကဲ့သို့ မစွန့်ပစ်နိုင်ကြဘဲ မိစ္ဆာနတ်များကို ဆက်လက် ကိုးကွယ်ကြဦးမည်ဆိုလျှင် ဉာဏ်ပညာကိုလည်း အသုံးမချဘဲ ထားကြဦးမည် ဆိုရင်ဖြင့် ဖမ်း၍မရသော လိမ်လည်နည်းဖြင့် အလိမ်ခံနေကြရဦးမည်သာ ဖြစ်ပေသည်။

## ဖမ်း၍မရသောလိမ်လည်နည်း

လွန်ခဲ့သောနှစ်ပေါင်း(၃၀)ကျော်ခန့်က ထုတ်ဝေခဲ့သော ထင်ပေါ်အမည်ရှိ ကန္နားစီးနတ်ကတော်တစ်ဦး၏ တကယ့်ဖြစ်ရပ် အတ္ထုပ္ပတ္တိ စာအုပ်လေးတစ်အုပ်ကို ဖတ်လိုက်ရသည်။ သူသည်အရင်က ကန္နားစီး နတ်ကတော်မျိုးရိုးမဟုတ်ပေ။

ရိုးတစ်ရိုးမှ ရိုးသားကြိုးစားသော အရာရှိတစ်ဦးသာဖြစ်သည်။ တစ်နေ့တွင် လင်နဲ့မယား လျှာနဲ့သွား ဟူသောစကားအတိုင်း မယားဖြစ်သူနှင့် စကားများပြီး အိမ်ပေါ်မှဆင်းခဲ့သည်။ ဘာရယ်တော့မဟုတ် နားပူလည်း သက်သာရန် ဒေသန္တရဗဟုသုတလည်းရရန် သဘောဖြင့် မိတ်ဆွေ တစ်ယောက်၏ ဇာတိမြို့သို့ အလည်အပတ် သဘောမျိုး လိုက်သွားခဲ့သည်။

ထိုအချိန်တွင် မိန်းမဖြစ်သူကား မျောက်မီးခဲကိုင်မိသလို လင်တရှူး ရှူးလျှက်ရှိလေပြီ။ မျက်ရည်နှင့်မျက်ခွက်ဖြစ်နေသော အရာရှိကတော်ထံသို့ သူတို့ရပ်ကွက်မှ နတ်ကတော်တစ်ဦး၏ အလံရှူးမိန်းမတစ်ယောက်

ရောက်လာပြီး နတ်ကတော်ထံ အရောက်သွားရန်ဆွဲဆောင်ပါတော့သည်။ နတ်ကတော်ထံ အရာရှိကတော်၏ လက်ရှိဖြစ်ရပ်ဇာတ်စုံကိုလည်း နတ်ကတော်ထံ လွှတ်၍ကြိုတင်သံတော်ဦးတင်ထားလိုက်ပေသည်။ မယုံမရဲ ရှုံ့တွန့်တွန့်ဖြင့် ရောက်လာသော အရာရှိကတော်ကိုတွေ့လိုက်ရသည်နှင့် အခြားသူများ အတွက် ပူးဝင်ပြနေသောနတ်ကတော်က

"ဟိုကလာတဲ့ နှမတော်ကြီးက လင်သားအတွက် ပူပင်သောက ရောက်နေတယ်ဟုတ်စ" ဟုပင် စကားစလိုက်သည်နှင့် အရာရှိကတော်မှာ မိမိအကြောင်းများကိုပင် ကြိုတင်သိနေပါလား ဟူသောအတွေးနှင့်အတူ အားကိုးစိတ်များဝင်လာပြီး ချုံးပွဲချငိုကာ -

"မှန်ပါတယ်အရှင်ကြီး၊ အရှင်ကောင်းတို့ဘုရား၊ တပည့်တော်မရဲ့ အပူသောကကို ကယ်မတော်မူကြပါဘုရား" ဟုပြောလိုက်သည်နှင့် နတ်ကတော်က -

"ဘာမှမပူနဲ့ နှမတော်ရဲ့လင် ရက်ပိုင်းအတွင်းပြန်လာစေ့ရမယ်၊ မောင်ကြီးတို့ကိုသာ ပျော်အောင်ချော့ပေတော့" ဟု ပြန်ပြောရာ အတွေ့အကြုံ မရှိသေးသော အရာရှိကတော်က ဘာမှနားမလည်သဖြင့် အတူပါလာသော အလံရှူးမိန်းမကိုကြည့်ရာ ၎င်းမိန်းမက -

"နတ်ကန္နားပွဲပေးတာကို ချော့တယ်လို့ပြောတာ (၃)ရက်ကန္နား၊ (၅)ရက်ကန္နား၊ (၇)ရက်ကန္နားလို့ အမျိုးမျိုးရှိတယ်၊ အရာရှိကတော် အဆင်ပြေသလိုလုပ်ပေါ့"

"ကျွန်မ ယောကျ်ားသာပြန်လာပါစေ၊ ဘယ်လောက်ကုန်ကုန် လုပ်မှာပဲ၊ အဲဒါဆိုရင်သေချာအောင် (၇)ရက်ကန္နားပဲ လုပ်မယ်"

သို့နှင့် နတ်ပြန်ထွက်သွားကာ ပုံမှန်ပြန်ဖြစ်သွားတော့ နတ်ကတော်နှင့် တိုင်ပင်ပြီး အိမ်ရှေ့တွင် ကြီးကြီးကျယ်ကျယ် (၇)ရက် ကန္နားကြီး ပေးပါတော့သည်။

ကန္နား (၇)ရက်ပေးပြီး၊ နောက်ရက်မှပင် အရာရှိလည်း အိမ်သို့ပြန်ရောက်လာပါတော့သည်။ အဘယ်မှာ မရောက်ဘဲရှိပါမည်နည်း၊ ထွက်သွားစဉ်ကတည်းက ရုံးတွင် (၇)ရက် ခွင့်တင်ခဲ့သည်မဟုတ်လား။



ပြန်ရောက်လာသောလင်သားကို ဖက်ငိုလျှက် အရာရှိကတော်က-

"မောင်ရယ်၊ နေရက်လိုက်တာ ခင့်မှာလေ မောင်ပြန်လာဘို့အတွက် ဘယ်လောက်ထိလုပ်ခဲ့ရတယ်မှတ်တုန်း"

"နေပါဦး ခင်ကဘာတွေများ လုပ်လို့တုန်း"

"အိုး - နတ်ကတော်ဆီသွားမေးတော့ မောင်ပြန်လာဘို့ နတ်ကန္နားပေးရမယ်လို့ အမိန့်ချတာနဲ့ (၇)ရက်တောင် ကန္နားပေးလိုက်တော့။ ခင့်လည်ပင်းကဆွဲကြိုးနဲ့ လက်ကောက်တစ်ရံတော့ကုန်သွားတာပဲ၊ ဒါပေမယ့် ဒါတွေမဝတ်ရလို့ ဘာမှမဖြစ်ပါဘူး၊ မောင်ပြန်လာတာဘဲကျေနပ်လှပါပြီ"

"ခင် မင်းဘာတွေလျှောက်လုပ်နေတာလဲ၊ ငါ့ချွေးနည်းစာလေး တွေတော့ ကုန်ပါပြီကွာ၊ ငါကမင်းယောကျ်ားပဲ၊ စိတ်ဆိုးတုန်း ခဏ ဆင်းသွားတာပေါ့ကွ၊ ကလေးသုံးယောက်တောင် ရနေပြီပဲဟာ၊ ဘယ်ယောကျ်ားက အပြီးသွားပါ့မလဲ၊ ဒါလောက်ကတော့ ဘယ်သူမဆို သိနိုင်ပါတယ်ကွာ"

"ဒါမင်းကို သက်သက် နတ်ကတော်တွေက လိမ်စားသွားတာ၊ ယောကျ်ားအပူကိုဗန်းပြပြီး တစ်ပါတ်ရိုက်သွားတာ၊ ငါမကျေနပ်ဘူး၊ လိမ်လည်မှုနဲ့ရဲစခန်းမှာ တိုင်ချက်ဖွင့်မယ်"

သို့ဖြင့်အရာရှိသည် ရဲစခန်းသွားကာ တိုင်ချက်ဖွင့်ပါတော့သည်။ တိုင်ချက်ကို အစအဆုံးနားထောင်ပြီးသည်နှင့် စခန်းမှူး ပြန်ပြောလိုက်သော စကားက -

"ဒါ ဘာသာရေးကိစ္စဗျ၊ ကျွန်တော်တို့ အရေးယူလို့မရဘူး"

အရာရှိက အံ့ဩဒေါသထွက်သောမျက်နှာဖြင့်

"ဘာသာရေးဆိုတာ ကိုယ်ကိုယ်တိုင် ကြည်ညိုသဒ္ဒါဖြစ်လို့ တတ်နိုင်သမျှ လှူတာတန်းတာတော့ ထားပေါ့ဗျာ၊ အခုဟာက အပူသည်ကို တစ်ပါတ်ရိုက်ပြီး အချိုကြီးလိမ်သွားတာပဲ၊ ဒါကို ဘာသာရေးလို့ ခေါ်နိုင်သလားဗျာ့"

"ဒါမျိုးက တစ်ပြည်လုံးဖြစ်နေတဲ့ကိစ္စပဲ ကျွန်တော်တို့ ဘာမှ မတတ်နိုင်ဘူး၊ အရေးယူလို့လည်းမရဘူး"

"အေး - အရေးယူလို့လည်းမရဘူး၊ ဖမ်းလို့လည်း မရဘူးဆိုရင် နေတော့၊ ကျွန်တော်ကိုယ်တိုင် ကန္ဒားစီးနတ်ကတော်လုပ်ပြီး လိမ်စားတော့မယ်"

ဟု ပြောကာပြန်လာပြီး၊ ထိုနေ့မှစ၍ အလုပ်မှထွက်လိုက်ကာ နတ်ပွဲရှိရာတိုင်းသွားရောက်လေ့လာနည်းယူပြီး နတ်ရုပ်များကိုလည်း သုံးပွဲစာလောက် တစ်ပြိုင်နက် ကလောက်သည်အထိဝယ်ယူကာ နာမည်ကြီး နတ်ကတော်အချို့ကို လပေးဖြင့်ငှားပြီးလုပ်စားလိုက်ရာ သုံးလေးနှစ်အတွင်း တိုက်သုံးလုံး၊ ကားလေးစီးဖြင့် မြန်မာတစ်ပြည်လုံး အချမ်းသာဆုံး ကန္ဒားစီးနတ်ကတော်ကြီး ဖြစ်သွားပါတော့သည်။

သို့သော် ကိုယ့်အပေါ် စိတ်ဆင်းရဲအောင်လုပ်ခဲ့သော အလုပ်ကို တစ်နည်းနည်းဖြင့် ပပျောက်သွားအောင်မကြိုးစားဘဲ တခြားသူများအပေါ်မှာ မညှာမတာလုပ်စားသွားရက်သော စိတ်ဓါတ်ကိုကား ပြင်းပြင်းထန်ထန် ရှုတ်ချရပေမည်။

## ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး

(မှတ်ချက်) ယခုဖော်ပြမည့် တကယ့်ဖြစ်ရပ်သည် ကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့သော အမျိုးသမီးတစ်ဦး၏ ရင်ဖွင့်ရေးသားချက် ဖြစ်ပါသည်။ တခြားသူများအလိမ်အညာမခံရရန် ဆရာတော် တရားထဲ ထည့်ဟောပေးပါဟုလည်း လျှောက်သွားပါသည်။ အေးတရားထဲလည်း ထည့်ဟောမယ်၊ စာထဲလည်းထည့်ရေးမယ်ဟု သူမအားပြောခဲ့သည့်အတိုင်း ဤစာအုပ်တွင် ထည့်ရေးလိုက်ပါပြီ၊ ခေါင်းစဉ်ရော၊ စာသားအားလုံးပါ သူမ၏ ရေးသားချက်များ ချည်းသာဖြစ်ပါကြောင်း။



'ကျားကြောက်လို့ရှင်ကြီးကိုး ရှင်ကြီးကျားထက်ဆိုး'

ဤစကားပုံလေးကို အကြောင်းပြု၍ စာရေးသူ၏ ကိုယ်တွေ့လေးတစ်ခုကို ရေးလိုက်ရပါသည်။ စာရေးသူသည် နတ်နှင့် ပတ်သက်သော မိန်းမနတ်ကတော်၊ ယောက်ျားနတ်ကတော်၊ (၃၇)မင်း နတ်ဆရာဟုတစ်မျိုး၊ နတ်ခေါင်းစွဲဟုတစ်ဖုံ အမျိုးမျိုးတို့ကို တွေ့ဘူးပါသည်။

များသောအားဖြင့် နတ်ကတော်အမည်ခံ၊ နတ်မယား၊ လိမ်စားများသာ အများဆုံးတွေ့ဘူး၊ မြင်ဘူး၊ ကြားဘူးပါသည်။ ထို့ကြောင့် လူအများစုအပြောများသည်မှာ နတ်ကိုယုံ၍ လူကိုမယုံပါဟု အပြောများကြသည်။ တစ်ချို့သောနတ်ကတော်များသည် လောကီပညာ စာတစ်လုံးမှမတတ်၊ လောကုတ္တရာတွင်လည်း ဩကာသ ဘုရားရှိခိုးခြင်း တောင် ပြည့်စုံအောင် မရွှိခိုးတတ်ကြဘဲ -

လူကုံတန် ပညာရှိများ၏အိမ်ဦးခန်းတွင် ပူးကပ် ဟောပြောနေသည် များကို လက်ခံ၍ အချို့ ယမကာအရက်သေစာ၊ သစ်သီးစုံစားဖွယ်များနှင့် အတူ သားငါးကြော်၊ လာဘ်လာဘငွေသပြာများ ပသနေသည်မှာ အံ့ဩစရာ တစ်ခုပင်ဖြစ်သည်။

စာရေးသူ၏ကိုယ်တွေ့လေးတစ်ခုကို တင်ပြရေးသားလိုက်ပါသည်။ ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုကျေးရွာအနီး(ဂျီအီး) လိုင်းမှစတင်၍ နတ်ကတော် လူလိမ်ဖိုးလုံး၏ ညာသံပေး၍ညာခဲ့သော နတ်ညာ ဇာတ်လမ်းလေးတစ်ခု ဖြစ်ခဲ့ဘူးပါသည်။ နတ်ကတော်မစန္ဒာအမည်ခံ ယောက်ျားရှာဖိုးလုံးတစ်ယောက်၊ ယုံကြည်ကိုးကွယ်သူများထံမှ ငွေများကို အေးဆေးစွာလိမ်လည်လှည့်ဖျား၍ ယူသွားသော ဇာတ်လမ်းလေးတစ်ခုပါဘဲ။ ပထမဦးဆုံး ကျန်းမာရေး၊ စီးပွားရေး မကောင်းကြသော (ဂျီအီး)လိုင်းထဲမှ မိသားစု ကျန်းမာရေး၊ စီးပွားရေး မေးရန်ဟုဆိုကာ ယောက်ျားရှာ နတ်ကတော် မစန္ဒာအားခေါ်လာပြီး၊ ထိုင်ကန္ဒားပေးသည်ဟုဆိုကာ နတ်ပွဲတစ်ခု ပြုလုပ်ကြပါသည်။

ဒီမှာတင် နတ်ကတော် မစန္ဒာက လိမ်နည်းမျိုးစုံဖြင့်

ပညာတွေသုံးပြီးအစွမ်းပြပါတော့သည်။ နတ်ကတော်ဟောသည်မှာ အိမ်၏အနောက်ရှိ ငှက်ပျောပင်များခြေရင်းတွင် တူးပါက ရွှေထည်ပစ္စည်းများ ရပါလိမ့်မည်။ စီးပွားပေးမည်ဟု စဟောပါသည်။

အိမ်ရှင်များလည်း ချက်ချင်းတူးကြရာ ရွှေထည်ပစ္စည်းများကို ငှက်ပျောပင်အောက်ခြေတွင်တွေ့ရ၍ ဝမ်းသာအားရဖြစ်ကြပြီး သတင်းလည်း ချက်ချင်းပြန့်နှံ့သွားသည်။ လူအများစုကလည်း ပင့်သူကပင့်၊ နတ်ကန္နား ပေးချင်သူကတစ်မျိုးဖြင့် နတ်ကတော်အား အလုအယက်ပင့်ကြသည်။

ရွှေထည်ပစ္စည်းများကိုလည်း နတ်ကန္နားပေးသည့် အိမ်တိုင်းလိုလို ပေးပါသည်။ သို့သော် ရွှေရသည့်အိမ်တိုင်းကိုလည်း အိုးထဲထည့်၍ (၄၅)ရက်ကြာ ဘုရားစင်တွင်တင်ထားရမည်ဟု ဟောပါသည်၊ ဖွင့်မကြည့်ရပါ။

နတ်ကန္နားပေးသည့် အိမ်တိုင်းမှာ လာကြည့်သော ပရိသတ်များအား ငွေဘယ်၍ဘယ်မျှ ဆက်သမှ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးတွေ အားလုံးကောင်းလာမည်ဟု ဟောသည်မှလည်း၊ ငွေတော်တော်များများ ရရှိသွားကြသည်။ နတ်ကန္နားပေးသည့် အိမ်တစ်အိမ်သည် လက်ရှိ နို့စားနွားမလေးကိုရောင်းချပေးရသောကြောင့် ရွှေများရမည်ဟုဟော၍သာ လောဘစိတ်နှင့်ပေးရသော်လည်း၊ ရင်ထဲမှာကားစိုးရိမ်စိတ်တွေနှင့်သာ နတ်ကတော်မစန္ဒာကလည်း၊ တစ်ရွာလုံးနီးနီးလိမ်၍ ရွှေထည်များကိုလည်း (၄၅)ရက်ကြာ အိုးမဖွင့်ရဟုဆိုကာ ငွေထုတ်ပိုက်၍ ပြန်သွားပါတော့သည်။ လူအများ၏နှုတ်ဖျားမှ မစန္ဒာဟု နှုတ်ဖျားမချလေးစားကြသည့်ကြားထဲ နွားရောင်း၍ နတ်ကန္နားပေးသောအိမ်ရှင်သည် (၄၅)ရက် မစောင့်နိုင်သ ဘုရားစင်ပေါ်မှ ရွှေထည်များကိုယူပြီး၊ အင်းစိန်ရွှေဆိုင်တွင်သွားပြ ကြေးဝါများဖြစ်နေပါတော့သည်။

နတ်ကန္နားကို စုငွေနှင့်လုပ်သူ၊ ပစ္စည်းရောင်း၍လုပ်သူ အမျိုးမျိုးတွင် နို့စားနွားမလေးရောင်းချ၍ လုပ်လိုက်သူကား နို့လေးရောင်း ဝင်ငွေလေးမှန်နေရာမှ ယခုတော့ရွှေမက်လို့ လက်ရှိဝင်ငွေလေး ရပ်သွ



ရသည်ကို စာရေးသူအတော်လေးသင်ခန်းစာယူလိုက်မိပါသည်။

ထို့ကြောင့် နတ်ကတော်ဆို ဘယ်နတ်ကတော်မှ မယုံတော့ပ သူမ၏အလိမ်အညာခံရမှုကားမပြီးသေးပါ။ နတ်ကတော်ကြောက်၍ ချဲဘုန်းကြီးတစ်ပါးကိုအားကိုးမိရာမှ ရှိသမျှပြောင်သည်အထိ အလိမ်အညာ ခံခဲ့ရပုံကို ဆက်လက်ရေးသားထားပါသည်။ ထိုအကြောင်းကို ချဲ၊ နှစ်လုံးထီနှ ပတ်သက်သော အခန်းကျမှ ဆက်လက်ဖော်ပြပါမည်။

## အပ်ဝင်ပုဆိန်ထွက်

လွန်ခဲ့သော ကမ္ဘာတစ်သိန်းကပွင့်တော်မူခဲ့သော အနောမဒဿ မြတ်စွာဘုရား လက်ထက်တော်တွင် ရဟန်းပြုချင်ပါလျက်၊ ရဟန်းပြုခွ မရခဲ့ရရှာသော အမျိုးသားကောင်းတစ်ယောက်ရှိခဲ့ဘူးသည်။ အကြောင်းက သူ၏မိဘနှစ်ပါးက မျက်မမြင် ဒုက္ခိတများဖြစ်သောကြောင့်ပင်။

ထိုအမျိုးသားသည် မိဘကို ပြုစုလုပ်ကျွေးရင်း အနောမဒဿ မြတ်စွာဘုရား၏ လက်ယာတော်ရံ အရှင်နိသဘမထေရ်ထံတွင် သရဏ (၃)ပါးကို၊ ခံယူဆောက်တည်ကာ တစ်သက်လုံး မပျက်အောင် စောင့်ရှော နိုင်သော တကယ့်ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ခဲ့သည်။

## သရဏဂုံပျက်ခြင်းနှစ်မျိုး

သရဏဂုံသည် အရိယာတို့၌တည်သော လောကုတ္တရာသရဏ ပုထုဇဉ်တို့၌တည်သာ လောကီသရဏဂုံဟု နှစ်မျိုးရှိ၏။ လောကုတ္တ သရဏဂုံမှာ သံသရာတစ်လျှောက် ဘယ်ဘဝရောက်ရောက်မပျက်တော့ ပုထုဇဉ်တို့၌တည်သော လောကီသရဏဂုံမှာကား တစ်ဘဝတည်း၌ပ နှစ်ခါပြန်ပျက်နိုင်ပေသည်။

ငင်းပျက်ခြင်းတို့မှာ အပြစ်မရှိသောပျက်ခြင်းနှင့် အပြစ်ရှိသော ပျက်ခြင်းတို့ပင်ဖြစ်သည်။ ပုထုဇဉ်ဗုဒ္ဓဘာသာဝင်တစ်ယောက် အသက်သေဆုံးသွားလျှင် သရဏဂုံပျက်သွားသည်။ ယင်းသို့သော သရဏဂုံပျက်ခြင်းသည် ဓမ္မတာသဘောဖြစ်ခြင်းကြောင့် အပြစ်လည်းမရှိပါ။ အကုသိုလ်လည်းမဖြစ်ပါ။

အကြွင်သူသည် ဘုရား၊ တရား၊ သံဃာမှတစ်ပါး အခြားသော ဘိုးတော်မယ်တော်၊ ရိုးရာနတ်များ၊ (၃၇)မင်းနတ်များကို အရှင်ကြီးအရှင်ကောင်းတို့အား ကျွန်တော်မျိုးတို့၏ အသက်နှင့် ခန္ဓာကိုယ်ကို အပ်နှင်းလှူဒါန်းကိုးကွယ်ပါ၏ဟုဆိုပြီး ရှိခိုးကန်တော့လိုက်လျှင် ထိုသူသရဏဂုံပျက်လေတော့သည်။ ယင်းသို့သောဖြစ်ပျက်ခြင်းမျိုးကို အပြစ်ရှိသော အကုသိုလ်ဖြစ်သော သရဏဂုံပျက်ခြင်းဟု မှတ်ရပါမည်။

(မူလပဏ္ဏာသ၊ အဋ္ဌကထာ)

အထက်ဖော်ပြပါ အမျိုးကောင်းသားသည် သူ့ဘဝတစ်သက်တာတွင် အပြစ်ရှိသော သရဏဂုံပျက်ခြင်းမျိုး တစ်ရံတစ်ခါမှ မဖြစ်ခဲ့ပါချေ။

## ဗုဒ္ဓဘာသာဝင်နှစ်မျိုး

ဗုဒ္ဓဘာသာဝင်သည် ဇာတိဗုဒ္ဓဘာသာဝင်၊ အာစာရဗုဒ္ဓဘာသာဝင်ဟု နှစ်မျိုးရှိသည်။ ဘုရား၊ တရား၊ သံဃာအကြောင်း ဘာတစ်ခုမျှ ကျကျနန မသိဘဲ အမိအဘ၊ အဘိုးအဘွားများက ဗုဒ္ဓဘာသာဖြစ်၍ မိမိလည်း ဗုဒ္ဓဘာသာ ဖြစ်လိုက်ရသည်ဆိုလျှင် ထိုသူသည် ဇာတိဗုဒ္ဓဘာသာဝင်ဖြစ်၏။ တစ်နည်းအားဖြင့် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်ဖြစ်၏။

ဗုဒ္ဓဘာသာအကြောင်း မိမိကိုယ်တိုင် တကယ်လေ့လာ၊ တကယ်သိပြီး တကယ်ယုံကြည်သော ဗုဒ္ဓဘာသာမျိုးကို အာစာရဗုဒ္ဓဘာသာဝင်၊ တစ်နည်းအားဖြင့် တကယ့်ဗုဒ္ဓဘာသာဝင်ဟုခေါ်ရပေသည်။



ဖော်ပြပါ အမျိုးသားကောင်းသားသည် အာစာရဗုဒ္ဓဘာသာဝင်ခေါ် တကယ့်ဗုဒ္ဓဘာသာဝင်ထဲတွင် ပါဝင်ခဲ့ပေသည်။

## ကောင်းကျိုးအနန္တ သင်လည်းရနိုင်၏

တစ်ဘဝစာတည်လိုက်သာ သရဏဂုံကုသိုလ်ကံကြောင့် ၎င်အမျိုးသားမှာ ဖော်ပြလတ္တံ့သော ကောင်းကျိုးအနန္တကို ပြည့်ပြည့်ဝဝ ခံစားခဲ့ရပါသည်။ သရဏဂုံတည်သော ဘဝမှ စုတေပြီးသည့်နောက် -

၁။ (၉၁) ကမ္ဘာအပါယ်မလားတော့ပါ

၂။ သိကြားမင်းဘဝအကြိမ် (၈၀)ရောက်ခဲ့သည်

၃။ စကြာဝတေးမင်းအဖြစ် (၇၅)ကြိမ်

၄။ ပဒေသရာဇ်၊ ဧကရာဇ်မင်းအဖြစ် အကြိမ်ကြိမ် မရေတွက်နိုင်အောင် ဖြစ်ခဲ့ရသည်။

၅။ ဘဝတိုင်း၌ အများ၏ပူဇော်ခံရခြင်း
ထက်သောဉာဏ်ပညာရှိခြင်း
မိမိအလိုသို့ လိုက်ပါစေနိုင်ခြင်း
အများနှင့်မတူသောစည်းစိမ်ချမ်းသာကိုခံစားရခြင်း
ရွှေအဆင်းနှင့်တူခြင်း
အများ၏နှစ်သက်ကြည်ညိုမှုကိုခံရခြင်း
မိတ်ဆွေအပေါင်းအသင်းများ၏ချစ်ခင်မှုကိုရခြင်း
ကျော်စောထင်ရှားခြင်းဟူသော အကျိုးအမျိုးတို့ကို
ဘဝတိုင်းခံစားရခြင်း

၆။ အဆုံးဘဝတွင် ယခုဂေါတမဘုရားသာသနာ၌ ရဟန်းတစ်ပါးထံ သရဏဂုံဆောက်တည်ရင်း သရဏဂုံအဆုံးမှာပင် ကိုသေသော အာသဝေါကုန်ခန်းသော ရဟန္တာအဖြစ်သို့ (၇)နှစ်သားအရွယ်မှာပင် ရောက်ရှိခဲ့ရပါသည်။

သရဏဂုံ အဆုံးမှာပင် ချမ်းသာလွယ်ကူသော အကျင့်၊ လျှင်မြန်သော အသိဉာဏ်ဖြင့် ရဟန္တာဖြစ်ခဲ့ရသောကြောင့် သာသနာတွင် တိသရဏဂမနိယမထေရ် ဟူ၍ ထင်ရှားကျော်စောခဲ့ပါသည်။

(အပါဒါန်ပါဠိတော်၊ တိသရဏဂမနိယမထေရ်ဝတ္ထု)

တိသရဏဂမနိယမထေရ်မြတ်ခံစားခဲ့ရသော ကောင်းကျိုးများကို ယခုခေတ် ဗုဒ္ဓဘာသာဝင်အားလုံးလည်း ခံစားနိုင်ခွင့်ရှိပါသည်။ များများမဟုတ်၊ အင်္ဂါနှစ်ချက်သာညီရန် လိုပါသည်။ အာစာရ ဗုဒ္ဓဘာသာဝင်ခေါ် တကယ့်ဗုဒ္ဓဘာသာဝင်ဖြစ်ရမည်။

ယင်းအချက်မှာလည်း မခက်ခဲပါ၊ ကြုံကြိုက်သည့်အခါတိုင်း တရားဒေသနာများကို နာကြားခြင်း၊ အနှစ်အသားပါသာ တလတစ်ကြိမ်ထုတ် ထေရဝါဒစစ်စစ်ကို ဖော်ပြသော ဘာသာရေး မဂ္ဂဇင်းတစ်စောင်စောင်ကို ဖတ်ခြင်းတို့ဖြင့် တကယ့်ဗုဒ္ဓဘာသာဝင် အဖြစ်သို့ရောက်ရှိနိုင်ပါသည်။

ဒုတိယအင်္ဂါမှာ ဘုရား၊ တရား၊ သံဃာမှတစ်ပါး၊ အခြားသော ဘိုးတော်၊ မယ်တော်၊ (၃၇)မင်းနတ်တို့ကို ကိုးကွယ်ခြင်းမှ ရှောင်ကြဉ်ရန် ပင်ဖြစ်ပေသည်။ သို့မှသာအပြစ်ရှိသော သရဏဂုံပျက်ခြင်းဘေးမှ ကင်းဝေးမည်မဟုတ်ပါလား။

ယခုခေတ် ဇာတိဗုဒ္ဓဘာသာဝင် အတော်များများကား သရဏဂုံ တည်သည့်အတွက် ရရှိမည့်ကောင်းကျိုးအနန္တကို မသိကြရှာသောကြောင့် ဘိုးတော်၊ မယ်တော်များ၊ ရိုးရာများ (၃၇)မင်းများကို ကိုးကွယ် ဆည်းကပ်ခြင်းတို့ဖြင့် သရဏဂုံပျက်သည်ကိုလည်း မြင်တွေ့နေသည်မှာ သနားစရာလည်းကောင်း၊ ဝမ်းနည်းစရာလည်း ကောင်းလှပါသည်။

လူ့လောကတွင် အသုံးများလှသည့် 'အပ်ဝင်ပုဆိန်ထွက်' ဟူသောစကားကဲ့သို့ ဖြစ်နေပါသည်။ အပ်လေးတစ်ချောင်းဝင်လာဘို့အတွက် ပုဆိန်တစ်ချောင်းအထွက်ခံရမည်ဆိုလျှင် ထိုသူအတွက် မည်မျှ နစ်နာလှပါသနည်း။



ထိုနည်းတူ ယခုပစ္စက္ခတစ်ဘဝစာလေး၊ စီးပွားရေးအဆင်ပြေဘို့၊ ရာထူးတက်ဖို့၊ ငွေဝင်ဖို့စသည်တို့အတွက် သရဏဂုံအပျက်ခံပြီး၊ အစိပ္ပါယ်မရှိသော၊ အမှန်တကယ်လည်း မဟုတ်သော ကိုးကွယ်ရာ အတုများကို ကိုးကွယ်လိုက်လျှင် -

ထန်းသီးကြွေခိုက်၊ ကျီးနင်းခိုက်ဖြစ်ပြီး စီးပွားရေးစသည်တို့ အဆင်ပြေကောင်းပြေသွားပါလိမ့်မည်။ သို့သော် ထိုစီးပွားရေးအဆင်ပြေမှု၊ ငွေဝင်မှုစသည်တို့သည် တစ်ဘဝ၊ တစ်နပ်စာမျှသာဖြစ်ပါသည်။ အပ်လေးတစ်ချောင်းဝင်လာသည်နှင့် တူလှပါသည်။

ထိုသို့တစ်ဘဝ၊ တစ်နပ်စာ အပ်ကလေးတစ်ချောင်း ဝင်လာသည့် အတွက် သရဏဂုံတည်မြဲသူများ၊ ခံစားရမည့် (၉၁) ကမ္ဘာအပါယ်မလားခြင်း၊ ကြားမင်းဘဝအကြိမ် (၈၀)ဖြစ်ရခြင်းစသော ပုဆိန်နှင့်တူသည့် ကောင်းကျိုးအနန္တတို့ မိမိထံမှထွက်ခွါသွားကြလေပြီ။ မည်မျှနစ်နာ လှပါသနည်း။

နဖူးပေါ်လက်တင်၍ သေသေချာချာလေးလေးနက်နက် စဉ်းစားသင့်ပါသည်။ အမှားဟူသည် "မောဟမကင်းသူလူတိုင်းနှင့် ဆက်ဆံသည်ဟူသော ရွှေဟသာ်တောရ၊ စတုတ္ထစံကျောင်း ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း မိမိအမှားကို မြင်တွေ့ခဲ့ပြီဆိုပါလျှင် အောက်ဖော်ပြပါအတိုင်း ရာသက်ပန်သရဏဂုံကို ပြန်လည်ဆောက်တည်ပြီး သရဏဂုံတည်မြဲအောင်ကြိုးစားသင့်ပါသည်။

ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံသရဏံဂစ္ဆာမိ
ဇီဝိတ ပရိယန္တိကံ ဓမ္မံသရဏံဂစ္ဆာမိ
ဇီဝိတ ပရိယန္တိကံ သံဃံသရဏံဂစ္ဆာမိ

အသက်ဆုံးသည်တိုင်အောင် မြတ်စွာဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါသည်။

အသက်ဆုံးသည်တိုင်အောင် တရားတော်မြတ်ကို ကိုးကွယ်ရာ ဟူ၍ ဆည်းကပ်ပါသည်။

အသက်ဆုံးသည်တိုင်အောင် သံဃာတော်အရှင်မြတ်တို့ကို
ကိုးကွယ်ရာဟူ၍ ဆည်းကပ်ပါသည်။

'မှောင်အတိပြည့်နေသည်ဟု ဆဲရေးမြည်တွန်နေခြင်းထက်
သင်ကိုယ်တိုင် ဖယောင်းတိုင်တစ်တိုင် ထွန်းညှိပေးဘို့ကောင်းပေသည်'

ဟူသော တရုတ်ပညာရှိကြီး ကွန်ဖြူးရှပ်စကားအတိုင်း သရဏဂုံ
ကောင်းကျိုးကို မသိရှာ၍ ကိုးကွယ်မှားကြရသော ဗုဒ္ဓဘာသာဝင်များကို
အပြစ်မတင်သင့်ပါ။ အပြစ်မတင်လိုပါ။ မိမိစွမ်းနိုင်သမျှ ဖယောင်းတိုင်လေး
တစ်တိုင် ထွန်းညှိပေးလိုက်ပါသည်။ အမှောင်ပျောက်၍ အလင်းရောက်ကြ
ပါစေသော်။

## စိတ်ကိုထိန်းချုပ်နည်းများ

ရသခံစားရမှုဖြင့် (ဥပမာ သဘာဝအလှ၊ ဂီတတို့ဖြင့်)
လိုအင်ဆန္ဒများကို ခေတ္တခဏထိန်းချုပ်နိုင်သည်။

ကိုယ်ကျင့်တရားဖြင့် စိတ်လိုအင်ဆန္ဒများကို ခေတ္တခဏ
သာထိန်းချုပ်နိုင်သည်။

ဘာသာတရားဖြင့် စိတ်လိုအင်ဆန္ဒကို အနည်းငယ်
ထိန်းချုပ်နိုင်သည်။

လောကကြီးအကြောင်းအမှန်အတိုင်း ပိုင်းခြားသိမြင်ခြင်းဖြင့်သာ
စိတ်ဆန္ဒကိုထိန်းချုပ်နိုင်ပြီး ပြည့်စုံသောလွတ်မြောက်မှုကိုရနိုင်သည်။

(ဂျာမန်ဒဿနိကဗေဒပညာရှင်ရှိုပင်ဟောင်ဝါ)



### သုံးလုံးရောဂါ

- ဒိုင်ပြေးလို့
  မှိုင်ငေးနေသောသူ
- ချိုင်းရလို့
  လှိုင်းထနေသောသူ
- တစ်လုံးတည်းလွဲလို့
  ရှုံးမဲမဲနေသောသူ
- အပူးအခွပျောက်လို့
  အရှုံးဘဝရောက်သောသူ
- ဘရိတ်မကိုက်လို့
  အိတ်စိုက်ရသောသူ
- တွက်နည်းပြောင်းလို့
  အက်(စ်)အီး(SE)ရောင်းရသူ
- ထိပ်စီးမှားလို့
  အိတ်ကြီးပြားသွားသူ
- အလယ်ထိုင်အကဲစမ်းရင်း
  နယ်အပိုင်ရဲဖမ်းခြင်းခံရသူ
- ဗွေဖောက်တဲ့ နောက်ပိတ်ကြောင့်
  ရေသောက်၍ မှောက်အိပ်ရသောသူ
- နတ်ကိုးတဲ့ဂဏန်းမက်မိလို့
  ဗျတ်ထိုးအထမ်းတောင်မထွက်နိုင်သောသူ
- နွားရောင်းထိုးမိလို့
  စပါးတစ်တောင်းဖိုးမရှိသောသူ
- အကြွေးအလျော်ကြဲလို့
  ခွေးအခေါ်ခံရသူ

♦ ဇိမ်ခံဉာဏ်တစ်ပေါက်ထိုးလွဲပြီး
အိမ်ဂရုံသောက်ကျိုးနဲ(နည်း)သောသူ
♦ ပုတီးကြီးတွဲလောင်းဖြင့်
စီးရီးအဆွဲကောင်းနေသောသူ
♦ အကွက်ဆရာတစ်ပါးကြောင့်
အသက်ပါသွားရသူ
♦ ဘောက်ချာအများမိလို့
ထောင်စာစားကြည့်ရသောသူ
♦ တစ်လနှစ်ကြိမ်လွဲမှားရင်း
ဘဝရေတိမ်စွဲသွားရသူ
♦ မရိုးမသားအကွက်ပေါ်လို့
ထိုးသားအားသမက်တော်ရသူ
♦ ယိုးဒယားနိကက်ချိုင်းတွေနဲ့
အဖိုးအဖွားကြည့်ကွက်ရိုင်းစေသူ
♦ မုချချဲဒေသစွဲလာတယ်ဆိုရင်ဖြင့်
ဒုက္ခဝဲဩဃထဲချာချာလည်ပြီပင်
♦ အမှန်ကြုံလို့ထူးပုံရှင်းရရင်
ကံယုံလို့ဆူးပုံနင်းကြသူများသာ
♦ ပြာပုံကလူးလဲထလာလို့
"ချူးရဲ" ဘဝသမားများ
♦ ကိုယ့်အားကိုယ်မကိုးသရွေ့
ဗိုအားပိုတိုးပေလိမ့်မည်။
မောင်မိုးပွင့်(ရေကြည်)
ခေတ္တ - ဒေါင်းဦးကျေးရွာ

ဖော်ပြပါ ကဗျာလေးအတိုင်း သူမသည်လည်းတစ်ခါက ချူးရဲ ချူးရှူးဘဝရောက်ခဲ့ရကြောင်းကို အောက်ပါအတိုင်း ဆက်လက် ရေးသား ထားပါသည်။



သည်လိုနှင့် နတ်ကန္နားနတ်ကတော်ရှိရာအရပ်သို့ မသွားဘဲ နေလာလိုက်တာ အတော်ကြာသွားပြီ၊ တစ်နေ့မှာကိုယ်နေတဲ့ ပတ်ဝန်းကျင်က လူများက ရွှေပြည်သာထဲမှာ ကျောင်းတစ်ကျောင်းတွင် ဘုန်းကြီးတစ်ပါး ရှေ့ဖြစ်နောက်ဖြစ်ဟောတာ သိပ်မှန်တာပဲ နှစ်လုံးဂဏန်း သုံးလုံးဂဏန်းလည်း မှန်တယ်လို့ ပြောနေကြတော့ စာရေးသူအတွေးထဲမှာ သံဃာတော်ဆိုတော့ မိမိတို့ရဲ့ ကိုးကွယ်ရာလည်းဖြစ်၊ ယုံလည်း ယုံကြည်သွားပြီး ငါသွားရင် ကောင်းမယ်ဆိုတဲ့အတွေးနဲ့ အသိတစ်ယောက်ကို ခေါ်ပြီး ရောက်သွားပါတယ်။

ရောက်သွားတော့ ဆရာတော်မရှိဘူး၊ ပဲခူးမှာ ဘုရားသွားတည် နေတယ်လို့ ကျောင်းမှာရှိတဲ့ သံဃာတော်တွေက ပြောပါတယ်။ ဒါပေမယ့် စွဲမလျှော့ဘဲ နှစ်ရက်လောက်ခြားပြီး ထပ်သွားပါတယ်။ ပြန်မလာသေးဘူးလို့ သိရပြန်သည်။

အဲဒီမှာတင် စာရေးသူ တော်တော်လေးစိတ်ဝင်စားသွားပြီး ငါသွားတိုင်းမတွေ့၊ တွေ့အောင်သွားမယ်လို့ ဆုံးဖြတ်လိုက်ပြီး (၃)ရက်လောက်အကြာမှာ ထပ်သွားပါတယ်။ ဘုန်းကြီးနဲ့လည်း တွေ့ပါတယ်။ ကျောင်းမှာ သူဌေးမိသားစု ကထိန်သင်္ကန်းလာကပ်လို့ ဒီအတိုင်း ပြန်လာရပါတယ်။

နောက်တစ်နေ့ထပ်သွားတော့ ဘုန်းကြီးနဲ့အေးဆေးစွာ တွေ့ပြီး၊ ဗေဒင်တွက်ပေးလိုက်ပါတယ်။ ဖြစ်ခဲ့တာတွေတော့မှန်ပါတယ်။ နောက်ဖြစ်ဟောတာတော့ မသိသေးဘူးပေါ့။ ပါလာတဲ့အသိကလည်း ဗေဒင်တွက်တော့ အလုပ်အကိုင်အဆင်ပြေရမယ်၊ နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်းလည်းပေါက်ရမယ်၊ ပေါက်ရင်ငါဘုရားတည်တဲ့နေရာမှာ တစ်ဦးကို ဘိလပ်မြေ အိတ်(၂၀)စီလှူရမယ်၊ လှူနိုင်ပါ့မလားလို့မေးတော့ ကကယ်ပေါက်မယ်ဆိုရင် လှူပါ့မယ်ဘုရားဟု ပြောတော့ အတိအကျ ပေါက်စေရမည်ဟုဆိုကာ သုံးလုံးဂဏန်းအတွက် အကွက်(၂၀) ပေးလိုက်ပါတယ်။

ဒီလိုဗေဒင်တွက်ပြီး ဂဏန်းပေးရတဲ့အတွက် ပွဲထိုးဖို့ တစ်ဦးကို (၁၀,၀၀)စီလှူရမယ်။ အဆောင်အတွက် အမွှေးတိုင်၊ ဖယောင်းတိုင်၊

သံပုရာသီး ယူခဲ့ရမယ်ပြောပါတယ်။ ဘုန်းကြီးဆိုတော့ ကြောက်လည်း
ကြောက်၊ ရိုသေလည်းရိုသေတော့ မှာတဲ့အတိုင်း အားလုံးလုပ်ပါတယ်။
အဆိုးဆုံးခံစားခဲ့ရတာကတော့ ပေးလိုက်တဲ့အကွက် (၂၀)ကို

ဘိလပ်မြေအိတ် (၂၀)လှူဖို့က သတ်သတ်ထိုးပေးတယ်။ နောက်ပြီး
ကိုယ့်အတွက်က မိသားစုအားလုံး အိမ်ငှားဘဝက လွတ်အောင်ဆိုတဲ့အတွေးနဲ့
ပစ္စည်းတွေပေါင်၊ ငွေတွေအတိုးနဲ့ချေးပြီး ထိုးလိုက်တာ အကွက် (၂၀)ထဲ
ဂဏန်းတူတာတောင်ပါမလာတော့ စာရေးသူအရှူးကြီးဟစ်ယောက်လိုဖြစ်ပြီး
စိတ်တည်ငြိမ်မှု တော်တော်လေး ကင်းမဲ့သွားတာ တစ်လလောက်ကြာတယ်။
အခုမှပဲ ကြွေးတွေဆပ် ပစ္စည်းတွေပြန်ရွေးနိုင်မှ စိတ်ပြန်တည်ငြိမ်

သွားရတယ်၊ ဒါဘယ်သူ့အပြစ်လည်းဆိုတော့ ဘယ်သူမပြု မိမိမှုပါပဲ၊
ကိုယ့်ဦးနှောက်နဲ့ ကိုယ်မဆုံးဖြတ်တာရယ်၊ ကံတရားကို လွန်ဆန်မိတာ
ရယ်ကြောင့်ပါဘဲ။

စာရေးသူဒီအကြောင်းတွေကို ရေးရခြင်းကတော့ လူတိုင်းလူတိုင်း
နတ်ကတော်များကို စဉ်းစဉ်းစားစား ယုံကြည်ကြဖို့ရယ်၊ တကယ်တမ်း
ကိုးကွယ်ရမှာက ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့ပါဘဲ။ ဗုဒ္ဓဘာသာဝင်
သူတော်စင်တို့မှန်သမျှ တကယ်တန်းဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ်
နေကြသော သံဃာတော်များအား ရိုသေလေးစားစွာ ကိုးကွယ်၍
သုံးလုံးဂဏန်း၊ နှစ်လုံးဂဏန်းများကိုမေးပြီး အနှောက်အယှက် မပေးမိဘို့
ရည်ရွယ်၍ ရေးလိုက်ရခြင်းဖြစ်ပါသည်။ (၇)ရက် သားသမီးအားလုံး
ကံတရားကိုမျက်ကွယ်မပြုဘဲ ဆင်ခြင်တုံတရားလက်ကိုင်ထားနိုင်ကြပါစေ။
သူမ၏ရေးသားချက်ထဲမှ (၇)ရက်သားသမီးအားလုံး ကံတရားကို

မျက်ကွယ်မပြုဘဲ ဟူသောစကားလုံးလေးကို အနည်းငယ်တင်ပြချင်ပါသည်။
အရေးကြီးလှသောကြောင့် ဖြစ်ပါ၏။ မယဒေဝလင်္ကာသစ်တွင်
မန်လည်ဆရာတော်ဘုရားကြီးက -

ရှင်လူသတ္တဝါ၊ ထိုများစွာကား၊
အပရာပရိယ၊ ကံကိစ္စနှင့်၊



ကင်းကြသူဘိ၊ မည်မရှိရင့်၊
မသိနိုင်တောင်း ကံဆိုးကောင်းကို၊
ဥက္ကောင်းရွက်၍၊ အချက်သင့်ရာ၊
ခံရစွာ၏။

ဟူသောကံ၏ အကျိုးပေးပုံကို တိတိကျကျ သိနိုင်ရန် စပ်ဆိုပြထားခဲ့ပေသည်။ ဖေါ်ပြပါ လင်္ကာကို သေချာစွာနားလည်လိုပါလျှင် စေတနာဇောစိတ် (၇)လုံးက သူ့ဘဝနှင့်သူ အကွက်ကျကျ အကျိုးပေးသွားပုံကို သိမှဖြစ်ပေမည်။

ပုထုဇဉ်များမှာ ကုသိုလ်လုပ်သည်ဖြစ်စေ၊ အကုသိုလ်လုပ်သည်ဖြစ်စေ၊ ကောင်းကျိုးဆိုးကျိုးပေးမည့် ဇောစေတနာ (၇)ချက်ဖြစ်ပေသည်။ ထို(၇)ချက်တို့တွင် ပထမဇောစေတနာက ယခုဘဝတွင် အကျိုးပေးသည်။ အကျိုးပေးခွင့်မရလျှင် အဟောသိကံဖြစ်ပြီး ပျက်သွားသည်။ သတ္တမမြောက် ဇောစေတနာက ဒုတိယဘဝတွင် အကျိုးပေးသည်။ ၎င်းကံသည်လည်း အကျိုးပေးခွင့်မရလျှင် ပျက်သွားသည်။ အလယ်မှာကျန်သောဇောစေတနာ ငါးချက်က တတိယဘဝမှစ၍ နိဗ္ဗာန်မရောက်မခြင်း လိုက်၍အကျိုးပေးပါသည်။ ဘယ်သောအခါမှ ပျက်သွားသည်ဟူ၍မရှိပေ။

ထိုအလယ်ဇောငါးချက်စေတနာ အပရာပရိယဝေဒနီကကံ ဟုခေါ်သည်။ လင်္ကာ၌(၃၁)ဘုံသားအားလုံး ထိုအပရာရိယဝေဒနီကကံမှ လွတ်သော သတ္တဝါဟူ၍ မရှိနိုင်ဟူ၍ ဆိုလိုခြင်းဖြစ်ပေသည်။

ထိုအပရာပရိယဝေဒနီကကံ ကုသိုလ်ကံ၊ အကုသိုလ်ကံဟူ၍ နှစ်မျိုးလုံးရှိရာ ကုသိုလ်ကံအခိုက်အလှည့်ကျလာလျှင် လုပ်ကိုင်သမျှ ဖြစ်ထွန်းပြီး ထိုးလေသမျှပေါက်နေပေလိမ့်မည်။ တစ်ဖန် အကုသိုလ်အလှည့် ရောက်လာပြန်လျှင်လည်း လုပ်သမျှပျက်ပြီး ထိုးသမျှ လွဲနေပေလိမ့်မည်။ ထိုအပရာပရိယဝေဒနီကကံအလှည့်ကို သတိမပြုဘဲ သုံးလုံးဂဏန်းနှင့် နှစ်လုံးဂဏန်းများနောက် ကောက်ကောက်ပါအောင်လိုက်နေမည်ဆိုလျှင်

အဦးဆုံးဖေါ်ပြလိုက်သော ဒါယိကာမထက် ပိုသောဆိုးကျိုးများကိုသာ ခံစားရပေလိမ့်မည်။

သုံးလှီးဂဏန်း၊ နှစ်လုံးဂဏန်းကို သူဌေးဖြစ်ချ ဖြစ်လုပ်နေကြသောသူများကို စာရေးသူလက်လှမ်းမှီသမျှ လေ့လာ ကြည့်ရာတွင် ချေးဖြစ်သွားသူများကိုသာ တွေ့ရပါသည်။ စဉ့်ကိုင်မြို့နယ်မှ အမျိုးသားတစ်ဦး၏ ဖြစ်ရပ်သည်ကား လွန်စွာမှ သတိသံဝေဂရဖွယ် ကောင်းလှသဖြင့် ဦးစွာဖေါ်ပြလိုက်ပါသည်။

၎င်းအမျိုးသားချဲထိုးရင်းဖြင့် ရွှေများ၊ ငွေများ၊ လယ်များ၊ ယာများ အားလုံးကုန်ပေပြီ။ သို့သော် လောဘအမှောင်က ဖုံးနေသောကြောင့် ငိုယိုကာတားမြစ်တောင်းပန်နေကြသော သားမယားများကိုပင် ဂရုမစိုက်တော့ပဲ လက်ရှိနေသော အိမ်နှင့်ခြံကိုပင် ရသမျှဈေးဖြင့် ရောင်းပစ်ပြီး၊ ရလာသောငွေဖြင့် အကွက်တစ်ခုကို ပုံအောထိုးလိုက်ရာ သိန်းဂဏန်းကွက်လောက်အထိပေါက်သွားပါ၏။ အပရာပရိယကံ၏ အလှည့်ကိုသတိမထားမိသော ထိုသူမှာ သိန်းဂဏန်းကွက်ပေါက်သော ဘောက်ချာကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဂွမ်းအကြိမ်ကြိမ်ထိုးသောဟူ၏။

နှုတ်မှလည်း -

"ပြောကြလေ ချဲထိုးရင်တဲထိုးရမယ်လို့ လာလိုက်သေးတယ် တချို့က ကံမရှိ ဉာဏ်ရှိတိုင်းမွဲတဲ့ကွ၊ မင်းဘယ်လောက်တွက်တက်တွက်တတ် ကံရှိမှပေါက်မှာပါဆိုတဲ့သူတွေ အခုကြည့်စမ်း ခြောက်နှစ်လော စိုက်ပြီးတွက်လိုက်တာ၊ သိန်ဂဏန်းကွက်ပေါက်ပြီ မဟုတ်လား၊ ချဲသမား အမျိုးမတော်ချင်ဘူးဆိုတဲ့ လူတွေ တစ်ယောက်မှ မလာကြနဲ့၊ ငါ ငါ့မိသားစုပဲ အားရအောင်သုံးမယ်"

ဟု ဟစ်ကြွေးကြော်ကာ ငွေသွားထုတ်ပါတော့သည်။ ထိုအချိန် သူ့မိသားစုများမှာ နေစရာမရှိသဖြင့် ဆွေမျိုးသားချင်းများအိမ်တွ ကပ်ရပ်နေရချိန်ပင်ဖြစ်ပါ၏။ ချဲသိန်းဂဏန်းပေါက်သည်ဆိုသဖြ လက်ဝါးဖြန့်တောင်းချင်ကြသော အမျိုးများမှာ သူ၏ကြုံးဝါးချက်ကြော



တစ်ယောက်မှ အနားသို့ မလာဝံ့ပေ။

နောင်လည်း သူ့အနားသို့မည်သည့်ဆွေမျိုးမှ လာလိမ့်မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် သူပေါက်သော သိန်းကွက်ကို မလျော်နိုင်သဖြင့် ချဲဒိုင်ကထွက်ပြေးသွားသောကြောင့်ပါတည်း။ ဤတွင် ထိုအမျိုးသားတရားခံရှာမှားလေပြီ။

ထွက်ပြေးသောဒိုင်ကို တွေ့အောင်လိုက်ရှာပြီး အတုံးတုံး အတစ်တစ် ဓါးဖြင့်ခုတ်သတ်ကာ ဆာလာအိတ်ထဲထည့်ပြီး ရဲစခန်း၌ အဖမ်းခံလိုက်သောကြောင့်ပါတည်း၊ သုံးလုံးဂဏန်း၏ဆိုးကျိုးက သူရော၊ သူ့မိသားစု၏ ဘဝကို ပျက်စီးစေခဲ့လေပြီ။

## ဘဝပျက်ရခြင်း၏တရားခံ

သူဘဝပျက်ရခြင်း၏အဓိကအကြောင်းရင်းသည်၊ ဖြတ်လမ်းက ချမ်းသာချင်သော ဝိသမလောဘစိတ်ကြောင့်ပင်ဖြစ်၏။ သို့သော် သူက ထိုအချက်ကိုမမြင်၊ ထွက်ပြေးသောချဲဒိုင်သည်သာ သူ့ဘဝပျက်ခြင်း၏ အဓိကတရားခံဟုယူဆခဲ့ပေသည်။

ဖြတ်လမ်းက ချမ်းသာချင်သော ဝိသမလောဘသမားများ ရှိနေသမျှ ချဲဒိုင်များသည်လည်း အမြဲတန်းရှိနေမည်သာဖြစ်ပါ၏။ ဘဝပျက်ခြင်း၏ အခြံအရံ အကြောင်းသာဖြစ်သော ချဲဒိုင်များကား ဘယ်သောအခါမှ သတ်၍ကုန်မည်မဟုတ်ပေ။

ဤနေရာ၌ အတွေးအခေါ်လေးတစ်ခုကိုပေးချင်ပါသည်။ လေးကောင်ဂျင်ဆိုလျှင် ဒိုင်ဖက်ကအခွင့်အလမ်း သုံးလေး၊ ထိုးသားဖက်က တစ်လေး၊ ခြောက်ကောင်ဝိုင်းဆိုလျှင် ဒိုင်ဖက်က အခွင့်အလမ်း ငါးလေး၊ ထိုးသားဖက်က တစ်လေးသာရှိ၏၊ ၎င်းသုံးလေးတစ်လေး၊ ငါးလေးတစ်လေး ကစားကြတာပင်၊ လေးကောင်၊ ခြောက်ကောင်နောက် လိုက်မိသူများ မွဲပြာကျမည်သာဖြစ်သည်။

ယခုချဲထီဆိုလျှင် အကွက်တစ်ထောင်ထိုးမှ တစ်ကွက်သာ ပေါက်သည်ဖြစ်ရာ ဒိုင်ဘက်မှ နိုင်မည့်အခွင့်အလမ်း (၉၉၉)လေး၊ ထိုးသားဘက်မှ (၁)လေးသာရှိရာ အဘယ်မှာ ထိုးသားများ မွဲပြာမကျဘဲ ရှိလေမည်နည်း။

ထို့ကြောင့်ထင်ပါ၏ တစ်လောကအလှူတစ်ခုတွင်၊ ဒကာ တစ်ယောက်က ထူးဆန်းသောစကားတစ်ခွန်းကိုလျှောက်သောကြောင့် စာရေးသူရော တခြားဒကာ၊ ဒကာမများပါ သေချာအာရုံစိုက်မိကြသည်။

"ထိုင်းဘုရင့်သမီးတော် မဟာချက်ကရီသီရိဒုံက မြန်မာနိုင်ငံ လာရင်နဲ့ မီးကွင်းတဲ့နည်းတစ်နည်းပေးသွားသတဲ့ ဘုရား"

"အမယ် ထူးခြားလှချည်လား၊ ဘယ်လိုတဲ့လဲ"

## မီးကွင်းချင်သလား သုံးနှစ်ချဲကစား

"သူတို့နိုင်ငံက ချဲထီကို သုံးနှစ်စေ့အောင် မပျက်မကွက်ကစားရင် အဲဒီလူရဲ့အိမ် မီးကွင်းတယ်ဘုရား"

"ဟာ ဒကာကြီးကလည်း၊ ကြုံကြုံဖန်ဖန်၊ ချဲထိုးတာနဲ့ မီးကွင်းတာနဲ့ ဘာဆိုင်လို့လဲဗျာ"

"ဆိုင်တာပေါ့ဘုရား၊ သုံးနှစ်လေက်ချဲကစားလိုက်ပြီဆိုရင် အဲဒီလူမှာ ကိုယ်ပိုင်အိမ်ကိုမရှိတော့ဘူးဘုရား၊ သူ့ကိုယ်ပိုင်အိမ်မရှိမှတော့ ဘယ်မီးကလာပြီးလောင်တော့မှာလဲဘုရား"

"အေးဒါလည်း ဟုတ်တာပဲဟ"

ချဲဖြင့် အလိမ်ခံရသော အမျိုးသမီး၏ စာထဲတွင် ဝိနည်းအတိုင်းကျင့်ကြံကြသော ရဟန်းစစ်၊ ရဟန်းမှန်များကို နှစ်လုံးဂဏန်း၊ သုံးလုံးဂဏန်းမေးခြင်းဖြင့် မနှောင့်ယှက်ကြရန် သတိပေးထားသည်မှာလည်း ကျန်ဒကာ၊ ဒကာမများ သင်ခန်းစာယူစရာပင်ဖြစ်ပါသည်။



တလောကပင် စာရေးသူကျောင်းက ဦးဝိသုဒ္ဓ အမည်ရှိ ရဟန်းတော်တစ်ပါး မြို့တွင်းသို့စာအုပ်သွားဝယ်ရာ ဂဏန်းဖြင့် နှောက်ယှက်ခြင်းကို ခံလိုက်ရသေးသည်။ သူသည် စာရေးသူနှင့် နှစ်လကြော်ကြာ ဆွေးနွေးမေးမြန်းပြီး ခရစ်ယာန်မှ ဗုဒ္ဓဘာသာ ဖြစ်လာသူ တစ်ယောက်ပင်ဖြစ်သည်။

သူစာအုပ်ဆိုင်တွင် စာအုပ်ရွေးနေစဉ်မှာပင် ဘေးနားမှ အမျိုးသမီးတစ်ယောက်က -

"အရှင်ဘုရား အတိတ်ကောက်တတ်ရင် ကောက်ပေးစမ်းပါအုံး၊ တပည့်တော်ညက အိပ်မက်ထဲမှာ ဘုန်းကြီးတစ်ပါးကိုတွေ့ရတယ်ဘုရား၊ အဲဒါ ဘာဂဏန်းကောက်ရမလဲဘုရား"

"ဒါယိကာမကြီး ဦးပဉ္စင်းတို့ အဲဒီလိုလောင်းကစားအလုပ် ဝါသနာမပါဘူး၊ လုပ်လည်းမလုပ်ဘူး"

ထိုအခါစာအုပ်ရောင်းနေသောအမျိုးသမီးက ဘယ်လောက်များ ကျွမ်းကျင်အဆင့်ရောက်နေသည်မသိ၊ ခဏချင်းကောက်ခါငင်ကာ ပြောလိုက်သည်က -

"ဒါများဘာခက်လို့လည်း ဘုန်းကြီးဆိုတာ ကတုံးပဲ၊ ကတုံးဆိုမှတော့ သုညကောက်ပေါ့"တဲ့ မည်မျှယဉ်ကျေးသိမ်မွေ့ပါသနည်း။ ဘုန်းကြီးတစ်ပါးရှေ့မှာပင် ထိုသို့ပြောဝံ့ပါဘိ၏။ မင်္ဂလာသုတ်မှာတော့ ဆိုပါ၏။ သမဏာနဉ္စဒဿနံ ရဟန်းတော်များကို ဖူးတွေ့ရခြင်းသည် ကုသိုလ်မင်္ဂလာတစ်ပါးဟူပါ၏။

ယခုလည်း ရဟန်းတော်တွေ့လျှင် ချဲဂဏန်းမေးဖို့သာ သတိရကြပါ၏။ ထိုကဲ့သို့သော သူများကို ငါးငါးတစ်ဘုန်းကြီးများနှင့်သာ တွေ့စေချင်ပါသည်။

## ငါးငါးတစ်ဘုန်းကြီး

တစ်ခါက ဘုန်းကြီးတစ်ပါးသည် ဒကာများလာလျှင် ချဲတွက်မိမှာစိုးသဖြင့်၊ စကားမပြောဘဲ အဓိဌာန်ဝင်နေလိုက်လေ၏။ တစ်နေ့တွင်မြို့ထဲမှ ရင်းနှီးသော ဒကာတစ်ယောက်ရောက်လာပြီး သုံးလုံးဂဏန်း တောင်းပြန်၏။ ထိုအခါဘုန်းကြီးက အမူအရာဖြင့် အသံတိတ် ဩဝါဒပေးသည်မှာ -

ဒကာကို လက်ဝါးလည်းကာပြသည်။ သူ့ရင်ဘက်ကိုလည်း လက်ဝါးဖြင့်ဖိပြသည်။ ထို့နောက် လက်တစ်ချောင်းလည်း ထောင်ပြလိုက်သည်။ ဂဏန်းကိုသာ စိတ်ဝင်စားနေသော ဒကာက လက်ဝါးကာပြသည်ကို ငါးဂဏန်း၊ ငါးဂဏန်း၊ ရင်ဘက်လက်ဝါးဖြင့်ဖိပြသည်ကိုလည်း ငါးဂဏန်း၊ လက်တစ်ချောင်း ထောင်ပြသည်ကိုတော့ တစ်ဂဏန်းကောက်ကာ၊ (၅၅၁) အကွက်ကို ရှိသမျှငွေနှင့် ပတ်လည်ရိုက်ကာ ထိုးလိုက်ပါတော့သည်။ ထွက်လာသောအခါ တစ်လုံးမှ ပါမလာ၊ ဒကာကား ခွေးဖြစ်လေပြီ။ ဒေါသတကြီးဖြင့် ကျောင်းသို့ပြန်လာပြီး ဘုန်းကြီးအားရန်တွေ့ပါတော့သည်။ ဘုန်းကြီးကား ထိုအချိန်တွင် ဝစီပိတ်အဓိဌာန်မှ ထွက်နေပါပြီတည်း -

"ဆရာတော် ဘယ်လိုလုပ်လိုက်တာလည်း ဘုရား"

"ဟ ဒကာ ငါဘာလုပ်လို့လည်း"

"တစ်လောကပဲ တပည့်တော်လာပြီး ဂဏန်းတောင်းတော့ ဆရာတော်ပဲ အမူအယာနဲ့ လက်ငါးချောင်းထောင်ပြ၊ လက်တစ်ချောင်း ထောင်ပြနဲ့ ဆိုတော့ တပည့်တော်လေည်း ဒီတစ်ခါတော့ ဆရာတော်က အပိုင်ကို ဒဲ့ပေးတာပဲဆိုပြီး ရှိသမျှငွေကို (၅၅၁) ဂဏန်း ပတ်လည် ရိုက်လိုက်တာ၊ အခုတစ်လုံးမှ ပါမလာတော့ တပည့်တော် ခွေးဖြစ်ပြီပေါ့ ဘုရား"

"ဟာ အဲဒါ ဒကာအတွေးချော်တာပဲ ကျုပ်ဂဏန်းပေးတာ မဟုတ်ဘူး၊ ကျုပ်ဘဝနဲ့ယှဉ်ပြီး ချဲမထိုးဖို့ ဩဝါဒပေးလိုက်တာ"



"ဒါဆို ဆရာတော်လက်ငါးချောင်းထောင်ပြတာက"

"အဲဒါ ဒကာတော် ချဲမထိုးနဲ့တော့၊ ရပ်တော့လို့ပြောတာ"

"ဟောဗျာ သေလိုက်ပါတော့၊ နောက်ဆရာတော်ရင်ဘက်ကို လက်ငါးချောင်းအပ်ပြတာကရော"

"အဲဒါက ငါလည်းချဲမထိုးတော့ဘူးလို့ပြောတာ"

"ဟင် ဒုက္ခပါပဲ၊ ဒါနဲ့နောက်ဆုံး လက်တစ်ချောင်း ထောင်ပြတာကရော"

"အဲဒါက ငါတောင် ချဲထိုးလွန်းအားကြီးလို့ သင်္ကန်းတစ်စုံပဲ ကျန်တော့တယ် လို့ပြောတာ"ဟူ၏။ သုံးလုံးရောဂါ၊ နှစ်လုံးရောဂါများ မပေါ်မီကဆိုလျှင် ရဟန်းတော်တစ်ပါးတွေ့သည်နှင့် ကြည်ညိုဖူးမျှော်ဖို့၊ လှူဒါန်းဖို့၊ ဘာသာရေးပြဿနာများ မေးလျှောက်ဖို့ အဓိကထားကြ၏။ ထိုအချက်များသည် ကုသိုလ်ရဖို့သာဖြစ်၏။

ဂဏန်းခေတ်ရောက်လာသောအချိန်မှစ၍ ထိုသို့မဟုတ်တော့၊ နာမည်ကြီး၊ မကြီး ဘုန်းကြီးတစ်ပါးကို တွေ့ရသည်နှင့် အတိတ်စိမ်း ကောက်ဖို့သာပြင်နေကြသည်။ ရိုးရိုးသားသားအကြည်ညိုခံကြသော ဆရာတော်ကြီးများမှာ ဂဏန်းသမားတို့၏ ပါးစပ်စော့မှုကြောင့် အကြည်ညိုတန်သော ဒဏ်ကိုခံကြရ၏။

## သင်းပိုင်ကျွတ်တာပင် ဂဏန်းပေးသည်ထင်

တစ်ခါကလည်းနာမည်ကြီး ဆရာတော်တစ်ပါး ပရိသတ်ကြားထဲတွင် အပူဇော်ခံကြွလာရင်းဖြင့် ချောနေသော ပိုးသင်းပိုင်က ခါးမှ ကျွတ်ကျသွားတော့သည်။ ကျောင်းတိုက်အတွင်းဖြစ်သောကြောင့် ခါးပန်းကြိုး ပတ်လာခဲ့ဟန်မတူပါ။

အပေါ်ရုံ ဧကသီရှိနေသေးသောကြောင့် အရှက်ကွဲသည့် အဆင့်ကိုကား ရောက်မသွားပါ။ သို့သော် အရှက်အက်ကြောင်းလောက်တော့

ထင်သွားပါသည်။ ဘေးမှ ရံပါလာသော ဥပသကာများက အမြန်ပြန်ကောက်၍ ဝတ်ပေးလိုက်ကြရသည်။

သို့သော် အတိတ်စိမ်းကောက်ရန် စာအုပ်ကလေးများ အသင့်ပါလာကြသော ပရိတ်သတ်အများစုက ဘာကိုမြင်သွားကြသည်မသိ၊ ဆရာတော်ကြီးဂဏန်းပေးပြီဟုဆိုကာ 010 (သုည-တစ်-သုည)ကို အမိအရကောက်ပြီး ပတ်လည်ရိုက်ထိုးလိုက်ကြရာ တစ်လုံးမှပါမလာဘဲ ကွဲကြသောဟူ၏။

## နေတတ်ပါမှချမ်းသာရ

လောကကြီးထဲမှ မထွက်နိုင်သေးဟုဆိုပါလျှင် လောကကြီးထဲ တွင်ပင် ကျင့်ကြံနေထိုင်ပါ။ သို့သော လောကီ အညစ်အကြေးတွေကို သတိနှင့် ကင်းစင်နိုင်သမျှ ကင်းစင်အောင်ရှောင်ကြဉ်အားထုတ်ပါ။

ရေပေါ်မှာပျံတတ်သောငှက်တို့သည် အတောင်ကို ရေပေါ်တွင် တဖျတ်ဖျတ်ခပ်ပြီး ရေစင်အောင်ပြု၍ ပျံတက်ကြသည်။

ရွှံ့နွံထဲတွင် နေထိုင်သောငါးသည် ရွှံ့နွံနှင့်မရောနှောပါ၊ (ဝါ) ရွှံ့ပေကျံခြင်းမရှိပါ။

ပိန္နဲသီးကိုခွဲပြီးလျှင် ဆီကိုသုံး၍ အတွင်းသားတို့ကို ကိုင်တွယ်ပါက အစေးကပ်မည်ကို စိုးရိမ်ရတော့မည်မဟုတ်၊ ထိုအခါ ပိန္နဲသီးအရသာကို အနှောက်အယှက်မရှိ ခံစားသုံးဆောင်နိုင်၏။

သင်သည် ဖိနပ်စီးထားလျှက် ဆူးပေါ်သို့နင်းလျှင် လျှောက်နိုင်၏။ ဘာသာရေးအသိပညာရှိထားလျှင် အန္တရာယ်များသည့် လောကအတွင်းဝယ် ဘေးကင်းစွာကျက်စားနိုင်၏။ (ရာမာခရစ်ရှနာဘုန်းတော်ကြီး)

၂၀၀၀ ခုနှစ်၊ သုံးလပိုင်းခန့်က မင်္ဂလာဆွမ်းကျွေးတစ်ခုမှအပြန် လိုက်ပို့သော ကားလေး၏ခေါင်းခန်းမှ အရုပ်တစ်ခုကိုပိုက်ထားကာ မတ်တပ်ရပ်နေသော ဘုန်းတော်ကြီးတစ်ပါးပုံကို တွေ့ရသဖြင့် ကားမောင်းသူကို မေးမြန်းကြည့်ရသည်။



"ဒကာလေး ဒီဆရာတော်က ဘယ်ကလဲ၊ အရင်က မတွေ့ဖူးပါဘူး"

"ပေါ်တာမကြာသေးဘူးဘုရား၊ ဂဏန်းပေးပြီး သတ္တဝါတွေ ကယ်ရင်းနဲ့ အခုတော်တော်နာမည်ကြီးလာတာ"

"ဘယ်လို - ချဲဂဏန်းပေးပြီး လာဘ်လာဘရှာနေတဲ့ ဘုန်းကြီး တစ်ပါးက သတ္တဝါတွေကို ကယ်တယ်ဆိုတာ ဘယ်လိုကယ်တာလဲ"

"ချဲ ဂဏန်းအတိတ်စိမ်းပေးတော့၊ ဒကာမတွေက ဂဏန်း ပြန်ကောက်ပြီး ထိုးတော့ ပေါက်ကြတာပေါ့ဘုရား၊ အဲဒီလို ချဲပေါက်တော့ ချမ်းသာသွားတာပေါ့၊ ချမ်းသာတယ်ဆိုတာ ဆင်းရဲတဲ့ဘေးက လွတ်သွားတာ မဟုတ်လားဘုရား၊ ဒါကို သတ္တဝါတွေ ကယ်တယ်လို့ မခေါ်ဘူးလား"

## သတ္တဝါတွေကို ကယ်ခြင်းလော၊ တွယ်ခြင်းလော

"အဲဒီလို ဘုရားဟောမရှိတဲ့ အယူအဆတွေကို ဒကာလေးတို့လို လူငယ်တွေက ရမ်းပြီးလက်မခံသင့်ဘူး၊ ဦးပဉ္ဇင်းက မမြင်ဘူးဘဲနဲ့ တစ်ခုပြောလိုက်မယ်၊ အဲဒီဘုန်းကြီးဟာ အသက်ကြီးမှဝတ်တဲ့ တောထွက်ဘုန်းကြီးတစ်ပါးပဲဖြစ်ရမယ်။ ဘယ့်နှယ့်လဲ"

"ဟုတ်ပါတယ်ဘုရား၊ သက်တော်ကတော့(၅၀) ကျော်လောက် ရှိနေပြီ၊ ဝါကတော့ သုံးလေးဝါလောက်ရှိသေးတယ်လို့ ပြောပါတယ်"

"ဘာဖြစ်လို့ ဒီလိုပြောရဲသလဲဆိုတော့ ဂဏန်းပေးတဲ့အလုပ်ကို မရှက်မကြောက် ပေါ်ပေါ်ထင်ထင် လုပ်နေပြီဆိုကတည်းက ဒီကိုယ်တော်မှာ ဝိနည်းအခြေခံမရှိတာ သေချာသွားလို့ပဲ၊ ရဟန်းတော်တွေမှာ ကျူးလွန်မိရင် လူဝတ်လဲပြီး တစ်သက်လုံးရဟန်းမဝတ်ရတော့တဲ့၊ သိက္ခာပုဒ် လေးခုရှိတယ်-

လူငယ်မှာ စာရေးသူ၏စကားကို တဖြည်းဖြည်း စိတ်ဝင်စားလာ ဟန်တူသည်။ ကားမောင်းရင်းဖြင့် သေချာနားစိုက်နေသည်ကိုတွေ့ရသည်။

"မှန်ပါ အမိန့်ရှိပါဘုရား"

“အဲဒီ လေးခုမှာ နောက်ဆုံးသိက္ခာပုဒ်က စတုတ္ထပါရာဇိက လို့ခေါ်တယ်၊ ဥတ္တရိမနုဿဓမ္မသိက္ခာပုဒ်လို့ခေါ်တယ်၊ အဓိပ္ပါယ်ကတော့ ဈာန်တွေ၊ မဂ်တွေ၊ ဖိုလ်တွေ ကိုမရသေးဘဲ ရတယ်လို့ ဒါယကာ၊ ဒါယိကာမတွေကို လိမ်ညာပြောခြင်းပဲ”

“မိမိဈာန်မဂ်ဖိုလ်ရကြောင်းတိုက်ရိုက်လည်းမပြောရဘူး၊ သွယ်ဝိုက်လည်းမပြောရဘူး၊ တိုက်ရိုက်ပြောရင် ပါရာဇိကအာပတ်၊ သွယ်ဝိုက်ပြောရင် သူ့ထက်နိမ့်တဲ့ အာပတ်တစ်ခုတော့ သင့်သေးတာပဲ၊ ဒီဂဏန်းပေးတဲ့ကိစ္စလုပ်လာပြီဆိုရင် ဒီဘုန်းကြီးဟာ သူ့ကိုယ်သူ အကြားအမြင်ရတဲ့ သူလိုလို၊ ဈာန်အဘိညာဉ်ရတဲ့သူလိုလို ဟန်ဆောင်ရတော့တာပဲ”

“ဒီကတည်းက စတုတ္ထပါရာဇိကနဲ့ ငြိတိတိဖြစ်နေပြီ၊ ဒီလို ပါရာဇိကအာပတ်နဲ့စွန်းငြိနိုင်တဲ့အလုပ်မျိုးကို ဝိနည်းအခြေခံရှိတဲ့ ငယ်ဖြူရဟန်းတွေဟာ ရှောင်ကြဉ်ကြတာများတယ်။ ဒါကထားပါတော့၊ အဲဒီဘုန်းကြီးက ချဲပေါက်တဲ့ဒကာတွေ ငွေလာလှူတဲ့အခါ အလှူမခံဘူးလား”

“ဒါကတော့ အလှူခံတာပေါ့ဘုရား”

“အဲသလို အလှူခံတယ်ဆိုကတည်းက ဒီဘုန်းကြီးမှာ ဝတ္ထုငွေကို အလိုရှိတဲ့လောဘရှိနေတာ အသေအချာပဲ၊ ဒါ ဒကာလေးရော လက်ခံသေးသလား”

“လက်ခံပါတယ်ဘုရား”

”နောက်တစ်ချက်က ဂဏန်းကို တိုက်ရိုက်ပေးတာမဟုတ်ဘူး၊ လူပေါင်းများစွာကို အကွက်ပေါင်းများစွာပေးနေတာမဟုတ်လား၊ ဘယ်သူလာလာ ဒီတစ်ကွက်တည်းသာထိုးလို့ ရဲရဲပေးဘူးသလား”

“မှန်ပါတယ်ဘုရား၊ တစ်ကွက်တည်းအတိအကျတော့ မပေးပါဘူး၊ (၅)ကွက်ကနေ (၁၀)ကွက်လောက်အထိ ပေးတတ်ပါတယ်၊ တစ်ခါတစ်ရံ ကျတော့လည်း ပါမယ်ထင်ရတဲ့ ဂဏန်းငါးလုံးလောက်ကို ပြောလိုက်တာ လည်းရှိပါတယ်”



“အေး သူကိုယ်တိုင်လည်း ငွေလိုချင်တဲ့ အချက်ရယ်၊ ဂဏန်းကို မှန်းဆပေးရတဲ့အချက်ရယ်၊ ဒီနှစ်ချက်ကိုကြည့်လိုက်ရင် ထွက်မယ့်ဂဏန်းကို သူကိုယ်တိုင်တိုက်ရိုက်မသိတာကတော့ အသေအချာပဲ၊ အကယ်၍ သူကိုယ်တိုင်တိုက်ရိုက်သိနေရင် ဟောနေပါ့မလား၊ သူ့ဘာသာသူ တိုက်ရိုက်ထိုးပြီး ငွေကို သုံ့ယူနေတော့မှာပေါ့”

“. . . . . . .” ဒကာလေးထံမှ ဘာသံမှထွက်မလာ -

“ပြီးတော့ သတ္တဝါတွေကယ်တယ်ဆိုတဲ့စကားဟာ ချဲဂဏန်းပေးတဲ့ ဘုန်းကြီးတွေနဲ့ မတန်၊ ယုတ္တိ ရှိ မရှိလည်းစစ်ကြည့်ရအောင်၊ ဒကာလေးတို့ ချဲဂဏန်းသွားယူတဲ့လူတွေ ထောင်နဲ့ချီပြီး မရှိဘူးလား”

“ရှိပါတယ်ဘုရား၊ တစ်ခါတစ်ရံ လေးငါးဧကရှိတဲ့ ခြံကြီးတောင် လူတွေမဆံ့ဘူးဖြစ်နေတယ်”

“အဲဒီလို ချဲထိုးကြတဲ့အခါမှာ လာသမျှလူတွေ အကုန်ပေါက် သလား”

“အဲသလိုတော့ ဘယ်ပေါက်မလဲဘုရား၊ အလွန်ဆုံးပေါက်ရင် လေးငါးယောက်ပေါ့”

“အဲဒီတော့ သူကယ်ဆယ်တယ်ဆိုတာ ပေါက်သွားတဲ့ လေးငါးယောက်ပဲ မပေါက်ဘဲကျန်နေတဲ့ စိတ်ဆင်းရဲသွားကြတဲ့လူ (၉၀၀)ကျော်ကိုကျတော့၊ သနားရာ ကယ်ဆယ်ရာရောက်ပါဦးမလား”

ဒကာလေးငြိမ်နေပြန်သည်။

“နောက်ဆုံးအရေးကြီးတာကိုပြောမယ် ဒကာလေး၊ အဲဒီလို ချဲဂဏန်းပေး၊ ဆေးကု၊ ခတ်ရိုက်၊ ယတြာဆင်၊ ထွက်ရပ်လမ်း လိုက်လုပ်ပြနေတဲ့ ကိုယ်တော်တွေဟာ ဗုဒ္ဓဘာသာဝင် ဒါယိကာ၊ ဒါယိကာမ တွေရဲ့ အရင်ကဖြူစင်နေတဲ့ သဒ္ဓါတရားကိုလည်း ပျက်စီးစေတယ်၊ အတွေးအခေါ်နုနယ်တဲ့ ရဟန်းငယ်လေးတွေရဲ့ သာသနာပြုစိတ်ဓာတ် ကိုလည်း ပျက်ပြားစေတယ်”

“ဟာ. . . အဲလောက်ထိအောင်ပဲလားဘုရား၊ တပည့်တော်တော့

တစ်ခါမှ အဲသလိုမစဉ်းစားဘူးဘူး၊ တပည့်တော်တို့ ဒါယကာ၊ ဒါယိကာမတွေ သဒ္ဓါတရားတွေပျက်စီးစေတယ်ဆိုတာ ဘယ်လိုလဲဘုရား၊ တပည့်တော်တော့ ဉာဏ်မမှီတော့ဘူး"

"ဒီလိုလေ ဥပမာနဲ့ပြောမယ်၊ ဒကာလေးအိမ်မှာ ဆွမ်းခံ ကိုယ်တော် နှစ်ပါး ကြွနေတယ်၊ အရင်ကတော့ ဒကာလေးဟာ ကိုယ်တော်နှစ်ပါးလုံးကို သံဃာရတနာဆိုတဲ့ စိတ်နဲ့အညီအမျှပဲ ကြည်ညိုနေတယ်၊ အဲဒါဖြူစင်တဲ့ သဒ္ဓါတရားပေါ့"

"တစ်ခါတော့ လာဘ်လာဘ ပိုပေါချင်တဲ့ ကိုယ်တော်က ချဲဂဏန်း ပေးတယ်၊ (သို့မဟုတ်) ဗေဒင်ဟောတယ်၊ တစ်ခုခု လုပ်ပေးလိုက်တယ်ပေါ့။ ဒီအခါမှာ ဒကာလေးအနေနဲ့ ဂဏန်းပေးတဲ့၊ ဗေဒင်ဟောပေးတဲ့ ကိုယ်တော်လေးကိုပဲ ကြည်ညိုသွားတယ်၊ ရိုးရိုးနေတဲ့ ကိုယ်တော်ကို သိပ်မကြည်ညိုတော့ဘူး"

"အဲဒါဟာ အရင်က ဖြူစင်နေတဲ့ ဒကာလေးရဲ့ သဒ္ဓါတရား ပျက်စီးသွားတာပဲ၊ တစ်ဖန် ဂဏန်းပေးတဲ့၊ ဗေဒင်ဟောပေးတဲ့ ကိုယ်တော် အပေါ်မှာ ကြည်ညိုမှုဟာလည်း တကယ့်ကြည်ညိုမှု အစစ်မဟုတ်တော့ဘူး၊ သီလ၊ သမာဓိ၊ ပညာကို ကြည်ညိုတာမဟုတ်ဘူး၊ ဂဏန်းကို ကြည်ညိုတာ၊ ဗေဒင်ကို ကြည်ညိုတာပဲဖြစ်သွားတယ်"

"တော်တော်နက်နဲတာပါကလားဘုရား၊ အသေးစိတ်ရှင်းပြတဲ့ အရှင်ဘုရားကိုလည်း ကျေးဇူးတင်လို့မဆုံးပါဘူးဘုရား၊ ဒါနဲ့ ရဟန်းငယ်တွေရဲ့ သာသနာပြုစိတ်ဓါတ်ကို ပျက်ပြားစေတယ်ဆိုတာကရော ရှင်းပြပါဦးဘုရား"

"ချဲဂဏန်းပေး၊ ဗေဒင်ဟော၊ ဓာတ်ရိုက်၊ ဆေးကုလုပ်နေတဲ့ ဘုန်းကြီးတွေနဲ့၊ ပရိယတ်၊ ပဋိပတ် တစ်ခုခုကို ကြိုးစားအားထုတ်နေကြတဲ့ ဘုန်းကြီးတွေရဲ့ ကျော်ကြားမှုနဲ့ လာဘ်လာဘရမှု၊ ဘယ်ဘုန်းကြီးတွေက သာမလဲ ဒကာလေး"

"ဒါကတော့ အရှင်းသားကြီးပါဘုရား၊ လောကီဘုန်းကြီးတွေက မယှဉ်သာအောင် သာလှပါတယ်"



"သက်လည်းသက်သာသေးတယ်၊ ဘုန်းလည်းကြီးသေးတယ် ဆိုတော့၊ အချို့ငယ်ရွယ်တဲ့ ငယ်ဖြူရဟန်းတချို့တောင် စာပေအလုပ်၊ တရားအလုပ် တစ်ခုမှ မလုပ်ကြတော့ဘဲ၊ အဲဒီလောကီပေါချောင်ကောင်း နယ်ထဲကို ခြေစုံပစ်ဝင်လာကြပြီ"

"ဒါ့ကြောင့် ငယ်ရွယ်တဲ့ရဟန်းငယ်တွေရဲ့ သာသနာပြုစိတ်ဓါတ် ကိုလည်း ပျက်ပြားစေတယ်လို့ပြောခဲ့တာပါ။ ကဲ ကျောင်းလဲရောက်ပြီ၊ နောက်ဆုံး ဦးပဉ္စင်းပြောချင်တာက၊ အိန္ဒိယမှာ သာသနာကွယ်ခဲ့တယ်ဆိုတာ ပရိယတ်၊ ပဋိပတ်တစ်ခုမှမလုပ်ဘဲ အဲဒီလောကီလိုင်းတွေထဲ ရဟန်းတွေ ရောက်ကုန်လို့ပဲပေါ့"

"ဒါ့ကြောင့် အတွေးအခေါ်ရှိတဲ့ ဒါယကာ၊ ဒါယိကာမများက မြန်မာပြည်မှာ သာသနာမြန်မြန်မကွယ်စေချင်ရင်၊ လောကီ ဘုန်းကြီးတွေ နောက် တစ်ကောက်ကောက်လိုက်မနေကြဘဲ၊ ရိုးရိုးသားသားနဲ့ ဂန္ထဓုရ စာပေတာဝန်၊ ဝိပဿနာဓုရ တရားတာဝန်တွေကို ထမ်းဆောင်နေကြတဲ့ ရဟန်းကောင်းတွေဆီကို ခြေဦးပြန်လှည့်ပြီး သာသနာကို ထောက်ပံ့ကြဘို့ ပါပဲ"

"မှန်ပါ အခုလိုရှင်းပြတာ ကျေးဇူးတင်လှပါတယ်ဘုရား၊ တပည့်တော်ရဲ့စိတ်ကိုလည်း၊ လောကုတ္တရာလမ်းလိုက်ကြတဲ့ ဘုန်းကြီးတွေ ဘက်ကိုပဲ ညွှတ်တော့မယ်ဆိုတာ ကတိပေးပါတယ်ဘုရား"

"သာဓု - သာဓု - သာဓု"

## ဘာသာရေးအရခြေခံ့လိမ်လည်သတ်ဖြတ်မှုများ

အမေရိကန်ပြည်ထောင်စုမှ ကက်နက်ဗင်ကာဝါဆာကီနှင့် ခရစ္စတစ်ဒက်ကာအမည်ရှိ ဇနီးမောင်နှံနှစ်ယောက်သည် ဒဿနိက ဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ယူရန် ဗုဒ္ဓ၏ဒဿနများကို လေ့လာကြရာမှ အင်္ဂုတ္တိုရ်ပါဠိတော်၊ တိကနိပါတ်၊ ကေသမုတ္တိသုတ်ခေါ် ကာလာမသုတ်ကို

လေ့လာအပြီးတွင် မည်သူမှ တရားမဟောရဘဲ ဇနီးမောင်နှံနှစ်ယောက်လုံး ဗုဒ္ဓဘာသာဝင်များဖြစ်၍ သွားခဲ့ကြသည်။

သူတို့သည် အရင်က ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ ကာလာမသုတ်ကို လေ့လာဖတ်ရှုပြီး ဗုဒ္ဓဘာသာဝင်ဖြစ်ကြသော ဘာသာခြားများကား အင်မတန်မှ များပြားလှပါသည်။ မြတ်ဗုဒ္ဓ၏ ဝိဘဇ္ဇဝါဒကို နားလည်ကြည်ညိုနိုင်ကြရန် ကာလာမသုတ်အကျဉ်းကို ဖေါ်ပြလိုက်ပါသည်။

အခါတစ်ပါး မြတ်စွာဘုရားဒေသစာရီလှည့်လည်တော်မူစဉ် ကေသမုတ္တိနိဂုံးရှိ ကာလာမအနွယ် အမျိုးသားတို့နေရာသို့ ရောက်ရှိခဲ့ပါသည်။ ကာလာမအမျိုးအနွယ် တို့သည် မြတ်စွာဘုရားကို ဖူးမြော်ကြည်ညိုပြီး ဝမ်းမြောက်ဖွယ်စကားများကို ပြောဆိုပြီးနောက် ယခုကဲ့သို့ လျှောက်ထားကြသည်။

"အရှင်ဂေါတမ၊ ကျွန်ုပ်တို့နေထိုင်ရာအရပ်သို့ ရောက်လာသမျှသော ဘာသာရေးခေါင်းဆောင်ဟူသမျှတို့သည် အချင်းကာလာမအနွယ်တို့၊ အယူဝါဒဟူသမျှတို့တွင် ငါတို့၏ အယူဝါဒသည်သာလျှင် အကောင်းဆုံးဖြစ်သည်ဟု ပြောလေ့ရှိကြသဖြင့် ကျွန်ုပ်တို့မှာ မည်သည့်အယူဝါဒ၊ အကျင့်အကြံဟာ ကောင်းကြောင်းကို မဆုံးဖြတ်နိုင်ဖြစ်နေကြပါသည် ဘုရား" ဟုလျှောက်ထားရာ -

ဘုရားရှင်က သူ၏ဝိဘဇ္ဇ = ဝေဖန်ပိုင်းခြားပြီးမှ ယုံကြည်လက်ခံရသောဝါဒကို ယခုကဲ့သို့ ရဲရဲတောက် ဟောကြားတော်မူပါသည်။



## ဝေဖန်ပိုင်းခြားခံနိုင်မှ ဗုဒ္ဓဝါဒ

အို အချင်းကာလာမအနွယ်တို့ - သင်တို့သည် အယူဝါဒတစ်ခုကို-

တစ်ဆင့်ကြားဖြင့်လည်း အမှန်ကိုမယူကြနဲ့

ရှေးအစဉ်အလာစကားဖြစ်ရုံနဲ့လည်း အမှန်ကိုမယူကြနဲ့

ဤသို့ဖြစ်ဘူးသတဲ့ဆိုသဖြင့်လည်း အမှန်ကိုမယူကြနဲ့

ကျမ်းဂန်နှင့်ညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်ကိုမယူကြနဲ့

နည်းမှီ၍ ယူခြင်းမျိုးဖြင့်လည်း အမှန်ကိုမယူကြနဲ့

အကြောင်းခြင်းရာကို ရှာကြံထောက်ပြညီညွတ်သည်ဆိုရုံဖြင့်လည်း အမှန်ကိုမယူကြနဲ့

မိမိတို့ကြံစည်နှစ်သက် လက်ခံထားသော အယူနှင့် ကိုက်ညီသည်ဆိုရုံနှင့်လည်းအမှန်ကိုမယူကြနဲ့

လက်ခံထိုက်သောပုဂ္ဂိုလ်၏စကားဖြစ်ရုံဖြင့် အမှန်လို့မယူဆကြနဲ့ သင်တို့သည် မိမိတို့ကိုယ်တိုင်

ဤတရားတို့သည် အကုသိုလ်တရားတို့တည်း

ဤတရားတို့သည် အပြစ်ရှိသော တရားတို့တည်း

ဤတရားတို့သည် ပညာရှိတို့ကဲ့ရဲ့အပ်သော တရားတို့တည်း

ဤတရားတို့နှင့် ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်းငှာဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြကုန်လော့။

ဤတရားတို့သည် ကုသိုလ်တရားတို့တည်း၊ ဤတရားတို့သည် အပြစ်မရှိသော တရားတို့တည်း၊ ဤတရားတို့သည် ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့နှင့် ပြည့်စုံလျှင် ဤတရားတို့ကို ဆောက်တည်လျှင် အကျိုးရှိခြင်းငှာ၊ ချမ်းသာခြင်းငှာ ဖြစ်ကုန်၏ဟု သိကြသောအခါ ထိုတရားတို့ကို ဆောက်တည် ကျင့်ကြံကြကုန်လော့ ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

## ဝါဒလွဲကြောင့် ကိုယ်ကျိုးနည်းခဲ့ကြသူများ

ဖော်ပြပါ မြတ်ဗုဒ္ဓ၏ အယူဝါဒစစ်မစစ် ဝေဖန်နည်းကို မသိခဲ့ကြသောကြောင့် ကမ္ဘာနှင့်အဝှန်း၊ အစုလိုက်အပြုံလိုက်၊ ဘာသာရေး ဗန်းပြသတ်သေမှုများ မကြာခဏဖြစ်ခဲ့ရပါသည်။

၁၉၇၈-ခုနှစ်က ဂိုင်ယာနာတွင် ဂျင်ရုံးနှင့်တကွ နောက်လိုက် ကိုးရာကျော်တို့သည် စည်ပေပါကြီးများနှင့် အဆိပ်ရည်များ ဖျော်သောက်ပြီး မိမိကိုယ်မိမိ အဆုံးစီရင်လိုက်ကြသည်။ အကြောင်းပြချက်က ယခုအချိန် သေခြင်းသည် မြင့်မြတ်ပြီး ထာဝရဘုရားသခင် အလိုကျ ဖြစ်သောကြောင့် ဟု၍ပါ၏။

၂၂-၉-၈၅-နေ့ထုတ် မြန်မာအလင်းသတင်းစာတွင် ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တောင်ဘက် မိုင်ခြောက်ရာခန့်အကွာ ဒါပိုပြည်နယ်၊ ဂုမိတန် ကျေးရွာတွင် လူမျိုးစု အကြီးအကဲတစ်ဦးက ဘုရားသခင်ကို တွေ့ရမည်ဟု ပြောပြီး လူပေါင်း (၇၀)ကို ပိုးသတ်ဆေးခတ်ထားသော ယာဂုကို တိုက်ကျွေးရာမှအားလုံးသေကြရကြောင်း ဖော်ပြထားသည်။

၁၉၉၃-ခုနှစ်ခန့်ကလည်း အမေရိကန်ပြည်ထောင်စု တက်ဆပ်ပြည်နယ်မှ ဒေးဗစ်ကိုရက်ရှ်သည်လည်း ကြီးမားသော ခြံဝန်းကြီး တစ်ခုကို စစ်ဌာနချုပ်ကြီးတစ်ခုကဲ့သို့ လုံခြုံအောင်စီမံပြီး ဘာသာရေး ဗန်းပြကာ ဆွဲဆောင်နိုင်သဖြင့် မိန်းမ၊ ယောကျ်ား အတော်များများစုမိသည်။

ထိုဌာနချုပ်ထဲရောက်လာသော အမျိုးသမီးမှန်သမျှ သူနှင့် လွတ်ကင်းသောသူ ခပ်ရှားရှားဟူပါ၏။ နောက်တစ်ဆင့်တက်ပြီး လက်နက်များ စုဆောင်းလာသဖြင့် အမေရိကန်လုံခြုံရေး၊ အရာရှိများက စစ်ဆေးခွင့်ပြုရန် တောင်းဆိုသော်လည်း ဒေးဗစ်ကိုရက်ရှ်တို့ဘက်မှ စတင်ပစ်ခတ်သဖြင့် လုံခြုံရေးအရာရှိများမှာ လက်နက်သုံးပြီး အတင်းဝင်သိမ်းကြရတော့သည်။



ထိုအခါ သူ့ကိုယ်သူ မေတ္တာရှင်၊ ကရုဏာရှင်ဟု ဝန်ခံထားသော ဒေးဗစ်ကိုရက်ရှ်က ဌာနချုပ်ကြီးကို အလုံပိတ်ပြီး မီးတင်ရှို့ကာ အထဲမှ အမျိုးသား၊ အမျိုးသမီးများကို ထွက်မပြေးဘဲ မီးလောင်ခံ သေရန်ပြောကြားပါသတတ်၊ မနေနိုင်၍ ထွက်ပြေးသူများ အသက်ရှင်ပြီး ဒေးဗစ်ကိုရက်ရှ်အပါအဝင် (၈၅)ယောက်တို့မှာ မီးလောင်ခံပြီး သေကြရသည်။

(၈-၁၀-၉၄)ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်း ဘာသာရေးအယူမှားမှုကြောင့် အစုလိုက်၊ အပြုံလိုက် သေဆုံးရသော သတင်းတစ်ပုဒ်ကို ဖတ်ရှုရပြန်သည်။ ဆွစ်ဇာလန်နိုင်ငံတွင် ဘာသာရေး အယူလွဲမှုကြောင့် မီးလောင်ကျွမ်းသေဆုံးသူများ၏ အလောင်း (၄၈)လောင်းကို တွေ့ရှိရကြောင်း အေပီက ဖော်ပြသည်။

သေဆုံးသူများမှာ ခရော့အင်ရိုစ် ဘာသာရေးအသင်းမှ အသင်းဝင် (၄၈)ဦးဖြစ်သည်ကို တွေ့ရပြီး မြေအောက်ဘုရားကျောင်းနှင့် အခြားအဆောက်အဦများအတွင်း အလောင်းများကိုတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။ သေဆုံးသူများ၏ခေါင်းဆောင် လမ်းပြဖြစ်သူမှာ အသက် (၄၆)နှစ်ရှိ ဆရာဝန်နှင့် ကနေဒါနိုင်ငံ ကွီဘက်မှ အော်ဒါအော့ဖ်ဆိုလာ ဘုရားကျောင်းဝတ်အသင်းတည်ထောင်သူ လပ်ဂျူးနက်ဖြစ်သည်ဟု ယူဆသည်။ ၎င်းမှာ လက်နက်မှုဖြင့် ဆွစ်ဇာလန်သို့ ယမန်နှစ်က တိမ်းရှောင်လာသူဖြစ်သည်ဟူ၍ ဖော်ပြထားသည်။

(မျက်ရည်မကျခင်သိစေချင် -စာ-၃၈ မှ ၄၂)

## လူပေါင်း(၉၀၀)ကျော်သတ်မည့်သူ

အရှေ့အာဖရိကရှိ ကုန်းတွင်းပိုင်းနိုင်ငံတစ်နိုင်ငံဖြစ်သော ယူဂန္ဒာနိုင်ငံတွင်၊ ခရစ်ယာန်ဘာသာဝင် (၆၆)ရာခိုင်နှုန်း (ရိုမန်ကက်သလစ် (၃၃) ရာခိုင်နှုန်း နှင့် ပရိုတက်စတင့် (၃၃) ရာခိုင်နှုန်း) မိရိုးဖလာ

နတ်ကိုးကွယ်ယုံကြည်မှု (၁၈) ရာခိုင်နှုန်းနှင့် မူစလင် ဘာသာဝင် (၁၆) ရာခိုင်နှုန်းရှိသည်။

ဘာသာရေးအရေခြုံပြီး လူပေါင်း (၉၀၀)ကျော်ကိုသတ်ဖြတ်မည့် ဂျိုးဆက်ကီဗွီတာကို ၁၉၃၂ ခုနှစ်က၊ ယူဂန္ဓာအနောက်ပိုင်းတွင် မွေးဖွားခဲ့သည်၊ သူသည် ရိုမန်ကတ်သလစ် ဘုန်းတော်ကြီးတစ်ပါးပင် ဖြစ်သည်။

၁၉၈၀ ပြည့်လွန် ကာလမှစ၍ ဘုရားသခင်၏ ပညတ်တော်ဆယ်ပါး ပြန်လည်ပေါ်ထွန်းရေးလှုပ်ရှားမှုဂိုဏ်း (Movement For the Restoration of the Ten Commandments of God) ကို တည်ထောင်ပြီး မသိနားမလည်သူများကို စည်းရုံးသိမ်းသွင်းရာ လူပေါင်းတစ်သောင်းခန့်အထိရရှိခဲ့သည်။

## သတ်ဖြတ်မှုဇာတ်လမ်းအစ

ယူဂန္ဓာနိုင်ငံ၊ ကမ်ပါလာမြို့တော်၏ အနောက်တောင်ဘက် ကီလိုမီတာ (၃၅၀)ခန့်အကွာ ကန်နွန်ဂူမြို့အနီး မြေဆီဩဇာကြွယ်ဝလှသည့် လယ်ကွက်ကြီးတစ်ခုထဲတွင် ရိုမန်ကက်သလစ်ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိသည်။

ထိုဘုရားရှိခိုးကျောင်းမှ ခေါင်းဆောင်ဆိုသူမှာ အသက်(၄၀)နှစ်ခန့်ရှိ ကလင်ဒိုနီးယားအမည်ရှိ အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သူမသည် ယခင်ကပြည့်တန်ဆာမတစ်ဦးဖြစ်ခဲ့ဘူးသည်။ သို့သော် သူမသည် ဂျိုးဆက်ကီဗွီတာ၏ လက်အောက်ခံသာဖြစ်ကြောင်း နောင်တွင် ပေါ်လွင်လာသည်။

(၁၇-၃-၂၀၀၁)ခုနေ့၊ ထိုနေ့သည်ကား၊ကြည်ညိုသည့် သဒ္ဓါတရားသာရှိပြီး တွေးခေါ်မြော်မြင်မှုပညာမရှိရှာသည့် ရိုမန်ကက်သလစ်ဘာသာဝင် (၃၃၀)ကျော် အစုလိုက်၊ အပြုံလိုက် သေဆုံးရသည့်နေ့ပင်ဖြစ်ပါ၏။



ဘာသာဝင်အားလုံး ဘုရားရှိခိုးကျောင်း အတွင်းရောက်သည်နှင့် တံခါးမကြီးနှင့်တကွ ပြူတင်းပေါက်အားလုံးကို ပိတ်လိုက်ကြသည်။ ကျောင်းကြီးတစ်ခုလုံး ဓါတ်ဆီများဝသွားအောင် လောင်းထားပြီးဖြစ်၍၊ မီးခြစ်တစ်ချက်ခြစ်လိုက်သည်နှင့် ဝုန်းဟူသောပေါက်ကွဲသံကြီးနှင့်အတူ ဘုရားကျောင်းကြီး မိနစ်ပိုင်းအတွင်း မီးလောင်ပြာကျသွားပါတော့သည်။

ဖြစ်စက အစုလိုက်အပြုံလိုက် မိမိကိုယ်မိမိအဆုံးစီရင်မှုဟု ရဲကထင်မှတ်ခဲ့သည်။ သို့သော် ရေအိမ်တစ်လုံးအတွင်းတွင်တွေ့ရသော ခြေပြတ်၊ လက်ပြတ်ရုပ်အလောင်းများနှင့် လည်မျိုညှစ်သတ်ခံရသော ရုပ်အလောင်းများကို တွေ့သောအခါတွင်မှ လူသေမှုမဟုတ်ဘဲ၊ လူသတ်မှု ဖြစ်ကြောင်း ဆုံးဖြတ်နိုင်ကာ အကြီးအကျယ် စုံစမ်းစစ်ဆေးရတော့သည်။

မသင်္ကာဖွယ်ရာဖြစ်သော အဆိုပါဂိုဏ်းခေါင်းဆောင်များ၏ ခြံဝန်းများအတွင်း တူးဖော်ရှာဖွေကြည့်ရာ၊ ဘူဟွန်ဂါကျေးရွာအနီးတွင် မြှုပ်နှံထားသော အလောင်းပေါင်း (၁၅၃)လောင်း၊ ဂူဂါဇီဒေသရှိ ဂိုဏ်းခေါင်းဆောင်တစ်ဦး၏ခြံအတွင်းမှ (၁၅၅)လောင်းတို့ကို ထပ်မံတွေ့ရှိခဲ့သည်။ ဂျိုးဆက်ကီဗွီတာ၏ ခြံဝင်းအတွင်းတွင် အလောင်းများကို တွေ့ရှိရသည်။

လိမ်လည်မှုမျိုးစုံတို့တွင် ဘာသာရေးဖြင့်လိမ်လည်မှုသည် အလွယ်ကူဆုံးဖြစ်၏။ ထို့ကြောင့် လိမ်လည်မှုမျိုးစုံတို့တွင် ဘာသာရေးနှင့် ပတ်သက်သော လိမ်လည်မှုက အများဆုံးဖြစ်၏။ ဘာသာရေးနှင့် ပတ်သက်လာလျှင် ဥစ္စာပစ္စည်းတို့ကိုသာမက၊ လူ့အသက်ကိုပင် လိမ်လည်သတ်ဖြတ်၍ရကြောင်းကို၊ ဖော်ပြခဲ့သော ဖြစ်ရပ်များက သက်သေခံလျှက်ရှိပေသည်။

ဂျိုးဆက်ကီဗွီတာ၏ လိမ်လည်သတ်ဖြတ်ပုံများကို စုံစမ်းကြည့်သောအခါ ကီဗွီတာ၏ ပထမဦးဆုံးလိမ်လည်မှုက သူသည် ဘုရားသခင်နှင့် တိုက်ရိုက်အဆက်အသွယ် ပြုလုပ်နိုင်သည်ဟုဆို၏။ သူ၏ဂိုဏ်းဝင်များကား အကြွင်းမဲ့ယုံကြည်သည်သာဖြစ်၏။ ၁၉၈၄ ခုနှစ်တွင်ကား ကြောက်မက်ဖွယ်

ကြေငြာချက်တစ်ခုကို ထုတ်ပြန်ခဲ့သည်။

ယင်းကြေငြာချက်ကား လူပေါင်း (၉၀၀)ကျော်ကို သတ်ဖြတ်ပစ်မိစေရန် စိတ်ကူးကို ပေါ်ပေါက်စေမည့်စိတ်ကူးဖြစ်ကြောင်း ဂျိုးဆက်ကီဗွိတာကိုယ်တိုင် သိဟန်မတူခဲ့ပေ၊ ကြေငြာချက်ကား -

ယေရှုခရစ်တော်နှင့် မယ်တော်မာရီတို့သည် ၎င်းထံ အလည်အပတ် ရောက်ရှိလာကာ ခရစ်နှစ် (၂၀၀၀)တွင် ကမ္ဘာပျက်မည် ဆိုသော သတင်းစကားကို ဖြန့်ချီပေးရန် ညွှန်ကြားခံရသည်ဟုဆိုပါ၏။

ထိုညွှန်ကြားချက်ဖြင့်ချောက်ပြီးလျှင် ဂိုဏ်းဝင်များ၏ ဥစ္စာစည်းစိမ်များကို သိမ်းပိုက်ရယူခဲ့သည်။ ၁၉၉၉-ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် ကမ္ဘာပျက်မည်ဆိုသော ၎င်း၏ဟောကိန်း မှားယွင်းကြောင်း ဂိုဏ်းဝင်များက သိရှိလာသောအခါ မိမိတို့၏ စည်းစိမ်ဥစ္စာများ ပြန်လည်တောင်းဆိုရာမှ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ရဲကယူဆသည်။

ဘာသာအသီးသီးမှ ဘာသာဝင်အားလုံးဘာသာရေး အရေးြံ၊ အလိမ်အညာခံရခြင်းမှ ကင်းဝေးကြပါစေသော်။

## လူနာကိုလည်းလိမ်တာပဲ

အင်းစိန်ဆေးရုံကြီးတွင် ဒေါ်ငြိမ်း နှလုံးရောဂါအတွက် တက်ရောက်ကုသနေရသည်။ ဒေါ်ငြိမ်းတို့အခန်းထဲတွင် ခုတင်ရှစ်လုံးရှိရာ လူနာကား ဒေါ်ငြိမ်းအပါအဝင် ခြောက်ယောက်သာရှိပါသည်။ ဒေါ်ငြိမ်းရသည့် ခုတင်က ဝင်ပေါက်၏ညာဘက်ဘေးကပ်ရက်တွင်ဖြစ်သည်။ ဒေါ်ငြိမ်းကုတင်နှင့် ခါးလွယ်ခုတ်အခန်းအဆုံး ဘယ်ဘက်က ခုတင်တွင် တက်နေသူကဒေါ်တင်၊ သူကတော့ သွေးချိုနှင့် ဆီးချိုရောဂါအတွက် ဆေးရုံတက်လာသူ၊ တစ်မြို့တစ်နယ်စီဖြစ်သည့်အပြင် ခုတင်ခြင်းကလည်း အဝေးဆုံးဖြစ်နေခြင်းကြောင့် ခင်မင်ရင်းနှီးခြင်းတော့မရှိ တစ်ယောက်ခုတင် တစ်ယောက် လှမ်းမြင်နေရ၍ သိရုံဘဲရှိသည်။



ထိုနေ့က ဝတ်ကောင်းစားလှနှင့် အသက် (၃၀)ခန့် သားသားနားနား အမျိုးသမီးတစ်ဦး ဝင်လာပြီး ဒေါ်ငြိမ်းအား -

"အန်တီ - ဘယ်ကလာတက်တာလဲ"

"ဪ အဒေါ်က ရွှေပြည်သာကပါ"

"ဘာရောဂါလဲအန်တီ သက်သာတယ်မဟုတ်လား"

"နှလုံးရောဂါပါ တူမရယ်၊ ရှင်းရှင်းတော့မပျောက်သေးပါဘူး၊ သက်သာရုံပဲရှိပါသေးတယ်၊ ခွဲရဦးမလားမသိဘူး"

"ပျောက်ပါတယ် အန်တီရယ် အားမလျှော့ပါနဲ့ ဒီခေတ်က ဆေးတွေပါခေတ်မှီလာပါပြီ၊ ပျောက်မှာပါ၊ ဒါနဲ့အန်တီမှာ လူနာစောင့်မရှိဘူးလား၊ အားမနာပါနဲ့ ကျွန်မကိုလည်း ခိုင်းချင်တာခိုင်း၊ ကျွန်မတို့က လှိုင်သာယာကလာတက်ရတာ၊ ဟိုးဘက်အစွန်က လူနာက ကျွန်မအဒေါ်ပေါ့၊ သွားလိုက်ဦးမယ်နော်အန်တီ"

"ထိုအမျိုးသမီးက ဒေါ်တင်ရှိရာသို့ မေးငေါ့ပြပြီး သူ့ကိုယ်သူမိတ်ဆက်ကာ၊ ဒေါ်တင်ရှိရာသို့ လျှောက်သွားလေသည်။ ထိုအမျိုးသမီးနှင့် ဒေါ်ငြိမ်းစားပြောနေသည်ကိုလည်း ဒေါ်တင်ကလှမ်းတော့မြင်နေရသည်။ တခြားခုတင်က လူနာများ၊ လူနာစောင့်များပြောဆိုနေကြသော စကားသံများကြောင့် ဘာပြောမှန်းတော့မသိရပေ။

ဒေါ်တင်၏ခုတင်ဘေးက ထိုင်ခုံပေါ်ဝင်ထိုင်ရင်း ထိုအမျိုးသမီးက

"အန်တီရော သက်သာရဲ့လား၊ ဘာရောဂါဖြစ်တာလဲ အန်တီ"

"အဒေါ်က သွေးတိုနဲ့ ဆီးချိုကွဲ့"

"ဒီရောဂါက မြန်မာဆေးဆို ပိုကောင်းတယ်အန်တီ၊ ဆီးချိုကို ကျွန်မဦးလေးတစ်ယောက် ဘာဆေးနဲ့မှ မပျောက်ဘူး၊ နောက် ကောက်ရိုးပြုတ် သောက်မှ ပျောက်သွားတယ်၊ ဒါနဲ့အန်တီကရော ဘယ်ကလာတက်ရတာလဲ"

"အဒေါ်က အောင်ဆန်းကလာတက်ရတာ"

စသောအားဖြင့် တောင်စဉ်ရေမရ စကားများရွှန်းရွှန်းဝေအောင် ဆယ်မိနစ်ခန့်ပြောပြီး အပြင်ထွက်စရာရှိသည့် ပုံစံမျိုးဖြင့် ဝင်ပေါက်ဘက်သို့

ပြန်လျှောက်လာသည်။ ထိုသို့သူမနှင့် ဒေါ်တင် ခပ်ကြာကြာ စကားပြောနေသည်ကိုလည်း အပေါက်ဝမှ ဒေါ်ငြိမ်းက အတိုင်းသား မြင်နေရသည်။

ထို့ကြောင့် ဒေါ်တင်၏အမျိုးတစ်ယောက်ယောက်ကတော့ ဧကန်မုချဖြစ်ရမည်ဟု အတွင်းစိတ်က အလိုလိုတွက်ဆပြီးသား ဖြစ်သွားသည်။ သူမကလည်း ထိုကဲ့သို့ထင်အောင်ပင် ဒေါ်တင်၏ ခုတင်နားတွင် ခပ်ကြာကြာ စကားပြောပြလိုက်ခြင်းဖြစ်ပေသည်။

ဒေါ်ငြိမ်း၏ ကုတင်နားရောက်သည်နှင့်

"အန်တီရာ အန်တီ့ဘေးနားက လေးဆင့်ချိုင့်လေး ခဏငှားချင်တယ်၊ သမီးအန်တီက မုန့်ဟင်းခါးစားချင်တယ်ဆိုလို့"

"ဩော် ယူသွားလေသမီး ရော့"

ဟုဆိုကာ ဒေါ်ငြိမ်းက အသင့်ရှိနေသော စတီးလ်ချိုင့်ကို ယုံယုံကြည်ကြည်ပင် ပေးလိုက်ပါတော့သည်။ ခဏအကြာတွင် ဒေါ်ငြိမ်း၏ လူနာစောင့်သမီးဝင်လာပြီး -

"အမေ ဒီနားကစတီးလ်ချိုင့်ဘယ်သူယူသွားလဲ"

"ဟိုးဘက်ဆုံး ခုတင်က အမျိုးသမီးရဲ့ တူမလို့ပြောတာပဲ မုန့်ဟင်းခါးဝယ်ချင်လို့ဆိုပြီး ခဏငှားသွားတယ်"

"သေချာရဲ့လား အမေရယ်၊ အဲဒီခုတင်က လူနာရဲ့တူမလို့ အမေဘယ်လိုလုပ်သိတုန်း"

"သူကိုယ်တိုင် မိတ်ဆက်ပေးပြီး ပြောသွားတာပဲလေ၊ ပြီးတော့ သူတို့ တူဝရီး စကားတွေအကြာကြီးပြောနေတာကိုလည်း အမေကိုယ်တိုင် မြင်နေရတာပဲ"

"စကားပြောတာတော့အမေရယ်၊ ဆေးရုံထဲက လူနာတွေပဲ အရာရှိတွေမှမဟုတ်တာ၊ ဘယ်သူလာပြောပြောရတာပဲ၊ သမီးတော့ လိမ်သွားပြီထင်တာပဲ၊" ဟိုခုတင်က လူနာကို သွားမေးကြည့်လိုက်မယ်၊ သူ့တူမ ဟုတ်၊ မဟုတ်ဆိုတာလေ"

"ခဏစောင့်ကြည့်ပါဦးသမီးရယ်၊ တကယ်ဟုတ်နေရင် မေးရတာအားနာစရာကြီး"

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံမှ မရှိဘဲ မြန်မာတစ်နိုင်ငံလောက်သာရှိသော ၎င်းအားနာတတ်သည့် ဓလေ့ကြောင့်လည်း လူလိမ်များအားပေါက်ချောင်နေခြင်းဖြစ်ပါ၏။

ယခုလည်း အားနာမှုကို ဘေးချိတ်ပြီး လူနာဒေါ်တင်ကို ချက်ချင်းသွား၍ မေးခဲ့လျှင် လိမ်မှန်းသိပြီး မြန်မြန်လိုက်ကမိချင်မိနိုင်ပါသေး၏။ ယခုကား အားနာတတ်မှုကြောင့် တစ်နာရီကျော်နှစ်နာရီနီးပါးစောင့်ပြီးမှ သွားမေးရာ လိမ်မှန်းသိရသောအချိန်သည်ကား နောက်ကျချေပြီတကား။

ဤကဲ့သို့ ဆေးရုံပေါ်မှ လူနာကိုပင် ချမ်းသာမပေးကြသော လူလိမ်များလည်းရှိနေကြသဖြင့် လူနာများ၊ လူနာစောင့်များ သတိထားနိုင်ကြစေသော်။

## သူတို့ကြောင့်အလိမ်ခံရတာ

လောက၌ သူတစ်ပါးလိမ်လည်ခြင်းကို ခံရသောသူဟူသမျှသည် သူတစ်ပါးတို့၏ကောက်ကျစ်သောဉာဏ်ကို မိမိလောဘကမကူညီသမျှ အလိမ်ခံရမည်မဟုတ်၊ သူတစ်ပါး၏ ကောက်ကျစ်စဉ်းလဲ့ဉာဏ်ဟူသော ပဟိဒ္ဓရန်သူကို မိမိ၏ လိုချင်ရမ္မက်ငမ်းငမ်းတက်ခြင်းဟူသော အတွင်းရန်သူနှင့် -

မိုက်မဲခြင်း၊ အဆင်ခြင်ပညာမရှိခြင်းဟူသော မောဟ၊ အတွင်းရန်သူနှစ်ယောက်တို့က ပူးပေါင်းအားပေးကာ နှိပ်စက်ကြခြင်းကြောင့် အတိဒုက္ခရောက်၍ အလိမ်ခံရခြင်းဖြစ်ချေသည်။ သူတစ်ပါးကို လိမ်တက်သောသူတို့သည်လည်း မည်သည့် ဆေး၊ အင်းအိုင်၊ လက်ဖွဲ့ စသည်တို့ကြောင့်မဟုတ်။

စင်စစ်သော်ကား သူတစ်ပါးတို့၏ လောဘကို တက်ကြွအောင်

ပြုခြင်း၊ သူတစ်ပါးတို့၏ မောဟကို ပွားများစေခြင်း၊ လူရိပ်လူကဲကို ချင့်ချိန်တက်ခြင်း၊ မိမိ၏ဥစ္စာကို ဦးစွာမနှမြောခြင်း၊ စကားကို သူတစ်ပါး ယုံကြည်အောင် ယုတ္တိဆင်၍ ပြောတတ်ခြင်း၊ လုံ့လဝီရိယရှိခြင်း ဟူသော အင်္ဂါပေတည်း။

(ဦးပြုံးချို(မဟာဂီတ)၏ နေအေးလိမ်နည်းစာအုပ်မှ)

## နိုင်ငံခြားမှာဆွေမျိုးသားချင်းရှိပြီဆိုရင်

ယခုဖော်ပြတော့မည့်လိမ်နည်းသည် နိုင်ငံရပ်ခြားသို့ မြန်မာများ အလုပ်သွားလုပ်သူများပြားလာသော အချိန်မှစ၍ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။ လှိုင်မြို့နယ်တွင် တစ်ကြိမ်၊ ရွှေပြည်သာမြို့နယ်တွင် တစ်ကြိမ်၊ ဤနည်းဖြင့်လိမ်လည်သွားခဲ့ဘူးသည်။ လိမ်ပုံလိမ်နည်းမှာ အတူတူပင် ဖြစ်သည်။

ထိုလိမ်လည်မှုတစ်ခုအနက် တစ်ခုကိုဖော်ပြဖို့ ကြံရွယ်နေစဉ်မှာပင် ပေါ်ပြူလာဂျာနယ်တွင် ၎င်းလိမ်လည်မှုတစ်မျိုးကို ဖတ်လိုက်ရပြန်သည်။ လိမ်လည်မှုသုံးခုအနက် ပေါ်ပြူလာဂျာနယ်မှ ဖော်ပြထားသော လိမ်လည်မှုမှာ အလိမ်ခံရသူကိုယ်တိုင်ရေးသားထားခြင်းဖြစ်၍ အသေးစိတ် ပါသည်ကတစ်ကြောင်း၊ ထိုကဲ့သို့ လူလိမ်များရောက်လာလျှင် ကာကွယ်နည်း တစ်ချို့ကိုပါဖော်ပြထားသဖြင့်တစ်ကြောင်း၊ ဤအကြောင်းတို့ကြောင့် ပေါ်ပြူလာဂျာနယ်တွင်ပါသည့်အတိုင်းပင် ကူးယူဖော်ပြလိုက်ပါသည်။ အလိမ်အညာခံရသူသည် စာရေးဆရာ ချစ်ညွန့်ကျော်ထံသို့ပေးစာ သဘောမျိုးရေးထားသည်ကို တွေ့ရပါသည်။ ခေါင်းစဉ်တပ်ထားသည်က



## အလိမ်မခံရအောင်ကြိုးစားပါ

ဆရာရှင့် အတွဲ (၄)၊ အမှတ် (၁၄)၊ (၄-၄-၂၀၀၀)အင်္ဂါနေ့ထုတ် ပေါ်ပြူလာဂျာနယ်ထဲမှ ဘဏ်မှာငွေထုတ်သွားမယ်ဆို ဒီဆောင်းပါးကို သတိရပါဆိုတဲ့ ဆရာ့ဆောင်းပါးကို ကျွန်မဖတ်လိုက်ရပါတယ်။ အဲဒီဆောင်းပါးကို ကျွန်မအလွန်ဘဲ သဘာကျမိပါရဲ့။ ဘာတဲ့ဆောင်းပါးထဲက စာချိုးကလေးလေ မန်းစမုတ်ဝိုင်းလာသည် ဆိုင်းမဟာဘေထိတဲ့နော်။

ဟုတ်ပါရဲ့ဆရာရယ် ဆိုင်းမပါဘဲ မြွေခြောက်ကိုက်ခံရသလို ဆိုတဲ့အချက်က ဘဏ်မှာငွေထုတ်တဲ့လူတွေကို သတိပေးလိုက်တာပါပဲ၊ ဒီဆောင်းပါးဖတ်ပြီးကတည်းက ကျွန်မလဲ ကျွန်မရဲ့ခံစားချက်ကလေးကို ကင်ပြချင်လွန်းလို့ ဆရာ့ဆီ စာရေးလိုက်တာပါဆရာရယ်။

ပြီးတော့ဆရာ့ကို ကျွန်မတစ်ခုတော့ ကြိုတင်တောင်းပန် ထားပါရစေ၊ မခံချင်လို့သာ ကုံးရတော့ စာလုံးဘယ်မလှပြီဘူး၊ မိန်းမလက်ရေးမို့ သည်းခံပြီးဖတ်ပါနော်၊ မချိလို့ပေါ်တဲ့သွားကိုရယ်သလား၊ မေးရင်လဲရှက်ရှက်နဲ့ပဲရေးရတော့မှာပါ။

ကျွန်မခံရတဲ့ အဖြစ်ပြောတာပါ။ အင်းတစ်ခုတော့ရှိမှာ၊ ကျွန်မခံစားရတာ ကျွန်မတစ်ယောက်တည်းပဲရှိသလား၊ ဒါမဖြစ်နိုင်ပါဘူး၊ ကျွန်မရဲ့ရှေ့မှာ ကျွန်မရဲ့နောက်မှာ ကျွန်မလိုခံရတဲ့အဖြစ်တွေ အများကြီး အများကြီး ရှိနေဦးမှာ။

မဟုတ်ဘူးလားဆရာ၊ ဒါကြောင့် ဒီစာရေးဖြစ်သွားတယ်ဆိုပါတော့၊ ဒီလို ဒီလို ဆရာရေ ကျွန်မအလိမ်ခံလိုက်ရပါတယ်။ လိမ်တဲ့လူက ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် လိမ်တာဟာလိမ်တာပါပဲ၊ သူတို့တစ်တွေဟာ စကားနဲ့လိမ်မယ်၊ အစားနဲ့လိမ်မယ်၊ သူတို့ဟာ တကယ်ယုတ္တိရှိရှိ ပြောနိုင်တဲ့လူတွေ၊ သဘာဝ ယုတ္တိ၊ အာဂမယုတ္တိ၊ ဒဝယုတ္တိနဲ့ကို ပြောနိုင်ဆိုနိုင်တာ၊ အစာထဲမှာ ဆေးထည့်ရမလား၊ လျှင်မှလျှင်၊ ဥပဒေမကြောက်လို့လိမ်တဲ့ ညာတဲ့လူတွေ များလာတာ

ထားပါတော့၊ စာလဲ အတော်ရှည်သွားပြီ။

ကျွန်မအကြောင်းပဲပြောကြပါစို့၊ ကျွန်မ အင်းစိန်မှာ နေပါတယ်၊ ကျွန်မအိမ်ထောင်နဲ့ပါ။ သားသမီးနှစ်ယောက်ရှိပါတယ်၊ ကျွန်မယောကျ်ားက ရိုးသားကြိုးစားတဲ့သူပါ။ လွန်ခဲ့တဲ့သုံးနှစ်က သူနိုင်ငံခြားမှာ သွားအလုပ်လုပ်ပါတယ်ဆရာ။

သူ့ခမျာ နိုင်ငံခြားမှာ အစားဆင်းရဲ၊ အနေဆင်းရဲ၊ အလုပ်ဆင်းရဲခံပြီး၊ သားကွဲ၊ မယားကွဲခံပြီး ဒုက္ခ၊ သုက္ခနဲ့ရလာတဲ့ ငွေတွေ စုဆောင်းပြီး ကျွန်မဆီပို့ပို့ပေးရှာပါတယ်။ သူကဒီလောက်ဒုက္ခခံပြီး ရှာဖွေတဲ့ငွေကို ကျွန်မအရမ်းမသုံးပစ်ပါဘူး၊ ထိန်းထိန်းသိမ်းသိမ်းပါ။

စုသင့်သလောက်စု၊ စားသင့်သလောက်စားပေါ့လေ၊ တစ်နေ့တော့ ကျွန်မအိမ်ကို လူတစ်ယောက်ရောက်လာတယ်ဆရာရဲ့၊ အသက်က ကျွန်မယောကျ်ားနဲ့ မတိမ်းမယိမ်း၊ ဥပဓိရုပ်ကလည်းခပ်ခပ်ကောင်းကောင်း၊ ဆိုက်ဂိုက်ကလဲအပြည့်၊ အဝတ်အစားကလဲ ရှိုးနဲ့မိုးနဲ့။

တကယ့်နိုင်ငံခြားပြန်ပုံစံမျိုး၊ နိုင်ငံခြားက ပြန်ရောက်တာ မကြာသေးဘူးလို့ ကျွန်မထင်လိုက်မိတယ်။ သူကသူ့ကိုယ်သူ မိတ်ဆက်တယ်၊ သူ့နာမည်ပြောတယ်၊ ပြီးတော့ သူဟာ ကျွန်မယောကျ်ားနဲ့ သူငယ်ချင်းတဲ့၊ မလေးရှားမှာအတူနေတာ၊ အတူအလုပ်လုပ်တာတဲ့။

ကျွန်မယောကျ်ားက အလွန်ရိုးတာတဲ့ သဘောမနောလည်း ကောင်းတဲ့၊ အသုံးအစွဲလည်း အလွန်စစ်ကုပ်ပဲတဲ့၊ ကျွန်မယောကျ်ားရဲ့ နာမည်ကိုလည်း ထည့်ထည့်ပြီး ပြောတာရှန်းရှန်းကိုဝေနေတာပဲ၊ တစ်ခါတစ်လေရယ်စရာလေးပါထည့်လိုက်သေး၊ ဒီကြားထဲ ကျွန်မရဲ့ နာမည်ကိုလည်း အလွတ်လောက်နီးနီး ခေါ်ပြော ဆက်ဆံသွားသေးရဲ့ရှင်။

ပြီးတော့ ကလေးတွေနေထိုင်ကောင်းလား၊ ဘာလားမေးတယ်၊ ဘယ်အတန်းတွေရောက်နေပြီလဲ၊ ဘာလဲမေးပြီး သူ့သူငယ်ချင်းကိုကိုက သူ့သားနှစ်ယောက်အကြောင်း၊ မကြာခဏပြောကြောင်း၊ ကိုကိုက အငယ်ကောင်ကို ပိုချစ်တယ်ထင်ကြောင်း။



သူ့သားအငယ်ကကြီးလာရင် ဆရာဝန်ဖြစ်မည်ဖြစ်ကြောင်း၊ အကြီးက နည်းနည်းထုံကြောင်းများ ပြောနေရဲ့၊ ပြီးသား အငယ်ကောင်ကိုလည်း သူ့ပေါင်ပေါ် ဆွဲခေါ်ပွေ့ချီရင်းနဲ့ မင်းအဖေက မင်းအတွက် လေဆာဓါတ်ပြားကြီးတွေ အများကြီး ဝယ်ထားတယ်ကွ၊ ရုပ်ရှင်ဇာတ်ကားတွေရော၊ ဂိမ်းကစားဖို့ရော အများကြီး၊ အများကြီး ခု ဦးဦးကို ကြည့်မပေးလိုက်တာက ဦးဦးကို အားနာလို့တဲ့၊ ဦးဦးကလဲ ပစ္စည်းတွေ အများကြီးဆိုတော့ မနိုင်မနင်းဖြစ်နေတာကိုး၊ သူပြန်လာမှ တစ်ပါတည်း ယူခဲ့မယ်တဲ့စတဲ့ စကားတွေပြောသွားလိုက်တာ စာခြောက်ရုပ်တောင် ခေါင်းငြိမ့်လောက်ပါရဲ့။

ဆရာရေ၊ အဲသလို ရွှီးတွေထည့်လည်းပြီးရော တကယ့်အရေးကြီးတဲ့မိန်းရောက်လာပါလေရော၊ သူအခု မြန်မာပြည်ပြန်ရောက်လာတာ တစ်ပတ်ကျော်သွားပြီတဲ့၊ ဒီကိုလာမယ်လာမယ်နဲ့ မအားလို့မရောက်ဖြစ်တာတဲ့၊ မလာရင်မဖြစ်တော့လို့ ခုမှလာဖြစ်တာကိုတော့ ခွင့်လွှတ်ပါတဲ့။

အဖြစ်က သူပြန်လာကာနီး ကိုကိုတော်တော်လေး နေမကောင်းဖြစ်သတဲ့၊ ဆေးရုံမှာတောင် သွားပြုစုရသတဲ့၊ ဆရာဝန်က ဦးနှောက်မှာ ကဖြစ်တယ်ဆိုလားပဲတဲ့၊ ဆရာရယ် စဉ်းစားကြည့်ပါဦး ဒီစကားကြားလိုက်တော့ ကျွန်မရင်ထဲဘယ်လိုဖြစ်မလဲ။

ကမ္ဘာတစ်သိန်းမီးလောင်သလို ကျွန်မရင်ထဲ လောင်ကျွမ်းနေပြီ၊ သူများနိုင်ငံ၊ သူများအရပ်မှာဆိုတော့ ကျွန်မပဋ္ဌာမြေလူးရတော့မယ် ကနေမျိုးပါ။

ဩော် - ဒုက္ခ - ဒုက္ခလို့သာ ကျွန်မရင်ထဲ ညည်းနေပါပြီ။ ရပ်ဝေးမြေခြားမှာ မောင်တော့ ဒုက္ခပါပဲ၊ ဖွ - တစ်ခုခုများဖြစ်လို့သွားရင် ကျွန်မဆက်မစဉ်းစားဝံ့တော့ပါ။ ကျွန်မအဲသလောက် မျက်နှာပျက် သောကရောက်နေတာကို သူတွက်မိပုံရဟန်တူပါရဲ့။

မရီငွေး ဒီလောက်တောင်လဲ စိတ်ပူမနေပါနဲ့ဗျာ - ဒီရောဂါမျိုး

ဆိုတာ ကုလို့မရတဲ့ရောဂါမျိုး မဟုတ်ပါဘူး။ ကုရင်ရပါတယ်။ ဆရာဝန်က ပြောတယ်၊ ဆေးထိုးဆေးသောက်တာနဲ့ ကောင်းကောင်း ပျောက်သွားမှာပါတဲ့၊ ဆေးတွေဝယ်ပေးချင်ရင် တာဝန်ယူပါသတဲ့၊ အဲဒါကြောင့် မရီငွေးကို လာအကြောင်းကြားရတာ၊ ကိုကိုကလည်း မှာလိုက်ပါတယ် -

"မရီငွေးဆီကို ဆက်ဆက်သွားဖို့ မရီငွေးဆီက ငွေယူပြီး အားချင်းလူကြုံနဲ့ ဆေးတွေဝယ်ပေးလိုက်ပါတဲ့ မနက်ဖြန်ဆို ကျွန်တော့်မိတ်ဆွေတစ်ယောက် လေယာဉ်တက်တော့မှာမို့ ကျွန်တော် အားချင်းလာခဲ့တာပါတဲ့၊ ကျွန်မသိပ်တွေးနေချိန် မရတော့ပါဘူး"

ကိုယ့်ယောက်ျား မြန်မြန်နေကောင်းသွားဖို့ပဲရှိပါတော့တယ်။ ဆေးဝယ်ဖို့ ဘယ်လောက်ကျမလဲ၊ ကျွန်မမေးမိတယ်၊ သူက သုံးသောင်းကျမယ်ဆိုတော့ ကျွန်မသေတ္တာထဲမှာ သိမ်းထားတဲ့ ငွေသုံးသောင်း ပေးလိုက်မိပါရဲ့။

သူနှုတ်ဆက်ပြန်သွားတဲ့အထိကျွန်မအလိမ်ခံလိုက်ရမှန်း မသိသေးပါဘူးရှင်၊ ကျွန်မအဟုတ်ကြီးမှတ်နေတာ။ ကျွန်မ အ-ကို အ ပါတယ်ရှင်၊ သုံးရက်လောက်နေတော့မှ ကျွန်မယောက်ျားဆီက ဖုန်းလာပါတယ်။ ကျွန်မက ဖုန်းထဲကနေ -

"မောင်- နေမကောင်းဘူးဆို ဆေးရုံပြရတယ်ဆို၊ ဦးနှောက် ဘာဖြစ်တာတဲ့လဲ" လို့ အလောတကြီးမေးတော့ "ရီ ဘာဖြစ်တာလဲ ဘာတွေ ကြားလို့လဲ၊ မောင်ဘာမှ မဖြစ်ဘူး နေကောင်းတယ်"တဲ့၊ ကဲ - မှတ်ကရော ကျွန်မကောင်းကောင်းကြီး ပုလင်းထိသွားပြီ။

လူလိမ်က ကျွန်မရဲ့အားနည်းချက်ကို ကောင်းစွာ အသုံးချသွားတာပဲ မဟုတ်လား၊ တကယ်တော့ ကျွန်မရဲ့ ဟာကွက်၊ ပျော့ကွက်ပါပဲ၊ အမှန်ဆိုရင် ကျွန်မဟာ ပူသင့်သလောက်ပူပြီး စဉ်းစားသင့်သလောက် စဉ်းစားသင့်တာပေါ့"

အထူးသဖြင့် ကိုယ့်အိမ်ပေါ်တက်လာတဲ့ လူလိမ်တစ်ယောက်ဟာ လွယ်လွယ်နဲ့ လိမ်ဖို့လာတဲ့ လူတစ်ယေက် မဟုတ်နိုင်ဘူး။ ကျွန်မရဲ့



မောင့်အကြောင်းကို ကောင်းကောင်းလေ့လာမှတ်သားထားသူဖြစ်ရမယ်။ အတွင်းလူရင်လည်းရှိရမယ်။

လက်ထောက်ချသူရဲ့ အချက်အလက်ကလေးနဲ့ လာတာဖြစ်နိုင်တယ်။ သူတို့ဘက်မှာလည်း အားသာချက်၊ အားနည်းချက်ဆိုတာလည်း ရှိပေမပေါ့။ အဲဒီတော့ သူ့ကိုလဲ အလိမ္မာနည်းနဲ့ အင်တာဗျူးလုပ်ရလိမ့်မယ်။ ဘယ်လိုဗျူးရမလဲဆိုတော့ -

၁။ မောင်ကသူ့မိဘနှစ်ပါးကို ဘာမှာလိုက်သေးလဲ၊ ဘာညာပေါ့ (တကယ်တော့ သူ့မိဘနှစ်ပါးက ကွယ်လွန်သွားရှာပြီ)

၂။ မောင့်မိဘနဲ့ ကျွန်မက သိပ်အဆင်ပြေတာမဟုတ်ဘူး၊ မောင်က ကျွန်မမသိအောင် ခိုးပြီး ပံ့ပိုးနေတာ ဘာညာပေါ့။

၃။ ယောက္ခမတွေနေတဲ့ အိမ်ကိုရောမောင်သွားခိုင်းသေးလား၊ (အမှန်တော့ ယောက္ခမကြီးများမှာ ကျွန်မလက်ပေါ်မှာပဲ ကွယ်လွန်သွားရရှာတယ်။ ဒီအိမ်မှာပဲဖြစ်ပါတယ်)

၄။ မောင့်သူငယ်ချင်းဆိုတော့ အမှတ်တရအနေနဲ့ ဓါတ်ပုံတစ်ပုံ ရိုက်ထားပါရစေဆိုပြီး ကင်မရာထုတ်ပြီး ဓါတ်ပုံရိုက်ထားလိုက်ပါ။ (ကင်မရာထဲတွင် ဖလင်ရှိရှိ မရှိရှိ ရိုက်သာရိုက်ပါ)

အဲလို အချက်သုံးချက်လောက်ဗျူးလိုက်တာနဲ့ ဒီလူလိမ် ဘယ်လိုနေမလဲဆရာ၊ ဓါတ်ပုံရိုက်ယူထားလိုက်မယ်ဆိုတာနဲ့ပဲ ဒီလူ တစ်နည်းနည်း ထလစ်တော့မှာ သေချာနေပြီ၊ ဆရာရေ၊ ဒါပေမယ့် ရီငွေးကတော့ အလိမ်ခံလိုက်ရပြီ၊ ရီငွေးညံ့လို့ခံရတာပေါ့နော်၊ နောက်အလိမ်ခံရမယ့်လူတွေ အလိမ်မခံရဖို့ ဉာဏ်လွှာပြီး ဒီလူလိမ်လူညာတွေကို ပညာပေးကြပါစို့လို့ တပ်လှန့်လိုက်တာပါဆရာ။ အလိမ်မခံရအောင် ကြိုးစားတာဟာ ကိုယ့်ကိုယ်ကို ကာကွယ်တာပဲ မဟုတ်လားဟင်။

ဆရာကျန်းမာချမ်းသာပါစေ

မရီငွေး

## အားကိုးရမယ့်နေရာ

သတ္တဝါတို့၌ ပစ္စုပ္ပန်ကံ၊ အတိတ်ကံဟူ၍ နှစ်မျိုးရှိ၏။ ကံဆိုသည်မှာ အလုပ်ပင်ဖြစ်သည်။ ကံတည်းဟူသော အလုပ်နှစ်မျိုးတွင် ဘီအေ-အမ်အေဘွဲ့ကို ရရှိပြီးသောသူ၌ ယင်းဘွဲ့ကိုရရှိအောင် သူငယ်တန်းကစ၍ ပညာသင်ယူခဲ့ခြင်းသည် အတိတ်ကံဖြစ်သည်။ အတိတ်ကအလုပ်ဖြစ်သည်။

ရရှိသောဘွဲ့ အားလျော်သော အလုပ်ကို ဆက်လက်လုပ်ကိုင်ခြင်းသည် ပစ္စုပ္ပန်ကံဖြစ်သည်။ ပစ္စုပ္ပန်အလုပ်ဖြစ်သည်။ ဤကဲ့သို့ ပစ္စုပ္ပန်ကံတည်းဟူသော အလုပ်ကို ဆက်ကာဆက်ကာ နေ့စဉ်လစဉ်နှင့်အမျှ ပြုစုဆောင်ရွက်သွားပါမှ စားဝတ်နေရေးချောင်လည်ချမ်းသာစွာ အသက်မွေးနိုင်ပေမည်။

ယင်းသို့လျှင် ပစ္စက္ခမျက်မှောက်ဘဝ၌ပင် အတိတ်ကံ၊ ပစ္စုပ္ပန်ကံ၊ အတိတ်အလုပ်၊ ပစ္စုပ္ပန်အလုပ်ရှိသည်ကို သတိပြု၍ အတိတ်ကပြုလုပ်ခဲ့သော အလုပ်ကို အားကိုးမျှော်လင့်၍မနေကြဘဲ ပစ္စုပ္ပန်ကံ၊ ပစ္စုပ္ပန်အလုပ်ဖြင့် ဆက်ကာဆက်ကာ ပြုလုပ်ပေးမှသာလျှင် မိမိတို့ အလိုရှိအပ်သော ကောင်းကျိုးချမ်းသာအကျိုးကျေးဇူးကို ရရှိကြပေမည်။

သူတစ်ပါးကို အားမကိုးကြဘဲ နတ်များ၊ ဝိဇ္ဇာများလို ချမ်းသာအောင် ပြုလုပ်ပေးနိုင်သည်ဆိုသော လူလိမ်ဆရာများကို အားမကိုးကြဘဲ မရရှိသေးသောပညာ၊ ဥစ္စာပစ္စည်းများကို ရရှိစေရန် မိမိကိုယ်ကိုသာလျှင် မိမိအားကိုးအားထားပြု၍ မိမိနှင့် သက်ဆိုင်ရာ ကံတည်းဟူသော အလုပ်ကိုသာလျှင် ဉာဏ်၊ ဝီရိယတို့နှင့် ယှဉ်ကာ အားထုတ်ပြုလုပ်ကြရမည်။

(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
(ရွှေဟင်္သာဆရာတော်ဘုရားကြီး)



## သာဝိန္ဒနှင့်တွေ့ဆုံခြင်း

စာရေးသူတို့ မမွေးဖွားခင် လွန်ခဲ့သော (၄၅)နှစ်ကျော် (၅၀)နီးပါးခန့်က ဘာသာရေးဗန်းပြပြီး အမျိုးသမီးတို့၏ ကာမကို လိမ်ယူသည့် နိုင်ငံကျော်လူလိမ်ကြီးတစ်ယောက်ပေါ်ထွက်ခဲ့ဘူးသည်။ မြန်မာပြည်တစ်ဝှမ်းတွင် ဆင်းရဲ၊ ချမ်းသာ၊ ပျိုအိုမရွေးဖျက်ဆီးခဲ့သော အမျိုးသမီးများကား မရေတွက်နိုင်အောင် များပြားလှသည်။ စာဖတ်သူများကို တင်ပြချင်လှသဖြင့် သိမှီလိုက်သူ အနည်းငယ်ထံမှ မေးမြန်းမှတ်သားနေသည်မှာ အတော်ပင်ကြာပါပြီ။

သို့သော်နှစ်ကာလကြာရှည်လှပြီဖြစ်သဖြင့် မှန်းဆရမ်းဆလောက်သာ ပြောနိုင်ကြသည်။ တိတိကျကျ ပြောနိုင်သူကိုမတွေ့ရ၊ (၁-၁-၂၀၀၁)ခုနှစ်ရောက်သောအခါမှပင် သာဝိန္ဒနှင့် ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ကြုံရတော့သည်။ မြိတ်မြို့ ပါရမီ (၂)ရပ်ကွက်မှ ဦးမောင်သန်းစိန်ကို ရည်စူးပြီး သားသမီးများဖြစ်ကြသော ဦးမြင့်သောင်း-ဒေါ်အေးအေးသန်း မိသားစု နောက်လည်ရပ်ကွက်မှ အူဝဲစတိုးဆိုင်ပိုင်ရှင် ဦးဟုတ်တင်တို့က သူတို့သိမ်းဆည်းထားကြသော ရှေးဟောင်းစာအုပ်ကောင်းများကို စာရေးသူအား လှူဒါန်းကြသည်မှာ အုပ်ရေ(၈၀)ကျော်ခန့်ရှိသည်။ ရှားပါးတန်ဘိုးရှိပြီး အသုံးဝင်သော စာအုပ်ကများပါသည်။ “တပည့်တော်လက်ထဲမှာထားရင် တပည့်တော်တို့ မိသားစုပဲသိမှာ ဆရာတော်ဆီရောက်သွားရင်တော့ ဆရာတော်က စာလဲရေး၊ တရားလဲဟောဆိုတော့ ပိုအကျိုးရှိတာပေါ့ဘုရား” ဟုပြောပြီး လှူဒါန်းလေသည်။

ဤကား သူတို့၏ မွန်မြတ်သော ရည်ရွယ်ချက်ပင် ဖြစ်ပါ၏။ ထိုစာအုပ်များထဲမှ စာမျက်နှာ (၃၂)မျက်နှာပါ ဓါတ်ပုံများ ဖယ်လိုက်လျှင် (၂၅)မျက်နှာခန့်ရှိသော သာဝိန္ဒလမ်းစဉ်အမည်ရှိ စာအုပ်ပါးလေးတစ်အုပ် ပါရှိခဲ့သည်။ စာရေးသူအတွက် ရေငတ်တုန်း ရေတွင်းထဲကျခြင်းဖြစ်ပါ၏။ နှစ်ပေါင်း (၅၀)နီးပါးကြာခဲ့ပြီဖြစ်သဖြင့် စာအုပ်လေးမှာ ကျေမွနေပြီး

စာလုံးများပင် သိပ်မပီပြင်တော့ပါ။

တိတိကျကျရှိလှသဖြင့် စာအုပ်ထဲကတိုင်းပင် ကူးယူဖော်ပြလိုက်ပါသည်။ အလိမ်ခံရသူတစ်ချို့၏ နာမည်ရင်းများလည်း ပါနေရာ သက်ဆိုင်ရာ စပ်နွယ်သူများအနေဖြင့် အမျိုးသမီးများ အလိမ်အညာမခံရဘို့အတွက် သဘောထားကြီးကြီးဖြင့် ခွင့်ပြုကြပါရန် တောင်းပန်အပ်ပါသည်။

စာရေးသူ

## သာဓိန္နလမ်းစဉ်

သာဓိန္နကဲ့သို့သော ကာမသိုက်ဆရာတို့၏ ဘေးရန်ကို ကျွန်ုပ်တို့၏ အမျိုးသမီးများ ရှောင်နိုင်ကြပါစေ။

ရေးသူ - ဖိုးသာဝ
ပုံနှိပ်သူ - မဟောသဓာပုံနှိပ်တိုက်
ထုတ်ဝေသူ - နေဝင်းစာအုပ်တိုက်
၃၅၁၊ ကော်မရှင်နာလမ်း၊ ရန်ကုန်
ဖြန့်ချိသူ ဦးစံဖေ သိမ်ကြီးဈေး နာရီစင်၊ ရန်ကုန်။

ယနေ့ ဤကမ္ဘာတွင် မှော်ဆရာ၊ သိုက်ဆရာ၊ စုန်းကဝေ၊ တစ္ဆေတို့ကို အယုံကြည်ဆုံးလူမျိုးအား လက်ညှိုးထိုးပြပါဆိုလျှင် မြန်မာလူမျိုးကိုပင် ပြရမည်ဖြစ်သည်။ မှော်ဆရာ၊ သိုက်ဆရာခေါ်သော သီလကြောင်တို့သည် အသိဉာဏ်နည်းသူများ၊ ခေတ်မမှီသူများ၊ လူကြောက်တို့အား အောက်ဖော်ပြပါအချက်တို့ဖြင့် ၎င်းတို့၏ ကျင့်စဉ်ကို လက်ခံစေကြသည်။

(က) ဆင်းရဲသူများအားကြေးက ရွှေဖြစ်အောင်လုပ်နိုင်သည်ဟု ယုံကြည်အောင်လိမ့်သည်။

(ခ) လူပျို၊ အပျိုတို့အား ကိုယ့်ချစ်သူကို လက်ဖျောက်တီးရုံဖြင့် ရနိုင်သည်ဟု လိမ့်သည်။



(ဂ) ငွေကြေးတတ်နိုင်သူအား အနာကင်း၍ အသက်ရာကျော်ရှည်ရမည်ဟု လိမ်သည်။

(ဃ) တရားအားထုတ်သူအား နိဗ္ဗာန်ရောက်ကြောင်းတရားကို ဖြတ်လမ်းကညွှန်ပြနိုင်သည်ဟု ဖြန်းသည်။ ဤသို့သော ဖြန်းလုံးလိမ့်လုံးများဖြင့် သီလကြောင်အမျိုးမျိုးတို့သည် မြန်မာပြည်တွင် ရှေးကလည်း ပေါ်၏။ ယခုလည်းပေါ်လျှက်ရှိ၏။ နောင်တွင်လည်း မပေါ်နိုင်ဟု မည်သူမျှ အာမခံနိုင်မည်မဟုတ်ပါ။ ပေါ်ပေါက်ခဲ့ဘူးသော ဆရာယောင်၊ သီလကြောင်တို့ကြောင့် ဘာသာရေးနှင့်လည်း စီးပွားရှာခဲ့ကြပြီ။

လူမှုရေးတို့ဖြင့်လည်း မရှိသူများထံမှ ရွှေငွေစသည်တို့ကို လိမ်ခဲ့ပေါင်းများပြီ။ အပျို၊ တစ်ခုလပ်၊ လင်ရှိမယားကိုပါမရှောင် ကာမသိုက်တူးခဲ့ကြဘူးလေသည်။ ထိုသီလကြောင် အမျိုးမျိုးတို့အနက် တစ်လောက ဟိုးလေးတကျော်ကျော်ဖြစ်ခဲ့သော သာဓိန္နသည် မြန်မာပြည်၏ အသောင်းကျန်းဆုံး သီလကြောင်ပင်ဖြစ်သည်။

အခြားဆရာယောင်၊ သီလကြောင်တို့သည် အမျိုးသမီးတစ်ဦးဦး၏ ကာမကိုသာ အတင်းကြံနိုင်သော်လည်း သာဓိန္နမူကား အမျိုးသမီးပေါင်းများစွာအား ဖျက်ဆီးခဲ့လေသည်။ သာဓိန္န၏ ကာမသိုက်တူးသော သီလကြောင်ဝါဒကြောင့် နှမရှင်၊ အိမ်ထောင်ရှင်တိုင်းက တုန်လှုပ်ခဲ့ကြသည်။ အထူးသဖြင့် အလုပ်သွားနေချိန် မိမိ၏အိမ်နောက်ဖေးမှ သာဓိန္န၏ သီလကြောင်ဝါဒမျိုး အတင်းတက်မလာနိုင်စေရန် သတိထားရသော အခြေသို့ပင် ရောက်ခဲ့ရသည်။

ထိုမျှတစ်နိုင်ငံလုံး ဟိုးလေးတစ်ကျော်ကျော်ဖြစ်ခဲ့သော သာဓိန္န၏လမ်းစဉ် အကျင့်ဆိုးကို ဗမာ့ခေတ်သတင်းစာက လူထုကို တင်ပြသဖြင့်သာ သိခွင့်ရခဲ့ကြသည်။ မြို့ပေါင်း၊ ရွာပေါင်း မြောက်မြားစွာသို့ အနံ့အပြားသောင်းကျန်းခဲ့သော သာဓိန္န၏ အကျင့်ယုတ်မှုများကို သတင်းစာတွင် ဖော်ပြသော သတင်းအနေဖြင့် ကွယ်ပျောက်သွားမည်ကို စိုးရိမ်သည်က တစ်ကြောင်း၊ ဘာသာရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် အကြုံးဝင်လှသော

သာဝိန္ဒ၏အကျင့်များကို တိုင်းပြည်တွင် သခ်ိန်းစာတစ်ရပ်အနေဖြင့် တည်ရှိစေလိုသည့်ပြင် အလွယ်တကူ ဖတ်ရှုနိုင်စေလိုသောကြောင့် တစ်ကြောင်း၊ ဤအကြောင်းများကြောင့် မြန်မာအမျိုးသမီးတို့၏ ပြုပြင်ဆင်ခြင်ဖွယ် အထောက်အပံ့ဖြစ်စိမ့်သောငှာ ဖေါ်ပြထားသော သာဝိန္ဒလမ်းစဉ်စာအုပ်ကို ထုတ်ဝေလိုက်ရခြင်းဖြစ်ကြောင်း။

သံသရာမှ လွတ်မြောက်ရေးအတွက် ရတနာသုံးပါးမှတစ်ပါး အားကိုးရာမရှိ၊ အနာရောဂါပျောက်ကင်းရေးအတွက် ဆရာဝန်နှင့် သမားကောင်းများမှတစ်ပါး အားကိုးရာမရှိ၊ ယနေ့မှစ၍ သီလကြောင်ဝါဒအမြစ်ကစ၍ ပြတ်ပါစေသတည်း။

## နာမည်ဆယ်မျိုးနှင့်လူ

ခြောက်ကြိမ်မြောက် ဆဋ္ဌသင်္ဂါယနာခေတ်ဟု အမည်တွင်သော လွတ်လပ်ရေးခြောက်နှစ်မြောက်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်သမိုင်းတွင် သီလကြောင် အဓိပတိတစ်ယောက် ပေါ်ပေါက်ခဲ့လေသည်။ သူ၏ ပေါ်လွင်ထင်ရှားသောအမည်ကို ဖေါ်ပြရသော် သာဝိန္ဒပင်ဖြစ်သည်။ မထင်မရှားတစ်နေရာတမျိုး သုံးသောအမည်ကား ရွှေကိုယ်တော်၊ မြင့်ရှင်၊ အေးသောင်၊ ဗိုလ်ရှင်ရသေ့၊ ဆံရှည်ဆရာလေး၊ ရသေ့သူမြတ်၊ အဂ္ဂရှင်ပျံ၊ မဟာယန၊ ခတ္တိယ စသည်တို့ဖြစ်သည်။ သူ့ငယ်နာမည်ကား ပီတာဒါန်းသာဖြစ်သည်။ သာဝိန္ဒ၏မျိုးရိုးဇာတိကို အတွင်းကျကျသိသူများက ၎င်း၏ဖခင်သည် ပန်ချာပီကပြားဖြစ်၍ သူ၏အမေမှာ ရှမ်းအမျိုးသမီး မမြို့ဖြစ်ပြီး သာဝိန္ဒကို ရှမ်းပြည်နယ်တွင်ပင် မွေးဖွားခဲ့သည်ဆို၏။ မမြို့သည် မိဘရိုးရာများ (စုန်းပညာကို ဆိုလို)နှင့် ဆေးဝါး၊ မန္တရားများကို ဝါသနာပါသည်ဖြစ်ရာ နောင်အခါ သာဝိန္ဒဟု အမည်တွင်လတ္တံ့သော ပီတာဒါန်းသည် ဆေးဝါး၊ မန္တရားများကို ငယ်စဉ်ကပင် အတွေ့အကြုံများ ရခဲ့သည်ဆို၏။



ပန်ချာပီရှမ်းကပြား ပီတာဒါန်းလေးကို အရွယ်ရောက်သောအခါ မန္တလေးမြို့ (စိန်ပီတာကျောင်း)သို့ မိဘများကပို့ကြ၏။ လူလားမြောက်သောအခါ၌ ငယ်ငယ်က မျက်စိယဉ်ပါးလာခဲ့သော အင်းအိုင်ဆေးဝါး၊ မန္တရားများသည် ငွေရပေါက်လွယ်သော အလုပ်တစ်ခုဖြစ်ကြောင်း နားလည်လာသည်။ ထိုအတတ်များကို ဖိ၍လေ့လာရာ၌ အထက်တန်းကျကျ နားလည်ခဲ့သည်ဆို၏။

ရုပ်သန့်၊ ဟန်ကောင်း၊ အပြောပိုင်သည့်အလျောက် ၎င်း၏နည်းများကို ယုံကြည်သူများခဲ့သည်။ ထိုမှတဆင့် နာမည်ထွက်လာခဲ့၏။ မြန်မာပရိသတ်ထဲဝင်ရန် ထိုလေ့လာသမျှနှင့် မဖြစ်သေးကြောင်း၊ အခက်အခဲတစ်ခုတွေ့လာရသေး၏။ ၎င်းကား အခြားမဟုတ်၊ ဗုဒ္ဓဘာသာအယူအဆများကို လေ့လာရန်ဖြစ်၏။ ဗုဒ္ဓဘာသာအယူဖြင့် မြန်မာပရိသတ်ထဲတိုး၍ ရသည်ဟုသိသောအခါ သာဝိန္ဒသည် ကုလားယောဂီများထံတွင် အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းပုံ တပည့်ခံယူပြီးနောက် ၁၃၀၈-ခုနှစ်တွင် ယောဂီဝတ်လေတော့သည်။

ထိုမှ တစတစဖြင့် ကိုယ်တိုင်ပေးသော ဆံရှည်ကိုယ်တော်လေး၊ ရှင်ပျံရသေ့ကလေးဟူသော အမည်ထူးကိုခံယူလေသည်။ ကမ္မဋ္ဌာန်းစီးဖြန်းပုံ ယောဂီအကျင့်၊ ကျင့်နည်းများကို ဝါဒဖြန့်ရာ၌ မိန်းမများက ပို၍ ရှင်ရသေ့ကလေးအားယုံကြည်ကြသည်။ ပထမတွင် သံသရာက လွတ်ရာလွတ်ကြောင်းရည်စူးသည် မရည်စူးသည်ကို မသိရသော်လည်း ၎င်းအနီးသို့ လုံမပျိုများဝိုင်းနေသောအခါ ကာမအမှောင်အတွင်းသို့ သက်ဆင်းလေတော့သည်။ အကောင်အထည်အားဖြင့် ထင်ရှားဦးအံ့။ အဂ္ဂရှင်ပျံရသေ့ကလေးသည် ရှမ်းပြည်နယ်၊ မန္တလေး၊ ဗန်းမော်နယ်တွင် ကမ္မဋ္ဌာန်းပြရင်းမှ အမျိုးသမီးများကို ကာမခါးပြတိုက်စစ်ဆင်တော့၏။ အရေအတွက်ကို မမှန်းဆနိုင်ပေ။

၁၉၄၈-ခုနှစ်တွင် စစ်ကိုင်းခရိုင်တိုင်း တံတားဦးမြို့မှ မခင်မေဆိုသော အမျိုးသမီးသည် ကံဆိုးမိုးမှောင်ကျလေရာ ရှင်ရသေ့နှင့်

တွေ့လေသည်။ မခင်မေ၏ အသက်သည် ဒေါ်မြညွန့်လောက်ပင်ရှိသည်။ မခင်မေသည် ၎င်းရောဂါပျောက်ကင်းရေးအတွက် ဆရာလေးထံ ချဉ်းကပ်ခဲ့ရာမှ ရောဂါမပျောက်သည့်ပြင် ဗိုက်တစ်လုံးကို ထမ်းဆောင်ခဲ့ရပြန်၏။

ဆရာရသေ့လေး၏ ကာမအင်ဂျက်ရှင်းတန်ခိုးကြောင့် ရောဂါသည် မခင်မေ၏ ဝမ်းတိုက်အတွင်းမှ သားတော်မောင် အောင်ညွန့်ဆွေလေးကို ဖွားသန့်စင်ခဲ့သည်။ ရှင်ရသေ့ ကာမသောင်းကျန်းမှုကြောင့် မွေးရသော ကလေးကို ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဖြစ်သည့်ကလေး၊ မီးနှင့်ချက်သည့် အစာကိုမကျွေးနဲ့ သုံးနှစ်ပြည့်ရင် ငါပြန်လာခဲ့မယ်။ အရေးရှိရင် တလိုက်ပါလေဟု မခင်မေကိုမှာခဲ့သတဲ့။

မခင်မေ၏ ရွှေ၊ ငွေ၊ လက်ဝတ်လက်စားငါးထောင်ကျော်မှာ ရှင်ရသေ့၏ သိုက်တူးချက်အရ သမ္မာဇီဝသဘောမှ နိဗ္ဗိဝသဘောသို့ ရောက်ခဲ့သည်။ (ကုန်သွားသည်ဟူလို) ရသေ့ထူးသည် မန္တလေးခရိုင်၊ စစ်ကိုင်းခရိုင်တွင် အထူးသိုက်စာကျ၏။ စစ်ကိုင်းတွင်မူ တရားအားထုတ်သူများ၍ဟုသာ ယူဆရ၏။

မြန်မာပြည်အနှံ့အပြားလှည့်ပတ်ခဲ့ရာ၌ မန္တလေးက အမျိုးသမီး မြောက်မြားစွာနှင့် ဆက်ဆံခဲ့ဘူးသည်။ မည်မျှဖျက်ဆီးခဲ့သည် ကိုကား ၎င်းကိုယ်တိုင်သာလျှင် သိပေမည်။ စစ်ကိုင်းမှ မန္တလေးသို့ ကူးပြောင်းခဲ့သော အချိန်သည် ရှင်ရသေ့အဖို့ ပွဲကြီးတိုးပြီးဖြစ်သဖြင့် လက်ရဲဇက်ရဲသို့ ရောက်နေပြီဟုသာ ယူဆအပ်သည်။ (မှတ်ချက်) ဤနေရာ၌ ကလေး တစ်ယောက်နှင့် မခင်မေ ဓါတ်ပုံပါသည်။

## လူလိမ်ခေါင်းကို ပုလင်းနဲ့ခြံ

သာဗိန္ဒ၊ မန္တလေးတွင် သောင်းကျန်းစပြုလာသာအခါ မဟုတ်မခံတတ်သော ဝင်းလိုက်ရုပ်ရှင်ရုံမန်နေဂျာ ဦးကျော်နှင့် တွေ့တော့သည်။ ဦးကျော်၏ပြောပြချက်အရဆိုသော် သာဗိန္ဒသည်



မြန်မာအမျိုးသမီးများကိုသာမဟုတ်သေး၊ တရုပ်အမျိုးသမီးများကိုလည်း တရားပြသူဖြစ်သည်။ အသက် သုံးဆယ်ကျော်အရွယ်ရှိပြီဖြစ်သော ဒေါ်စက်ရနှင့် ဒေါ်ပုတို့သည် သာဗိန္ဒနှင့် မည်သို့မည်ပုံ ဆက်သွယ်မိကြသည် မသိဘဲ ဒေါ်စက်ရတို့အိမ်ပေါ်တွင် ဦးကျော်နှင့်တွေ့လေသည်။

ရသေ့မြတ်ဟုသမုတ်သောသူကို သေချာသတိထား၍ကြည့်မိသော ဦးကျော်က ၎င်းသည် ဘိုင်စကုတ်ရုံသို့ ခဏခဏ လာကြည့်နေကျ အကောင်ဖြစ်ကြောင်း မှတ်မိသဖြင့် ဒီအကောင်လူလိမ်ပဲဟု ဦးကျော်က မှတ်ချက်ချလိုက်သည်။ ဦးကျော်က ရသေ့ထူးကို ရှုတင်းတင်းနှင့် ကြည့်လိုက်သောအခါ ရသေ့ထူးက ဒီကောင်ကြီး ဒိဋ္ဌိပဲဟု ဒေါ်ပုအားပြော၏။

မီးနှင့်ချက်သောအစာကိုမစားသလော၊ စားသလော လက်ဆုပ်လက်ကိုင်ပြလိုသော ဦးကျော်သည် ခေါက်ဆွဲဝယ်ပြန်လာသော ရသေ့၏ ပိတ်ဖြူဝတ်တပည့်ကို အကဲခတ်ကြည့်၏။ တစ်ခဏမျှ ကြာသောအခါ ရသေ့ထူးသည် ခေါက်ဆွဲများကို စားလေသည်။ ထိုအခါမှ ဦးကျော်က နေ့ခင်းကမစားဘဲ၊ ညမှခိုးစားတဲ့ရသေ့ယုတ် ဟုဝါဒဖြန့် နိုင်သည်ဆို၏။

တစ်နေ့ညသော် ရသေ့ထူးနှင့် တပည့်သူတော်တို့ ဘိုင်စကုတ်က အပြန် ဦးကျော်နှင့်လမ်းတွင်တွေ့ရာ ခွေးမသား၊ လူလိမ်နင်နေရာတကာ လိုက်လိမ်နေတာ ငါမသိဘူးမှတ်သလား၊ လူယုတ်မာလမ်းသွားပေတော့ဆိုပြီး ဘီယာပုလင်းလွတ်နှင့် အုပ်လွှတ်လိုက်ရာ မန္တလေးမှ ပျောက်သွားပြန်သည် ဆို၏။ ရသေ့ထူး၏ ခြေရာသည် သုံးလမျှ မန္တလေးတွင် ပျောက်ခဲ့ပြန်၏။

## အင်္ဂလိပ်ဆရာလိမ်

မြန်မာပရိသတ်ထဲတိုးကြည့်ရာတွင် ကမ္ဘဋ္ဌာန်းပညာများနှင့်သာ ကိုးလို့မရ အင်္ဂလိပ်ပညာကလေးနှင့် ဆိုလျှင် ရွှေရပေါက်၊ ငွေရပေါက်လွယ်သည်ဟု ရသေ့ထူး၏ ဦးနှောက်လှိုင်းကလှုပ်ပြန်သည်။

ထို့ကြောင့်သူသည် အင်္ဂလိယတ်အတတ်ကိုလည်းဆည်းပူးပြန်သည်။ ဉာဏ်ထက်သူဖြစ်၍ အနှစ်နှစ်အလလက လုပ်ကိုင်လာခဲ့သော လူကြီးများ၊ ဘုန်းကြီးများကိုပင် နည်းပေးနိုင်အောင်လေ့လာမိသည်။

သို့ရာတွင် နည်းကရွှေမှ ရွှေသို့ ဆိုကြပါစို့၊ ကမ္ဘာ့ဌာန်း ဆရာရသေ့ထူးသည် အင်္ဂရှင်ပျံခေါ်သော ဘွဲ့သညာနှင့် အင်္ဂလိယတ်ဝါသနာပါသူတို့နယ်တွင် မွေ့ပြန်သည်။ ပညာတစ်မျိုးတိုးလာသော အင်္ဂရှင်ပျံရသေ့ထူးသည် မန္တလေးရွှေမြို့တော်သို့ ဒုတိယအကြိမ် ရောက်ခဲ့ပြန်၏။ တဖုံ့နွဲ့လို့ တနည်းဆင်ဦးအံ့။

အင်္ဂရှင်ပျံသည် အင်္ဂလိယတ်ပညာလေ့လာခဲ့ပြီးနောက် အင်္ဂလိယတ်ဝါသနာပါသူများအား လိုက်ရှာရာ ဗိန္ဓောဆရာတစ်ဦးဖြစ်သော မန္တလေးမြို့ယတ်တန်းနေ ဦးမြဒင်နှင့်တွေ့သည်။ မန်နောက်အောင် ကျောင်းတိုက်ဘုန်းတော်ကြီး ဦးနန္ဒိယနှင့် သိကျွမ်းခဲ့၏။ အင်္ဂလိယတ်ဆရာတော်အဖို့ ဘုန်းကြီးနှင့် သိကျွမ်းရာတွင် အစားမပူရ၊ နေရာထိုင်ခင်း မပူရတော့ဘဲ ဇိမ်တွေ့၍သွားတော့၏။

ကပ်တည်းခိုရာမှစ၍ အင်္ဂလိယတ်ဆရာလေးသည် ဘုန်းတော်ကြီးအား ဇရပ်တစ်ဆောင်တောင်းခြင်းဖြင့် နယ်ချဲ့လိုက်တော့သည်။ ဇရပ်တစ်ဆောင်လုံးထင်သလိုနေခွင့်ရသော အင်္ဂလိယတ်ဆရာကလေးသည် မိမိ၏အဓိကလမ်းစဉ်ဖြစ်သော မိန်းမများကို အစွဲချွတ်ခြင်း၊ ဆေးကုခြင်းအလုပ်တို့ကို စပြန်လေ၏။ ရွှေမှ ရွှေဖြစ်အောင်လုပ်တတ်သော အင်္ဂလိယတ်ဆရာအင်္ဂရှင်ပျံရသေ့သည် သူအလိုရှိသော အမျိုးသမီးများကို သူအလိုရှိချိန်တွင် ဇရပ်ပေါ်သို့ ခေါ်လေ့ရှိ၏။

ဝတ်ကြီးဝတ်ငယ်ပြုခိုင်းလေ့ရှိသတတ်၊ သူ၏မျက်နှာသစ်ရေကိုပင် အရွယ်ကြီးကြီး အဒေါ်ကြီးများက တက်ရောက်ဆက်သမိသည်ဆိုလျှင် ဟဲ့ရွှတ်တွကြီး၊ ကမြင်းမကြီး၊ ကောင်မလေးတွေပို့ပါစေလား၊ ဤသို့ မာန်လေ့ရှိသည်ဟူ၏။ ရေတော်ဆက်သော အမျိုးကောင်းသမီးတို့မှာကား ရေတော်သာမဟုတ်၊ ကာမပါဆက်ခဲ့ရဘူးသည်ဟု ကြားရလေသည်။



တစ်နေ့သော် ဦးမြဒင်သည် ရသေ့ထူးအခန်းအား အပေါက်ကလေးတစ်ခုမှ ချောင်းကြည့်ရာတွင် မျက်နှာသစ်တော်ရေ ကမ်းလှမ်းရန်သွားသူ ရောဂါသည်အမျိုးသမီးတစ်ယောက်အား ကာမဓါးပြတိုက်နေသည်ကို တွေ့ရသည်ဆို၏။ ကိစ္စပြီးသောအခါ ဦးမြဒင်သည် ဓါးရှည်ကိုဆွဲကာ ဟဲ့သီလကြောင်လူယုတ်မာ သေပေတော့ဟု ဇက်ကိုဓါးမိုးလိုက်ရာတွင် -

"အမလေးချမ်းသာပေးပါခင်ဗျာ၊ နောင်ဒီလို မလုပ်တော့ပါဘူး" ဆိုကာ ရှိခိုးတောင်းပန်သတဲ့၊ ခဏ - ခဏ ရသေ့ထူးကို ဘုရားထူးလိုက်ရသော အကြွေးကို ရှိခိုးခြင်းဖြင့် ဦးမြဒင်က ထေလိုက်ရသည်ဆို၏။ အင်္ဂလိယတ်ရာဇဝင်တွင် ကြေးနှင့်သံကို ရွှေဖြစ်အောင် လုပ်နိုင်သည်ဟု ဆိုရိုးရှိသော်လည်း ဤအင်္ဂလိယတ်ဆရာသည်ကား ရွှေမှ သံဖြစ်အောင် လုပ်နိုင်သည်ဆို၏။

တစ်ခါက လုံတွင်းမှ ရွှေတွေကို ဖြတ်တောက်ယူငင် လစ်ထားပြီး ရွှေကို ဓာတ်လုံးစားသည်ဟုလိမ့်သတဲ့၊ တစ်ကြိမ်ကလည်း အင်္ဂရှင်ပျံသည် ဝိန်တစ်လုံးက နှစ်လုံးဖြစ်မည်ဟူသော လိမ့်လုံးဖြင့် မန္တလေးမှ ဂုဏ်သရေရှိ အမျိုးသမီးတစ်ဦးထံမှ စိန်လက်ကောက်ကို အရချိုင်သူဖြစ်သည်။ ဦးနိဂုန၏ ကြိုးစားမှုကြောင့်သာ ပြန်ရသည်ဆို၏။

ရွှေတစ်ဆယ်သားမှ တစ်ပိဿာသို့ဟူသော ကြွေးကြော်သံကြောင့် ရွှေလက်ကောက်၊ ရွှေခြေကျင်း၊ ရွှေဆွဲကြိုး၊ ရွှေဘီးဆုံးသူများအပြင် ရွှေကုန်၍ လူပါစတေးခံလိုက်ရသော အမျိုးသမီးများလည်း ရှိသေးသည်ဆိုသည်။

## ကဇော်ရှင်ရသေ့

ရွှေမှရွှေသို့ ရွှေမှသည်သံသို့ ဘဝကူးစေနိုင်သောရှင်ရသေ့ကား သူ၏ဦးနှောက်ကြည်လင်မှုကို မကြာခဏရှာလေ့ရှိ၏။ ဦးနှောက်ကြောလုပ်ခြင်းဖြင့် အကြံသစ်ဉာဏ်သစ်တိုးစေရန် အရက်နှင့်ရှင်းလေ့ရှိသည်။ သူ၏နည်းသည် ကြမ်းတမ်းသော နည်းမဟုတ်ဘဲ အနုပညာနှင့်ယှဉ်သော

ဝိစကီတို့နှင့် မတန်ကြောင်း သူကိုယ်တိုင်သိသည်။

သို့ဖြစ်၍ ယဉ်ယဉ်ကလေးမူးတတ်သော ဘီယာကို မျိုလေသည်။ ည (၁၂) နာရီ လူခြေတိတ်ချိန်တစ်ညတွင် ရှင်ရသေ့ကို မန္တလေးမြို့ တပ်ထိန်းအဖွဲ့က 'လှျမ်စိန်ဟော်တယ်' အပေါ်ထပ်တွင် မိန်းမတစ်ယောက်နှင့် အရက်သောက်နေသည်ကို တွေ့ရသည်ဆို၏။

“ဟေး မင်းကိုယ်မင်း သူတော်ကောင်းဆို၊ ဘီယာသောက်တာ သူတော်ကောင်းလားကွ” လို့ကြမ်းလိုက်သောအခါ “ဟဲ ဟဲ တစ်ခါတစ်လေတော့ ဘယ်ကင်းနိုင်မလဲ နောင်ကြီးတို့ရာ ပျော်တဲ့အခါ ပျော်မိတာပေါ့” ကျွန်တော်ကိုလည်း ပေါင်းကြည့်ပါ၊ ဟော့ ပေါက်ဖော်လာဦး ဟောဒီ ဆရာတွေကို ဘီယာခေါက်ဆွဲ၊ စီးကရက်ပေးစမ်း၊ သုံးဆောင်ပါ ခင်ဗျာ၊ တွေ့တဲ့အခါ မိတ်ဖြစ် ဆွေဖြစ်ပေါ့လို့” ရှင်ရသေ့ကမိတ်ဆက်သတဲ့။

ရှုတင်းတင်းပြန်ကြည့်နေသော ရသေ့ကို ရဲဘော်တစ်ယောက်က

“ဟော့ကောင် မင်းဘယ်မှာ မွေးသလဲ၊ မင်းအဖေဘယ်သူလဲ အခုပြောစမ်း၊ မင်းကိုငါ မသင်္ကာဘူး” ဟုပြောလိုက်သောအခါ ဖော်ပြခဲ့ပြီးသော မျိုးရိုးဇာတိကို ခတ်ဆက်ဆက်ပင်ပြန်ပြောသည်။

အံမာ - ဟော့ကောင် မင်းက ထန်တန်တန်နဲ့ ဘာကောင်လဲဆို၍ မုတ်ဆိတ်ကိုဘယ်လက်နဲ့ဆွဲပြီး ညာလက်နဲ့ နရင်းကို ဘေလိုက်ရာ ရှင်ရသေ့ ကုလားထိုင်ပေါ်မှ ကြမ်းပြင်ပေါ်သို့ ချာန်လျှောခဲ့ဘူးသည်။ ၁၉၄၈-ခုနှစ်၊ ဗိုလ်ချုပ်တို့ ဈာပနချမည့်နေ့တွင် ရှင်ရသေ့သည် ဆရာတော်ဦးနိဂုန အမှူးရှိသော နောက်ပါလူတစ်စုနှင့် ရွှေစက်တော်သို့ ဘုရားဖူးသွားကြရာလမ်းတွင် ပုလိပ်တို့က အထပ်ထပ်စစ်ကြ၏။

ရှင်ရသေ့အား ပုလိပ်တို့က မယုံကြည်လောက်အောင် ဖြစ်လာသဖြင့် ရေနံချောင်းမြို့မဂတ်သို့ ခေါ်စစ်ကြပြန်သည်။ ပုလိပ်တွေက သွားခွင့်ပြု၍ မင်းဘူးရောက်သောအခါရှင်ရသေ့သည် သူ့ကိုယ်သူ ရဟန္တာဟူ၍ ဝါဒဖြန့်ဖြူး၏။ ရှင်ရသေ့ကို အဖူးအမြင်ရောက်လာသော လူထုမှာ ဗိုလ်ချုပ်တို့ဈာပနာလောက်ပင် စည်ကားသည်ဟု ဦးနိဂုနက မှတ်ချက်ချ၏။



## ပုလိပ်ကိုခွဲချက်တင်

ရွှေစက်တော်အနီး စခန်းတစ်နေရာတွင် ရှိသော ဌာနမှ ဌာနအုပ် ဦးစံမြကိုယ်တိုင် ရှင်ရသေ့ကို လာစစ်ရာတွင် ရသေ့သည် ဘုကျကျဖြေသဖြင့် ကော်ပီစာအုပ်ထဲမှ စာတစ်ရွက်ကို ဆုတ်ဖြဲယူသွားသည်ဆို၏။ ရသေ့ထူးသည် သူ့ကော်ပီစာအုပ်ထဲမှ ငွေငါးရာကို ဌာနအုပ်က ခိုးသွားပါသည်ဟု မင်းဘူးရာဇဝတ်ဝန်ကို စာရေးတိုင်ကာ ဦးမြစံက ရှင်ရသေ့ကိုတောင်းပန်ရသည်ဆို၏။ အာဂရှင်ရသေ့ပါပေ။

အထက်မြန်မာပြည် မန္တလေးမြို့တော်ကြီးတွင် နေရာအနှံ့အပြား အချိန်မရွေး၊ လူမျိုးမရွေး၊ ရသမ္ဘသိုက်တူးနေသော ရှင်ရသေ့၏သတင်းသည် သိုက်ကားသမားမှစ၍ ရဟန်းပျိုအဖွဲ့ကြီး၏ထံမှောက်သို့ သတင်းရောက်ခဲ့သည်။ ထို့ကြောင့် ရဟန်းပျိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဆရာတော် ဦးဇောတိကကိုယ်တိုင် ဆုံးမ၍ မန္တလေးမှ ထွက်သွားရန် အမိန့်ပေးလိုက်ဘူးသည် ဆို၏။

ရှင်ရသေ့သည် သူ၏အကျင့်များကို အညာတစ်ခွင်တွင် ကိုးလေးတစ်ကျော်ကျော်ဖြစ်လာသောအခါ အောက်ဒဂုံသို့ စုန်ခဲ့သည်။ ပင်းနေပြည်တော် ရန်ကုန်ရွှေမြို့တော်သို့ရောက်လာရာတွင် ရှင်ရသေ့သည် ရန်ကုန်အကြောင်းကို ကောင်းကောင်းသိသည့်အလျောက် အသိုင်းအဝိုင်း၊ အဆွယ်အပွါးဒလန်များနှင့်မှ ပွဲတိုးသည်ဟု ရိပ်စားမိရာ အရိမေတ္တယျမပွင့်မီ ဘုရားငယ်အဖြစ်ပွင့်မည် ဘုရားသည် ငါဘဲဟူသော ကြွေးကြော်သံနှင့် ကစ်ပါတည်းမဟာယနဟူသော အမည်ကိုတပ်ခါ ဂိုဏ်းတစ်ဂိုဏ်း ထောင်လေသည်။

ရှင်ရသေ့ဟူသော အမည်မှသည် သာဗိန္ဒအမည်သို့ နေချင်းညချင်း ကူးပြောင်းလာခဲ့ပေသည်။ ဤအမည်ဖြင့် လုံးကြီးပေါက်လှ ရန်ကုန်သူတို့အား ရှိုင်ပုံကို ဖော်ပြပါဦးမည်။

## ၁ဝ၊ ၂ဝ၊ ၃ဝ၊ တန်အင်းများ

ထိုဂိုဏ်းကိုထောင်ပြီးသောအခါ မထင်ရှားသေးသော ဘုရားပုံအင်းများကို အမျိုးမျိုးရေး၍ ရောင်းစားတော့၏။ လှို့မှဲ့၍ရမည်ထင်သောလူထူထူတွင် အခွင့်သာတိုင်း ကမ္မဋ္ဌာန်း၊ အဂ္ဂိယတ်၊ ဆေးပညာ၊ အင်းအိုင်လက်ဖွဲ့အကြောင်းကို တွင်တွင်ဟောပြောခဲ့၏။ တစ်စတစ်စနှင့် သာဗိန္ဒဘဝမှ ရွှေကိုယ်တော် သာဗိန္ဒတည်းဟူသော အရွယ်သို့ရောက်ခဲ့သည်။ သာဗိန္ဒသတင်းသည် တစ်စတစ်စဖြင့် အထက်တန်းလွှာ လူဂုဏ်တန်ရပ်ကွက်သို့ ပြန့်နှံ့ခဲ့၏။

ကံဆိုးရှာသော ပဲခူးပြည်၊ အင်းစိန်တို့မှ အမျိုးသမီးတို့သည် ထိုသာဗိန္ဒ၏ အင်းကိုဝယ်၊ ဂိုဏ်းကိုဝင်ဖြစ်ခါ ခရီးသွားရင်းငှက်သင့်လိုက်ရရှာသေးသည်။

## ဇာတ်လမ်းအစ ဦးဖိုးစိန်အိမ်က

၁၉၅၂-ခုနှစ်၊ နိုင်ငံကျော်ဇာတ်ဆရာကြီး ဦးဖိုးစိန် မမာမကျန်းဖြစ်နေချိန်တွင် ဦးဘိုးစိန်နှင့်တစ်ဝင်းတည်းနေ ရွှေကိုယ်တော် သာဗိန္ဒနှင့် အဖေတူ အမေကွဲ မောင်နှမ တော်စပ်သူ ခင်မမသည် သာဗိန္ဒအား ဆရာကြီး ရောဂါကို ကုသရန် အကြံပေးရာမှ ဆရာကြီးအိမ်သို့ သာဗိန္ဒရောက်ခဲ့သည်။ ဆရာကြီးအား ဆေးကုသနေစဉ်တွင် သာဗိန္ဒသည် ဆရာကြီးသမီး မြင့်မြင့်စိန်နှင့် ဇာတ်ထဲပါဝင်သူ မအုံးရင်တို့အား ရိသဲ့သဲ့လုပ်ခဲ့ဘူးသဖြင့် တစ်နေ့သော် ပါးရိုက်၊ ခြေနှင့်ကန်၍ လွှတ်လိုက်ရသောဟူ၏။



သာဗိန္ဒနှင့် ဒေါ်မြညွန့်တို့ စတင်တွေ့ဆုံသည့် အခန်းကို ဖေါ်ပြရလျှင် ကွယ်လွန်သူ ဘုရားဒကာကြီး ဇာတ်ဆရာ ဦးဖိုးစိန် နေထိုင်မကောင်းဖြစ်နေစဉ် ၁၉၅၂-ခုနှစ်၊ ဩဂုတ်လလောက်က ဒေါ်မြညွန့်သည် လူမမာအား သတင်းသွားမေးရာမှ ဦးဖိုးစိန်နေအိမ်တွင် ကိုမြင့်ရှင်ကို စတင်တွေ့မြင်သည်ဆို၏။ ထိုအချိန်က ရွှေကိုယ်တော်လေးသည် ယောဂီရောင်လုံချည်၊ ယောဂီရောင်ပေါင်းထုတ်နှင့် သူတော်သူမြတ်အသွင် ဆောင်နေစဉ်ဖြစ်လေသည်။

ဤကဲ့သို့ လူချောလူလှ သူတော်ကောင်းတစ်ယောက်ကို တွေ့မြင်ပြီးနောက် ဒေါ်မြညွန့်က အကြောင်းကိုမေးရာ ဦးဖိုးစိန်၏ ကင်ဆာခေါ် အနာပဆုပ်ရောဂါကို ထိုဆရာကုသဖြင့် အတော်သက်သာနေကြောင်း တစ်ဆင့်စကားတစ်ဆင့်ကြားသည်တွင် ဒီလိုဆို ကျွန်မရဲ့ အဆုပ်နာရောဂါကိုလည်း ကုချင်တယ်ဟု ထိုဆရာလေးကို ပင့်ခေါ်ရာမှ ဆရာသာဗိန္ဒနှင့် ဒေါ်မြညွန့်တို့၏ ဇာတ်လမ်းသည် စတင်ပေါ်ပေါက်ခဲ့ရာ ယနေ့တွေ့ကြုံရသော အခန်းသို့ရောက်လေသည်။

ဤသို့ဖြင့် ဒေါ်မြညွန့်သည် ဆရာသာဗိန္ဒအား မိမိနေအိမ်သို့ပင့်ကာ ဆေးဝါးကုသရာမှ စာအုပ်ကြီးအတိုင်းပင် တစ်စတစ်စ ရင်းနှီးသွားတော့သည်ဆို၏။ သာဗိန္ဒနှင့် ဒေါ်မြညွန့်တို့မှာ တစ်နေ့တစ်ခြား ရင်းနှီးလာရာမှ ဒေါ်မြညွန့်သည် ဦးညွန့်နှင့် ကွာရှင်းရန် နားပူနားဆာပြုလေတော့သည်။ ထို့ကြောင့် စိတ်ပြေလက်ပျောက်၊ ဖြိုလ်ပြေနံပြေဆိုသကဲ့သို့ ကွာရန်အတန်တန်ပြောသဖြင့် ဦးညွန့်လည်းသဘောတူကာ ဝတ်လုံတော်ရ ဒေါက်တာဘဟန်အား လင်မယားကွာရှင်းရန် စာချုပ်အရေးခိုင်းလျှက် ၁၉၅၃-ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့တွင် လင်မယားကွာရှင်းစာချုပ်ကို လက်မှတ်ရေးထိုးကြ၏။

သို့သော် ဦးညွန့်နှင့် ဒေါ်မြညွန့်တို့သည် တစ်အိမ်တည်းမှာပင် အကြင်လင်မယားအဖြစ် အတူနေထိုင်ကြသည်ဆို၏။ ဤစာချုပ်အရ သာဗိန္ဒကလည်း ဒေါ်မြညွန့်သည် လွတ်လပ်သောမိန်းကလေးတစ်ဦး

ဖြစ်သည်ဆိုကာ ပြင်ဦးလွင်တက်၍ အဘမစ္စတာဒါန်းအပြင် လူကြီးများရှေ့တွင် လက်ထပ်သည်ဟုဆို၏။

ထို့နောက် ဒေါ်မြညွန့်သည် ပြင်ဦးလွင်မှ ရန်ကုန်သို့ပြန်လာပြီး ၎င်းတို့၏ အင်းယားလမ်း အမှတ်(၅၅) ဆန်းသော်တာ ဂေဟာကြီးတွင်ပင် ဆက်လက်နေထိုင်ရာ သာဗိန္ဒလည်း ထိုအိမ်၌ သွားလာ ဝင်ထွက်နေလေသည်။ တစ်နေ့သ၌ ဦးညွန့်သည် နေ့အချိန် မိမိ၏ ဆန်းသော်တာ နေအိမ်သို့ အမှတ်မဲ့ပြန်လာစဉ် သာဗိန္ဒသည် ဒေါ်မြညွန့်နှင့် အချစ်ဇာတ်လမ်းတစ်စခန်းသွားပွဲတစ်ခုကို တွေ့တော့သဖြင့် သာဗိန္ဒအား နောက်ထပ် မိမိနေအိမ်သို့ မလာနှင့်ဟု မောင်းချလိုက်သည်ဆို၏။

ထိုအချိန်မှစ၍ သာဗိန္ဒနှင့် ဒေါ်မြညွန့် တိတ်တဆိတ် တွေ့ဆုံနေကြတော့သည်ဆို၏။ ၁၉၅၃-ခုနှစ်၊ ဒီဇင်လာလ (၅)ရက်နေ့၊ နံနက် (၂)ချက်တီးလောက်တွင် ဦးညွန့်သည် သူ၏မိတ်ဆွေ ဝဝဖိုင့်ဖိုင့်တစ်ယောက်နှင့်အတူ ဆန်းသော်တာအိမ်သို့တက်လျှက် ဒေါ်မြညွန့်အိပ်သောအခန်းကို တံခါးဖွင့်၍ ဝင်ရောက်သွားသည့်အခါတွင် သာဗိန္ဒနှင့် ဒေါ်မြညွန့်တို့သည် အတူအိပ်နေသည်ကို မိသဖြင့် သာဗိန္ဒရော ဒေါ်မညွန့်ပါ ထပြေးကြသည်ဆို၏။ .

ဤအချိန်တွင် ဆန်းသော်တာအိမ်ရှိ အိမ်သူ၊ အိမ်သားများတို့သည် ဝိုင်းဝန်းလာကြပြီး အတော်ကလေးဆူဆူပူပူလှုပ်လှုပ်ရှားရှားဖြစ်သွား၏။ ဒေါ်မြညွန့်က ဒါကျွန်မအပြစ်ပါ၊ ဆရာလေးအပြစ်မဟုတ်ပါဘူး၊ သတ်ချင်ရင်ကျွန်မကိုသာသတ်ပါ၊ ဆရာလေးကိုတော့ မထိကြပါနဲ့ဟု တောင်းပန်သည်ဆို၏။

ထိုအတွင်းသာဗိန္ဒက "ချမ်းလိုက်တာ,ညွန့် ဆရာလေး အပေါ်အင်္ကျီလေးယူပေးစမ်းပါ" ဟုပြောသဖြင့် ဒေါ်မြညွန့်က အပေါ်အင်္ကျီ ယူပေးသည်ဆို၏။ အင်္ကျီယူအပေးတွင် ထိုအင်္ကျီအတွင်း၌ လက်နက်များ ပါသည်ထင်သဖြင့် ဦးညွန့်နှင့် ၎င်း၏မိတ်ဆွေ ဝဝဖိုင့်ဖိုင့်ကြီးတို့က သာဗိန္ဒကို ဝိုင်းရိုက်နှက်ကြသည်ဆို၏။



ဦးညွန့်သည် ဒေါသထွက်လာသဖြင့် ဟေ့ကောင် မင်းဟာ လူယုတ်မာပဲ၊ မင်းငါ့မယားကို အောက်လမ်းဆေးတွေနဲ့လုပ်ပြီး လုယူတယ်ဟု ပြောပြောဆိုဆို သာဗိန္ဒ၏ ပေါင်းထုပ်ကို ချွတ်ကာ ဆံပင်ကိုဆွဲ၍ ဒေါ်မြညွန့်၏ ထမီတစ်ထည်နှင့် ရစ်ပတ်ပေးလိုက်သည်ဆို၏။

ဤကဲ့သို့အခင်းဖြစ်ပွားလာခဲ့ရာမှ နံနက် (၅)နာရီသို့ ရောက်လာတော့သည်။ ဤတွင် သာဗိန္ဒအား အကြိုလာသော မော်တော်ကားသည်လည်း ရောက်လာသဖြင့် အကြောင်းကြောင်းတွေကို ထောက်ထားပြီး သာဗိန္ဒအား ဆန်းသော်တာဂေဟာမှ အသာပင် ထွက်ခွါသွားခွင့် ပြုလိုက်သည်ဆို၏။

## (မတ်လ ၁၈ ရက်နေ့ ဗမာခေတ်မှ)

ရန်ကုန်မြို့ ဆန်းကုမ္ပဏီသူဌေးကြီး ဦးညွန့်နှင့် သူဌေးကတော် ဒေါ်မြညွန့်တို့သည် မတ်လ (၉)ရက်နေ့က နှစ်ဦးသဘောတူ ကွာရှင်းကြသည်ဟုသိရသည်။ ဦးညွန့်နှင့် ဒေါ်မြညွန့်တို့သည် ၎င်းတို့နေထိုင်ရာ ယူနီဗာစတီရိပ်သာ၊ အမှတ် (၅၅) ဆန်းသော်တာဂေဟာ တိုက်ကြီးကို စိန်ဘရားသား ဦးထွေးစိန်နှင့် အခြားလူကြီးလူကောင်းများ၊ မိတ်ဆွေများကို ဖိတ်ခေါ်ပြီး မိတ်ဆွေများတို့၏ရှေ့၌ ကွာရှင်းကြလေသည်။

ဒေါ်မြညွန့်အသုံးပြုသော ပရိဘောဂများနှင့် ငွေတစ်သိန်းခွဲကို ဒေါ်မြညွန့်လက်သို့ ဆန်းဦးညွန့်က ပေးလိုက်သည်ဟုသိရသည်။ မတ်လ (၉)ရက်နေ့က ခင်ပွန်းသည် သူဌေး ဆန်းဦးညွန့်နှင့် နှစ်ဦးသဘောတူ ကွာရှင်းခဲ့သော သူဌေးကတော်ဟောင်း ဒေါ်မြညွန့်သည် မတ်လ(၁၂)ရက်နေ့က ပြင်ဦးလွင်သို့ လေယာဉ်ဖြင့် ထွက်ခွါသွားလေပြီ။

ဒေါ်မြညွန့်သည် ဗြကားနက်ပြာရောင်ကိုစီး၍ လေယာဉ်ကွင်းသို့ နံနက် (၁၁)နာရီခန့်တွင်ရောက်ရှိလာ၏။ ဤသို့အားဖြင့် နာမည်ကျော် ကာမဘီလူးကြီး သာဗိန္ဒသည် ဒေါ်မြညွန့်နှင့်တကွ ဒေါ်မြညွန့်ပိုင် ရွှေ၊ ငွေ၊ ပစ္စည်းများကို အပိုင်စီးလေသတည်း။ သာဗိန္ဒကျူးလွန်သမျှသည်

ဤမျှကားမဟုတ်သေး၊ မည်မျှကိုမူ ခန့်မှန်း၍ မရအောင်ဖြစ်၏။ နောင်တွင် သာဗိန္ဒမည်သို့ စခန်းသွားဦးမည်မသိ၊ ဤအဖြစ်အပျက်များလောက်နှင့်ပင် သာဗိန္ဒလမ်းစဉ်ရပ်တန့်စေလိုကြောင်း။

လွန်ခဲ့သော သကြံန်ရက်က တိုင်းပြည်တွင်းရှိ ပြုပြင်အပ်သော ပြဿနာများကို သတိပေးပြုပြင်သောအနေဖြင့် ရေသဘင်အဖွဲ့အသီးသီးက ဖေါ်ထုတ်ခဲ့သည့်အနက် သာဗိန္ဒ၏ သီလကြောင်း လမ်းစဉ် ရှုံ့ချရေးသည်လည်း ပါဝင်လာခဲ့၏။ ကျွန်ုပ်တို့ အမျိုးသမီးများပြုပြင်ဖွယ်၊ ဆင်ခြင်ဖွယ်ကောင်းလှသော ရေသဘင် အဖွဲ့အသီးသီးမှ သာဗိန္ဒအပိုဒ်များကို ထည့်သွင်းဖေါ်ပြလိုက်ရပါကြောင်း -

❐ ကျောင်းအမကြီး ဝိသာခါ ရောဂါပျောက်မှာ သေချာရဲ့လား၊ ယုတ္တိယုတ္တာသူဆင်ကာ ရွှေကိုပင်လျှင် ရွှေပင်ဖြစ်မတဲ့၊ ရသမျှကို အကုန်ချူ ရွှေဂုန်သူတွေသတိထားကြ။

(လမ်းမတော်အပြုံးလုလင်ရေသဘင်အဖွဲ့)

❐ အေးသောင်ညွန့်တို့ဖြစ်ပျက်ပမာ၊ မြို့ရွာတွေမှာ ခဏခဏ သာဗိန္ဒလို လူလိမ်ဆရာ၊ မြန်မာမြည်မှာ ရှာ -မရှားဘူး အမျိုးသမီးများ ယုံကြည်လွယ်၊ လူလိမ်ဆွယ်ရာပါကြတာပဲ လူလိမ်ဖြစ်မှန်းသိခဲ့ရင် ဝေးကရှောင်ကြဉ်။

(မောင်းထုတ် - ၂)

(စမ်းချောင်းကိုကိုရေသဘင်အဖွဲ့)

❐ ဆရာလိမ်များခဏခဏပေါ်၊ အမျိုးသမီးများနော် သတိသတိ။

(သတင်းထောက်ရေသဘင်အဖွဲ့)

❐ ကျောင်းအမကြီး ဝိသာခါ ရောဂါပျောက်ချင် ပြင်ဦးလွင်လိုက်ခဲ့ သာဗိန္ဒရဲ့ဆေးပညာ၊ အင်ဂျက်ရှင်းဟာအစွမ်းဆုံးပါဘဲ၊ ယောဂီဝတ်နဲ့ အပျိုဖြူ မြင့်ရှင်လိုလူသတိထားကြ၊ တရားပြလို့ပြုစုသလေ၊



ဘိုးမင်းခေါင်ရေကယ်လှည့်ပါဦး။

(မြေနီကုန်း ပြည်ထောင်စုလူငယ်ရေယဉ်အဖွဲ့)

❐ ဝိဇ္ဇာအကြောင်းသိမှတ်စရာ၊ ပျိုအိုကညာနားထောင်ကြစမ်း စိတ်ပုတီးနဲ့ မုတ်ဆိတ်ရှည်၊ သူ့ရုပ်ရည်ကြောင်သူတော်ဗျ၊ ကြည်ဖြူလွန်းလို့ သဒ္ဓါပို၊ ကညာပျိုတွေ ဒုက္ခ ဒုက္ခ၊ ပိတ်ဖြူကြီးနဲ့ ဝိဇ္ဇာယောင်၊ လင်ရှိတာတောင်မရှောင်တော့ဘူး၊ စ. ခ. ဗ. ဝ အင်းကိုဆောင်၊ ပူတနောင်အောင်ကြံတော့မှာဘဲ၊ ဆံရှည်ကိုယ်တော်မို့ တန်ခိုးကြီးပေ၊ အမျိုးသမီးတွေရှောင်ကြ ရှားကြ

(ရန်ကုန်အနောက်ပိုင်း ပြုံးယဉ်ယဉ်ရေသဘင်အဖွဲ့)

❐ သာဗိန္ဒတဲ့ကိုယ့်ဆရာ ၊ ဝိဇ္ဇာမိုရ်ဟာသူပါဘဲတဲ့၊ မြန်မာအမျိုးသမီးပျိုအိုတွေ သူတို့တစ်တွေကို ရှောင်ကြ ရှားကြ သာသနာဖျက်လူရှုပ်တွေ၊ ကျူးငှတ်မကျန်တိုက်ဖျက်ပါတော့၊ ရှုပ်ရှုပ်ယှက်ယှက် လူညာတွေ၊ မြန်မာပြည်မှာမှိုလိုပေါက်လို့ မြန်တိုင်းပြည်ရဲ့ ရန်သူမှာ သူတို့တစ်တွေပါထည့်သင့်ပါရဲ့

(အလုံချစ်ဖက်မောင်ရေသဘင်အဖွဲ့)

❐ အချို့မိန်းမလင်ငယ်နေ သာဗိန္ဒရေနင်နဲ့လားကွဲ့၊ သာဗိန္ဒနှင့် ကိုမြင့်ရှင်၊ နည်းသစ်ထွင်ကာနိုးတူးနိုးတူး၊ ရွှေကိုယ်တော်လေးအမူပို၊ ခင်လေးပျိုတွေ သတိ သတိ၊ ကိုသက်ညွန့်နှင့် ကိုမြင့်ရှင် သူတို့လမ်းစဉ်မလိုက်ကြနဲ့၊ သက်သာချောင်ချိကြာခိုသူ ဒယ်အိုးပူကို မကြောက်ဘူးလား၊ လင်ကြီးရှိရက်လင်ငယ်နေ၊ သူတို့တစ်တွေခြေလွတ်လက်လွတ်၊ ဒု- သ- န- သော အပြစ်ဟာ ပန်းနဲ့ပေါက်တာ သူတို့စိတ်ထဲ၊ လူပုံကြည့်ဖျော့ မိန်းမရှာ၊ လင်ရှိတာကို ကြာခိုနေကြ။

(ကျားကူးရပ်ကွက်၊ နှစ်ဆန်းမောင်ရေသဘင်အဖွဲ့)

❐ တရှုးရှုးနဲ့ဖိုထိုးသံ၊ သာဗိန္ဒဉာဏ်ဒါဘဲတဲ့လား၊ သူများမယားခိုးလို့လာ၊ သာဗိန္ဒဆရာ ဒု-သ-န-သော၊ ကာမသိုက်ကြီးတူးလို့ဖေါ်၊ ဆံရှည်ကိုယ်တော်သတိထားကြ၊ ဆေးကြိမ်လုံးနဲ့

တအားမွေ၊ ပိန်တာတွေဝလို့လာမတဲ့၊ သာဓိန္ဒရဲ့ရွှေဉာဏ်တော် ဟဝှာကတော်တွေ သတိထားကြ၊ ဇာတ်ဖာကားကြီးစီးလို့လာ၊ သာဓိန္ဒဟာပြဒါးပြာတန်ခိုးတဲ့၊ ကိုးဆယ့်ခြောက်ပါးဝေဒနာရှင်၊ ဆေးကုချင်ရင်ပြင်ဦးလွင်လိုက်ခဲ့။
(ရွှေတိုင်ကျောင်းသားပြာလဲ့ဝေဝေရေသဘင်အဖွဲ့)

ဦးမြင့်ရှင်ရဲ့စားလမ်းဟာ၊ ဘုရားကျမ်းလာနှင့် ဖီလာကန့်လန့်၊ ဦးအေးသောင်၏ဇာတ်လမ်းကျော်၊ မှတ်တမ်းပေါ်မှာ တင်ကြပါပေ့။
(လမ်းမတော် - ကျားဆိုက်ကားရေသဘင်အဖွဲ့)

သာဓိန္ဒရဲ့အကောက်ဉာဏ်၊ ခေါက်ခေါက်ပြန်ပြန် စီစစ်ကြဦး၊ သာဓိန္ဒလိုသူတော်ယောင်၊ မြို့လယ်ခေါင်ပြည့်လို့နှက်လို့၊ သူတော်မှတ်လို့ဆည်းကပ်ပါ၊ ဝမ်းဗိုက်ပူတာ သူတို့တန်ဖိုး၊ ပြောလျှင် ယုံငြားထိုသူတွေ၊ ဒုက္ခထွေထွေခံကြစံကြ၊ ဤသို့ လှည့်စားညစ်ပတ်သူ၊ အရေးတယူရှင်းကြပါဦး။
(ကြည့်မြင်တိုင်၊ ဝိုက်တော ချစ်သက်လုလင် ရေသဘင်အဖွဲ့)

ရွှေကိုယ်တော်လို့သတင်းကျော် ပြည်သူအများနော် သတိပြုကြ။ (ဗဟန်း - ဖူးစာရှင်ကိုကို ရေသဘင်အဖွဲ့)

## (စစ်အတွင်း သာဓိန္ဒနောက်ကြောင်း)

သာဓိန္ဒသည်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကပင် သီလကြောင် အကျင့်များကို ကျင့်ခဲ့ပုံရသည်။ ၎င်းအား စစ်ကြီးအတွင်းက စစ်ဆေးခဲ့ဘူးသော အရာရှိကြီးတစ်ယောက်က ဗမာ့ခေတ်သတင်းထောက်ကို အောက်ပါအတိုင်းပြောလိုက်၏။



## (မတ်လ ၁၉ရက်နေ့ ဗမာ့ခေတ်မှ)

ဒီအကောင်ဟာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်ခေတ်က ဂျပန်ရန်ကိုကြောက်ပြီး အထက်မြန်မာပြည်ရှိ လူသူမနီးတဲ့ တောရွာကလေးတွေမှာ လှည့်လည်နေထိုင်ခဲ့ပုံရတယ်။ ၁၉၄၄ ခုနှစ်မှာ အမေရိကန်စစ်တပ်များ အထက်မြန်မာပြည်ထဲ့သို့ စတင်ဝင်လာကြတယ်။ ၁၉၄၅ ခုနှစ်မှာ ဒီကောင်ဟာ မိုးမိတ်နယ်၊ တုံကွာရွာမှာ သင်္ကန်းဝတ်နေတယ်။ ဒီရွာကို ဗုံးစက်သေနတ်ပစ်လုပ်တော့ ဒီကောင်ဟာ တုံကွာနဲ့ နှစ်မိုင်ကွာတဲ့ တောထဲမှာ အခြားသူများနည်းတူသွားနေတယ်။

တစ်နေ့တော့ သင်္ကန်းဝတ်တစ်ဦး တုံကွာရွာအနီးမှာရှိနေတယ်၊ အင်္ဂလိပ်စကားကိုလည်း ရေရေမွန်မွန်ပြောတတ်တယ်၊ ရန်သူ့သူလျှိုနဲ့ တူတယ်လို့ အမေရိကန်က ကျွန်တော်တို့အဖွဲ့ကို အကြောင်းကြားတော့ ကျွန်တော်တို့အဖွဲ့က သူ့ကိုသွားဖမ်းတယ်၊ ကျွန်တော်တို့အဖွဲ့ကတော့ စစ်အတွင်းက ကာကီစဘီခေါ်တဲ့ ဗြိတိသျှ စစ်အုပ်ချုပ်ရေးအဖွဲ့ဖြစ်ပါတယ်။ အဖွဲ့ဦးစီး အရာရှိကတော့ မေဂျာမက္ကဆွဲ ဖြစ်ပါတယ်။ သူယခု စကော့တလန်မှာ ရှိနေပါတယ်။

ဒီကောင် လူယုတ်မာကို ကျွန်တော်တို့အဖွဲ့ကဖမ်းလာပြီး စစ်တော့ သေသေချာချာကျကျနနမပြောတတ်ပါ။ အတော်လဲ ကြောက်နေပါတယ်။ ထိုအချိန်က စစ်တိုက်နေချိန်ဖြစ်တော့ မထင်ရင် သတ်ပစ်တာကိုလည်း သူသိပုံရပါတယ်။ သူ့ကိုစစ်တော့

သူ့အဖေဟာ. . . ရှော့ဒရစ် ရှော့ဒန်း။

သူ့အမည်ကတော့. . . ရှုးဖါ့စ်ဒန်း၊ မြန်မာနာမည် အေးသောင်ဖြစ်ကြောင်း အစစ်ခံပါတယ်။

အခြားအကြောင်းကိုမေးတော့ ဝေ့လည်ကြောင်ပတ်နဲ့ တိတိကျကျကို မပြောနိုင်ဖြစ်နေတယ်။ ဒါနဲ့ သူ့အကြောင်းကို နယ်သူနယ်သားတွေမေးကြည့်တော့ သူဟာ ဂျပန်ကိုကြောက်လို့ ဒီလိုလာပုန်း

နေတာဖြစ်ကြောင်း၊ သူတို့ရွာကို ဂျပန်လာတယ်ကြားရင် တောထဲကို ထွက်ပြေးကြောင်း၊ ရွာထဲကဂျပန်ထွက်မသွားသမျှ ရွာနားမကပ်ဘဲ တောထဲမှာ သစ်ရွက်များကိုစားနေကြောင်း။

ဒီလိုတစ်ကြိမ်ထွက်ပြေးရပြီး ရွာပြန်ရောက်တဲ့အခါ ငှက်ဖျားဖျားတက်ကြောင်း၊ သူ့အသားကဖြူလေတော့ မဲအောင်ဆိုပြီး ရွှံ့များကို လိမ်းကျံနေတတ်ကြောင်းများကိုလည်း ပြောပြလို့သိရပါတယ်။ ခင်ဗျားတို့ သတင်းစာထဲမှာပါတဲ့အတိုင်း မက်ဖါးကရင်းဆိုတဲ့ ငှက်ဖျားဖြတ်ဆေးစားပြီး ရွှေကိုယ်တော်ယောင်ဆောင်တဲ့နည်းဟာ သူဒီအချိန်က သိရှိသွားဟန်တူပါတယ်ဗျ။

ဟိမဝန္တာတောင်တောင်နဲ့ မြန်မာပြည်ရှိတောကြီးများထဲသွားပြီး တရားအားထုတ် ဝိဇ္ဇာလမ်းလုပ်တယ်ဆိုတာကတော့ ဖြီးတာပါ၊ ဂျပန်ရန်ကြောက်လို့ထွက်ပြေးရင်း သစ်ရွက်သစ်ဥများကိုစားရတာကို သူ့ကိုယ်သူဝိဇ္ဇာခိုရ်ဖြစ်အောင်လိမ်တာပါ။ ငှက်ဖျားပိုးဟာ ဦးနှောက်ကိုထိသွားရင် အချို့သွက်သွက်ခါအောင်ရူးသွားကြတယ်။ တစ်ချို့တော့ ကြောင်တောင်တောင်ဖြစ်သွားကြတယ်။ ဒီအကောင်ဟာလည်း အမှန်တော့ ရူးတူးတူးဖြစ်နေတယ်။

ဒီလိုစစ်မေးတဲ့စစ်ချက်တွေ ကျွန်တော့်ဆီရောက်လာတော့ ရှမ်းမြန်မာသွေးပါပြီး လူငယ်တစ်ယောက်ဖြစ်တာကတကြောင်း၊ သူ့အဖေဟာလည်း အင်္ဂလိပ်ကပြားဖြစ်တာကတစ်ကြောင်းကြောင့် ဒီအကောင်ဟာ အရူးပါ၊ သူလျှိုမဟုတ်ပါလို့ အစီရင်ခံလိုက်ပြီး မင်းဒီနယ်ကို နောက်မလာနဲ့တော့ တခြားကိုသွားပေတော့ဆိုပြီး လွှတ်လိုက်တယ်။

အဲဒီနောက် ဒီအကောင်ဟာ ကသာနယ်မြေတောင်မှာ ရသေ့ဝတ်နေတယ်။ မိန်းမတို့ ဘာတို့ကို အမြင်မခံဘူးဆိုတဲ့သတင်းကို ကြားရတယ်။ သူဟာ ထီးချိုင့်၊ ဟိုပင်၊ မိုးကောင်း စတဲ့ မီးရထားလမ်းတစ်လျှောက်တစ်မြို့ဝင်တစ်ရွာထွက်နဲ့ လှည့်လိမ်နေတယ် ဆိုတာကို ထပ်မံကြားရပြန်တယ်။

ထိုအချိန်ကာ သူဟာ စိတ်ပုတီးနဲ့ပဲလိမ်ပြီး မိန်းကလေးတွေကို လှည့်ဖျားကာ လူရောငွေပါယူလို့ အတော်များများ ဖြုကာပြာကာ



ကျကုန်တာကို မိုးကောင်းကလူတွေသိလာကြလို့ ခဲနဲ့ ပေါက်ထုတ်လိုက်တယ်လို့ ကြားသိရတယ်။

သူမိုးကောင်းမှာ ကလိမ်ကျခဲ့ပုံတွေကို ခရေစေ့တွင်းကျသိချင်ရင်တော့ မိုးကောင်းမှာရှိတဲ့ ဦး. . . . ထံ သွားပေတော့။ အဖိုးကြီးနဲ့ ခင်ဗျားတို့ရဲ့ဆရာ ဦးမိုးကြိုးနဲ့လဲတော်တော်ခင်သားပဲ။ ၁၉၅၀ ခုနှစ်ရောက်တော့ ဒီကောင်ဟာ တုံကွာရွာနဲ့ စီအူရွာများကို ရောက်လာပြန်တယ်။ ယခုခေတ်မှာ အထက်မြန်မာပြည်အတွက် သစ်ထုတ်လုပ်ရေးဌာနက ဦး. . . . က ကျွန်တော့ကို ပြောဘူးတယ်။

ထိုအချိန်က စီအူမှာ သောင်းကျန်းသူတွေခြေရှုပ်နေလို့ ဒီကောင်ဟာ ဗန်းမော်နယ် စီးခန်းကြီးရွာအနီးတောထဲမှာ လာနေတယ်။ ဒီကတဖန် ဗန်းမော်ကို ရွှေ့သွားပြန်တယ်။ ဒီအချိန့်ကလဲ သူဟာ ဒေါက်ချာဆောင်းပြီး၊ ရသေ့လိုဝတ်တယ်။ ဗန်းမော်မြို့က အဂ္ဂယတ်ဝါသနာအိုးဖြစ်တဲ့ လူကြီးတွေကိုလည်း ပလဲပနံသင့်ပြီး ရှုပ်ထွေးနေကြတယ်။

ဗန်းမော်မြို့ မျက်နှာဖုံးတစ်ဦးဖြစ်တဲ့ ဦး. . . . . . . . အိမ်ပေါ်ရောက်သွားတယ်။ ဒီအဖိုးကြီးမှာ ခေတ်ပညာတတ် သမီးတစ်ဦးရှိတယ်။ နာမည်ကတော့ မခင်ဖြူဆိုလား၊ မခင်ထွေးဆိုလား ဒီကောင်ကတော့ ခင်ရေလို့ခေါ်သတဲ့၊ နောက်မကြာခင်ပဲ ဒီကောင်ကို အဖိုးကြီးရဲ့သမီး ခင်က သခင်တစ်ဦးကို ကျွန်ကပြုစုပုံမျိုး ပြုစုယုယနေတာကို တွေ့ရတယ်။

နောက် ၁၉၅၂ ခုနှစ်ရောက်တော့ ပဋိပက္ခတွေဖြစ်ကြပြီး လေယာဉ်ပျံနဲ့လစ်သွားရပါတယ်လို့ ပြောလိုက်ပါတယ်ခင်ဗျား။

## (သေချာသောအရာ)

ဤလောက၌ လူတို့သည် လယ်ယာလုပ်ငန်းကိုလည်းကောင်း၊ ကုန်သွယ်ရောင်းဝယ်စသော လုပ်ငန်းကိုလည်းကောင်း၊ ကြိုးစား၍ လုပ်ကိုင်ကြကုန်၏။ ထိုသို့လုပ်ကိုင်ကြသော်လည်း အကျိုးစီးပွား ဖြစ်သည်လည်းရှိ၏။ မဖြစ်သည်လည်းရှိ၏။ အသေချာပေ။

မြတ်စွာဘုရားအဆုံးအမဖြစ်သော သူတော်ကောင်း တရားမေ့အလုပ်သည်ကား၊ ပြုလုပ်ကျင့်သုံးသူတို့အား ကောင်းကျိုးချမ်းသာ ဖြစ်ပေါ်စေသည်သာတည်း။ မဖြစ်ပေါ်စေခြင်းဟူ၍မရှိ သေချာ၏။

(တောင်ဖီလာ တောရဆရာတော်)



# ယုံမှတ်လို့ပုံအပ်မိသူ
## များအကြောင်း(၂)

## မေတ္တာရှင်
(ရွှေမြည်သာ)